
The
YATI
MAGAZINE
Vol. 11,No.128 November,2014
R
The Rich Gems
Since 1996

The YATI MAGAZINE
Vol. 11,No.128, November,2014



ရတီပတီသတ်များကိုပြောတဲ့
စာရေးဆရာ၊ ဆရာမများရဲ့
စကားလက်ဆောင်

ပုံစံသစ်နဲ့ ရွှေ့လျားလာတဲ့
အသံထွက်စာပေယဉ်ကျေးမှု

ဒေါက်တာမြင့်ဦး (ဂျီပီ) ရဲ့
သားတော် မောင်မစ္စကာ

*Beyond the Women*

သရုပ္ပမဂ္ဂဇင်းရဲ့ပွဲကိုင်ရှင်
ဒေါ်နန်းအိအိဇာ

အရွယ်တင်နုပျိုစေမယ့်
နည်းလမ်းများ

af MEDIA GROUP

Asian Fame Media Group

ငွေသော်တာ

CEO

ceo@popularmyanmar.com

The YATI MAGAZINE

VOL - 11, No , 128 November 2014

စာပေအနုပညာမဂ္ဂဇင်း

| | |
|---|---|
| **Editorial & Technical Director** | ဖိုးနိုင်လင်း **(pohainglin@gmail.com)** |
| **Art Director** | မောင်မောင်အောင် **(cartoonmma@gmail.com)** |
| စီမံဒါရိုက်တာ | ဒီဇိုင်းသန်းဈာန် **(panezan@gmail.com)** |
| တာဝန်ခံအယ်ဒီတာ | ဇေါ်ကေတုမြင့်သူဇာထွန်း **(zarkalay174@gmail.com)** |
| **Creative** အယ်ဒီတာ | နွေးနွေးစစ်အောင် **(nwaynwaysisaung@gmail.com)** |
| အမှုဆောင်အယ်ဒီတာ | ဖြိုးစုပိုပို **(phyoesupopo@gmail.com)** |
| ကဗျာအယ်ဒီတာ | လင်းထိပ်သျှင် |
| လက်ထောက်အယ်ဒီတာ | သီတာစိုး၊ နေရီရီလင်း |
| ဒီဇိုင်း | ဖိုးမြတ်လင်း၊ ချစ်ထွန်းဦး |
| လက်ထောက်ဒီဇိုင်း | ဝင်းဝင်းလှိုင် |
| စာစီစာရိုက် | ခင်သက်လှိုင် |
| စာပြင် | ဥမ္မာအေး |
| ကြော်ငြာအဖွဲ့ | တင်စန္ဒာဝင်း **(Manager)**<br>သက်ဝေစံ **(Marketing Communication Coordinator)**<br>ငွေလင်းအောင် **(Assistant Manager)** |
| ဘဏ္ဍာရေးအဖွဲ့ | မိုးယုမာ<br>(လက်ထောက်အထွေထွေ မန်နေဂျာ)<br>ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊<br>နီလာဝင်း (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | သက်ထွန်းအောင်၊ ညီညီနိုင်၊<br>ဆောင်းမြတ်ကျော်၊ ထူးထူးအောင် |
| ရုပ်ပုံဓာတ်ပုံပညာရှင် | မျိုးမြင့်ဆွေ **(eye box - studio)**၊ ဝဏ္ဏဦးနီး၊<br>အေးဇော်မိုး(ဝက်မှ)၊ ကိုလင်း **(Studio K)**၊<br>ကိုနိုင်**(Popular)**၊ **Narcissus**၊ နေရှန်အောင် |

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| ဥပဒေအကြံပေး | ဦးအိုနှစ် (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | **Eagle** |
| အတွင်းကာလာခွဲ | ကမ္ဘာဦး |
| စာအုပ်ချုပ် | ရွှေသမီး |
| တန်ဖိုး | ၂၀၀၀ |
| အုပ်ရေ | ၁၅၀၀ |
| ပုံနှိပ် | ငွေကုံကျော် (မြ-၀၆၃၆၁)၊<br>အောင်သိန်းသန်း (မြ-၀၅၉၉၂) |

### အယ်ဒီတာအဖွဲ့ရုံးခန်း

အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁- ၂၄၉၁၆၅၊ ၀၁-၃၇၅၄၉၅၊ ၀၁-၃၇၂၇၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀
**e-mail address : yatimagazine@gmail.com**
**facebook address : http://www.facebook.com/yatimagazine**

### မန္တလေးရုံးခွဲ

အမှတ် ၁၈၊ လမ်း ၃၀ (၆၅ × ၆၆) လမ်းကြား၊ မန္တလေးမြို့။
ဖုန်း- ၀၉-၄၀၂၆၁၇၁၉၆၊ **mandalayoffice@popularmyanmar.com**

### ကြော်ငြာကိုယ်စားလှယ်

ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၂၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# အယ်ဒီတာ့မှတ်ခွန်းဆက်

**ရွှင်လန်းပျော်မွေ့ချမ်းမြေ့သာကြည် - ရတီ**

## စာမဖတ်သူပပျောက်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ပေး

'အလိမ္မာ စာမှာရှိ'၊ 'စာအုပ်စာပေ လူ့မိတ်ဆွေ'ဟူသော ဆိုရိုးများရှိသည်။ ယင်းတို့ဆိုထားသည့်အတိုင်းပင် စာပေဟူသည် လူသတ္တဝါတစ်မျိုးတည်းသာလျှင် ဖတ်နိုင်၊ ရေးနိုင်၊ နားလည်နိုင်သော အရာတစ်ခုဖြစ်ပြီး၊ လူသားတို့၏ မိတ်ဆွေလည်းဖြစ်သလို၊ အသိအလိမ္မာ အမျိုးမျိုးကို ပေးစွမ်းနိုင်သော အရာပင်ဖြစ်လေ၏။ လူသားအချင်းချင်း နှုတ်ထွက်စကားဖြင့် ဆက်သွယ်နားလည်နိုင်ကြပြီး မကြာမီတွင်ပင် ယင်းစကားတို့ကို သရုပ်သင်္ကေတအမျိုးမျိုးတို့ဖြင့် မှတ်တမ်းတင်ရန်ကြိုးပမ်းခဲ့သည်မှ အစပြု၍ စာပေဟူ၍ဖြစ်လာရကာ ယနေ့ခေတ်တွင်မူ သာမန် ပုံနှိပ်စာအုပ်မျိုးမျှသာမက ကွန်ပျူတာ၊ ခရီးဆောင်ဖုန်း၊ တက်ဘလက် အစရှိသည်တို့ဖြင့်ဖတ်ရှုနိုင်သော အီလက်ထရောနစ်စာအုပ်များပင်များစွာပေါ်ပေါက်နေလေပြီ။

စာအုပ်စာပေတို့သည် ဘဝတစ်သက်တာအတွက် ပညာဗဟုသုတ၊ သတင်းအချက်အလက်၊ အောင်မြင်မှုနှင့် ပျော်ရွှင်မှုတို့ကို ပေးစွမ်းနိုင်လေရာ စာအုပ်စာပေထက်ကောင်းသော မိတ်ဆွေအဖော်မွန်ဟူ၍ အခြားရှိတော့မည်မထင်။ ထို့ကြောင့်လည်း စာမတတ်သူ ပပျောက်ရေးကို ကမ္ဘာအနှံ့ဆောင်ရွက်ကြပြီးသည့်နောက် စာမဖတ်သူပပျောက်ရေးကိုပါ ဆက်လက်ဆောင်ရွက် နေကြပါသည်။

အဘယ်ကြောင့်ဆိုသော် စာတတ်သူတိုင်းစာအုပ်စာပေကိုစိတ်ဝင်စားကြသည်မဟုတ်ပါလော။ ထို့ကြောင့် စာတတ်သူတိုင်း စာဖတ်လာကြစေရန် စာမဖတ်သူပပျောက်ရေးကို နည်းမျိုးစုံဖြင့်ကြိုးပမ်းဆောင်ရွက်နေကြသည်။

အမှန်အားဖြင့်ဆိုရသော် စာတစ်ကြောင်းကိုဖတ်ရှုပြီး နားလည်သဘောပေါက်စေရန်အတွက် ရှုပ်ထွေးသော လုပ်ငန်းစဉ်အဆင့်ဆင့် ကို ဦးနှောက်ကဆောင်ရွက်ရပါသည်။ သင်္ကေတအက္ခရာများကို ပြန်လည်အဓိပ္ပာယ်ဖော်ခြင်း၊ အစီအစဉ်တကျ တည်ဆောက်၍ နားလည်သဘောပေါက်စေခြင်း အစရှိသည်တို့ကို ဦးနှောက်က လျင်မြန်စွာဆောင်ရွက်ရသည်။ ထို့ကြောင့် စာဖတ်ခြင်းနှင့်ပတ်သက်၍ ဆက်တိုက်လေ့ကျင့်နေရန် လိုအပ်သည်ဟု ပညာရှင်တို့ကဆိုကြပါသည်။ စာဖတ်ခြင်းသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ပင်ကိုဆောင်ရွက်မှုပေါ်တွင်အခြေတည်သဖြင့်လည်း စိတ်ပါလက်ပါ စာဖတ်ချင် စိတ်ရှိလာစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်။ လူတိုင်း လူတိုင်း၏ ဦးနှောက်ကို ငယ်နုစဉ်ကတည်းကပင်လျှင် လေ့ကျင့်ပေးကြရမည်။

ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလ၏ ဒုတိယမြောက် အင်္ဂါနေ့ကို 'လူငယ်စာဖတ်သူများနေ့' ဟု သတ်မှတ်ကာ ကလေးလူငယ် ဘဝကတည်းကပင်လျှင် စာအုပ်စာပေကိုစိတ်ဝင်စားလာစေရေး ကမ္ဘာနှင့်တစ်ဝန်းကြိုးပမ်းအားထုတ်နေကြသည်။ ယင်းကို ရတီမဂ္ဂဇင်း ကလည်း တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်သော သဘောဖြင့် ယခုလရတီတွင် အဆိုပါ 'လူငယ်စာဖတ်သူများနေ့'နှင့် ပတ်သက်သော အထူးကဏ္ဍများကို ထည့်သွင်းဖော်ပြထားပါကြောင်း။

**အယ်ဒီတာအဖွဲ့**

Yati

# Contents

28, November, 2014




2 အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7 အနိမောင်၊ ချမ်းမင်းအိမ်၊ ဝင်းလွင်၊ လှအိမ်၊ မင်းအိမ်ကျော်၊ အိုင်ရာ၊

ကာတွန်း

13 မြေဇာ၊ မောင်မောင်၊ မောင်မောင်အောင်၊ လှကြီးမင်း

ရတီအထူးကဏ္ဍ

Cover Image
ဇေရီရယ်သုတာ၊ ပိုင်ဖြိုးသု

20 MFDG Myanmar Fashion Fair

သီတာစိုး

29 Flash Back Fashion
နေဝင်း

နေရီရီလင်း

34 Special Cover Image
ခင်လပြည့်ဇော်

ဖြိုးစုပိုပို

43 Lovely & Lively
ပိုပို၊ မိုမိုကို၊ သွန်းသစ္စာဇော်၊ အေးချမ်းမိုး၊ ဖူးဖူးလင်းအောင်၊ မိချိုကို

သီတာစိုး၊ နေရီရီလင်း၊

61 Now You See Me
L လုံးလုံး၊ မြတ်အိန္ဒြာထက်

သီတာစိုး

68 Updating Fashion
နန္ဒီထွဋ်ဆွေ

သီတာစိုး

Yati

# Contents






Lovely Lively

Vol.11, no.128, November, 2014


74 ထိန်းသိမ်းဆန်းသစ်
မြန်မာ့အလှဝတ်
ခင်မြတ်နိုင်
သီတာစိုး

79 Trendy Guy
ဥက္ကာမင်းမောင်
နေရီရီလင်း

85 Mod Mom
အေးမမကျော်၊ ပုတူး
ဖြိုးစုမိုမို

89 Wings of Hope
ယုယနဒီ
ဖြိုးစုမိုမို

93 သူမပြောတဲ့ သူ့အကြောင်း
စိုးပြည့်သဇင်
သီတာစိုး

98 Music Plus Yati
အနုပညာမာနကို အထိပါးမခံခဲ့သူ
'အားတိ'
ရဲရဲ

101 Beyond the Women
ဒေါ်နန်းအိအိဇာ
ဖြိုးစုမိုမို

106 Strategic Notes
မစန္ဒာ၊ ကိုစန်းဦး(ဗိုက်ကူးချီချီ) သားစိုး
ဖြိုးစုမိုမို

140 လူငယ်နှင့်တကြည့်တိုက်
ဒေါ်စိုးစန္ဒာ၊ ဒေါ်နီနီနိုင်၊ ကိုရဲထက်ဦး
အိအိထွေး

146 Scripts For Readers
အယ်ဒီတာအဖွဲ့

184 စကားပြောသော နေ့ရွဲများ
နွေနီဒါန်း






# Contents

128, November, 2014


ရတီနိုင်ငံတကာ

24 အသေသမလှတဲ့ နွံ့ထဲကပတ္တမြား ရော့ဟတ်ဆင်
သိမ့်နှင်းအိမ်

129 Asia's Top Model NADYA
တင်လတ်သန္တာမိုလ်

203 Bollywood News
AKM

208 သမီးဦးလေးဂို့ဂ်နဲ့ ပြုံးပျော်ကြည်နူးနေတဲ့ ညှို့မင်းသမီးချော စကားလက်ဂျိုဟန်ဆင်
ရဲသစ်

213 Int'l Music News
ဖြိုးဖြိုး

217 ကမ္ဘာ့ရှေးအကျဆုံးဘုရင့်နိုင်ငံမှ တော်လို့ ဂုဏ်ယူပုံကြွားနေတဲ့ ဒိန်းမတ်နိုင်ငံ
နန်းစံမဒီ

197 ရတီကိုရီးယား
ဇင်မြင့်စံ

112 မမရတီအမေးအဖြေ

152 ရတီတအုပ်ဝင်

ရတီအသောအထွေ

190 လက်ဖြင့်လုလာသောအဆောင်
ဂျက်ကွမ်းခြံကုန်း

224 ကတ်သီးကတ်သတ်မပြောတဲ့
တောက်တီးတောက်တဲ့

# Yati Contents




128, November, 2014


119 သန့်ရှင်းကျန်းမာတို့ကမ္ဘာ
နှင်း (မာယာ)

123 အရွယ်တင်နုပျိုမယ့် နည်းလမ်းများ
ဇေမိချို

134 ပိုပ်အသစ်နဲ့မရှုံ့လျှားလာတဲ့
အသော်တွက်တာမပေယဉ်ကျေးမှု
ဂျူနီယို

137 တပတ်ခြင်းနှင့်အတူ
ဖြိုးဖြိုး

## ပုံနှသစ်လွင်ကဗျာဥယျာဉ်

186 နေဦးသစ် (အထက်မင်းလှ)၊ သိင်္ဂါနဒီ၊ ချိုချို (အရိန္ဒမာ)၊
ဇော်ဝင်းအောင်၊ မဥ္စူမေလေး၊ လင်းဆုကြယ်၊
မျိုးကိုကိုထက် (ပျဉ်းမနား)

## ရတီဇေဒင်

160 ဒေါက်တာမြတ်သစ် (မန္တလေး)
175 တက္ကသိုလ်စိုးမိုးနိုင်

## ရတီအက်ဆေး

163 ကျွန်မ၏စိတ်ဆွေ
နွေးထွေး

## ရတီဝတ္ထုတို

154 ကွက်လပ်
လျှံဇွဲကို (စီးပွားရေးတက္ကသိုလ်)

158 မယ့်ရင်ဆင်သင့်ပြင်နှင့်ပြီ
လဝန်းဖြူစင်

168 ဘုံကြီးသူ
ကြူးနှစ်

192 ကမ်းလှမ်းမယ့်လက်များ
အောင်မိုးသူ

## ရတီကျန်းမာရေး

114 ဆားကော်ပေါင်ပွက
ဒေါက်တာမြင့်ဦး (ဂျီပီ)

126 လှပစိုပြည်ရတီမေ
မာဦး

## ရတီဆောင်းပါး

116 ရေရှည်ခံပွဲပြိုးရေး
ကျော်ဦး


ပန်းချီသရုပ်ဖော်

မောင်နိုး၊ မြတ်မင်းဟန်၊ အောင်ကျော်၊ ခေတ်ဘုန်းမို၊ လင်းငြိမ်၊ လှကြီးမင်း၊ မိုးထက်မိုး၊ ပန်းဈာန်

# အကွာအဝေး



ကျင်းပခွင့်ရခဲ့တဲ့
သက္ကရာဇ်အကွေ့အကောက်များမှာ
မိုင်တိုင်မှ မှတ်တိုင်များ
ကျေးငှက်သာရကာများ (သီချင်းဆို)
တစပြင်လို (လင်းတများ) ဝဲကျ
ခဲမှန်ဖူးတဲ့ စာသူငယ်
(ပုံစံခွက်)
သေသလား၊ သေခဲ့သလား၊
မသေမရှင်လား
သေဖို့ကြုံတွေ့ခဲ့ရပုံ
လောကဇာတ်ခုံလို့
ကြီးကြီးကျယ်ကျယ် တင်ဆက်
တင်ဆက် ခမ်းခမ်းနားနား
ဝင်သက်/ထွက်သက် သည်မျှထဲမှာ။


မကျေနပ်ခြင်းရဲ့ ကျေနပ်ခြင်း
မရောင့်ရဲခြင်းရဲ့ ရောင့်ရဲခြင်း
မြင်ကွင်း၊ ပစ်ကွင်း၊ နီးခြင်း၊ ဝေးခြင်း
စမ်းသပ်မှုဖင့်နှေးခဲ့ကြ ကျောက်ကြေးသံနျူးရိုးဆစ်
ရှိခြင်းဟောင်းလင်းပြင် မရှိခြင်း
သဘာဝတ္တကြေးမုံ
ပလေတိုဆရာဒါဝင်အံ့သြခဲ့၊ လွမ်းဆွတ်ခဲ့
သိဝရီချိတ်ဆွဲ/တဖျပ်ဖျပ်ခုန်
အံ့မခန်း perspective ထုဆစ်/ဆွဲဆန့်။ ။

**အနီမောင်**

## ဆက်ရေးရမယ့်
## ဝါကျများ

♦ ငါကို
ငါကပဲ ထွန်းညှိလိုက်ပြီ . . .
♦ ရပ်လို့
ကမ်းစပ်မှာ ငေးနေခဲ့
နုပျိုမှုတွေ ထွန်ရေးညက်ဖို့ . . .
♦ တောရှင်းသွားမယ်ဆိုမှ
ဓားကျိုးကိုသာ
ခါးမှာ ထိုးလာခဲ့မိ
♦ ပြီးပြီ . . .
ခုတော့ ပြီးခဲ့ပြီ
ကောင်းကင်ဆိုတာ
ပျံချင်သူမှာသာရှိရဲ့
ခတ်လိုက်တဲ့ အတောင်ပံတွေ
အနာဂတ်သံတွေပေးလို့။


**ချမ်းမင်းအိမ်**



# အသက်မပြတ်ညည်းချင်း

ပြောစမ်း
ငါဆက်စဉ်းစားတယ်
ခြေရာတွေထပ်နေတဲ့အကြောင်း
အသက်ကြီးလာတဲ့အကြောင်း
တစ်ခါတလေပြန်ဆုံတဲ့အကြောင်း

ဆက်ပြော
ဒီဇန်နဝါရီကအစ
ဧပြီ ဇွန် ဩဂုတ် နိုဝင်ဘာ
ဘတ်စ်မှတ်တိုင်မှာ မိုးခိုတဲ့အကြောင်း
သဲတရှပ်ရှပ် အတောင်ပံတစ်စုံအကြောင်း
ခပ်နိမ့်နိမ့်ပျက်ကျခဲ့တဲ့အကြောင်း



ဆက်ပြော
သံရည်ကျိုစက်ထဲက အချိန်တွေလို လေးလံပိကျ
သံမဏိလက်ရန်းတွေနောက်မှာ
နောက်တစ်ခါ ဆံပင်ညှပ်ခဲ့
အရက်နည်းနည်းသောက်ခဲ့တဲ့အကြောင်း
မင်းကမှန်ပြီး ငါက မှားခဲ့တဲ့အကြောင်း

ဆက်ပြော
ညတစ်ည
ခြေလေးချောင်းနဲ့ ဘူတာရုံတစ်ရုံအကြောင်း
အမောဖောက်လာတဲ့ရေနွေးငွေ့အကြောင်း
တိုးတက်လာတဲ့သဘာဝဓာတ်ငွေ့အကြောင်း
မင်းနားမလည်ဘူးပြောပေမဲ့
ငါက ဆက်ပြော
ငါ့ကိုယ်ငါ တွေးတောအရေခွံခွာ
ငါ့ကိုယ်ငါ အခါခပ်သိမ်း
ငါ့ကိုယ်ငါ တော်ပါတော့ဆိုတဲ့အကြောင်း။

**ဝင်းလွင်**


# ပညာရှိက ပြောတယ်

ပညာရှိက ပြောတယ်
နေဟာ အရှေ့အရပ်ကထွက်ပြီး
အနောက်အရပ်မှာဝင်တယ်
နေကိုအနောက်အရပ်ကထွက်ခိုင်းပြီး
အရှေ့အရပ်ဆီဝင်ခိုင်းလို့မရဘူး
ဆိုပါတော့
ဧဝရက်တောင်ကြီး ခင်ဗျားရွှေ့လို့ ရချင်ရမယ်
ဓူဝံကြယ်ကိုတော့ ခင်ဗျားရွှေ့လို့မရဘူး
ရေထရက်မှာ ရေထမယ်
ရေသေရက်မှာ ရေသေမယ်
ရေထရက်မှာ ရေသေခိုင်းလို့မရသလို
ရေသေရက်မှာ ရေထခိုင်းလို့မရဘူး
ဒါ နိယာမပဲ
နိယာမကို ခင်ဗျားသဘောကျ
ပြောင်းလဲပြုပြင်စီရင်လို့မရဘူး
ဘာကြောင့်ဆို
လူနဲ့လူ့ပယောဂ ကင်းလွတ်နေလို့တဲ့
လူကြံရင် ခံနိုင်ရိုးလား
ဓားတောင်လည်းကျော်နိုင်တယ်
မီးပင်လယ်လည်း ဖြတ်သန်းနိုင်တယ်
မဟာရံတံတိုင်းလည်း လွန်မြောက်နိုင်တယ်
ပညာရှိက ပြောတယ်
ဥပဒေပြင်လို့ ရတယ်
အသစ်ရေးဆွဲချင်ရေးဆွဲလို့လည်းရတယ်
ဘာကြောင့်ဆို
ဥပဒေဆိုတာ လူနဲ့လူ့ပယောဂကပ်ငြိနေလို့တဲ့
လူနဲ့လူ့ပယောဂကပ်ငြိနေတဲ့ အရာမှန်သမျှ
ပြောင်းလဲပြုပြင် စီရင်လို့ရတယ်
ပညာရှိကပြောတယ်
ဥပဒေပြင်လို့ရတယ်။ ။



**လူအိမ်**

# မြင်းခွာသံများ ဆူညံခြင်း




◆ ရုပ်ရှင်ကြည့်ပရိသတ်တစ်ယောက်ရဲ့
စိတ်ခံစားမှုကို မြင့်တက်စေမယ့်
မြင်းခွာသံများ · · · ။
◆ မြင်းတစ်ကောင်ဟာ မြင်းတစ်ကောင်ကို
မီအောင်လိုက်ပြီး
နောက်ကကပ်လာမယ့် မြင်းကို
ချန်ရစ်သထက် ချန်ရစ်ဖို့
မြင်းဟာ ပေါက်ကွဲပြင်းထန်နေတဲ့
ခွာသံကို ပြုတယ် · · · ။
◆ ဒီလိုနဲ့
တဖြောင်းဖြောင်းပြေးတက်လာတဲ့
မြင်းခွာသံတွေ ကြားရတယ် · · · ။
◆ ပထမဆုအတွက်
မြင်းတွေဟာ ပြေးကြတယ် · · · ။
◆ ဒီလိုနဲ့ အောင်ပွဲကို လက်ခံယူပေးမယ့်
မြင်းခွာသံတွေများလား · · · ။
◆ ဒီမြင်းခွာသံတွေကို တုပထားတဲ့
အသံတုတစ်ယောက်ရဲ့ မြင်းခွာသံလား · · · ။
◆ ရုပ်ရှင်လိုလို၊ ပန်းချီလိုလို
ပိတ်ကားဖြစ်သွားလိုက်၊ ပိတ်သားဖြစ်သွားလိုက်
ငါတို့ မြင်ချင်သလိုမြင်ခဲ့ကြ · · · ။
◆ စကားလုံးတွေနဲ့ စီခြယ်ထားတဲ့ မြစ်ကြီးတွေမှာ
မြင်းခွာသံများ ဆူညံခြင်း နိမိတ်ပုံရိပ်ဟာ
အံ့သြဖွယ်အတိ · · · ။

**မင်းအိမ်ကျော်**

# ဆောင်းခိုငှက်ရဲ့ ရင်ဘွတ်တေး

ငွေကြယ်ပွင့်တွေ
ညဆိုးရဲ့ ဝတ်ရုံနက်အောက်
တောင်ပံခတ်ပြီး ထပျံသွားချိန်
ငါ့ဦးကင်းထက်
မွေးညင်းနုလေးတွေက စပေါက်ရုံ
အပျံသင်ဖို့ဆိုတာ
ဟိုး · · · အဝေးကြီးပေါ့
ဒေါင်းယောင်ဆောင်တဲ့ ကျီး
ဟသ်ာကိုးသောင်းဇာတ်ပျက်ကိန်း
ဒီမှာ ကောင်းကင်သစ်
နှစ်ထပ်
သုံးထပ်
ဗရမ္ပ မိုးတိမ်တံတွာ
ကျောက်တံနဲ့ငါ ကြက်ခြေခတ်လာတာ
အခုထိ ပြတ်ပြတ်သားသားပဲ
နောက်လှည့်ကြည့်စရာမလိုဘူး
ငါ့ခြေမျက်စိ လေးလုံး
တစ်ထပ်တည်းပဲ
ဒီတောင်တန်းမှာက
ဝေဒါလို သတ္တိထူးတွေနဲ့
အမာစား ကျောရိုးစိမ်းတွေ
တစ်တောလုံး
ကွက်ပြောက်ထနေတဲ့
သိုးမွေးနရွက်ဖားဖားပေါ်
နေအဆုဆု
လအစင်းစင်း
ပွင့်အာခဲ့ပြီးမှ
တန်ဖိုးကြီးကြီး ကြွေလွင့်ခဲ့ရတာ
ညီအစ်ကို မကွဲတကွဲ
နှင်းမှုန်ထဲမှာ
ငါ့ကလေးတွေကို အစာခွံ့ရင်း
အကျေအလည်ပြောပြရဦးမယ်။


**ဒိုင်ရာ**




yati CARTOON



yati CARTOON






yati CARTOON
အန္တရာယ်ကင်းတဲ့ အစားအသောက်တွေစားဖို့ ကျန်းမာရေးအသိအမြင်တွေ ဟောပြောနေမယ့်အစား-
အန္တရာယ်ကင်းတဲ့ အစားအသောက်တွေ ထုတ်လုပ်ဖို့၊ စီစစ် အရေးယူကြပါလား ဆရာရယ်။
- 2014

yati CARTOON



# Yangon Distribution ကနေဖြန့်ချိတဲ့ Alcatel Brand ပစ္စည်းသစ်မိတ်ဆက်ပွဲ







ပြင်သစ်နိုင်ငံမှ အကောင်းဆုံး စမတ်ဖုန်းအမှတ်တံဆိပ်ဖြစ်သော Alcatel Onetouch မိုဘိုင်းဖုန်းရဲ့ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Yangon Distribution ကနေဖြန့်ချိမယ့် Alcatel Brand အသစ်မိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာလ ၃၀ ရက်၊ မွန်းလွဲ ၂ နာရီတွင် Park Royal ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ Alcatel Onetouchရဲ့ အရောင်းဆိုင်များဖြစ်ကြသော လှုကြီးမင်း Cellphone Villa ဆိုင်၊ Mr. Phone Telecon Center ဆိုင်၊ Singapore Mobile ဆိုင်၊ Naing Win Mobile ဆိုင်၊ Linn Computer ဆိုင်၊ Pink Mobile ဆိုင်၊ နတ်သမီး မိုဘိုင်းဖုန်းဆိုင်တို့နဲ့ ဒါရိုက်တာကြီး မိုဘိုင်းဖုန်းဆိုင်တို့အား ကျေးဇူးတုံ့ပြန်သောအနေဖြင့် Alcatel Onetouch ကုမ္ပဏီမှ Certificate များကို အသီးသီးပေးအပ်ခဲ့ပါတယ်။ Alcatel မိုဘိုင်းဖုန်းများကို အူရီဒူးနှင့် တယ်လီနောဆင်းကတ်များဖြင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ရန် စီစဉ်ပေးထားပြီး Service Center များကိုလည်း ရန်ကုန်မြို့ရှိလသာ၊ ရန်ကင်း၊ သယ်န်းကျွန်း၊ ကမာရွတ်၊ မင်္ဂလာဒုံတို့တွင် သာမက ပဲခူး၊ မန္တလေး၊ နေပြည်တော်တို့တွင် ဖွင့်လှစ်ထားကြောင်း သိခဲ့ရသည်။

# BYSI Women's Wear ၏ Breast Cancer Campaign Event







Majestic Co.,Ltd မှ Franchise စနစ်ဖြင့် တင်သွင်းရောင်းချသော BYSI အမှတ်တံဆိပ် အမျိုးသမီးဝတ် Brand ၏ Breast Cancer Campaign Event ကို ရန်ကုန်မြို့၊ ကျွန်းတောလမ်းရှိ Junction Square Shopping Mall တွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (ကြာသပတေးနေ့)၊ ညနေ ၅ နာရီတွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ စာနယ်ဇင်းမီဒီယာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ နိုင်ငံကျော်ရုပ်ရှင်ဂီတအနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မချိုဇင်မှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြား၍ Model လေးများမှ BYSI အဝတ်အထည်များ ဝတ်ဆင်ပြသခဲ့ပါသည်။ BYSI ၏ Managing Director ဒေါ်ခင်သီတာဝင်းမှ BYSI Breast Cancer Campaign Event လုပ်ဖြစ်ပုံကို ပြောကြားခဲ့ပြီး ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ Professor ဒေါ်ယဉ်ယဉ်ထွန်းမှ Breast Cancer နှင့်ပတ်သက်သော အသိပညာများကို ရှင်းလင်းဝေငှပေးခဲ့သည်။ ထို့နောက် အဆိုတော်နီနီခင်ဇော်မှ ခေတ်ပေါ်တေးများဖြင့် တင်ဆက်ခဲ့၍ ရင်သားကင်ဆာရောဂါရှင်များအတွက်လည်း ပရိသတ်နှင့်အတူ ငြိမ်သက်ဆုတောင်းပေးခဲ့ပါသည်။ ထူးခြားသည့် အစီအစဉ်အနေဖြင့် BYSI မှ Dress တစ်ထည်အား လေလံစနစ်ဖြင့် ပရိသတ်များအား ရောင်းချ၍ ရရှိသောငွေကြေးတန်ဖိုးအား ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းသို့ အကုန်လှူဒါန်းမည်ဖြစ်ပြီး ၎င်းအပြင် အောက်တိုဘာလတစ်လလုံး ရောင်းချရသမျှ ငွေကြေးတန်ဖိုးများ၏ အချိုးအစားအချို့ကိုလည်း ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဟု သိရှိခဲ့ရပါသည်။

# Huawei Ascend Mate 7 & Ascend G7 Launching Event







Huawei Ascend Mate 7 & Ascend G7 Launching Event အခမ်းအနားကို October ၁၀ ရက်နေ့တွင် Park Royal Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ Ascend Mate 7 သည် Hawei မှ နောက်ဆုံးထုတ်လုပ်ထားသည့် Big - Screen Smartphone ဖြစ်ပြီး ပိုမိုကောင်းမွန်သောလုပ်ဆောင်မှု၊ နည်းပညာသစ်ဖြစ်သော Single - touch fingerprint technology နှင့် EMUI 3.0 တို့ပါဝင်မှုကြောင့် သုံးစွဲသူများအား စိတ်ကျေနပ်မှုအပြည့်အဝ ပေးနိုင်မည်ဟု ဆိုသည်။ Ascend G 7 သည် လှပသေသပ်သော သတ္တုကိုယ်ထည်ကြောင့် ထင်ပေါ်လျက်ရှိပြီး 4G LTE စနစ်ပါဝင်သောကြောင့် 'Make it Possible' ဆိုသောဆောင်ပုဒ်အတိုင်း ကမ္ဘာတစ်ဝန်းရှိ သုံးစွဲသူများ၏ ကိုယ်ပိုင်ဟန်ကို ထင်ဟပ်စေမည့်ဟု Huawei Consumer Business Group မှ CEO, Richard Yu က ပြောကြားခဲ့သည်။

# ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း (HPA) မှ ကြီးမှူးကျင်းပသော ဆံပင်ညှပ်နည်း ဆေးအရောင်ဆိုးနည်းနှင့် မိတ်ကပ်လိမ်းခြယ်နည်း သင်တန်းများ





ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း Hair Professionals Association (HPA) မှ ကြီးမှူး၍ ရန်ကုန်မြို့ Summit Park View Hotel တွင် (၂. ၉. ၂၀၁၄ မှ ၃. ၉. ၂၀၁၄ ရက်နေ့အထိ) စင်ကာပူနိုင်ငံ Toni & Guy Acdemy သင်တန်းကျောင်းမှနည်းပြဆရာများဖြစ်သော Mr. Dict Koh နှင့် Mr Eddie Chog တို့မှ အခြေခံ ဆံပင်ညှပ်နည်းသင်တန်းအား ပို့ချပေးခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ထို့အတူ HPA အသင်းမှ နည်းပြဆရာများဖြစ်ကြသော ဒေါ်ကျင်ပို့ (Fancy House) နှင့် ဒေါ်မီမီခိုင် (The Salon) တို့မှ (၂၅. ၈. ၂၀၁၄) ရက်နေ့နှင့် (၄. ၉. ၂၀၁၄) ရက်နေ့က ရန်ကုန်မြို့၊ ယုဇနဟိုတယ်တွင် လည်းကောင်း၊ (၁၀. ၉. ၂၀၁၄) ရက်နေ့တွင် ပုသိမ်မြို့၊ မြန်မာကရဏာဆိုရှယ်စင်တာတွင်လည်းကောင်း၊ ဆံပင်ညှပ်နည်းနှင့် ဆံပင်ဆေးရောင် ဆိုးနည်း (အခမဲ့) သင်တန်းအား ပို့ချခဲ့ပါသည်။

ထို့အတူ (၂၂. ၉. ၂၀၁၄) ရက်နေ့က ပြည်မြို့ဂင်္ဂါဝတီခန်းမတွင် ဒေါ်မီမီခိုင် (The Salon) မှဆံပင်အတိုညှပ်နည်း၊ ဒေါ်တင်တင်ချို (Hello) မှ ဆံပင်အရှည်ညှပ်နည်း၊ ဒေါ်ခင်စန္ဒာမော် (Spice Girls) မှ ဆံပင်ဆေးအရောင်ဆိုးနည်း၊ ဒေါ်မိမိခိုင် (Hello) မှ မိတ်ကပ်လိမ်းခြယ်နည်းနှင့် ဒေါ်ခိုင်ခိုင်လတ် (Knomi) မှ Digital နှင့် ဆံပင်ကောက်နည်းများအား ဆံပင်ကောက်နည်းများအား ဆံပင်အလှပြင်ဆိုင်ပိုင်ရှင်များ၊ ဆံပင်အလှဖန်တီးရှင်များနှင့် HPA အသင်းဝင်များအား သင်တန်း (အခမဲ့) ပို့ချပေးခဲ့ကြောင်း သတင်းရရှိပါသည်။

# Dagon City 1 အိမ်ရာစီမံကိန်း၏ Gallery Showroom စတင်ဖွင့်လှစ်







အဆင့်မြင့်အိမ်ရာစီမံကိန်းဖြစ်သည့် Dagon City 1 ၏ခေတ်မီ Gallery Showroon ကို စတင်ဖွင့်လှစ် လိုက်ပြီဖြစ်ပြီး အဆိုပါဖွင့်လှစ်ပွဲသို့ စိတ်ပါဝင်စားသူ တစ်ထောင်ကျော်ခန့်လာရောက်လည်ပတ်ခဲ့ကြသည်။ ဖွင့်ပွဲတွင် Dagon City 1၏ brand ambassador အိန္ဒြာကျော်ဇင် တက်ရောက်ပြီး ထိုင်း၊ ကိုရီးယား၊ ယူကေ၊ ဟောင်ကောင်မှ အလှမယ်များနှင့် အခန်းများကိုဖွင့်လှစ်ခြင်းများပြုလုပ်ခဲ့ပြီး နိုင်ငံတကာမှ အနုပညာရှင်များ၏ String quarter တီးခတ်မှု၊ body balance အက၊ ဗလာမပါ ကံစမ်းမဲအစီအစဉ်များလည်းပါဝင်သည်။ Dagon City 1 mixed use စီမံကိန်းသည် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ လာရောက်သူများ တစ်နေရာတည်းတွင် နေထိုင်အလုပ်လုပ်ကိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး စီမံကိန်းတွင် ကြယ်ငါးပွင့်ဟိုတယ်၊ Grade A ရုံးခန်းများ၊ အဆင့်မြင့်ဈေးဆိုင်ခန်းများ၊ Shopping Mall နှင့် လူနေတိုက်ခန်းများ ပါဝင်မည်ဖြစ်သည်။ အဆိုပါ ပြခန်းဖွင့်လှစ်ရသည့် အကြောင်းမှာ နေထိုင်ရန် စိတ်ဝင်စားပြီး ကြိုတင် စာရင်းသွင်းထားသူများအနေဖြင့် အဆင့်မြင့်နေထိုင်မှု အတွေ့အကြုံများကို ကိုယ်တိုင်ကိုယ်ကျခံစားနိုင်ရန်ဖြစ်သည်။ အဆိုပါ စီမံကိန်းသည် ရန်ကုန်လူမှုဘဝတွင် နေထိုင်မှုအတွေ့အကြုံကို ရရှိစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကာ အလုပ်အကိုင်ပေါင်း ၅၀၀၀ကျော် ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်းသိရသည်။

# Samsung ၏နောက်ဆုံးပေါ် Note Series ထဲမှ Galaxy Note 4 ကိုမိတ်ဆက်




Samsung ၏ Flagship အမျိုးအစား Galaxy Note Series ၏ ဈေးကွက်နယ်ပယ်ကို ခဲ့ထွင်သည့်အနေဖြင့် Galaxy Note 4 ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။ Galaxy Note 4 ၏ ၅ဒသမ၇လက်မ Quad HD (၂၅၆၀ × ၁၄၄၀) Super AMOLED မျက်နှာပြင်သည် ပိုမိုကြည်လင်ပြတ်သား၍ အရောင်အသွေးစုံလင်သော ရုပ်ပုံများကို မြင်တွေ့စေနိုင်ပြီး စက္ကန့်တစ်သန်းပုံတစ်ပုံ အမြန်နှုန်းဖြင့် တုံ့ပြန်နိုင်သည့်အတွက် အလွန်ကောင်းမွန်သော စက္ခုအာရုံအတွေ့အကြုံကို ရရှိလာမည်ဖြစ်သည်။ Application များကို မျက်နှာပြင်အပြည့်၊ မျက်နှာပြင်တစ်ဝက် သို့မဟုတ် တစ်စိတ်တစ်ပိုင်းစသည်ဖြင့် စိတ်ကြိုက် ရွေးချယ်ဖွင့်လှစ်နိုင်သည့်




အပြင် Sports Camera စနစ်လည်းပါဝင်သည်။ ထို့အပြင် Galaxy Note 4 သည် မှတ်စုစာအုပ်နှင့်ဘောပင်ဆောင်စရာမလိုသည့် ဝန်ဆောင်မှုကို ပေးမည့် S Pen ပါဝင်သဖြင့် ဘောပင်ဖြင့် ရေးခြစ်ရသည့်အရသာအတိုင်း ခံစားရခြင်း၊ နေ့စဉ်လုပ်ငန်းဆောင်တာများကို လွယ်ကူမြန်ဆန်စွာ ပြီးစီးနိုင်သော S Note Application ပေါင်းစပ်ပါဝင်ခြင်း၊ မိုက်ခရိုဖုန်း အများအပြား ပါဝင်သဖြင့် ဆူညံသောပတ်ဝန်းကျင်တွင် စပီကာဖွင့်၍ ပြောသည့်အခါ ဘေးမှ ဆူညံသံများကို လျှော့ချပေးနိုင်ခြင်း၊ အတွေးများကို Voice Men ဖြင့်မှတ်သားနိုင်ခြင်းများကြောင့် တစ်နေ့တာ ဘဝတွင် အဆင်ပြေလွယ်ကူစေမည်ဖြစ်သည်။ Galaxy Note 4 တွင် မီးခိုးရင့်ရောင်၊ အဖြူရောင်၊ ရွှေရောင်နှင့် ပန်းရောင်ဖျော့များ ရရှိနိုင်မည်ဖြစ်သည်။ မန္တလေးတွင် အောက်တိုဘာလ ၂၆တွင် စတင်ဖြန့်ဖြူးရောင်းချနေကြောင်း သိရသည်။

# MFDG Myanmar Fashion Fair

## ၂၀၁၄– ၂၀၁၅ပွဲကြီး ဒုတိယအကြိမ်မြောက်ကျင်းပ



PHOTO . KONAING (POPULAR)

Forever Group & Myanmar Fashion Designer Groupတို့ပူးပေါင်းစီစဉ်တင်ဆက်တဲ့ MFDG (Myanmar Fashion Fair 2014- 2015)ပွဲကြီးကို စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ညနေ ၅ နာရီမှ ည ၉ နာရီအထိ Myanmar Event Parkမှာ ပြုလုပ်ခဲ့ပါတယ်။ စက်တင်ဘာလ၁၉ရက် ပထမနေ့မှာတော့ဒီဇိုင်နာများ ဖြစ်ကြတဲ့ ဒေါ်သီတာ ဝင်း (DOZO Fashion School) မိုးကုတ် ပေါက်ပေါက်၊ မဇူဇူ (Zu Zu Collection)၊ လတ်လတ် (Lady Boutique)၊ မပုံ (My Favourite)၊ သွင်စုထွေး၊ ဆန်းဘောက်ရာ (Shayi Fashion)၊ သက်နှင်းအေး(DOZO Fashion)၊ စုစုဝေ၊ ယုံးယုံး၊ မြေမြတ်ဝါဆို (Happy Heart)၊ Iris၊ မေသက်လွင်၊ ဇော်ဆိုင်း (Menmade) တို့ရဲ့ Collections များကို ပြသခဲ့ပြီး စက်တင်ဘာလ ၂၀ ရက်နေ့မှာတော့ ပြည့်စုံအောင် (Exclusive Bridal Creations)၊ ကောင်းမြတ်၊ ရွှေရွှေတင် (Shimizu)၊ ဥမ္မာကျော် (OMK Fashion)၊ ညိုမာဘုန်း (ဖူးသစ်)၊ မျိုးမင်းမိုး၊ ချောစုလွင်၊ ဆိုင်းလတ်၊ မင်းစန္ဒီ၊ မေသဥ္စာသိမ့်၊ သီတာမျိုး၊ ဝါဝါကျော်၊ မင်းမင်းမြတ် တို့ရဲ့ Fashion Collections များကိုပြသသွားခဲ့ပါတယ်။

Arranged BY thidasoe

MYANMAR FASHION WEEK


MYANMAR FASHION WEEK

# MYANMAR FASHION WEEK

PHOTO . KONAING (POPULAR)




MYANMAR FASHION WEEK

# ROC SDON




၁၉၅၀ ခုနှစ်များဆီက ခပ်ဖြောင့်ဖြောင့် အမေရိကန်မင်းသားတစ်ယောက်ကို ပြောပါဆိုရင် ရုပ်ရှင်ချစ်သူ ပရိသတ်တွေရဲ့မျက်လုံးထဲမှာ ရော့ခ်ဟတ်ဆင်ကို မြင်ယောင်မိမှာ မလွဲပါဘူး။ အချစ်ဟာသရုပ်ရှင် Doris Day ဇာတ်ကားဖြင့် လူသိများလာခဲ့သူ ရော့ခ်ဟာ Giant နဲ့ Magnificient Obsessions လို ဒရာမာဇာတ်ကားတွေမှာလည်း ဇာတ်ရုပ်ပီပြင်စွာ သရုပ်ဆောင်နိုင်တာကြောင့် စူပါတစ်ဦးဖြစ်လာခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာလည်း Mc Millian & Wife ရုပ်သံဇာတ်လမ်းတွဲနဲ့ Dynasty အော်ပရာပြဇာတ်တွေကလည်း သူ့ကို အောင်မြင်မှုထပ်ဆင့်ကဲစေခဲ့ပါတယ်။ ခန့်ညားတဲ့ရုပ်ရည်နဲ့ ဝင်ငွေကြောင့် အမျိုးသမီးတွေစိတ်ဝင်စားခြင်းခံရပေမဲ့သူကတော့ လုံးဝသဘောမကျပါဘူး။ ဘာကြောင့်လဲဆိုရင် ရော့ခ်ဟာ လိင်တူစုံမက်သူတစ်ဦးဖြစ်ကာ ဒီအပြုအမူကြောင့်ပဲ AIDS ရောဂါဖြစ်ပြီး ကွယ်လွန်ခဲ့ရပါတယ်။ လေးရာစုကြာ အနုပညာ သက်တမ်းတစ်လျှောက် ရုပ်ရှင်ဇာတ်ကားခုနစ် ဆယ်နီးပါးရိုက်ကူးခဲ့ပြီး ရုပ်သံဇာတ်လမ်းတွေမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

# အသေမလှတဲ့ နွံထဲကပတ္တမြား ရော့ခ်ဟတ်ဆင်

သိမ့်နှင်းအိမ်

### အပြောင်းအလဲများတဲ့ ငယ်ဘဝ


ဟတ်ဆင်ကို ၁၉၂၅ ခုနှစ်၊ အမေရိကန်နိုင်ငံ၊ အီလီနွိုက်(စ်)ပြည်နယ်မှာ မွေးဖွားခဲ့ပါတယ်။ မိခင်က တယ်လီဖုန်းအော်ပရေတာ တစ်ဦးဖြစ်ပြီး ဖခင်က မော်တော်ကားစက်ပြင်ဆရာ ဖြစ်ပါတယ်။ အသက် ၈ နှစ်အရွယ်မှာ မိဘနှစ်ပါးကွာရှင်းခဲ့ပြီး မိခင်က နောက်အိမ်ထောင်ပြုခဲ့ပါတယ်။ သူဟာ ကျောင်းရဲ့သီချင်းဆိုအဖွဲ့ထဲမှာ ပါဝင်ပေမဲ့ အသိအမှတ်ပြု မခံရပါဘူး။ သတင်းစာပို့တဲ့ တောက်တိုမည်ရ အလုပ်လုပ်သူ ရှက်တတ်တဲ့ ကောင်လေးလို့ပဲ လူသိများပါတယ်။ အထက်တန်း အောင်မြင်ပြီးနောက် ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်နိုင်ငံက ရေတပ်မတော်ရဲ့ လေယာဉ် ပြင်ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၄၆ ခုနှစ်မှာ လော့စ်အိန်ဂျလိစ်မြို့သို့ပြောင်းရွှေ့နေထိုင်ခဲ့ပြီး သရုပ်ဆောင်လုပ်ဖို့ စိတ်အားထက်သန်လာပါတယ်။ ကယ်လီဖိုးနီးယားတောင်ပိုင်း တက္ကသိုလ်မှာ ပြဇာတ်ဘာသာရပ်တက်ဖို့လျှောက်ခဲ့ပေမဲ့ ဇာတ်ဝင်ခန်းစာသားတွေ မမှတ်မိတာကြောင့် အပယ်ခံလိုက်ရပါတယ်။ သရုပ်ဆောင်ဖြစ်ဖို့ အချိန်အကြာကြီး စောင့်ခဲ့ရပေမဲ့ စောင့်ရကျိုးမနပ်ခဲ့ပါဘူး။ ၁၉၄၇ ခုနှစ်မှာ သရုပ်ဆောင်မွေးထုတ်ပေးသူ ဟင်နရီဝီလ်ဆင်နဲ့ တွေ့ဆုံပြီးနောက်ပိုင်းမှာတော့ စူပါတစ်ဦးဖြစ်ဖို့ လမ်းပွင့်ခဲ့ပါတယ်။ ဝီလ်ဆင်က သူ့ရဲ့နာမည်ရင်း ရှိုင်ဟာရိုချာရာဂျူနီယာ Roy Harold Scherer Jr ကနေ ရော့ခ်ဟတ်ဆင်လို့ အမည်ပြောင်းပေးခဲ့ပါတယ်။ ဒီနာမည်ကို မကြိုက်ဘူးလို့ နောက်ပိုင်းမှာ ဟတ်ဆင်က ဆိုခဲ့ပါတယ်။



### ရုပ်ပါမင်းသားဟတ်ဆင်ရဲ့ ဘဝ

၁၉၄၈ ခုနှစ်မှာ ရုပ်ရှင်စတင်ရိုက်ကူးခွင့်ရခဲ့ပါတယ်။ ဝါနာဘရို့(စ်)ထုတ်လုပ်ရေးကရိုက်ကူးတဲ့ Fighter Squardron မှာ ဇာတ်ဝင်ခန်းအနည်းငယ် ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ပါတယ်။ ကြည့်ကောင်းတဲ့ ရုပ်ရည်နဲ့ အရပ်အမောင်းကြောင့် ရုပ်ရှင်မင်းသားဖြစ်ဖို့အခွင့်အရေးရလာပါတယ်။ သူ့ကို ယူနီဗာဆယ်စတူဒီယိုဝင်းထဲမှာ သရုပ်ဆောင်ခြင်း၊ သီချင်းဆိုခြင်း၊ အက၊ မြင်းစီးခြင်း၊ ဓားရေးပညာတွေကို သင်ကြားပေးခဲ့ပါတယ်။ ၁၉၅၄ ခုနှစ်မှာ Magnificent Obsession ဇာတ်ကားမှာ မင်းသမီးဂျိန်းဝိုင်မန်းနဲ့ တွဲပြီး အဓိကဇာတ်ဆောင်နေရာက သရုပ်ဆောင်ခွင့် ရခဲ့ပါတယ်။ ဒီဇာတ်ကားကို ပရိသတ်တွေ လက်ခံခဲ့ကြပြီး Modern Screen မဂ္ဂဇင်းက သူ့ကို တစ်နှစ်တာအတွင်း ရေပန်းအစားဆုံးမင်းသားအဖြစ် ဖော်ပြခဲ့ပါတယ်။ အဲဒီဇာတ်ကား ရိုက်ကူးပြီးနောက်ပိုင်း Giant ရုပ်ရှင်မှာ ဂျိမ်း(စ်)ဒင်း၊ အဲလိဇဘတ်တေလာနဲ့ တွဲဖက်သရုပ်ဆောင် ပြီး နာမည်ပိုကြီးလာခဲ့ပါတယ်။ ဂျိမ်း(စ်)ဒင်းရော သူပါအော်စကာဆုအတွက် လျာထားခံရပါတယ်။ ၁၉၅၀ ပြည့်နှစ်များအတွင်း နာမည်ကြီးဒါရိုက်တာများနဲ့ တွဲဖက်လို့ရုပ်ရှင်ဇာတ်ကား ၉ကား ရိုက်ကူးခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်များမှာတော့ အချစ်ဟာသရုပ်ရှင်ဇာတ်ကားတွေမှာ သရုပ်ဆောင်ခဲ့ပါတယ်။ Lover Come Back, Come September, Send Me No Flowers, Man's Favourite Sport, The Spiral Road နဲ့ Strange Bedfellows စ တဲ့ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး Pillow Talk ဇာတ်ကားမှာဆိုရင် ဟာသဇာတ်ရုပ်နေရာက သရုပ်ဆောင်ခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်





နှောင်းပိုင်းမှာ အက်ရှင်ဇာတ်ကားတွေ လက်ခံရိုက်ကူးခဲ့ပါတယ်။ Tobruk Ice Station Zebra နဲ့ The Undefeated ရုပ်ရှင်တွေက သူ့ရဲ့နာမည်ကြီး အက်ရှင်ဇာတ်ကားတွေပါ။ နောက်ပိုင်းမှာတော့ ရုပ်ရှင်ဇာတ်ကား အရိုက်ကျဲလာပြီး ၁၉၇၀၊ ၁၉၈၀ကာလတွေမှာရုပ်သံဇာတ်ကားတွေနဲ့ ဇာတ်လမ်းတွဲတွေရိုက်ကူးလာခဲ့ပါတယ်။ သူ့ရဲ့အအောင်မြင်ဆုံးရုပ်သံဇာတ်လမ်းတွဲကMe Millan & Wife ဖြစ်ကာ မင်းသမီးဆူဆန်စိန့်ဂျိမ်း(စ်) နဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ပါတယ်။ ဒီဇာတ်လမ်းတွဲကို ၁၉၇၁ ခုနှစ်မှ၁၉၇၇ခုနှစ်ထိပြသခဲ့ပါတယ်။ ဟတ်ဆင်ဟာ ပြဇာတ်လည်း ကောင်းကောင်းကနိုင်ကြောင်းကို ပရိသတ်တွေကို ပြသခဲ့ပါသေးတယ်။ သူ့ရဲ့ I Do! I Do ပြဇာတ်က ချီးမွမ်းထောပနာပြုခဲ့ရတဲ့ ပြဇာတ်ဖြစ်ပါတယ်။




## ကျန်းမာရေးချို့တဲ့လာတဲ့ ဟတ်ဆင်

အရက်နဲ့ဆေးလိပ်အလွန်အကျွံသောက်သုံးမှုကြောင့် ဟတ်ဆင်ဟာ ကျန်းမာရေး စတင်ချို့ယွင်းလာပါတယ်။ နှလုံးရောဂါခံစားလာရပြီး ခွဲစိတ်ကုသခဲ့ရပါတယ်။ ခွဲစိတ်ပြီးနောက်ပိုင်းမှာလည်း ဆေးလိပ်ကတော့ ဆက်သောက်နေတုန်းပါပဲ။ ဒါပေမဲ့ ရုပ်သံဇာတ်ကားတွေမှာတော့ ပါဝင်သရုပ် ဆောင်ဆဲဖြစ်ပါတယ်။ အချစ်အက်ရှင်ရုပ်ရှင် ဇာတ်ကား The Ambassador in Israel ရိုက်ကူးချိန်မှာ သူ့ကျန်းမာရေးက အဆိုးဘက် သန်းစပြုလာပါပြီ။ The Vegas Strip Wars ရုပ်သံဇာတ်လမ်းမှာ သရုပ်ဆောင်စဉ် ကျန်းမာရေးက ဆိုးသထက် ဆိုးလာပြီး အရိုးဂေါက်ဂက်မျက်နှာနှင့် ခန္ဓာကိုယ်ကြောင့် အသည်းကင်ဆာရောဂါ ဖြစ်နေတယ်လို့ ကောလာဟလတွေ ထွက်လာခဲ့ပါတယ်။ သူဟာ HIV ဝေဒနာခံစားနေရကြောင်း ရောဂါရှာဖွေမတွေ့ရသေးခင် သုံးပတ်အလို ၁၉၈၄ ခုနှစ်၊ မေလမှာသမ္မတရော်နယ်ရေဂင်နဲ့ သမ္မတကတော်နန် စီရေဂင်တို့နဲ့အတူ အိမ်ဖြူတော်မှာ ညစာစားခွင့်ရခဲ့ပါတယ်။ HIV ရောဂါခံစားနေရ သူတစ်ဦးဖြစ်ကြောင်းကို စစ်ဆေးတွေ့ရှိခဲ့ရပေမဲ့ ဖုံးကွယ်ထားခဲ့ပြီးအလုပ်တွေ ဆက်လုပ်ခဲ့ပါတယ်။ အဲ့ဒီနှစ်တွေမှာ ပြင်သစ်နဲ့ အခြားနိုင်ငံတွေကို ခရီးထွက်ခဲ့ပြီး ရောဂါပျောက်ကင်းအောင်ကုသနိုင်မယ့် ကုထုံးရှာဖွေခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်၊ ဇူလိုင်လအရောက်မှာ ဒေါရစ်ဒေးနှင့် သူငယ်ချင်းကောင်းများ ရုပ်သံအစီအစဉ်မှာ ပါဝင်ရိုက်ကူးခဲ့တဲ့ ဟတ်ဆင်ရဲ့ရုပ်သွင်ကို သူသူ ငါငါ အံ့ဩတုန်လှုပ်ခဲ့ရပါတယ်။ ပြည်တွင်းသတင်း အစီအစဉ်မှာဆိုရင် ဟတ်ဆင်ရဲ့ကျန်းမာရေး ဆိုးရွားလာမှုကိုဖော်ပြခဲ့ကြပါတယ်။ ရုပ်တော်တော်ပျက်နေပါပြီ။ သူ့ရဲ့ကျန်းမာရေးအခြေအနေ ကိုမီဒီယာတွေက အမျိုးမျိုးထင်ကြေးပေး ပြောဆိုနေကြပါပြီ။ ဒီကိစ္စဖြစ်ပြီး နှစ်ရက်အကြာမှာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ကို ဆေးကုသမှုခံယူဖို့အတွက် ထွက်လာခဲ့ပါတယ်။ သူအခြေအနေမကောင်းတော့ပါဘူး။ ဟိုတယ်ခန်းထဲမှာပဲ လဲလျောင်းနေရပါတယ်။ သူ့ရဲ့ပြင်ပဆက်သွယ်ရေးအရာရှိကတော့ ဟတ်ဆင်ရဲ့ အသည်းကင်ဆာ ရောဂါအခြေအနေ ဆိုးနေတယ်လို့ အခိုင်အမာဆိုခဲ့ပြီး ပဲရစ်မြို့က အမေရိကန်ဆေးရုံမှာ စစ်ဆေးမှုတွေ လုပ်ဆောင်နေတယ်လို့ အတွင်တွင်ပြောခဲ့ပါတယ်။ ဒါပေမဲ့ ရက်အနည်းငယ်အကြာမှာတော့ ဟတ်ဆင်ဟာ လွန်ခဲ့တဲ့နှစ် အစောပိုင်းကတည်းက AIDS ရောဂါခံစားနေရကြောင်းကို အတိအလင်းသတင်း ထုတ်ပြန်ခဲ့ပါတယ်။ နှလုံးခွဲစိတ်ကုသမှုခံယူစဉ်က သွေးသွင်းရသောကြောင့် သွေးမှတစ်ဆင့် ကူးစက်မှုခံရခြင်းဖြစ်ကြောင်း ထပ်မံသတင်းထုတ်ပြန်ခဲ့ပါတယ်။ ရောဂါအခြေအနေ ဆိုးရွားလာခဲ့ပြီးနောက် အောက်တိုဘာ ၂ ရက်နေ့မှာ Beverly Hills မှာရှိတဲ့ သူ့ရဲ့နေအိမ်မှာ ကွယ်လွန်ခဲ့ပါတယ်။ ဈာပနအခမ်းအနားမကျင်းပဖို့ မသေခင်က တောင်းဆိုခဲ့တဲ့အတွက် မီးသဂြိုဟ်ခဲ့ပါတယ်။ နှလုံးခွဲစိတ်ကုသခံယူစဉ်က HIV ပိုး ကူးစက်ခံခဲ့ရတယ်လို့ သတင်းထုတ်ပြန်ခဲ့ပေမဲ့ လိင်တူစုံမက်မှုကြောင့် ရောဂါကူးစက်ခြင်းဖြစ်ကြောင်း အများက ပြောဆိုခဲ့ပါတယ်။


## အရှုပ်အရှင်းကိစ္စများနဲ့ ဟတ်ဆင်

ဟတ်ဆင်ရဲ့လူမှုရေးကိစ္စတွေနဲ့ ပတ်သက်လို့ အေးဂျင့်ဟင်နရီဝီလ်ဆင်က ဖုံးဖုံးဖိဖိ သိုသိပ်လုပ်ပေးခဲ့ပေမဲ့ Confidential မဂ္ဂဇင်းက သူ့ရဲ့ လိင်တူစုံမက်တဲ့ တိတ်တဆိတ်ဇာတ်လမ်းတွေကိုအများသိအောင်ဖွခဲ့ပါတယ်။ အပေါင်းအသင်းတချို့ကြောင့်လည်း သူဟာ လိင်တူစုံမက်သူ ဖြစ်ကြောင်း ဟော လီး



ဝုဒ်လောကမှာ ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ပါတယ်။ အဲလိဇဘက်တေလာနဲ့ ဆူဆန်စိန့် ဂျိမ်း(စ်)က သူ့ရဲ့လိင်တူစုံမက်မှုအကြောင်းကို ကကြီးကနေ အအထိ သေချာသိကြောင်း အခိုင်အမာဆိုခဲ့ဖူးပါတယ်။ ဒီလိုသတင်းတွေကြောင့် သူဟာ ဟင်နရီဝီလ်ဆင်ရဲ့ အတွင်းရေးမှူးဖီးလစ်ဂိတ်နဲ့ လက်ထပ်ခဲ့ပါတယ်။ လက်ထပ်ပြီးသုံးနှစ်အကြာမှာ ကွာရှင်းခဲ့ပြီး ဂိတ်ကို တစ်ပတ်လျှင် ဒေါ်လာ ၂၅၀ နှုန်းဖြင့် ဆယ်နှစ်စာအတွက် မယား စရိတ်ပေးခဲ့ရပါတယ်။ နောက်ပိုင်းမှာ သိရတာက ဂိတ် ဟာယောကျ်ား စိတ်ပေါက်နေသူတစ်ဦးဖြစ်ပြီး သူတို့နှစ်ဦး ဆက်ဆံရေး စ


ချိန် ကတည်းက ဟတ်ဆင်ဟာ ဂေးတစ်ဦးဆိုတာကို ဂိတ်သိထားခဲ့တယ်ဆိုတာပါပဲ။ ဂိတ်က နောက် အိမ်ထောင်မပြုခဲ့ပါဘူး။




**စတိုင်အိုင်ကွန်အဖြစ်**
**သတ်မှတ်ခံရသူ**

ဟတ်ဆင်ရုပ်ရှင်ထဲမှာ အမျိုးသမီး





တွေကို ဆွဲဆောင်တဲ့ပုံစံကို အမျိုးသားတွေက လိုက်အတုခိုးခဲ့ပါတယ်။ သူပိုင်ဆိုင်ထားတဲ့ ဩဇာတိက္ကမ ရှိခြင်းဟာ ဖန်တီးထားတာ မဟုတ်ဘဲ မွေးရာပါ အရည်အချင်းတစ်ခုပါ။ သူ့ကို ဟောလီးဝုဒ်ရဲ့ ဖက်ရှင်အကျဆုံး မင်းသားတစ်ဦးအဖြစ် လက်ခံခဲ့ကြပါတယ်။ သူဟာ ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ရှစ်ကြိမ်ဆက်တိုက် Stars of the Year ထိပ်တန်းဆယ်ဦးစာရင်းဝင်ခဲ့ပါတယ်။

ငယ်စဉ်ကတည်းက သရုပ်ဆောင်ဝါသနာပါခဲ့သူ ဟတ်ဆင်ဟာ အနုပညာလောကကို ခြေချဖို့ ကြိုးစားခဲ့စဉ်က အခက်အခဲတွေ ကြုံခဲ့ရပေမဲ့ ဇွဲမလျော့ခဲ့ပါဘူး။ ပတ္တမြားမှန်က နွံမနစ်ဘူးဆိုသလို သူ့အရည်အချင်းတွေကို အများသိအောင် ပြနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ပြောင်းလဲဖို့ မစွမ်းသာတဲ့ မွေးရာပါဗီဇစိတ်ကြောင့် ရောဂါဆိုးကြီးခံစားရပြီး ကွယ်လွန်ခဲ့ရပါတယ်။

**သိမ့်နှင်းအိမ်**
Ref : biography.com
imdb.com




GRAPHICDESIGN:MYINTTHURA2014

MODEL : NAY WIN DRESS : GIORDANO MAKE UP : PAING PAING PHOTO : KO NAING (POPULAR) ARRANGE : NAY YI YI LIN

# FLASHBACK






GRAPHICDESIGN:MYINTTHURA2014


MODEL : NAY WIN DRES
UP : PAING PAING PHOTO : KO NAING (POPULAR) ARRANGE : NAY YI YI LIN
FLA
HBACK


MODEL : NAY WIN DRESS : GIORDANO
FLAS ACK
KO NAING (POPULAR) ARRANGE : NAY YI YI LIN

MODEL : NAY WIN DRESS : GIORDANO MAKE UP : PAING PAING PHOTO : KO NAING (POPULAR) ARRANGE : NAY YI YI LIN

# FLASHBACK



GRAPHICDESIGN:MYINTTHURA2014



# Special cover image

model . khin lapyae zaw
makeup. december hnin
Designer..Ma Gyi Ma Lay (Kool fashion)
photo . aye zaw moe (setthmu)
arranged BY phyoe su po po


model . khin lapyae zaw
makeup. december hnin
Designer..Ma Gyi Ma Lay (Kool fashion)
photo . aye zaw moe (setthmu)
arranged BY phyoe su po po
Special
cover
image



# Special cover image

model . khin lapyae zaw
makeup. december hnin
Designer..Ma Gyi Ma Lay (Kool fashion)
photo . aye zaw moe (setthmu)
arranged BY phyoe su po po



# Special cover image

model . khin lapyae zaw
makeup. december hnin
Designer..Ma Gyi Ma Lay (Kool fashion)
photo . aye zaw moe (setthmu)
arranged BY phyoe su po po



# Special cover image

model . khin lapyae zaw
makeup. december hnin
Designer..Ma Gyi Ma Lay (Kool fashion)
photo . aye zaw moe (setthmu)
arranged BY phyoe su po po



Special
cover
image

model . khin lapyae zaw
makeup. december hnin
Designer..Ma Gyi Ma Lay (Kool fashion)
photo . aye zaw moe (setthmu)
arranged BY phyoe su po po



# Special cover image

model . khin lapyae zaw
makeup. december hnin
Designer..Ma Gyi Ma Lay (Kool fashion)
photo . aye zaw moe (setthmu)
arranged BY phyoe su po po


Special
cover
image
model . khin lapyae zaw
makeup. december hnin
Designer..Ma Gyi Ma Lay (Kool fashion)
photo .  aye zaw moe (setthmu)
arranged BY phyoe su po po




model . khin lapyae zaw
makeup. december hnin
Designer..Ma Gyi Ma Lay (Kool fashion)
photo . aye zaw moe (setthmu)
arranged BY phyoe su po po

# *Lovely Lively*

*MODEL : PO PO*
*MAKE UP : GUCCI AUNG*
*DRESS : MY WARDROBE*
*PHOTO : KO NAING (POPULAR)*
*ARRANGED : THIDA SOE*



GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

*MODEL : PO PO*
*MAKE UP : GUCCI AUNG*
*DRESS : MY WARDROBE*
*PHOTO : KO NAING (POPULAR)*
*ARRANGED : THIDA SOE*





GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

MODEL : PO PO
MAKE UP : GUCCI AUNG
DRESS : MY WARDROBE
PHOTO : KO NAING (POPULAR)
ARRANGED : THIDA SOE



GRAPHICDESIGN:MYINTTHURA2014

# *Lovely & Lively*

*MODEL : MO MO KO   MAKE UP : MA HTET (POP SOUL)*
*DRESS : YES I DO   ACCESSORIES : SPIRITS*
*PHOTO : KO NAING (POPULAR)*
*ARRANGED : THIDA SOE*



GRAPHICDESIGN:MYINTTHURA2014

# Lovely & Lively

*MODEL : MO MO KO*
*MAKE UP : MA HTET (POP SOUL)*
*DRESS : YES I DO*
*ACCESSORIES : SPIRITS*
*PHOTO : KO NAING (POPULAR)*
*ARRANGED : THIDA SOE*



GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

MODEL : MO MO KO   MAKE UP : MA HTET (POP SOUL)
DRESS : YES I DO   ACCESSORIES : SPIRITS
PHOTO : KO NAING (POPULAR)
ARRANGED : THIDA SOE





GRAPHICDESIGN:MYINTTHURA2014

# *Lovely Lively*

MODEL : THUN THITSAR ZAW    MAKE UP : MA HTET (POP SOUL)    DRESS : YES I DO    ACCESSORIES : SPIRITS
PHOTO : KO NAING (POPULAR)    ARRANGED : THIDA SOE



GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

MODEL : THUN THITSAR ZAW   MAKE UP : MA HTET (POP SOUL)   DRESS : YES I DO   ACCESSORIES : SPIRITS
PHOTO : KO NAING (POPULAR)   ARRANGED : THIDA SOE



GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

MODEL : THUN THITSAR ZAW
MAKE UP : MA HTET (POP SOUL)
DRESS : YES I DO
ACCESSORIES : SPIRITS
PHOTO : KO NAING (POPULAR)
ARRANGED : THIDA SOE



GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

MODEL : AYE CHAN MOE
MAKE UP : BRITNEY

PHOTO : KO NAING (POPULAR)
ARRANGED : NAY YI YI LIN





GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

*MODEL : AYE CHAN MOE*
*MAKE UP : BRITNEY*
*PHOTO : KO NAING (POPULAR)*
*ARRANGED : NAY YI YI LIN*




GRAPHICDESIGN:MYINTTHURA2014

# Lovely & Lively

MODEL : AYE CHAN MOE
MAKE UP : BRITNEY

PHOTO : KO NAING (POPULAR)
ARRANGED : NAY YI YI LIN






GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

MODEL : KU KU ZIN AUNG (STARS & MODEL INT'S)
DESIGNER : LINN THIRI ZAW (YIN KHANT FASHION)

MAKE UP : MYAT NOE KYAW
PHOTO : KO NAING (POPULAR)
ARRANGED : NAY YI YI LIN



GRAPHICDESIGN:MYINTTHURA2014

# *Lovely Lively*

*MODEL : KU KU ZIN AUNG*
*(STARS & MODEL INT'S)*
*DESIGNER : LINN THIRI ZAW (YIN KHANT FASHION)*
*MAKE UP : MYAT NOE KYAW*
*PHOTO : KO NAING (POPULAR)*
*ARRANGED : NAY YI YI LIN*





GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

*MODEL : KU KU ZIN AUNG*
*(STARS & MODEL INT'S)*
*DESIGNER : LINN THIRI ZAW (YIN KHANT FASHION)*


*MAKE UP : MYAT NOE KYAW*
*PHOTO : KO NAING (POPULAR)*
*ARRANGED : NAY YI YI LIN*



GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

*MODEL : MI CHI KO*
*LOCATION : AUNG WOOD (HOME COLLECTION)*
*PHOTO : KO NAING (POPULAR)*
*ARRANGED : NAY YI YI LIN*





GRAPHICDESIGN:MYINTTHURA2014

# Lovely & Lively

*MODEL : MI CHI KO*
*LOCATION : AUNG WOOD (HOME COLLECTION)*
*PHOTO : KO NAING (POPULAR)*
*ARRANGED) : NAY YI YI LIN*



GRAPHICDESIGN:MYINTTHURA2014

# Lovely Lively

MODEL : MI CHI KO
LOCATION : AUNG WOOD (HOME COLLECTION)
PHOTO : KO NAING (POPULAR)
ARRANGED : NAY YI YI LIN



GRAPHICDESIGN:MYINTTHURA2014



# NOW YOU SEE ME

MODEL: L LUNG LUNG, MYAT EAINDRAY HTET
MAKE UP : MA HTET (POP SOUL)
DRESS : DIOR WEDDING DRESS
PHOTO : KYAW SHWE MIN (DIOR)
ARRANGED : THIDA SOE

GRAPHICDESIGN:MYINTTHURA2014



# NOW YOU SEE ME

MODEL: L LUNG LUNG, MYAT EAINDRAY HTET
MAKE UP : MA HTET (POP SOUL)
DRESS : DIOR WEDDING DRESS
PHOTO : KYAW SHWE MIN (DIOR)
ARRANGED : THIDA SOE



GRAPHICDESIGN:MYINTTHURA2014



# NOW YOU SEE ME

MODEL: L LUNG LUNG, MYAT EAINDRAY HTET
MAKE UP : MA HTET (POP SOUL)
DRESS : DIOR WEDDING DRESS
PHOTO : KYAW SHWE MIN (DIOR)
ARRANGED : THIDA SOE

GRAPHICDESIGN:MYINTTHURA2014



# NOW YOU SEE ME

MODEL: L LUNG LUNG, MYAT EAINDRAY HTET
MAKE UP : MA HTET (POP SOUL)
DRESS : DIOR WEDDING DRESS
PHOTO : KYAW SHWE MIN (DIOR)
ARRANGED : THIDA SOE

GRAPHICDESIGN:MYINTTHURA2014



# NOW YOU SEE ME

MODEL: L LUNG LUNG, MYAT EAINDRAY HTET
MAKE UP : MA HTET (POP SOUL)
DRESS : DIOR WEDDING DRESS
PHOTO : KYAW SHWE MIN (DIOR)
ARRANGED : THIDA SOE


GRAPHICDESIGN:MYINTTHURA2014



# NOW YOU SEE ME

MODEL: L LUNG LUNG, MYAT EAINDRAY HTET
MAKE UP : MA HTET (POP SOUL)
DRESS : DIOR WEDDING DRESS
PHOTO : KYAW SHWE MIN (DIOR)
ARRANGED : THIDA SOE

GRAPHICDESIGN:MYINTTHURA2014



# NOW YOU SEE ME

MODEL: L LUNG LUNG, MYAT EAINDRAY HTET
MAKE UP : MA HTET (POP SOUL)
DRESS : DIOR WEDDING DRESS
PHOTO : KYAW SHWE MIN (DIOR)
ARRANGED : THIDA SOE

GRAPHICDESIGN:MYINTTHURA2014




GRAPHICDESIGN:MYINTTHURA2014




GRAPHICDESIGN:MYINTTHURA2014




GRAPHICDESIGN: MYINTTHURA2014



# Updating Fashion

**Model**
Nandi Htut Swe
**Make Up**
Waiyan Ma (Irene Aung Aung)
**Dress**
Thanks
**Photo**
Ko Naing (Popular)
**Arranged by**
Thida Soe

GRAPHICDESIGN:MYINTTHURA2014




GRAPHICDESIGN:MYINTTHURA2014


Updating
Fashion
Model
Nandi Htut Swe
Make Up
Waiyan Ma
(Irene Aung Aung)
Dress
Thanks
Photo
Ko Naing (Popular)
Arranged by
Thida Soe
SPURS
20
ROCK



# ထိန်းသိမ်းဆန်းသစ်
# မြန်မာ့အလှစစ်

မော်ဒယ် ခင်မြတ်နိုင်
မိတ်ကပ် wedding world
ပိုးထည် Fashion Fantastic Silk & Fabric
ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်
ဓာတ်ပုံ wedding world
စီစဉ်သူ သီတာစိုး



# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ် ခင်မြတ်နိုင်
မိတ်ကပ် wedding world
ပိုးထည် Fashion Fantastic Silk & Fabric
ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်
ဓာတ်ပုံ wedding world
စီစဉ်သူ သီတာစိုး



# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစဝင်

မော်ဒယ် ခင်မြတ်နိုင်
မိတ်ကပ် wedding world
ပိုးထည် Fashion Fantastic Silk & Fabric
ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်
ဓာတ်ပုံ wedding world
စီစဉ်သူ သီတာစိုး



# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ် ခင်မြတ်နိုင်
မိတ်ကပ် wedding world
ပိုးထည် Fashion Fantastic Silk & Fabric
ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်
ဓာတ်ပုံ wedding world
စီစဉ်သူ သီတာစိုး



# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ် ခင်မြတ်နိုင်
မိတ်ကပ် wedding world
ပိုးထည် Fashion Fantastic Silk & Fabric
ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်
ဓာတ်ပုံ wedding world
စီစဉ်သူ သီတာစိုး

တက်ကြွမှု၊ ဆွဲဆောင်မှုအပြည့်နဲ့
November ရဲ့
အငွေ့အသက်တွေကို
အသက်ဝင်အောင်ဖန်းတီးနိုင်မယ့်
ပေါ့ပါးဆန်းပြားတဲ့ Muffler
fashion in man

# TRENDY GUY



model .
OAKKER MIN MAUNG
dress .
Y STONE
photo .
KO NAING (POPULAR
Arranged .
NAY YI YI LIN



model .
OAKKER MIN MAUNG
dress .
Y STONE
photo .
KO NAING (POPULAR)
Arranged .
NAY YI YI LIN

# TRENDY GUY



# TRENDY GUY

model .
OAKKER MIN MAUNG
dress .
Y STONE
photo .
KO NAING (POPULAR)
Arranged .
NAY YI YI LIN



# TRENDY GUY

model .
OAKKER MIN MAUNG
dress .
Y STONE
photo .
KO NAING (POPULAR)
Arranged .
NAY YI YI LIN



# TRENDY GUY

model .
OAKKER MIN MAUNG
dress .
Y STONE
photo .
KO NAING (POPULAR)
Arranged .
NAY YI YI LIN



# TRENDY GUY

model .
OAKKER MIN MAUNG
dress .
Y STONE
photo .
KO NAING (POPULAR)
Arranged .
NAY YI YI LIN

# Mod mom



ဒီတစ်လရဲ့ Mod Mom ကတော့
သဘင်သွေးအပြည့်ပါလာတဲ့
သားသားလေးပုတူးရဲ့ မေမေ၊
ပရိသတ်ချစ်ခြင်းများစွာကို
လက်ခံထားရတဲ့
သတင်းပညာရှင်တင်မောင်ဆန်းမင်းဝင်းရဲ့
ချစ်ဇနီး အေးမမကျော်ပဲ ဖြစ်ပါတယ်။



Model - Aye Ma Ma Kyaw, Pu Too / Photo - Aye Zaw Moe (Setthmu)
Arranged by Phyoe Su Po Po.



Model - Aye Ma Ma Kyaw , Pu Too / Photo - Aye Zaw Moe (Setthmu)
Arranged by Phyoe Su Po Po.




Model - Aye Ma Ma Ky
/ Photo - Aye Zaw Moe (Setthmu)
e Su Po Po.



# mod mom

Model - Aye Ma Ma Kyaw , Pu Too
Photo - Aye Zaw Moe (Setthmu)
Arranged by Phyoe Su Po Po.







# Wings of Hope

မီးမီးနာမည်က ယုယနဒီပါ။
အိမ်မှာတော့ တုန်တုန်လေးလို့ခေါ်တယ်။
တစ်အိမ်လုံးက မီးမီးကို တုန်နေအောင်ချစ်လို့လေ။
မီးမီးက အခု လေးနှစ်ရှိပြီ။ Total School မှာ
ကျောင်းတက်နေတယ်။ မီးမီးက ကြီးလာရင် မေမေ့လို
Fashion Designer ကြီးလုပ်မှာ။ မီးမီး မေမေက
Designer လတ်လတ်ပါ။ မီးမီးမမရှိတယ်။ မမ
နာမည်က မမသဲသဲပါ။ မီးမီးပုံဆွဲရတာ ပျော်တယ်။
ပန်းချီဆေးခြယ်ရတာလည်းပျော်တယ်။
နောက်ပြီး Game ဆော့ရတာလည်းကြိုက်တယ်။
မေမေ့ ဖုန်းထဲက Game တွေဆိုမီးမီးအားလုံး
ကစားတတ်တယ်။နောက်ပြီးအကျီလှလှလေးတွေလည်း
ကြိုက်တယ်။ မီးမီးကကြီးလာရင် အကျီလှလှလေးတွေ
အများကြီးချုပ်မှာလေ။ မေမေ့လိုပေါ့။Model တွေကို
ဝတ်ခိုင်းပြီး show လျှောက်မယ်လေ။

Model : Yu Yu Nadi
Photo : Aung Kyaw Moe (New Image)
Arranged by Phyoe Su Po Po









ရတီရဲ့ တမျက်နှာတွေနဲ့
ကင်းကွာနေတဲ့ အကယ်ဒမီ
စိုးပြည့်သဇင်ကို
ပရိသတ်များအတွက် ဒီလမှာ
ဖော်ပြပေးလိုက်ပါတယ်
စိုးပြည့်ပြောပြထားတဲ့
စိုးပြည့်အကြောင်းလေးတွေကို
ဖတ်ကြည့်ကြရအောင် . . .

# သူပြောတဲ့ သူ့အကြောင်း

မော်ဒယ် - စိုးပြည့်သဇင်
မိတ်ကပ် - ကိုဘိတ် / ဒီဇိုင်နာ - လတ်လတ်(**Lady Boutique Special**)
ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)
စီစဉ်သူ - သီတာစိုး

**စိုးပြည့်ရဲ့ ပျော်ရွှင်ဖွယ်အမှတ်တရနေ့များ**

ပျော်ရွှင်ခဲ့တဲ့ အမှတ်တရနေ့ရက်တွေကတော့ အများကြီးပါပဲ။ ကျောင်းတက်တဲ့ အချိန်တွေလည်း ပျော်ခဲ့ရတယ်။ မိသားစုနဲ့နေရတဲ့ အချိန်တွေ၊ မိသားစုနဲ့ ခရီးထွက်ရတဲ့ အချိန်တွေဆို ပျော်ပါတယ်။

**စိုးပြည့်ရဲ့ အကြည်ညိုဆုံးစံပြပုဂ္ဂိုလ်**

ဒေါ်အောင်ဆန်းစုကြည်ပါ။



### ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလိုနေရာ တွေမှာ များများသုံးဖြစ်တယ်

စိုးပြည့်ကျတော့ အနုပညာနဲ့ အလုပ်လုပ်ပြီး မိဘကို ကျေးဇူးဆပ်တာပေါ့နော်။ စိုးပြည့်ရဲ့ ငွေကြေးတွေကို အကျိုးရှိမယ့်နေရာတွေမှာ အများဆုံး သုံးဖြစ်ပါတယ်။ အလှူအတန်းလုပ်ရင်လည်း တကယ်လိုအပ်တဲ့နေရာမျိုးမှာ ကွက်လပ် ဖြည့်တဲ့အနေနဲ့ လှူဖြစ်ပါတယ်။ အလဟဿတော့ မသုံးဖြစ်ပါဘူး။

### ပရဟိတတွေလုပ်လာကြတဲ့အပေါ် စိုးပြည့်ရဲ့ သုံးသပ်ချက်

အနုပညာရှင်တွေ ပရဟိတလုပ်တာ ကောင်းပါတယ်။ လူငယ်တွေ ပရဟိတလုပ်တာလည်း ဝမ်းသာစရာပါ။ စိုးပြည့်လည်း ပရဟိတအလုပ်တွေ တတ်နိုင်သလောက်လုပ်ပါတယ်။ စိုးပြည့်မွေးနေ့မှာဆိုရင်လည်း မိဘမဲ့ကလေးတွေကို အားပေးတယ်။ အရင်နှစ်တွေတုန်းက ဆိုရင် မျက်မမြင်ကျောင်းကိုသွားပြီး မေတ္တာနဲ့ သီချင်း ဆိုပြတယ်။

### အနုပညာလောကမှာ စိုးပြည့်ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲများ

အသစ်တစ်ယောက်အနေနဲ့ ကင်မရာနဲ့ စိမ်းနေတာတို့၊ အတွေ့အကြုံမရှိသေးတာတို့ကြောင့် နည်းနည်းတော့ အခက်အခဲတွေရှိပါတယ်။ ဒါပေမဲ့ စိုးပြည့်စိတ်ထဲမှာ စိုးရိမ်စိတ်တွေ မထားပါဘူး။ ကိုယ်တတ်နိုင်သလောက် လုပ်မယ်။ ဒါရိုက်တာရဲ့ သင်ပြမှုအတိုင်း တစ်သဝေမတိမ်း လုပ်မယ်ဆိုတဲ့စိတ်ပဲ ထားပါတယ်။ အရမ်း စိုးရိမ်စိတ်များရင် လုပ်ရမယ့်အလုပ်က မတွင်ကျယ်ဘူးလေ။

### အနုပညာလောကကိုမဝင်ခင် စိုးပြည့်ရဲ့လေ့လာမှုများ

စိုးပြည့် ၉ တန်းတုန်းက မကြီးတို့နဲ့ စရိုက်တာပေါ့နော်။ စိုးပြည့်က ရုပ်ရှင်ကားတွေတော့ အရမ်းကြည့်တယ်။ မြန်မာကားတွေရော၊ နိုင်ငံခြားကားတွေပါ ကြည့်ဖြစ်တယ်။ ကိုယ်က ဝါသနာအရမ်းပါတော့ ဝတ္ထုစာအုပ်တွေဖတ်ပြီးရင် မှန်ကြည့်ပြီး ဒိုင်ယာလော့ခ်လေးတွေ ကိုယ့်ဘာသာ ပြောကြည့်တယ်။ အဲဒီလိုမျိုးတော့ လုပ်ဖြစ်တယ်။ မိန်းကလေးလည်းဖြစ်နေတော့ ရယ်တာ၊ ပြုံးတာမျိုးတွေလည်း လေ့ကျင့်ဖူးတယ်။ ကိုယ် တကယ်အနုပညာအလုပ်လုပ်တဲ့အခါကျ တော့လည်း အလုပ်က သင်သွားတာပါပဲ။ ရှေ့မှာ

ကလည်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးက ဆရာတွေချည်းပါပဲ။ သူတို့လုပ်တာတွေရော၊ မကြီးတို့ လုပ်တာတွေပါ ကြည့်ပါတယ်။ အဲဒီမှာမှ Experience တွေ ပိုရလာတာပေါ့နော်။

## အစ်မတွေရဲ့ အောင်မြင်မှုအပေါ် စိုးပြည့်ရဲ့ ထင်မြင်ချက်

အလုပ်တစ်ခုလုပ်ပြီဆိုရင် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ လိုတာပေါ့နော်။ အတိတ်ကံပါလာလို့ မကြီးတို့တွေ ဒီလိုရုပ်ရည်တွေ ရလာမယ်၊ Talent တွေပါလာမယ်၊ ဖြစ်ရမယ့်ကံတွေ ပါလာတာပေါ့။ အတိတ်ကံပြီးသွားရင် ပစ္စုပ္ပန်ကံလည်းရှိအောင် လုပ်ရမှာပေါ့နော်။ ပစ္စုပ္ပန်မှာ ကိုယ်ကိုယ်တိုင် ကြိုးစားမှုလည်း ရှိရမယ်။ ကံဆိုတာကတော့ အကန့်အသတ်ရှိတာပေါ့နော်။ ကိုယ့်မှာရှိနေသေးတဲ့ အတိတ်ကံနဲ့လည်း ဆိုင်ပါတယ်။ အောင်မြင်တယ်ကျရှုံးတယ်ဆိုတာက ပစ္စုပ္ပန်ကံနဲ့ရော၊ အတိတ်ကံနဲ့ရောဆိုင်ပါတယ်။

## မိဘတွေအပေါ်ထားတဲ့ စိုးပြည့်ရဲ့ စိတ်သဘောထား

မိဘတွေကတော့ စိုးပြည့်အတွက် ဘုရားပေးတဲ့ လက်ဆောင်ပါပဲ။ ဘုရားကတော့ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်အောင် ဟောကြားပေးတော်မူခဲ့တဲ့အတွက် သံသရာတစ်ခုလုံးအတွက် ကျေးဇူးကြီးမားပါတယ်။ မိဘတွေကျတော့လည်း လူရယ်လို့ ဖြစ်လာတဲ့အချိန် ကနေ လူလားမြောက်လာတဲ့အထိ အစစအရာရာ ပြုစုပေးတယ်၊ ပျိုးထောင်ပေးတယ်။ ပြီးတော့ အစစ အရာရာ ကိုယ်နဲ့ထပ်တူ ခံစားပေးတယ်။ စိုးပြည့်ဘဝမှာ ကျေးဇူးအကြီးမားဆုံးပြောရမယ်ဆိုရင် စိုးပြည့်ကို ငယ်ငယ်ကတည်းက ငါးပါးသီလ လုံခြုံအောင် ထိန်းသိမ်းခိုင်းတာပါပဲ။ အဲဒါကတော့ စိုးပြည့်အတွက် ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်တဲ့ အရာတစ်ခုပါပဲ။

## ကိုယ်နဲ့ပရိသတ်နဲ့ ထပ်တူကျသွားခဲ့တဲ့ အောင်မြင်မှု

စိုးပြည့်အနုပညာ စစလုပ်ချင်းမှာ ပရိသတ်တွေ သတိထားမိပြီး ကြိုက်သွားကြတာ 'နေကြတ် ချိန်' ကားလေးပါ။ အဲဒီကားလေးကို ပရိသတ်တွေ တော်တော်များများ ကြိုက်ကြတယ်။

## အဆိုတော်နဲ့ သရုပ်ဆောင်မှာ စိုးပြည့် အရင်ဆုံး ဝါသနာပါခဲ့တာက . . .

စလုပ်တာကတော့ ကိုဖြိုးညီမ မင်္ဂလာဆောင်မှာ အဆိုစလုပ်တာပါ။ စိုးပြည့်က မင်းသမီးလည်း ဖြစ်ချင်တယ်၊ အဆိုတော်လည်း ဖြစ်ချင်တယ်။ ကံကတော့ သရုပ်ဆောင်ဘက်ကို ပိုပြီးရောက်သွားတယ်။ ပထမပိုင်းမှာတော့ စီးရီးတွေ မလုပ်နိုင်သေးဘူး။ အစကတည်းက စီးရီးလုပ်ဖို့





အစီအစဉ် ရှိပါတယ်။ အဲဒါကြောင့် ပထမအခွေ 'ချစ်သူရွေးမယ်' အခွေကို ထုတ်လိုက်တာပါ။ စိုးပြည့်ရဲ့ ဒုတိယအခွေ 'အချစ်ကို ရှာဖွေတွေ့ရှိခြင်း'ကိုလည်း ထုတ်ဖို့ စီစဉ်နေပါတယ်။

## အဆိုတော်နဲ့ သရုပ်ဆောင်မှာ ဘယ်အနုပညာက စိုးပြည့်ကို ခက်ခဲစေလဲ

အတိတ်ကံလေးပါလာတော့ Talent လေး ပါလာတာပေါ့နော်။ စိုးပြည့်သရုပ်ဆောင်ကို ဝါသနာပါတယ် ပြီးတော့ ပင်ကို Talent လေးလည်းပါလာတော့ သရုပ်ဆောင်လုပ်ဖြစ်ခဲ့တယ်။ အဆိုတော်လည်း အဲဒီလိုပါပဲ။ ပွဲဖျော်ဖြေပွဲတွေမှာတော့ ကိုယ့်ဘာသာကိုယ်အဆိုကျင့်ရတယ်။ သရုပ်ဆောင်တာကျတော့ နေ့တိုင်းရိုက်နေရတဲ့အတွက် လေ့ကျင့်သလို ဖြစ်နေတာပေါ့နော်။ နှစ်ခုစလုံးကတော့ ခက်ခဲတဲ့ဘာသာရပ် တွေပါပဲ။ မကြိုးစားဘဲနဲ့ မရနိုင်ပါဘူး။ နှစ်ခုစလုံး ကတော့ စိုးပြည့်အတွက် လွယ်ကူတဲ့အရာတွေ မဟုတ်ပါဘူး။ အမြဲတမ်း ကြိုးစားနေရတာပါပဲ။



## Show ဆိုတဲ့အခါ ပရိသတ်အားပေးမှုအပေါ် စိုးပြည့်ရဲ့ ပီတိသံများ

Show ဆိုတဲ့အခါမှာ ပရိသတ်နဲ့ တိုက်ရိုက်တွေ့ရတဲ့အတွက် ပိုပြီးပျော်ဖို့ကောင်းတယ်။ နယ်က လူတွေဆိုရင်လည်း အနုပညာရှင်တွေကို အရမ်းချစ်ကြတယ်။ ကိုယ်စင်ပေါ်တက်လာပြီဆိုရင် အရမ်းအားပေးကြတော့ ပိုပြီး ကြည်နူးရတယ်။ သူတို့ရတဲ့ သီချင်းတွေ လိုက်ဆိုကြတယ်။ ဆိုရတာ အရမ်းပျော်စရာကောင်းပါတယ်။


## စိုးပြည့်ရဲ့ အနုပညာလှုပ်ရှားမှုများ

"အချစ်ကို ရှာဖွေ တွေ့ရှိခြင်း" ဒုတိယစီးရီး ထွက်နိုင်ဖို့ ကြိုးစားနေပါတယ်။ သီချင်းအမျိုးအစားတွေကတော့ ဒီဒုတိယ အခွေမှာ Pop ပုံစံလေးတွေ၊ Rock ပုံစံတွေ လည်း ပါမှာပါ။ မိန်းကလေးတစ်ယောက်ဖြစ်တဲ့ အတွက် Rock ကတော့ စင်ပေါ်မှာဆိုလို့ အဆင်ပြေမယ့်ပုံစံ လေးပဲ ရွေးထားပါတယ်။ Rock ပုံစံပြင်းပြင်း ကြီးတော့ မဟုတ်ပါဘူး။ Pop ကို အဓိကထားပြီး လုပ်ထားပါတယ်။

## စိုးပြည့်ရဲ့ အနာဂတ်အစီအစဉ်

စိုးပြည့်ကတော့ အနုပညာကိုပဲ ဝါသနာပါတဲ့အတွက် ပရိသတ်အားပေးနေသရွေ့ ဆက်လုပ်နေဦးမှာပါ။ သရုပ်ဆောင်တာနဲ့သီချင်းဆိုတာကတော့ စိုးပြည့်အတွက်နက်နဲတဲ့ အနုပညာတွေပါပဲ။ စီးပွားရေးကတော့ အခုလောလောဆယ် မစဉ်းစားဖြစ်သေးပါဘူး။

**MUSIC Plus yati**



အားတီပုံစံလိုချင်လို့
အားတီကို လာအပ်ရင်
ကျွန်တော် အကောင်းဆုံးရေးပေးတယ်။
ဒါပေမဲ့ အဲ့ဒါကိုမှ ခက်တယ်၊
လွယ်တယ်ဆိုရင် သိပ်မရေး
ချင်တော့ဘူး။ ကျွန်တော်ရေးတဲ့
သီချင်းက ဆိုရတာ ခက်ရင်
ခက်နေမယ်။
ဒါပေမဲ့ အားတီပုံစံ လိုချင်လို့
တေးရေးအားတီဆီမှာ
လာအပ်တာဖြစ်တဲ့အတွက်

# အနုပညာမာနကို အထိပါးမခံခဲ့သူ အားတီ

ရဲရဲ

သူ့နာမည်အရင်းက သီဟထွန်း။ အားတီဆိုတဲ့နာမည်နဲ့ ဂီတလောကထဲမှာ သူ့ကို ၂၀၀၉ ခုနှစ်လောက်စပြီး တွေ့လာရတယ်။ သူ့ကို စပြီး သတိထားမိတာက Electro Music ကို အမိုက်စားဟန်ပန်တွေရဲ့ သီဆိုတတ်တဲ့ သူ့ရဲ့ style ကြောင့်ဆိုရင်လည်း မမှားဘူး။ Fashion Music

Festival မှာ To Da Floor (to the floor) ဆိုတဲ့ သီချင်းသံနဲ့အတူ ပရိသတ်ရဲ့မြင်ကွင်းထဲကို ရောက်လာတယ်။ ဒီမတိုင်ခင်မှာ သူ့ရဲ့ဂီတခရီးက သူ အခြေချနေထိုင်ခဲ့တဲ့ မန္တလေးမှာ စခဲ့တယ်။ ဂျေမီ၊ သဇင်တို့နဲ့အတူ မန္တလေးမှာလုပ်တဲ့ Show တွေမှာ သီဆိုရင်းနဲ့လည်း သူ့ရဲ့ခရီးလမ်းကို ဖြတ်သန်းခဲ့တယ်။ သူ သီချင်းတွေကို အားကောင်းမောင်းသန်စဆိုနေချိန်မှာ သူ့အသက်က ၂၅ နှစ်ဝန်းကျင်ရှိခဲ့ပြီ။ ဒီရှေ့မှာတော့ သူ့ရဲ့လူငယ်ဘဝကို မိသားစုရဲ့အလုပ်တွေ လုပ်ရင်းနဲ့ ဖြတ်သန်းခဲ့တယ်လို့ သူက ပြောပါ တယ်။

"ကျွန်တော် အရင်က မားကက်တင်းလုပ်ဖူးတယ်၊ မန္တလေးက သူငယ်ချင်းတွေနဲ့ ပေါင်းပြီး သီချင်းတွေလုပ်ရင်း၊ ဂျေမီ၊ သဇင်တို့နဲ့တွေ့ပြီး ဒီလောကထဲမှာ ထဲထဲဝင်ဝင် လှုပ်ရှားဖြစ်တယ်"

သူ ဒီဂီတအလုပ်တွေလုပ်ဖို့ကို မိဘတွေရဲ့ သဘောတူကြည်ဖြူမှုကို မရခဲ့ပေမဲ့ သူ ယုံကြည်ရာအတွက် ရှိတဲ့ငွေကို စုပြီး ရန်ကုန်ကို တက်လာခဲ့ပါတယ်။ ကိုယ်ပိုင်နေစရာမရှိသေးတဲ့ သူ့ဘဝက သူငယ်ချင်းတွေရဲ့ အိမ်တွေမှာ တစ်လှည့်စီနားခိုရင်း ဒီဂီတအတွက် ရူးသွပ်ခဲ့ပါတယ်။ အဲ့ဒီနောက်တော့ သူ့ရဲ့ To Da Floor ၊ Solo Live Show မှာပါတဲ့ ရူးတော့မယ်စတဲ့ သီချင်းတွေ ပရိသတ်ကြားကို တစ်စတစ်စ ပျံ့နှံ့လာရင်းနဲ့ သူ့ရဲ့ အရည်အချင်းကို ယုံကြည်သူတွေက သူ့ထံမှာ သီချင်းတွေရေးသားဖို့ လာရောက်အပ်နှံပါတော့တယ်။ စန္ဒီမြင့်လွင်ရဲ့ ဆေးရောင်လှလှခြယ်ရအောင် စီးရီးထဲမှာပါတဲ့ အားတိ၊ ဂျေမီနဲ့ စန္ဒီမြင့်လွင်တို့ သီဆိုကြတဲ့ 'ကကြိုး' သီချင်းကလည်း ပရိသတ်လက်ခံမှုအတွက် သူ့ကို တစ်ဆင့်တိုးပေးခဲ့ပါတယ်။



သဇင်၊ စန္ဒီမြင့်လွင်၊ အိမ့်ချစ် စသူတို့အတွက် သီချင်းတွေရေးပေးရင်းနဲ့ သူ့ရဲ့ဂီတနယ်ပယ်က တဖြည်းဖြည်းကျယ်ပြန့်လာပါတယ်။

"အဲ့ဒီတုန်းက သူငယ်ချင်းတွေရဲ့ တိုက်ခန်းတွေ၊ အိမ်တွေမှာ လိုက်နေတယ်၊ သဇင့်အိမ်မှာဆို တော်တော်ကြာတယ်၊ သူလည်း အများကြီး ကူညီပေးခဲ့တယ်။ ဂျေမီတို့၊ သဇင်တို့ရဲ့ အကူအညီတွေနဲ့ ဒီလောကထဲမှာ တဖြည်းဖြည်းနေသားကျလာတယ်။ သီချင်းလည်း ရေးပေးဖြစ်ခဲ့တယ်"

အတွဲခွေတွေရဲ့ သူ့ရဲ့ဆိုဟန်တွေ အရေးအသားတွေနဲ့ ပရိသတ်ဆီက ကောင်းသောတုံ့ပြန်မှုတွေရရှိပြီးတဲ့ နောက်မှာတော့ သူ့ရဲ့မှတ်တိုင်တစ်ခုဖြစ်လာမယ့် တစ်ကိုယ်တော်စီးရီး







အတွက် စတင်ပြင်ဆင်ခဲ့ပြီဖြစ်ပါတယ်။ Show ပွဲတွေလည်း ဆိုလာရပြီဖြစ်တာကြောင့် show ကရတဲ့ အနုပညာကြေးတွေနဲ့ သူ့ရဲ့စီးရီးသစ် 'ချိုချဉ်'ဆိုတာကို ထွက်ရှိနိုင်ခဲ့ပါတယ်။ ချိုချဉ်စီးရီးကို တေးရေးအင်အားကောင်းကောင်း၊ ပရိုမိုးရှင်းအားကောင်းကောင်းနဲ့ သူထွက်ရှိလာနိုင်ခဲ့ပေမဲ့ စီးရီးမထွက်ခင်အထိ သူရုန်းကန်ခဲ့ရတဲ့ ကိစ္စတွေကတော့ ရင်မောစရာပါ။

"ပထမတစ်ခွေ စီစဉ်သေးတယ်။ ထုတ်လုပ်သူလည်း ရှိတယ်။ အဲဒါက ထွက်ခါနီးမှ အခွေက အကြောင်းကြောင်းတွေကြောင့် ပျက်သွားတယ်။ အဲဒီမှာ စိတ်ဓာတ်က တော်တော်ကျသွားတယ်။ ဒါပေမဲ့ မရရအောင် ထွက်မယ်ဆိုပြီး ပြန်လုပ်တာ သီချင်းပြန်စုတဲ့ အချိန်နဲ့ အခွေထွက်တဲ့အချိန် ၅ လပဲကြာတယ်။ ရှိသမျှ ပိုက်ဆံတွေ အကုန်လုံးကို အခွေထဲမှာ ထည့်လိုက်တာ။ ကိုယ်လုပ်ခဲ့သလောက်လည်း ဒီချိုချဉ်အခွေက တန်ပြန်သက်ရောက်မှု ရှိခဲ့ပါတယ်"

ရုန်းရင်းကန်ရင်း ဆိုရင်းဟာစ်ရင်းနဲ့ ဖြတ်သန်းခဲ့ပေမဲ့ ဘယ်လိုပဲ အခက်အခဲရှိရှိ အားတီဆိုတဲ့ လူတစ်ယောက်က သူ့ရဲ့ အနုပညာမာနကိုတော့ အထိပါးမခံခဲ့သူလည်း ဖြစ်ပါတယ်။ သူ့ဆီကို သီချင်းတွေလာအပ်တိုင်းမှာလည်း သူ့ပုံစံအတိုင်းပဲ အကောင်းဆုံး ရေးဖွဲ့ပေးလေ့ရှိပါတယ်၊ လိုသလို ပုံသွင်းပြီးရေးခိုင်းတဲ့ သီချင်းမျိုးတွေကိုတော့ မနှစ်သက်ပါဘူး။

"အားတီပုံစံလိုချင်လို့ အားတီကို လာအပ်ရင် ကျွန်တော် အကောင်းဆုံးရေးပေးတယ်။ ဒါပေမဲ့ အဲ့ဒါကိုမှ ခက်တယ်၊ လွယ်တယ်ဆိုရင် သိပ်မရေးချင်တော့ဘူး။ ကျွန်တော်ရေးတဲ့ သီချင်းက ဆိုရတာ ခက်ရင် ခက်နေမယ်။ ဒါပေမဲ့ အားတီပုံစံလိုချင်လို့ တေးရေးအားတီဆီမှာ လာအပ်တာဖြစ်တဲ့အတွက် ကျွန်တော့်ဘက်ကတော့ လျှော့မှာ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့စားဝတ်နေရေး ခက်ခဲနေရင်တောင် ကျွန်တော့်ရဲ့ အနုပညာကိုတော့ လျှော့မှာမဟုတ်ဘူး"

အသက်တွေလည်း ကြီးလာလို့ နောက်ပိုင်းအချိန်တွေမှာတော့ ဂီတအပြင် ဖက်ရှင်ကိုပါ တွဲပြီး ဖက်ရှင်နဲ့ ပတ်သက်တဲ့ အလုပ်တစ်ခုခုကို လုပ်ဖို့လည်း သူ့မှာစိတ်ကူးရှိပါတယ်။ သူကိုယ်တိုင်ကလည်း ဖက်ရှင်ကို ငယ်စဉ်ကတည်းက ရူးသွပ်ခဲ့ပြီး ဖက်ရှင်ရေစီးကြောင်းကို လေ့လာတတ်သူပါ။ အားတီက သူ့ရဲ့ Pop၊






R & B နဲ့ electro ဂီတတွေနဲ့ ထုံမွှမ်းထားတဲ့ ချိုချဉ်စီးရီးရဲ့ MTV ကို အကောင်း ဆုံးပုံဖော်လျက်ရှိပြီး သီချင်းအားလုံးကို MTV ရိုက်မှာမဟုတ်ဘဲ စိတ်တိုင်းကျ ရွေးထုတ်ထားတဲ့ သီချင်းတွေကိုပဲ အကောင်းဆုံး ပုံဖော်သွားမယ်လို့လည်း သိရပါတယ်။ အားတီက သူ့ရဲ့ဒုတိယမြောက်တိုင်ဖြစ်မယ့် နောက်ထပ်စီးရီးသစ်ကိုတော့ 'လွင်ပြင်'လို့အမည်ပေးထားပြီး Rock Mood ဘက်ကို ပိုရောက်တဲ့ စတိုင်မျိုးတွေကို အဓိကထားပြီး သီဆိုသွားမယ်လို့လည်း ဆက်ပြောပြပါတယ်။ R & B နဲ့ Electro Music ကောင်းကောင်း ကြိုက်သူတွေနားထောင်သင့်တဲ့အထဲမှာ အားတီလည်းပါပါတယ်။

MUSIC Plus yati

ရဲရဲ




# Beyond the WOMEN

## ဒေါ်နန်းအိအိဇာ

(နန်းဒေဝီစာပေ)

ဖြိုးစုပို

မြန်မာနိုင်ငံရဲ့ Quality Magazineတွေမှာ သရဖူမဂ္ဂဇင်းကို မသိသူရှားပါလိမ့်မယ်။ သရဖူမဂ္ဂဇင်းကို ဦးဆောင်နေသူဒေါ်နန်းအိအိဇာဆိုရင် တော်တော်များများသိထားကြပြီးဖြစ်ပါတယ်။ နန်းဒေဝီစာပေတိုက်ကို ဦးဆောင်သူ၊ စာပေတိုက်ကလစဉ်ထုတ်ဝေနေတဲ့သရဖူမဂ္ဂဇင်း၊ Wellness Magazine တို့ကို ဦးဆောင်နေသူ၊ အလှအပရေးရာ ဆောင်းပါးစာအုပ်တွေကို ရေးသားနေသူ ဒေါ်နန်းအိအိဇာကို ဒီလရဲ့ Beyond the Women ကဏ္ဍအတွက် တွေ့ဆုံဆွေးနွေးခွင့် ရခဲ့ပါတယ်။ The Devil Wears Parada ဇာတ်ကားထဲက ကမ္ဘာကျော်မဂ္ဂဇင်းကြီးရဲ့ ထုတ်ဝေသူ အယ်ဒီတာအမျိုးသမီးကြီးရဲ့သရုပ်ကို မြင်ဖူးကြမှာပါ။ အဲသလိုအမူအရာတွေနဲ့ ဆန့်ကျင်စွာ အေးချမ်းလွန်းတဲ့ မြန်မာအမျိုးသမီးထုတ်ဝေသူ၊ အယ်ဒီတာအဖြစ် အန်တီနန်းကို သိကြပါတယ်။ သူမရဲ့ Biological Age တကယ့်အသက်အရွယ်ကို ခန့်မှန်းဖို့ခက်လောက်အောင် နုပျိုသူပါ။ ကျန်းမာရေး၊ အလှအပရေးတွေကို ကိုယ်တိုင်

လက်တွေ့တန်ဖိုးထားသူ၊ စာပေကို ချစ်မြတ်နိုးသူ၊ စာပေလောကအပေါ် စေတနာထားသူဖြစ်တဲ့ ဒေါ်နန်းအိအိဇာရဲ့ဘဝအတွေး၊ လုပ်ငန်းကြိုးစားမှုနဲ့ စိတ်ခွန်အားများကို ရတီအမျိုးသမီးပရိသတ်တွေကို ပြန်လည်မျှဝေလိုက်ပါတယ်။

**အရင်ဆုံး အန်တီနန်းတို့ နန်းဒေဝီက ထုတ်ဝေတဲ့ မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်တွေအကြောင်း ကစပြီး ဆွေးနွေးပေးပါ။**

နန်းဒေဝီ စာပေကနေ သရဖူမဂ္ဂဇင်းနဲ့ Wellness အနာမယ မဂ္ဂဇင်းနှစ်စောင်ကို လစဉ်ထုတ်အနေနဲ့ ထုတ်နေပါတယ်။ နောက်ပြီး လုံးချင်း စာအုပ်တွေလည်း လစဉ်ထုတ်ပါတယ်။ ကျွန်မ အမျိုးသား ကိုရဲကတော့ ပြည်သူ့အရေး ဂျာနယ်မှာ ထုတ်ဝေသူ ရှယ်ယာရှင်တစ်ဦးပါ။

**စာအုပ်ထုတ်ဝေသူအဖြစ်ရော မဂ္ဂဇင်းထုတ်ဝေသူအဖြစ်ပါ လုပ်နေတဲ့ အန်တီနန်းအတွက် ဘယ်ဟာမှာ စိန်ခေါ်မှုတွေ ပိုပြီးကြုံနေရပါသလဲ။**

စိန်ခေါ်မှုဆိုတာကတော့ စာအုပ်ထုတ်တဲ့နေရာမှာတင် မကပါဘူး။ နေရာတကာမှာ စိန်ခေါ်မှုတွေကတော့ ရှိနေမှာပါ။ အမြဲလည်း ကြုံတွေ့နေရတာကြောင့် ဘယ်လိုစိန်ခေါ်မှုတွေပဲလာလာ ရဲရဲရင်ဆိုင်ကျော်လွှားနိုင်နေပါပြီ။ ကိုယ့်ဘက်က ရင်ဆိုင်နိုင်အောင် စွမ်းအားဖြည့်ထားဖို့ပဲ လိုပါတယ်။

**အန်တီနန်းက မြန်မာနိုင်ငံစာပေထုတ်ဝေသူများအသင်းမှာလည်း ပါဝင်နေတယ်လို့ သိရပါတယ်။ ဒီတော့ စာအုပ်ထုတ်ဝေသူ၊ စာအုပ်ဆိုင်၊ စာဖတ်သူတွေကြားမှာဖြစ်နေတဲ့ ပြဿနာလေးတွေကိုလည်း သုံးသပ်ပေးပါဦး။**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနဲ့ ဖြန့်ချိသူများအသင်းမှာ ဘဏ္ဍာရေးမှူးတာဝန်ယူပါတယ်။ စာအုပ်ထုတ်ဝေရေး လုပ်ငန်းလုပ်မယ်ဆိုကတည်းက ငွေရေး ကြေးရေး အမြတ်အစွန်းတစ်ခုတည်းကို ကြည့်တဲ့သူ မဟုတ်တာတော့ သေချာပါတယ်။ ထုတ်ဝေသူတွေအနေနဲ့ စာဖတ်သူတွေကို သိစေကောင်းစေလိုတဲ့ စိတ်နဲ့ စာအုပ်ထုတ်နေကြတာပါ။ စာအုပ်ဆိုင်အတော်များများကလည်း ဆိုင်လခတွေ ဈေးကြီးတာကြောင့် အခြေပျက်ကုန်ကြတယ်။ ဒါပေမဲ့လည်း ရနိုင်သလောက်တော့ ကြိုးစားဖွင့်နေကြပါတယ်။ နေရာတွေကတော့ ဟိုပြောင်းသည်ပြောင်းနဲ့ ကသီတာလေးတွေတော့ ရှိပါတယ်။ စာဖတ်သူကလည်း အလေးအပေါ့ဖတ်တာ ကွာတာပေါ့လေ။ စာဆိုတာ မဖတ်ရင်မဖြစ်တော့ ဖတ်တော့ ဖတ်ကြပါတယ်။ စာအုပ်အဖြစ်ဖတ်ချင်ဖတ်မယ်၊ အင်တာနက်လိုင်းပေါ် တက်ဖတ်ချင်ဖတ်မယ်ဆိုပြီးပဲ ကွဲပြားသွားတာပါ။ ဖတ်တာကတော့ ဖတ်ကြမှာပါ။ ဒါကို ပြဿနာလို့မြင်ရင်လည်း ပြဿနာပေါ့၊ ပြဿနာလို့ မမြင်ဘူးဆိုရင်လည်း ပြဿနာမဟုတ်ဘူးပေါ့လေ။ ယူဆတဲ့သူရဲ့ အမြင်အပေါ်မှာပဲ ကွာသွားပါလိမ့်မယ်။

**စာဖတ်သူဦးရေ လျော့ကျသွားတဲ့ အကြောင်းဆိုရင် Social Media တွေ တခြား Entertainment တွေကြောင့်လို့ပဲ ပြောနေတာကြားရပါတယ်၊ အဲဒါ တွေအပြင် တခြားဘယ်လို အချက်တွေကြောင့်လို့ အန်တီနန်းသုံးသပ်မိပါသလဲ။**

စာဖတ်ဝါသနာပါတဲ့သူကတော့ ဘယ် လို multi media တွေပဲ ပေါ်လာလာ စာကိုတော့ မဖြစ်မနေ ဖတ်မယ်လို့ ယုံကြည်ပါတယ်။ ရုပ်မြင်သံကြားတွေ၊ ရုပ်ရှင်ဗီဒီယိုတွေ ကြည့်တဲ့ အချိန်ကြည့်မှာ ဖြစ်သလို၊ စာဖတ်တဲ့အချိန်မှာလည်း ဖတ်ကြလိမ့်မယ်လို့ ထင်ပါတယ်။ အချိန်ပေးတာ အနည်းအများတော့ ကွာမှာပါ။ ဒီခေတ် ကလေးတွေ စာသိပ်မဖတ်ကြဘူးလို့ ပြောသူတွေ ရှိပေမဲ့ စာတကယ်ဖတ်တဲ့ ကလေးတွေလည်း ရှိနေပါတယ်၊ ကလေးရဲ့ ပတ်ဝန်းကျင်မှာ ရှိနေတဲ့ မိဘမောင်နှမနဲ့ ပေါင်းသင်းတဲ့ သူငယ်ချင်းတွေရဲ့ ပံ့ပိုးမှုတွေ သွန်သင်လမ်းပြပေးမှုတွေတော့ လိုပါမယ်။

**Quality Magazine တစ်စောင်ထ ရောက်ဖို့မှာ ဝက်သိုက်တွေရှိရှိ ရပ်တည်နိုင်ဖို့အတွက် ဘယ်လိုကြိုးစားသင့်ပါသလဲ။**

စာဖတ်သူတွေကို ပေးချင်တဲ့ စေတနာနဲ့ ရိုးသားမှုကတော့ အရင်းခံပါပဲ၊ နောက်ပြီး မဆုတ်မနစ်ကြိုးစားမှုလည်း လိုပါတယ်၊ ဒီနေရာမှာ Quality ဆိုတဲ့ အဓိပ္ပာယ်ကို ဘယ်လိုဖွင့်ဆိုကြမှာလဲ။ စာရွက်နဲ့ရိုက်ချက် ကောင်းတာကိုခေါ်တာလား၊ စာအုပ်တွင်းပါဝင်မှု content ကောင်းတာကိုခေါ်တာလား စသည်ဖြင့်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ စာရွက်နဲ့ ရိုက်ချက်ကောင်းပေမဲ့ လူကြိုက်များချင်မှများမှာဖြစ်သလို၊ စာရွက်၊ ရိုက်ချက်နဲ့ အတွင်းသရုပ်ဖော်ချက်တွေ သိပ်မကောင်းလှပေမဲ့လည်း ပါဝင်တဲ့ဝတ္ထုတွေ၊ ဆောင်းပါးတွေက ဆွဲဆောင်မှုရှိလို့ လူကြိုက်များတဲ့ မဂ္ဂဇင်းတွေလည်း စာပေလောကထဲမှာ ရှိနေပါတယ်။ အဲဒီအထဲမှာမှ စာရွက်ရော ရိုက်ချက်နဲ့ သရုပ်ဖော်ပုံတွေပါ ကောင်းပြီး ပါဝင်တဲ့ content ပါ ပြည့်စုံတယ် ဆိုရင်တော့ အကောင်းဆုံးဖြစ်မှာပါ။

**ပြိုင်ဆိုင်မှုတွေများလာတဲ့ ဒီနေ့လိုအချိန်မှာ**

Beyond the

WOMEN

**ကိုယ့်မဂ္ဂဇင်း အောင်မြင်ဖို့ အန်တီနန်း ဘယ်လိုတွေကြိုးစားဖြစ်ပါသလဲ။**

ကိုယ့်ရပ်တည်ချက်အပေါ်မှာ ယုံယုံကြည်ကြည်နဲ့ အလေးအနက်ထားပါတယ်။ စာဖတ်သူတွေနဲ့ ကိုယ့်ပတ်ဝန်းကျင်က လူတွေအပေါ်မှာလည်း လေးစားချစ်ခင်တဲ့စိတ်၊ ကိုယ်ချင်းစာနာမှုနဲ့ မြင်တွေးဆက်ဆံပေးတာက အလုပ်လုပ်တဲ့နေရာမှာ အများကြီး အထောက်အကူဖြစ်စေပါတယ်။ ခေတ်ကိုလည်း မျက်ခြည်မပြတ်ဖို့ လိုပါတယ်။

**မြန်မာလူမျိုးက Brand အစွဲကြီးတယ်လို့ ပြောကြတယ်၊ အန်တီနန်းအမြင်ကိုလည်း သိချင်ပါတယ်၊**

မြန်မာလူမျိုးမှ မဟုတ်ပါဘူး၊ လူအတော်များများမှာ Brand ကို စွဲလမ်း တတ်ကြပါတယ်။ အဲဒီအထဲမှာ ကျွန်မလည်း ပါပါတယ်။ စွဲလမ်းစေလောက်အောင် လုပ်နိုင်တဲ့ Brand တစ်ခုဖြစ်အောင် ဆိုတာကလည်း မလွယ်ပါဘူး။ Branded ဖြစ်အောင် လုပ်နိုင်သူတွေကိုလည်း ချီးကျူး ဂုဏ်ပြုကြိုဆိုပြီး ပန်းခင်းလမ်းကို မရောက်မီက ဒဏ်ရာဒဏ်ချက်နဲ့ ဝီရိယတွေကိုလည်း လေ့လာသင်ယူသင့်ပါတယ်။

**အန်တီက အလှအပရေးရာစာအုပ်တွေလည်း ရေးတယ်နော်၊ မိန်းမတစ်ယောက်အတွက် အလှအပဆိုတာ ဘယ်လောက်အထိ အရေးပါပါသလဲ၊**

အလှအပဆိုတာ လူတိုင်းအတွက် အရေးပါပါတယ်။ မလှချင်တဲ့သူဆိုတာ မရှိသလောက်ပါပဲ။ ဒါပေမဲ့လည်း အလှအပဆိုတဲ့နေရာမှာ အပေါ်ယံအလှထက် မနောအလှကပိုအရေးကြီးပါတယ်။ မနောမလှရင် အပေါ်ယံလှလည်း တာရှည်မခံနိုင်ပါဘူး။ အပေါ်ယံရော မနောပါလှရင်တော့ ဆိုဖွယ်ရာ မရှိဘူးပေါ့လေ။ အရေးကြီးတာက မေတ္တာတရားပေါ့။ မေတ္တာတရားက လောကကို အလှဆင်နိုင်တယ်ဆိုတာကို ယုံစေချင်ပါတယ်။

**အန်တီကိုယ်တိုင်ရော စာဖတ်ရတာကို နှစ်သက်ပါသလား၊ ဘယ်လိုစာအုပ်မျိုးတွေ စွဲစွဲလမ်းလမ်းဖတ်ဖြစ်ခဲ့ပါသလဲ၊**

ကျွန်မကိုယ်တိုင်စာဖတ်ရတာကို နှစ်သက်ပါတယ်၊ အမှန်ပြောရမယ်ဆိုရင် စာရေးရတာထက် စာဖတ်တာကို ပိုဝါသနာ ပါပါတယ်။ ဒီလို စာဖတ်တာ ဝါသနာပါခဲ့ပြီး စာတွေ များများဖတ်ခဲ့လို့ အခုလိုမျိုးစိတ်ထားနဲ့ စာပေလမ်းကြောင်းပေါ် ရောက်ခဲ့တာလည်း ဖြစ်မှာပါ။

အကြိုက်ဆုံးစာအုပ်မျိုးဆိုရင်တော့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ ထင်ပေါ်ကျော်ကြားသူတွေရဲ့ အတ္ထုပ္ပတ္တိစာအုပ်တွေကို ကြိုက်ပါတယ်။ သူတို့ရဲ့ အောက်ခြေဘဝကနေ အဆင့်ဆင့်ကြိုးစားပြီး ထိပ်တန်းကို ရောက်သွားပုံတွေက




ခင်ပွန်းသည် ဦးရဲနှင့်အတူ(ခင်ပွန်းသည်ကလည်း စာပေလောကတွင်ထုတ်ဝေသူ)



စိတ်ဝင်စားဖို့နဲ့ အတုယူဖို့ ကောင်းလို့ပါ။

**စာဖတ်တာက လူတစ်ယောက်ဘဝအတွက် ဘယ်လောက်အထိ သက်ရောက်မှုရှိတယ်လို့ အန်တီယူဆမိပါသလဲ။**

စာပေက လူ့ဘဝရဲ့ မီးရှူးတန်ဆောင်ပါ။ စာမဖတ်တဲ့သူက ဘဝကို စမ်းတဝါးဝါးနဲ့ လျှောက်လှမ်းနေချိန်မှာ စာဖတ်ထားတဲ့သူက ဖြောင့်ဖြောင့်တန်းတန်းနဲ့ လျှောက်လှမ်းနိုင်ပါလိမ့်မယ်။ ဒုက္ခသုခတွေကို ဘယ်လိုရင်ဆိုင်မလဲ၊ ကျော်ဖြတ်မလဲ ဆိုတာတွေက စာမဖတ်သူ ထက်စာရင် စာဖတ်သူတွေက ပိုမြင်နိုင်ပါတယ်။

စာရေးဆရာဆိုတာက ကိုယ့်ထက် အသက်အရွယ်အရကြီးရင့်ပြီး အတွေ့အကြုံအများအပြား ရှိသူမို့ သူတို့ကြုံတွေ့ခဲ့တာတွေ၊ မြင်တွေ့ခဲ့ပုံတွေက စာဖတ်သူကို အသိပညာ ဗဟုသုတတွေ တိုးပွားစေတာက အဖိုးတန်လှတာပါ။ စာရေးဆရာဆိုသူတွေကလည်း မိမိကိုယ်တိုင်ရဲ့ အဖြစ်အပျက်ရော၊ တခြားသူတွေရဲ့ အဖြစ်အပျက်နဲ့ အဆိုး အကောင်းတွေကိုပါ ရေးသားဖော်ပြထားတာကြောင့် စာဖတ်သူတွေအနေနဲ့ အဲဒီအဖြစ်အပျက်တွေအပေါ်မှာ သင်ခန်းစာယူနိုင်မှာ၊ ဆင်ခြင်သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီတော့ စာဖတ်သူအနေနဲ့ အမှားအမှန် ခွဲခြားနိုင်တဲ့အတွက် လမ်းမှားရောက်နိုင်ချေနည်းသွားပါပြီ။

**အန်တီလေးစားရတဲ့ စာရေးဆရာ၊ ဆရာမ (သို့) စာဖတ်နှစ်သက်သူကိုလည်း သိချင်ပါတယ်။**

ကလောင်ကိုင်တဲ့ လက်ပိုင်ရှင်တွေအားလုံးကို လေးစားပါတယ်။

**လူငယ်တွေကို စာပေတွေနဲ့ ရင်းနှီးနီးစပ်အောင် ဘယ်လိုတွေ ဖန်တီးပေးရင်ရနိုင်မယ်လို့ အန်တီတွေးမိပါသလဲ။**

လူငယ်လေးတွေက ဖယောင်းရုပ်လေးတွေလိုပါပဲ။ အနီးကပ်ရှိတဲ့ မိဘညီအစ်ကို မောင်နှမနဲ့ ဆွေမျိုးတွေ၊ ကျောင်းက ဆရာဆရာမတွေကပါ ဝိုင်းဝန်းပုံသွင်းပေးဖို့ လိုပါလိမ့်မယ်။ ငယ်ရွယ်စဉ်မှာကတည်းက စာဖတ်ကျင့်ရှိအောင် သွန်သင်လမ်းပြပေးရမှာပါ။ ကျွန်မတို့ငယ်ငယ်တုန်းကလို အဘွားတွေ မိခင်တွေက ညအိပ်ရာဝင် ပုံပြင်လေးတွေ ပြောပြတာ၊ ပုံပြင်ဖတ်ပြတာ လေးတွေကနေ စရမှာပါ။ အဲဒီကမှ သူတို့စာဖတ်တတ်တဲ့အရွယ်ရောက်လာရင် စာဖတ်ခိုင်းကြရတာပေါ့။

လူတစ်ယောက်ရဲ့ဘဝမှာ ငယ်ရွယ်စဉ်

အချိန်က အရေးအကြီးဆုံးပါပဲ။ ငယ်စဉ်ကသိတဲ့ အသိဟာ တစ်သက်စာ စွဲထင်နေတတ်ပါတယ်။ ဒါကြောင့် မူလတန်းအရွယ်၊ အလယ်တန်းအရွယ် နဲ့ အထက်တန်းအရွယ်တွေကို သူ့အရွယ်အလိုက် အထူးဂရုစိုက် ကြပ်မတ်ပေးဖို့ လိုပါတယ်။ လူငယ်တွေ အသိဉာဏ် ဖွံ့ဖြိုးအောင် လူကြီးမိဘ၊ ဆရာသမားတွေကလည်း ကောင်းတဲ့လမ်း၊ လျှောက်သင့်တဲ့လမ်းကို ညွှန်ပြပေးရမှာပါ။

ဒီကောင်းမွန်တဲ့လမ်းတွေကိုလည်း စာအုပ်စာပေတွေက အပြည့်အဝ ညွှန်ပြပေးထားတာကြောင့် သူ့အရွယ်နဲ့သူ ဖတ်သင့်၊ လေ့လာဆည်းပူးသင့်တဲ့ စာအုပ်စာပေတွေကို မိဘက၊ ဆရာသမားက၊ မိတ်ဆွေသူငယ်ချင်း အချင်းချင်းက တိုက်တွန်းပေး သင့်ပါတယ်။

**မဂ္ဂဇင်းတော်တော်များများက စာဖတ်သူကို စာပေတွေထက်စာရင် အလှအပတွေ၊ ဖက်ရှင်တွေနဲ့ ဆွဲဆောင်နေရပါတယ်၊ ဒါနဲ့ပတ်သက်ပြီး အန်တီ့ အမြင်ကိုလည်း သိချင်ပါတယ်၊**

အလှအပဆိုတာကတော့ လူတွေကို ဆွဲဆောင်နိုင်ဆုံး အရာဆိုတော့ အလှအပနဲ့အရင် ဆွဲဆောင်ကြရတာပါ။ ဒါပေမဲ့ အလှအပရဲ့ အနောက်မှာ ဘဝဆိုတာလည်း ကပ်လာပါတယ်။ အဲဒီမှာမှ ထင်ပေါ်ကျော်ကြားသူတွေရဲ့ ဘဝနဲ့ ထပ်ပြီး ဆွဲဆောင်ကြရပြန်ပါတယ်။ ပြီးရင် တခြား ဗဟုသုတရဖွယ်ရာတွေလည်း ပါရတာပေါ့နော်။

ဒီခေတ်မှာ ကမ္ဘာ့အဆင့်ကို သွားပြီး ယှဉ်ပြိုင်ကြမယ့် အလှမယ်တွေတောင်မှ ဗဟုသုတဉာဏ်စမ်းမေးခွန်းဆိုတဲ့ အခန်းကဏ္ဍကို ကျော်ဖြတ်ရပါသေးတယ်။ ဒီတော့ လှရုံနဲ့ မရတော့မှန်း အလှမယ်တွေ သိသွားကြပါပြီ။ သိသွားတာနဲ့အမျှ အထွေထွေ ဗဟုသုတတွေကို စာပေတွေထဲကပဲ လေ့လာသင်ယူကြရတာပါ။ ဒါမှလည်း ဒီအလှမယ်လေးတွေဟာ အဆင်းရောအချင်းပါလှတဲ့သူ၊ ပြည့်စုံတဲ့သူ ဖြစ်တော့မှာလေ။ အတွေးအခေါ်ပိုင်းနဲ့ ဗဟုသုတပိုင်းဆိုင်ရာ မသိတဲ့သူကို ဘယ်လောက်လှလှ အမှတ်ပေး အကဲဖြတ်တဲ့ ဒိုင်လူကြီးတွေက မရွေးချယ်ကြတော့ပါဘူး။ ဒါကြောင့် 'စာအုပ်စာပေ လူ့မိတ်ဆွေ' ဆိုတဲ့ ဆောင်ပုဒ်အရ လူတွေရဲ့ မိတ်ဆွေ အစစ်အမှန်က စာအုပ်စာပေတွေပဲ ဖြစ်တယ်ဆိုတာတော့ ပြောချင်ပါတယ်။

**မြန်မာပြည်က အိမ်ထောင်ရှင်မ အများစုက TV Series တွေ၊ Drama ကားတွေရဲ့ ဆွဲဆောင်မှုကို ခံနေရပြီး စာဖတ်ဖို့ကို မေ့လျော့ နေကြပါတယ်၊ အဲဒီအပေါ် အန်တီက ဘယ်လို ဆွေးနွေးချင်ပါသလဲ၊**

ကျွန်မလည်း TV Series Drama ကားတွေကို ကြည့်ပါတယ်။ စာဖတ်ဖို့ကိုလည်း မမေ့ပါဘူး။ စာမဖတ်ရရင် အိပ်မပျော်တဲ့အထဲမှာ ပါပါတယ်။ လူဆိုတာကလည်း သူ့အကျင့်နဲ့ သူပဲလေ။ တကယ်တော့ နေ့စဉ်ထုတ်တဲ့ သတင်းစာ၊ အပတ်စဉ်ထုတ်ဂျာနယ်နဲ့ လစဉ်ထုတ် မဂ္ဂဇင်းတွေကို မဖတ်ဖြစ်ရင် သတင်းတွေ အသိနောက်ကျသွားတတ်ပါတယ်။ ကိုယ်တောင်မှ မနည်းလိုက်မီအောင် ဖတ်ရပါတယ်။ ဒါကတော့ ကိုယ်ကစာပေသမားဆိုတော့ သတင်းကို မျက်ခြည်ပြတ်ခံလို့ မရလို့ ဖတ်တာလည်းဖြစ်မယ်၊ တခြား အိမ်ထောင်ရှင်မအနေနဲ့ကတော့ သူ့စိတ် အပန်း ပြေ စေပြီး ဝါသနာပါရာ အချိန်ပေးနိုင်တာကိုပဲ လုပ်ပါလိမ့်မယ်။ တကယ်တမ်းပြောရရင် စာပေဆိုတာက အသင့်ခူးပြီးသား ထမင်းဝိုင်းတစ်ဝိုင်းလို ကိုယ်က လက်ဆေးပြီး စားလိုက်ရုံပါပဲ။ ဒါကို သိသူက ဖော်စားပြီး မသိသူကတော့ ကျော်သွားကြတဲ့ သဘောဖြစ်ပါတယ်၊

**အန်တီက ထုတ်ဝေသူလုပ်ငန်းရှင်၊ အိမ်ထောင်ရှင်မ ဒါတွေအပြင် အသင်းအဖွဲ့တွေမှာလည်း ပါဝင်နေတော့ အန်တီ့ရဲ့အချိန်တွေကို ဘယ်လိုစီမံဖြစ်ပါသလဲ၊**

# Beyond the WOMEN

အလုပ်လုပ်တာဟာ လူကို ကျန်းမာစေသလို စိတ်ကိုလည်း လန်းဆန်းသွက်လက်စေပြီး ဦးနှောက်ကိုပါ ရှင်သန်စေပါတယ်။ အလုပ်များပေမဲ့ အချိန်ကို သူ့အပိုင်းနဲ့သူ ကန့်သတ်ထားပါတယ်။ ငယ်စဉ်က သင်ခဲ့ရသလို 'Work while you work, play while you play, that is the way to be happy and gay' ဆိုတဲ့ ဆောင်ပုဒ်လေးလို ကျင့်ကြံနေထိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ တင်းကြပ်အောင် ပင်ပန်းအောင်မနေဘူး၊ စိတ်လည်းမညစ်တတ်ဘူး။ ကိစ္စတိုင်းကို စေတနာ၊ မေတ္တာရှေ့ထားပြီး ဖြေရှင်းတယ်၊ အလုပ်များနေပေမဲ့ စိတ်ကို ပေါ့ပေါ့ပါးပါးပဲ ထားတယ်။ ဒါပေမဲ့ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် အတတ်နိုင်ဆုံး ပြီးပြည့်စုံအောင် လုပ်တတ်ပါတယ်။ နောက်ပြီး အလုပ်အပေါ် စေတနာထားပြီး လုပ်ရင် ပင်ပန်းတယ်ဆိုတာ မရှိဘူးလို့ ထင်ပါတယ်။

**နောက်ပြီး အန်တီတို့လုပ်ငန်းမှာ ခင်ပွန်း၊ သမီးတွေနဲ့ စည်းစည်းလုံးလုံးလုပ်ပြီး အောင်မြင်နေတာ အားကျစရာအဖြစ် တွေ့ရပါ တယ်၊**



**မိခင်တစ်ယောက်၊ ဇနီး တစ်ယောက် အနေနဲ့ ဗီလိုစည်းစည်းလုံးလုံး ဖြစ်အောင် ဘယ်လိုတွေ စီမံခဲ့ရပါသလဲ။**

အဓိကကတော့ မေတ္တာတရားပါပဲ။ အိမ်ထောင်ပြုတယ်ဆိုတာ ခင်ပွန်း တစ်ယောက် တည်းတင် မကပါဘူး။ ခင်ပွန်းနဲ့ ပတ်သက်သူ မှန်သမျှကိုလည်း မေတ္တာထားရမယ်။ မငြူစူရဘူး။ ကိုယ်ချင်းစာစိတ်ရှိရမယ်၊ လေးစားရမယ်ဆိုတာ သိထားရပါမယ်။ သားသမီးတွေ၊ မြေးတွေကိုလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင်လမ်းပြပေးရမယ်။ အတတ်နိုင်ဆုံး ပံ့ပိုးပေးရမယ်။ စိတ်ဓာတ်အားဖြင့်လည်း ချစ်ခင်နွေးထွေးမှုနဲ့ အမှန်တရားကို ကြည့်တတ်မြင်တတ်အောင်၊ တန်ဖိုးထားတတ်အောင် ကိုယ်ကစပြီး စံနမူနာပြရမယ်။ ငွေကြေးချမ်းသာတာထက် စိတ်ချမ်းသာအောင် နေတတ်ဖို့လိုအပ်တယ်။

ဒါတင်မကသေးဘူး။ ကိုယ်နဲ့ ပတ်သက် သူတွေအပေါ်မှာလည်း စေတနာ မေတ္တာထားတဲ့အတွက် တုံ့သောအကျိုးကို ပြန်လည်ရတယ်လို့ပဲ ခံယူပါတယ်။

**ယုဝတီဂျင်းဖော်မယ်ရဲ့ သမီးတစ်ယောက် အနေနဲ့ ဘာတွေကို ဆည်းပူးရရှိခဲ့ပါသလဲ၊ တိုယ့်သမီးတွေအပေါ်မှာတော ဘာတွေ သင်ကြားပေးခဲ့ပါသလဲ၊ စာပေမျိုးဆက်ကို ဘယ်အထိ ထိန်းသိမ်းသွားစေချင်ပါသလဲ၊**

ကျွန်မမိခင်က အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆုနဲ့ မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေးဆုတွေပါ ရရှိခဲ့တဲ့ စာရေးဆရာမကြီးဖြစ်ပါတယ်။ ကျွန်မကိုမွေးတဲ့နှစ်မှာပဲ မေမေက စာစရေးဖြစ်တာကြောင့် အဲဒါကလည်း အမှတ်တရပေါ့။ တချို့ အိမ်ရှင်မတွေ အိမ်အလုပ်နဲ့ မအားလို့ဆိုပြီး တခြားအလုပ်တွေ မလုပ်နိုင်ကြဘူး။ မေမေကတော့ အချက်အပြုတ်လည်းကောင်းသလို အိမ်ထောင်ထိန်းသိမ်းရာမှာလည်းတော်တယ်။ ပရဟိတလူမှုရေးတွေမှာလည်း ပါဝင်တယ်။ သူ့ကိုယ်သူလည်း ချောမောလှပမွှေး ကြိုင်နေအောင်နေတယ်။ မျိုးချစ်စိတ်ထက်သန်သူလည်း ဖြစ်တယ်။ စာရေးတာကိုလည်း ငွေရေးကြေးရေးနဲ့ ထင်ပေါ်ကျော်ကြားမှုထက် မျိုးချစ်စိတ်အပေါ် အခြေခံတာတွေ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေတို့ခေတ်တုန်းက ခေတ်ပြိုင်စာရေးဆရာ အတော်များများက ချစ်ရေးချစ်ရာအကြောင်းအရာတွေနဲ့ နာမည်ကျော်လူကြိုက်များ လက်ဖျားငွေသီးနေချိန်မှာ မေမေက စစ်ဘောင်းဘီဝတ်ပြီး ပူတာအိုမချမ်းဘောတောင်ပေါ် ဒေသတစ်ဝိုက်ကို ခြေလျင်ခရီးနဲ့ တက်ခဲ့ပြီး လူမျိုး စုတွေ အကြောင်းကို သုတေသနလုပ်ဖော် ထုတ်ရေးသားခဲ့တယ်။







လွန်ခဲ့တဲ့ ၅၅ နှစ်အချိန်တုန်းကပါ။ အခုလို ပူတာအိုမချမ်း ဘောကခေတ်မစားသေးဘူး။ အဲဒီအချိန်တုန်းက မိန်းမသားအနေနဲ့သွားတာကို ချီးမွမ်းရမယ့်အစား စကားတင်းဆိုခဲ့ကြတယ်။ ဒါပေမဲ့ မေမေက ကြံ့ခိုင်တဲ့စိတ်ထားနဲ့ စာရေးဆရာမ၊ သုတေသန အရာရှိအဖြစ် တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့တယ်။ ကျွန်မတို့ကငယ်သေးတော့ ငွေအရများတဲ့အချစ်ဝတ္ထုတွေရေးဖို့ပြောတာကို ငွေကအဓိကမဟုတ်ဘူးလို့ ပြန်ပြောခဲ့တယ်။ တကယ်လည်း လောကမှာ ငွေထက် အရေးကြီးတာတွေ ရှိတယ်။ နောက်ပြီး မျိုးချစ်စိတ်ကို တန်ဖိုးထားတတ်ဖို့၊ အလုပ်တာဝန်ကို လေးစားဖို့ လုပအောင်နေတတ်ဖို့၊ နောက်ပြီး စာရေးခြင်းဟာ အသက်ရှည်ဆေးလည်း ဖြစ်တယ်ဆိုတာတွေကို မေမေက ရှေ့ဆောင်လမ်းပြပေးသွားခဲ့တယ်။ ဒီတော့ ကျွန်မနဲ့ကျွန်မ သမီးတွေကလည်း မေမေခင်းခဲ့တဲ့လမ်းကို လျှောက်လှမ်းပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ လက်ဆင့်ကမ်းခဲ့ကြတာပါ။ ဒါကြောင့် လူကြီးဆိုတာ အရေးကြီးပါတယ်။ ရှေ့ကနေ ဖြောင့်ဖြောင့် သွားပြတတ်ဖို့ လိုပါတယ်။ လူ့ဘဝဆိုတာ တိုတိုလေးပါ။ မိမိရဲ့မှတ်တိုင်၊ မိမိရဲ့နောင်လာနောက် သားကို ဘာလက်ဆင့်ကမ်းခဲ့မှာလဲဆိုတာကို ရှင်းရှင်းလင်းလင်းသိဖို့ရယ်၊ လူဆိုတာ ကိုယ့်သမိုင်းကိုယ်ရေးကြတယ်ဆိုတာကို သိဖို့ပါပဲ။

Beyond the
WOMEN

**ဘဝမှာ ကြိုးစားနေတဲ့ အမျိုးသမီးတွေ အတွက် အန်တီတ အားပေးစကားလေး ပြောပေးပါဦး။**

ဒီခေတ်မှာ အမျိုးသားတွေနဲ့ အပြိုင် အမျိုးသမီးတွေ ကြိုးစားလာတာ၊ နေရာရလာတာတွေက အားရဖို့ ကောင်းပါတယ်။ အဲဒီအတွက် ဂုဏ်လည်းယူပါတယ်။ ‘ငါကအားနွဲ့တဲ့ မိန်းမသားပဲ၊ ယောကျ်ားယူပြီးရင် မှီခိုရုံ၊ အားကိုးရုံပဲ’ ဆိုတဲ့ အတွေးတွေကို တော်လှန် နိုင်ပြီး အမှီအခိုကင်းကင်းနဲ့ ကိုယ်ပိုင်အရည်အချင်းနဲ့ ရပ်တည်ချင်တဲ့ စိတ်ဓာတ် တွေမွေးဖို့ လိုပါတယ်။

အရင်က ကျွန်မရဲ့တချို့ အမျိုးသမီးမိတ်ဆွေတွေဆိုရင် ယောကျ်ားဆုံးသွားတာနဲ့ ဘာအလုပ်မှ မလုပ်တတ်၊ မကိုင်တတ်နဲ့ ဒုက္ခရောက်ကုန်တာတွေ တွေ့ဖူးခဲ့တယ်။ တကယ်တမ်းက လူတိုင်းလူတိုင်း ကိုယ်ပိုင်အရည်အချင်း ရှိနေသင့်တယ်။ ဘယ်သူမှ မွေးကတည်းက တော်လာတတ်လာတယ်ဆိုတာ မရှိပါဘူး။ ငွေကြေးမတတ်နိုင်လို့ ပညာမသင်ရတာတို့၊ အလုပ်အကိုင် မလုပ်နိုင်တာတို့ မပြောစေချင်ပါဘူး။ ငွေကြေး ချမ်းသာပေမဲ့ မိဘအရိပ်ကိုပဲ မှီခိုအားထားနေတဲ့သူတွေ အများကြီးရှိသလို ငွေကြေးမချမ်းသာပေမဲ့ ကြိုးစားမှုကြောင့် အောင်မြင်နေတဲ့သူတွေလည်း ဒုနဲ့ဒေးပါ။ အမှန်အကန် ကြိုးစားဖို့ပဲ လိုအပ်ပါတယ်။

ဒါကြောင့် ကျွန်မတို့ အမျိုးသမီးတွေ အားနွဲ့တယ်ဆိုတာကို လက်မခံဘဲ အားပြည့်အောင် ဖြည့်ဆည်းကြပြီး ကိုယ်ပိုင်အရည်အချင်းနဲ့ ရပ်တည်နိုင်အောင် ကြိုးစားကြဖို့ အားပေးလိုပါတယ်။

ဖြိုးစုပိုပို

လူတစ်ယောက်ရဲ့ဘဝမှာ ပညာအသိ၊ ဘာသာအသိ၊ စာပေအသိပြည့်ဝရင် အောင်မြင်မှုရရှိဖို့ သေချာနေပါပြီ။ ပညာအသိနဲ့ ဘာသာအသိရရှိဖို့ လူတိုင်းက ကြိုးပမ်းနေတတ်ကြပေမဲ့ စာပေအသိရဖို့ကိုတော့ မေ့လျော့ထားတတ်ကြပါတယ်။ ဒါကြောင့် ဒီလရဲ့ Strategic Notes ကဏ္ဍအတွက် စာရေးဆရာမ မစန္ဒာ၊ စာအုပ်ထုတ်ဝေသူ ကိုစန်းဦးနဲ့ စာဖတ်ဝါသနာပါပြီး စာပေမြတ်နိုးသူ အဆိုတော်သားစိုးတို့နဲ့ ဆွေးနွေးခဲ့ပါတယ်။

# Strategic Notes

ဖြိုးစိုပို



## မစန္ဒာ

ကျွန်မတို့မိသားစုမှာ အဖေက စာရေးဆရာ၊ အမေကလည်း အင်မတန်စာဖတ်တဲ့သူဆိုတော့ ကျွန်မတို့မောင်နှမတစ်တွေဟာ စာအုပ်ပုံထဲမှာ ကြီးခဲ့ကြရတာပါ။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် သတိမထားမိခင်အရွယ်ကတည်းက စာထဲမှာနစ်ပြီး တွေ့သမျှစာတွေကို လောဘတကြီး ဖတ်နေမိတယ်ဆိုတာကိုပဲ ပြန်စဉ်းစားလို့ရတယ်၊ စာဖတ်နေရင် ထမင်းစားဖို့တောင် မနည်းခေါ်ယူရတဲ့ အထိပါပဲ။ အဲဒီလိုဖြစ်တာ ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး။ မောင်နှမတွေအားလုံးပါ။

စာဖတ်တာကတော့ စာကို စာလုံးပေါင်းဖတ်ရတဲ့အရွယ်၊ ငယ်ငယ်လေးတုန်းက ထင်ပါတယ်။ အမေက ငါးရာ့ငါးဆယ်နိပါတ်တော်တွေနဲ့ ဗုဒ္ဓဝင်ကို ပြောပြတတ်တယ်၊ မေမေ့မှာလည်း အိမ်ထောင့်တာဝန်တွေရှိတော့ အမြဲတမ်းတော့ မပြောနိုင်ဘူးပေါ့။ ဒီတော့ မေမေပြောပြတာ ဒီစာအုပ်တွေထဲက အကြောင်းတွေပဲဆိုပြီး ငါးရာ့ငါးဆယ်စာအုပ်နဲ့ ဗုဒ္ဓဝင်စာအုပ်ကြီးတွေကို စိတ်ဝင်စားလာတာပဲ၊ ဖတ်ဖို့လည်း ကြိုးစားလာပါတယ်။ ကျွန်မက စာဖတ်ဝါသနာရော၊ အလေ့အကျင့်ရော ရှိခဲ့တာပါ။

အလေ့အကျင့်နဲ့ ဝါသနာက မတူပါဘူး။ အလေ့အကျင့်က ပျိုးထောင်ယူလို့ ရပါတယ်။ ပေါင်းသင်ရေလောင်းပေးရင် ရှင်သန်လာပါတယ်။

ဝါသနာကတော့ မျိုးစေ့က ပေါက်လာတဲ့ အပင်ပါ။ မျိုးစေ့မရှိရင် ဘယ်လောက်ပဲ ရေလောင်းနေနေ၊ အပင်ပေါက်မလာနိုင်ပါဘူး။

“

အချုပ်အားဖြင့်တော့ ကလေးတွေ ကောင်းစေချင်ရင်၊ တော်စေချင်ရင်၊ စာဖတ်စေချင်ရင်၊ သူတို့ ရှေ့မှာ လမ်းပြနေတဲ့ လူကြီးတွေက အရင်ဆုံး ကောင်းဖို့ တော်ဖို့ စာပေဗဟုသုတများဖို့လိုတယ် ဆိုတာကိုပါပဲ။



အခု ကျွန်မအသက် ၆၇ နှစ် ပြည့်သွားပါပြီ။ ဒီတော့ ကျွန်မ အထက်တန်းကျောင်းကို တက်ခဲ့ရတာ၊ လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်ကပါ၊ မှတ်မိသမျှ ပြောရရင် အဲဒီတုန်းက အထက်တန်းကျောင်းတော်တော်များများမှာ စာကြည့်တိုက် မရှိကြသေးပါဘူး။ အမှန်အတိုင်းဝန်ခံရရင် တက္ကသိုလ်ရောက်လာမှ စာကြည့်တိုက်ကို သုံးတတ်လာတာပါ၊ ဒါပေမဲ့ စက်မှုတက္ကသိုလ် စာကြည့်တိုက်မှာ ဘာသာရပ်ဆိုင်ရာ စာအုပ်တွေပဲ များပါတယ်။

သုတ၊ ရသစာအုပ်တွေကတော့ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်က ပင်မစာကြည့်တိုက်ကြီးမှာ ရှိပါတယ်။ အမျိုးသားစာကြည့်တိုက်ကြီးလည်း ရှိပါတယ်။ ကျွန်မကတော့ စာပေဗိမာန်စာကြည့်တိုက်ကို သွားတတ်ပါတယ်။ ဘာသာရပ်စာအုပ်တွေရော၊ သုတ၊ ရသ စာအုပ်တွေပါ ဖတ်လို့၊ ငှားလို့ ရပါတယ်။

စာကြည့်တိုက်ဆိုတဲ့ စကားကို အများဆုံး ကြားရပြီး အသုံးပြုဖို့ တိုက်တွန်းနေတာ ဒီဘက်ခေတ်ကျမှပါ၊ ဒါပေမဲ့ မအောင်မြင်သေးပါဘူး။ အဆောက်အဦပြဿနာ၊ ငွေကြေးအခက်အခဲကြောင့် စာအုပ်အသစ်တွေ မဖြည့်နိုင်တဲ့ပြဿနာ၊ ဝန်ထမ်းပြဿနာတွေအပြင် လူအများစုက စာဖတ်ဖို့ အချိန်မပေး၊ စိတ်မဝင်စားတဲ့ ပြဿနာတွေကို မဖြေရှင်းနိုင်သေးပါဘူး။

စာဖတ်တာကနေရတဲ့ ကျေးဇူးတရားတွေကတော့ ပြောမကုန်ပါဘူး။ ကျွန်မရဲ့ အထင်အမြင်အစား ဆရာကြီးမန်းတင်ရေးခဲ့တဲ့ ကဗျာလေးကို ဝေမျှပေးလိုက်ပါတယ်။

ငြိုးငွေ့နေလျှင်၊ ပျော်ရွှင်စေ၏။
ဗဟုသုတ၊ ပေးဝေငှ၏။
စိတ်အားငယ်က၊ တက်ကြွစေ၏။
မာန်လွန်ကဲလျှင်၊ သတိယှဉ်၏။
တရားဓမ္မ၊ လမ်းမှန်ပြ၏။
လောကုတ်၊ လောကီ
အဆီအနှစ်၊ အသစ်
အဟောင်း၊
စုပေါင်းပညာ၊ ဝေဖြာ
ရောင်လင်း၊
အမှောင်ခွင်း၏။

စာဖတ်ဖို့အတွက် ဖတ်ချင်တဲ့စိတ်ရယ်၊ ဖတ်နိုင်တဲ့အချိန်ရယ် နှစ်ခုပဲလိုတာပါ၊ အခုခေတ်မှာ အငှားဆိုင်ကို အားထားနေရတော့ ငှားနိုင်တဲ့၊ ငွေကြေးလည်း လိုတယ်လို့ ပြောရမှာပါ၊ အဲဒီထဲ မှာ

ဖတ်ချင်တဲ့စိတ်ကအဓိက အကျဆုံးပါ။ ဖတ်ချင်စိတ်ရှိတဲ့သူဟာ ဖတ်နိုင်တဲ့အခြေအနေနဲ့ အချိန်ကို ကြိုးစားပြီး ရယူသွားမှာပါ။

ကျွန်မကတော့ စာတွေအများကြီး ဖတ်သင့်တယ်လို့ ထင်ရုံသာမကပါဘူး။ ယုံကြည်တာပါ။ စာဖတ်တယ်ဆိုတာ စာအုပ်ကြီးကိုကိုင်ပြီး ဖတ်နေမှမဟုတ်ပါဘူး၊ ကွန်ပျူတာရှေ့မှာထိုင်ပြီး အိုင်ပက်လေးသုံးပြီး သွားရင်းလာရင်း စောင့်ရင်းထိုင်ရင်လည်း၊ လက်ကိုင်ဖုန်းလေးကတစ်ဆင့် အင်တာနက်ချိတ်ပြီး ဖတ်လို့ရနေတာပါပဲ။ အချက်အလက်တွေရှာလို့ ရနေတာပါပဲ။ အင်တာနက်ကိုသာ အကျိုးရှိရှိ အသုံးချမယ်ဆိုရင် တကယ်ကို သောက်လို့သုံးလို့မကုန်တဲ့ စာပေအာဟာရတွေ ရှိနေပါတယ်။ ဒါပေမဲ့ စာဆိုတာမှာလည်း အမျိုးအစားအမျိုးမျိုးရှိတယ်ဆိုတာကိုတော့ သတိရှိဖို့လိုပါတယ်။ ရွေးချယ်နိုင်ဖို့လည်း လိုပါတယ်။

ဒီနေ့ခေတ် လူသားတွေမှာ ရွေးချယ်စရာတွေက သိပ်များတယ်လေ၊ နိုင်ငံပေါင်းစုံက ရုပ်ရှင်အမျိုးမျိုး၊ သတင်းအမျိုးမျိုး၊ game အမျိုးမျိုးတွေအပြင် facebook ကလည်း ဆွဲအားသိပ်ကောင်းနေပါတယ်။ မြို့ကြီးတစ်မြို့လို ရွာကြီးတစ်ရွာလို facebook ကမ္ဘာကြီးထဲမှာ ပြောကြ၊ ဆိုကြ၊ မိတ်ဆွေတွေ တိုးပွားကြ၊ ငြင်းကြ၊ ခုန်ကြ၊ ရန်ဖြစ်ကြ၊ မှတ်ချက်တွေ ပေးကြရတာတွေကလည်း အင်မတန်ကို စိတ်လှုပ်ရှားစရာကောင်းတော့ သုတ၊ ရသ၊ စာပေတွေဘက်ကို မလှည့်နိုင်ကြ၊ အချိန်မပေးနိုင်ကြအောင် ဖြစ်နေကြပါတယ်။ အချိန်တစ်ချိန်ချိန်မှာတော့ ရင့်ကျက်လာကြမယ်၊ အကာနဲ့အနှစ်ကို ခွဲခြားပြီး သိလာကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ဒီလိုကလေးတွေကို ကလေးတွေစာဖတ်ချင်စိတ်ဖြစ်လာအောင်၊ ကလေးစာအုပ်တွေလိုတာအမှန်ပါပဲ၊ အခုလည်း ဇာတ်ကြီးဆယ်ဘွဲ့နဲ့ ငါးရာ့ငါးဆယ် ဇာတ်တော်တွေကို ရုပ်ပြရေးထားတဲ့ စာအုပ်တွေရှိနေပါတယ်။ လက်ရာလေးတွေလည်း ကောင်းပါတယ်။ ဒါပေမဲ့ စာအုပ်ကလေးတွေက ဆေးစော်တွေနံပြီး စေးကပ်ကပ်တွေ ဖြစ်နေတာ ခက်တယ်၊ နိုင်ငံခြားစာအုပ်တွေကျတော့လည်း ဈေးကြီးလှတယ်။

ဒီတော့ ကလေးစာကြည့်တိုက်လေးတွေရှိရင် ကောင်းပါတယ်လို့ ထောက်ခံရမှာပဲ။ ဒါပေမဲ့ ဘယ်လူကြီးက လိုက်ပို့ပါ့မလဲ။ ၃၇ လမ်းထဲမှာ ကလေးစာကြည့်တိုက်လေးတစ်ခုရှိတယ်။ ဘယ်ကလေးမှလာတာ မတွေ့ရဘူး။

နောက်တစ်ခုက ကျွန်မတို့ငယ်ငယ်တုန်းက နည်းအတိုင်း အဘိုးအဘွားမိဘတွေက အိပ်ခါနီး ပုံပြောပြတာကတော့ အထိရောက်ဆုံးလို့ ထင်ပါတယ်။ အဲဒီပုံပြင်တွေထဲက သူတော်ကောင်းတွေ၊ သူရဲကောင်းတွေ၊ စွန့်လွှတ်အနစ်နာခံတဲ့သူတွေဟာ ကလေးတွေရဲ့ အိပ်မက်ထဲကို ရောက်လာဖို့ လိုပါတယ်။ ဒါဆိုရင် အဲဒီလူတွေ အကြောင်းရေးထားတဲ့ စာတွေကိုလည်း ဖတ်ချင်စိတ် ဖြစ်လာမှာပါပဲ။ အခုတော့ ညဘက်ဆိုရင် အဖေနဲ့အဘိုးက ဘောလုံးပွဲကြည့်ပြီး အမေနဲ့အဘွားက ကိုရီးယားကား ကြည့်ချင်တော့ တီဗီတောင် နှစ်လုံးထားနေကြရတယ်။ ကလေးတွေကလည်း မအိပ်ခင်လေး ဂိမ်းခဏလေးဆော့ပါရစေပါ့လေ၊ ဒီတော့ ကလေးတွေရဲ့ အိပ်မက်ထဲကို သူတို့ဆော့တဲ့ ဂိမ်းထဲက ဂြိုဟ်သားကြီးတွေ၊ သွေးစုပ်ဖုတ်ကောင်ကြီးတွေ၊ မလုံ့တလုံကလေးဝတ်ထားပြီး ရက်ရက်စက်စက်သတ်တတ်တဲ့ ကောင်မလေးတွေက အလည်လာကြတယ်လေ။

ကျွန်မပြောတာရှည်သွားလား မသိဘူး၊ အချုပ်အားဖြင့်တော့ ကလေးတွေ ကောင်းစေချင်ရင်၊ တော်စေချင်ရင်၊ စာဖတ်စေချင်ရင်၊ သူတို့ရှေ့မှာ လမ်းပြနေတဲ့ လူကြီးတွေက အရင်ဆုံး ကောင်းဖို့၊ တော်ဖို့၊ စာပေဗဟုသုတများဖို့လိုတယ်ဆိုတာကိုပါပဲ။



## ကိုစန်းဦး ၊ စိတ်ကူးချိုချို ၊

အခုလက်ရှိ စာအုပ်ဈေးကွက်မှာက Life Vision လို့ခေါ်တဲ့ သုတပိုင်းစာအုပ်တွေဖြစ်တဲ့ စာစီစာကုံးလိုစာအုပ်မျိုးတွေ၊ ဘာသာစကားပြော စာအုပ်တွေ၊ နည်းပညာနဲ့ ပတ်သက်တဲ့ စာအုပ်မျိုးတွေ၊ တက်ကျမ်းလိုစာအုပ်တွေက ဈေးကွက်ဝင်တယ်။ အဲဒါတွေက ပိုပြီး ရောင်းရတယ်။ ကျွန်တော်တို့ စိတ်ကူးချိုချိုက ရသစာအုပ်တွေကိုလည်းအလေးထားပြီး ထုတ်ပါတယ်။ ရသစာအုပ်တွေကိုတော့ ကျွန်တော်ကိုယ်တိုင်လည်း ငယ်ငယ်ကတည်းက စွဲလမ်းခဲ့တယ်။ စာပေဖတ်ရှုခြင်းဆိုတဲ့ နေရာမှာပိုပြီး ထဲထဲဝင်ဝင်သက် ရောက်နိုင်တာက ရသစာပေပါ။ သုတစာပေကို ဖတ်တာက အချက်အလက်ကို တိုက်ရိုက်သိရတယ်။ ရသစာပေကတော့ စိတ်ရဲ့ ခံစားမှုနဲ့ နှလုံးသားကိုပြုပြင်ပြီးတော့ ဦးနှောက်ဆီကို ပို့လွှတ်တဲ့ အတွေးအခေါ်မျိုးကိုရစေတယ်။ တကယ်တမ်း လူတွေရဲ့ စိတ်ကို ပိုပြီးနူးညွတ်လာစေ၊ ပိုပြီးတော့ လိမ္မာယဉ်ကျေးလာစေ၊ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို ထူထောင်လာစေတာက ရသစာပေလို့ ကျွန်တော်ကတော့ မြင်တယ်။ ရသစာပေ အခန်းကဏ္ဍကဘယ်လိုပဲ နေးကွေးလာနေတယ်ဆိုပါစေ ထုတ်ဝေသူ တစ်ယောက်အနေနဲ့ ထုတ်ကိုထုတ်ရမယ့် တာဝန်လို့ ကျွန်တော်က ယူဆတယ်။ ကျွန်တော်တို့ ထုတ်နေတဲ့ ရသစာပေတွေက ဂန္ထဝင် မြောက်ပြီးသားရသစာပေတွေထဲမှာပါတယ်။ ဂန္ထဝင်မြောက်ပြီးသားဆိုတာ မြန်မာစာပေနယ်မှာ မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူပြီးသားဖြစ်တဲ့ ဥပမာ - ရွှေဥဒေါင်းတို့လို စာအုပ်မျိုး၊ ပီမိုးနင်းတို့လို စာအုပ်မျိုး၊ ဝန်းမော်တင်အောင်ရဲ့ စာအုပ်မျိုးတွေပေါ့။ အဲဒီလိုစာအုပ်တွေကို ငါးဆယ်ရာခိုင်နှုန်းလောက် ထုတ်ဖြစ်တယ်။ နောက်တစ်ဝက်က ဒီနေ့ခေတ် မဂ္ဂဇင်းတွေမှာ ရေးသားနေကြတဲ့ ဝတ္ထုတိုစာရေးဆရာတွေရဲ့ ဝတ္ထုတိုတွေကို စုစည်းပြီး ထုတ်ဖြစ်နေတယ်။ ဒီနေ့အချိန်မှာ ရသစာပေနယ်မှာ ကလောင်သစ်တစ်ခုတင်မယ်ဆိုရင် တော်တော်ကြီးစဉ်းစားရပါတယ်။ ကလောင်သစ် တစ်ဦးတည်း ထုတ်လိုက်တဲ့ စာအုပ်တွေက အရောင်းရနှေးတတ်တယ်။ အရင်တုန်းက ဝတ္ထုရေးဆရာတွေက မဂ္ဂဇင်း၊ စာမျက်နှာတွေပေါ်ကနေ ပရိသတ်အသိအမှတ်ပြုမှုကိုရယူပြီး ထုတ်ကြတယ်။ ဒီနေ့ခေတ်မှာတော့ မဂ္ဂဇင်းစာဖတ် ပရိသတ်က သပ်သပ်၊ လုံး

ချင်းစာဖတ်ပရိသတ်ကသပ်သပ်ဖြစ်သွားတယ်။ မဂ္ဂဇင်း ပေါ်မှာ ကြာရှည်အောင် ပရိသတ်အသိအမှတ်ပြုမှုရထားပြီး ဖြစ်ပေမဲ့ လုံးချင်းဝယ်ဖတ်မယ့်ပရိသတ်က သတိမထားမိတာလည်းရှိတယ်။ ဒါမျိုးဆို ကျွန်တော်က ချိန်ဆပြီး ကလောင်သစ်ကို တစ်ယောက်တည်း မဟုတ်ဘဲ ၂ ယောက်၊ ၃ ယောက် စသဖြင့် ပေါင်းထုတ်ဖြစ်တယ်။ ဒီတော့ ပရိသတ်ကလည်း ပိုပြီးစိတ်ဝင်စားလေ့ရှိတတ်တယ်။ နောက်ပြီး စာအုပ်အရောင်းဆိုင်တွေက အရင်လို အများကြီးမရှိတော့ဘူး။ ဒါကလည်းဆိုင်ခန်းနေရာတို့၊ ဈေးနှုန်းတို့က မြင့်လာတာတွေလည်း ပါပါတယ်။ ဒီလို စာအုပ်အရောင်းဆိုင်တွေ လျော့နည်းကုန်တာ ကျွန်တော်တို့လို စာအုပ်ထုတ်ဝေရေးတွေဆီက အရောင်းမှာ အနည်းနဲ့အများတော့ သက်ရောက်မှုရှိတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့အတွက် ထိခိုက်မှုရာခိုင်နှုန်း နည်းသွားစေတဲ့ အချက်တစ်ခုရှိပါတယ်။ အဲဒါက စာအုပ်ဝယ်မယ့်သူတွေနဲ့ Market အခြေအနေက ပြောင်းသွားတယ်။ အဲဒါက စာအုပ်ဝယ်နိုင်မယ့် လူတန်းစားတွေနဲ့ နီးစပ်စေတဲ့ ပလာဇာတွေ၊ ဈေးဝယ်စင်တာတွေမှာBook Store တွေရှိလာတယ်။ ဒါကြောင့် အရမ်းကြီး မထိခိုက်ဘဲ ခံသာနေတယ်။ နောက်ပြီးကျွန်တော်တို့နိုင်ငံမှာကစာအုပ်အဟောင်းတန်းကွက်ရှိနေသေးတယ်။ အရင်တုန်းကတော့ ပြန်ရိုက်ဖို့ အခြေအနေမပေးတော့တဲ့စာအုပ်တွေက အဟောင်းတန်းမှာပဲရှိတယ်။ အခုတော့ စာပေလွတ်လပ်ခွင့်ရှိလာတော့ ပြန်ရိုက်တာတို့ ထပ်ထုတ်တာတို့တော့တချို့စာအုပ်တွေလုပ်ကြပါပြီ။ ဒါပေမဲ့ အဟောင်းတန်းကအခုထိရှိနေသေးတာက ဈေးနှုန်းသက်သာနေတယ်။ နောက်ပြီး ထုတ်ဝေသူတွေ အခုထိ ပြန်မထုတ်နိုင်သေးတဲ့ ရှားပါးစာအုပ်တွေကလည်း ဒီဈေးကွက်မှာရှိနေသေးတယ်။ နောက်ပြီး စာအုပ်စာပေချစ်မြတ်နိုးသူတွေက အဟောင်း Version တွေကို ပိုပြီးနှစ်သက်ကြတယ်။ အဲဒီလို ခုထက်ထိ သိမ်းတတ် သူတွေရှိတော့ စာအုပ်အဟောင်းတန်းဈေးကွက်က အခုထိရတနာသိုက်တစ်ခုအဖြစ်ရပ်တည်နေသေးတာပါ။ စာအုပ်ထုတ်ဝေရေးလုပ်ငန်းဆိုတာ စာပေကို ချစ်မြတ်နိုးရမှာဖြစ်သလို စီးပွားရေးအသွင်လည်ရတာကိုး။ ဒါကို နှစ်ဖက်မျှမျှတတ လုပ်နိုင်ရင်တော့ ဒီလမ်းကြောင်းပေါ်မှာ ပိုပြီးခိုင်ခိုင်နဲ့ ကြာရှည်ရပ်တည်နိုင်မှာပါ။ ကျွန်တော်တို့ စာပေထုတ်ဝေရေးနယ်ထဲကိုဝင်လာတဲ့သူအများစုကစာပေချစ်မြတ်နိုးစိတ်တစ်ခုတည်းနဲ့ကို ဝင်လာကြတာများတာ တွေ့ရတယ်။ သူတို့က နဂိုကတည်းက စာပေဝါသနာအခံရှိတော့ သူတို့ထုတ်ဖို့စဉ်းစားလိုက်တဲ့စာအုပ်တွေက သူတို့ကြိုက်တဲ့ စာအုပ်တွေ၊ စာပေချစ်မြတ်နိုးစိတ်နဲ့ ထုတ်မယ်ဆိုတဲ့ စာအုပ်မျိုးတွေပဲဖြစ်တတ် ဦးစားပေးတယ်။ ဒီတော့ တစ်ဖက်မှာရှိတဲ့ ဈေးကွက်ရဲ့ ဝယ်လိုအားနေးကွေးမှုနဲ့ ကြုံရတော့ နောက်ထပ်စာအုပ်တွေ ဆက်ထုတ်ဖို့အခက်အခဲတွေတွေ့ပြီး စာအုပ်ထုတ်တာတွေရပ်လိုက်ရတာတွေ တွေ့ရပါတယ်။ ဒါဟာ စီးပွားရေးလုပ်ငန်းအသွင်ဆောင်လို့ ဝါသနာနဲ့ စေတနာပါလာပြီးရင် ဈေးကွက်မှာ ရေရှည်ရပ်တည်နိုင်ဖို့လည်း စဉ်းစားရပါမယ်။ ဈေးကွက်မှာရှိသင့်ရှိထိုက်တဲ့ စာအုပ်မျိုး၊ ပရိသတ်လည်း အကျိုးရှိမယ့် စာအုပ်မျိုးဆိုရင်တော့ ထုတ်သင့်ပါတယ်။ စီးပွားရေးပဲကြည့်ပြီး ဝင်လာတဲ့ထုတ်ဝေသူတွေကိုလည်းကျွန်တော်တို့က ကြိုဆိုရပါမယ်။ ဘာလို့လဲဆိုတော့ မြန်မာစာပေနယ်မှာ စာအုပ်တွေပုံသဏ္ဍာန်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုး၊ အမျိုးအစားများစွာ ထုတ်နေပေမဲ့ မစုံလင်သေးပါဘူး။ ကမ္ဘာ့စာအုပ်ဈေးကွက်ကအမျိုးအစားနဲ့ယှဉ်ရင် ကျွန်တော်တို့က အများကြီးလိုအပ်ပါသေးတယ်။ ဒါထက်ပိုပြီးစုံလင်တဲ့ စာပေနယ်ဖြစ်ဖို့ရေးသူရော၊ ထုတ်ဝေသူဘက်မှာရောတာဝန်ရှိတယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်။ ကျွန်တော်ကတော့ စာအုပ်အမျိုးအစားအားလုံးပေါ်မှာ စိတ်ဝင်စားမှုရှိပါတယ်။ ဒီထဲကမှ ထုတ်သင့်ထုတ်ထိုက်တဲ့ စာအုပ်မျိုးကိုထုတ်ပါတယ်။

အခုခေတ်လူငယ်တွေကစာဖတ်အားတွေ လျော့နည်းကုန်တယ်ဆိုတာမှာ အုပ်ချုပ်ရေးယန္တရားနဲ့ဆိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာ ကလေးစာပေ ဖန်တီးရှင်တွေက အရမ်းနည်းသွားတယ်။ ဟိုတုန်းကရှိခဲ့တဲ့ ရွှေသွေး၊ တေဇနဲ့ အခုထုတ်ဝေနေတဲ့ ကလေးစာပေတွေနဲ့ ယှဉ်ကြည့်ရင် အရည်အသွေးပိုင်းက အရမ်းကွာပါတယ်။ ခေတ်စနစ်နဲ့ နည်းပညာတွေက တိုးတက်လာပေမဲ့ ဖန်တီးမှုတွေလျော့ကုန်တယ်။ ကလေးငယ်တွေဖတ်ဖို့စာပေတွေလျော့သွားတာက ပညာရှင်တွေ ဖန်တီးသူတွေရဲ့လက်ကို ချုပ်ထားခဲ့ကြတဲ့ကိစ္စတွေက ဒီနေ့မှာ အကျိုးသက်ရောက်မှုတွေဖြစ်တာပါ။ တကယ်တော့ ဒီခေတ်ကလေးတွေကို လမ်းကြောင်းပေးရမှာထက် ကလေးတွေဖတ်ဖို့ စာအုပ်တွေကို များများဖန်တီးပေး၊ ထုတ်ပေးရမှာပါ။ ကလေးတွေရဲ့ ရှင်သန်မှုမှာ ရသပိုင်းဆိုင်ရာတွေနည်းသွားတာ မိဘတွေနဲ့လည်းဆိုင်ပါတယ်။ ကလေးတွေငြိမ်ရင်ပြီးရော၊ i pad တွေ၊ Laptop တွေ Phone တွေနဲ့ Game ကစားခွင့်တွေပေးပြီး စာအုပ်စာပေနဲ့အလှမ်းဝေးအောင်လုပ်လိုက်တာပါ။ အမှန်တော့ ရသစာပေကရတဲ့အရသာက လူကို ပိုပြီးယဉ်ကျေးသိမ်မွေ့စေတာပါ။ နောက်ပြီး အခြေခံပညာကျောင်းတွေမှာ စာကြည့်တိုက်တွေကို ပိုပြီးဖွံ့ဖြိုးစေချင်တယ်။ အခုတော့ အဲဒီစီမံချက်ကိုစလုပ်ပြီလို့ ပြောတယ်။ ဒါပေမဲ့လည်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်ဝယ်ကြတဲ့ဆရာ၊ ဆရာမတွေရဲ့စေတနာက ဘယ်လောက်အထိ သက်ရောက်နေလဲပေါ့။ ကျောင်းတိုင်းမပြောချင်ပေမဲ့ ကျောင်းတော်တော်များများက စာအုပ်ဝယ်တဲ့အခါ တန်ဖိုးနည်းနည်းနဲ့ အုပ်ရေများများရဖို့ကို ပိုပြီးအာရုံစိုက်တယ်။ ဒါက နည်းနည်းတော့ လွဲမှားနေတဲ့ လမ်းကြောင်းပါ။ ဒါလေးတွေကို ပြန်ပြီးပြုပြင် သင့်စဉ်းစားသင့်ပါတယ်။ ဒါဟာ အနာဂတ်အတွက် အလုပ်လုပ်နေကြပါလားလို့ အတွေးမျိုးတွေးလာကြရင်တော့ ကျောင်းစာကြည့်တိုက်လေးတွေရဲ့ အဓိပ္ပာယ်က ပိုပြီးပြည့်ဝလာမှာပါ။ ကလေးတွေအတွက် နီးနီးစပ်စပ်နဲ့ လွယ်လွယ်ကူကူရအောင် စာအုပ်ကောင်းလေးတွေဖန်တီးပေးနိုင်ရင် ကလေးတွေက စာဖတ်ကြမှာပါ။ စာဖတ်ဖို့အခွင့်အလမ်းကို ဖန်တီးပေးရမယ့်တာဝန်က ကျွန်တော်တို့မှာ အပြည့်အဝရှိပါတယ်။

> ကျွန်တော်ကတော့ စာအုပ်အမျိုးအစားအားလုံးပေါ်မှာ စိတ်ဝင်စားမှုရှိပါတယ်။ ဒီထဲကမှ ထုတ်သင့်ထုတ်ထိုက်တဲ့ စာအုပ်မျိုးကို ထုတ်ပါတယ်။ အခုခေတ်လူငယ်တွေက စာဖတ်အားတွေ လျော့နည်းကုန်တယ်ဆိုတာမှာ အုပ်ချုပ်ရေး ယန္တရားနဲ့ဆိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာ ကလေးစာပေဖန်တီးရှင်တွေက အရမ်းနည်း သွားတယ်။ ဟိုတုန်းကရှိခဲ့တဲ့

## သားစိုး

ကျွန်တော့်ရဲ့ ငယ်ငယ်ကတည်းက အဓိက ဝါသနာက စာဖတ်ခြင်းစာရေးခြင်းပါ။ ကျောင်းတက်တုန်းကဆိုရင် ကျောင်းစာထက်အပြင်စာကို ပိုပြီး ဖတ်ဖြစ်တယ်။ ကျောင်းစာကိုမဖတ်ဖြစ်ဘူး။ ငယ်ငယ်ကတည်းက ဖတ်တဲ့စာအုပ်တွေထဲမှာ အခုထိအကြိုက်ဆုံးနဲ့ မှတ်မှတ်ရရအရှိဆုံးက ဘသန်း(ဓမ္မိက)ရဲ့ ယောနသံဇင်ယော် စာအုပ်ပဲ။ အဲဒီစာအုပ်လေးရဲ့ First edition ကလည်း ဒီဗိုင်းဆန်းဆန်းလေးရှည်ရှည်လေးနဲ့။ ကျွန်တော့်ကို အဲဒီစာအုပ်ပေးဖတ်တာ ကျွန်တော့်အဖေပေးဖတ်တာပါ။ ကျွန်တော်အရမ်းကြိုက်တယ်။ ကျွန်တော်ငါးတန်း၊ ခြောက်တန်းလောက်မှာ စာဖတ်ခဲ့ဖူးတာပါ။ ကျွန်တော်စာစဖတ်တာက ၂ တန်းအရွယ်လောက်မှာပါ။ ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်းကစတာပေါ့။ နောက်တော့ သိုင်းစာအုပ်တွေ ဖတ်သေးတယ်။ အကျိုးမရှိဘူးဆိုပြီး မဖတ်တော့တာ။ သိုင်းစာအုပ်တွေဖတ်ပြီးတော့ မင်းသိခ်စာအုပ်တွေဖတ်တယ်။ စုံထောက်ဝတ္ထုတွေဖတ်တယ်။ နောက်ဆရာကျော်မြသန်း၊ မိုးမိုး(အင်းလျား)၊ မစန္ဒာရသစာပေတွေ သက်ရောက်သွားတယ်။ အဲဒီတုန်းက ကျွန်တော် ငါးတန်းခြောက်တန်းပေါ့။ နောက်ပြီး အဲဒီတုန်းက မဂ္ဂဇင်းတွေက အရမ်းကောင်းတာ မဟေသီ၊ ရှေ့ပြေး၊ ရင်ခုန်ပွင့်တို့တွေပေါ့။ နောက်တော့ ကျွန်တော် ဘာသာပြန်တွေဖတ်တယ်။ ဆရာစိုးသိဏ်း၊ တက္ကသိုလ်နေဝင်း၊ မြသန်းတင့် အစုံဖတ်တယ်။ ကျွန်တော် ဘယ်လောက်အထိစာအုပ်တွေ ဖတ်လဲဆိုရင် ကျွန်တော်တို့အိမ်နားမှာ နိုရာဆိုတဲ့ စာအုပ်ဆိုင်နဲ့ ကလျာဏဆိုတဲ့ စာအုပ်ဆိုင်လေးရှိတယ်။ အဲဒီနှစ်ဆိုင်လုံးက စာအုပ်တွေအားလုံးကုန်သွားတယ်။ ဖတ်စရာမကျန်တော့ဘူး။ နောက်ပိုင်း Politic စာပေတွေ ဖတ်တတ်လာတယ်။ တဖြည်းဖြည်းနဲ့တက်ပြီး ဖတ်ဖြစ်တယ်။ ဆရာမောင်စူးစမ်းတို့ ဘာတို့ပေါ့။ ဆရာနန္ဒာသိန်းဇံလည်း ဖတ်တယ်။ ဦးနေဝင်းကို ရှားရှားပါးပါးကျေးဇူးတင်စရာရှိတယ်။ အဲဒါက ပိုက်ဆံတွေကိုဖျက်ပြီး သုတရတနာသိုက်ဆိုတဲ့ စာအုပ်တွဲထုတ်လိုက်တာပဲ။ စာရွက်သားကောင်းကောင်းနဲ့ကိုထုတ်ပေးခဲ့တာ။ သူ့ရဲ့ရွှေဉာဏ်တော်စူးရောက်မှုက ဒါတော့ ကျေးဇူးတင်ရမယ်။ ကျွန်တော် ၁၀ တန်းအောင်တော့ အင်္ဂလန်မှာ ကျောင်းသွားတက်တယ်။ အဲဒီမှာ တကယ်ကို ကမ္ဘာမှာ နာမည်ကြီးစာအုပ်တိုက်တွေ ရောက်ဖူးသွားတော့ ကျွန်တော့်ဘဝက ထပ်ပြောင်းသွားတယ်။ ဩော်. . . စာအုပ်ဆိုင်ဆိုတာ ဒါမျိုးပါလားလို့ ဖြစ်သွားရစေတယ်။ ကျွန်တော်ဆို အဲ့ဒီစာအုပ်ဆိုင်တွေမှာပဲ အမြဲနေတယ်။ နောက်ပြီး စာကြည့်တိုက်တွေက တအားကောင်းတယ်။ ကျွန်တော်တို့နိုင်ငံမှာက စာကြည့်တိုက် ကောင်းကောင်းမရှိဘူး။ ဒီက



စာကြည့်တိုက်တွေက တလွဲဖြစ်နေတယ်။ ကျွန်တော်တို့ ဒဂုံ(၁)ကျောင်းက စာကြည့်တိုက်တော့ ကျွန်တော့်အတွက် ရတနာဖြစ်ခဲ့တယ်။ အဲဒီမှာ ရှုမဝတို့၊ စန္ဒာမဂ္ဂဇင်းတို့ရှိတယ်။ ဝင်းဦးရဲ့ ဦးဦးပုံပြောမယ်က ကျွန်တော့်အကြိုက်ပဲ။ အဲဒီ စာကြည့်တိုက်မှာပဲ စစ်နှင့်ငြိမ်းချမ်းရေး အတွဲလိုက် ငှားဖတ်ခဲ့ရတာ။ နောက်ကျွန်တော့်ဦးလေး မောင်စွမ်းရည်ဆီကနေ ခန်းဆောင်နီအိပ်မက်နိုးဖတ်တယ်။ အခုခေတ်မှာက ဖတ်စရာစာအုပ်ရှားသွားတယ်။ စာပေစိစစ်ရေးရဲ့ ဆိုးကျိုးတွေပေါ့။ လူတွေရဲ့လက်က သေသွားတယ်။ ဒီတော့ ဟိုးအရင်က စာအုပ်တွေပဲ ပြန်ဖတ်နေရတယ်။ ကျွန်တော်က စာအုပ်ဝယ်ရင် series လိုက်ဝယ်တာ။ မင်းလူ၊ ဒဂုန်တာရာ၊ တာရာမင်းဝေ၊ မိုးမိုး (အင်းလျား)၊ မစန္ဒာ၊ နန္ဒသိန်းဇံ၊ နီကိုရဲ၊ မြသန်းတင့် အားလုံး အစအဆုံးရှိတယ်။ အခိုးခံရတဲ့ စာအုပ်ကလွဲရင်ပေါ့။ ကျွန်တော် အရင်က စာအုပ်ငှားပေးတယ်။ ဒါပေမဲ့ ပြန်မပေးကြဘူး။ ဒါနဲ့ နောက်ပိုင်း ကျွန်တော် စာရေးလိုက်တယ်။ မည်သူကိုမျှ စာအုပ်မငှားပါလို့ ရေးလိုက်တယ်။ ကျွန်တော်အရင်က ဂီတဆောင်းပါးတွေရေးတယ်။ သီအိုရီထွက်ပြီး စလောက်မှာပေါ့။ သီအိုရီမှာ ကျွန်တော်သီချင်းရေးရင်တစ်ပုဒ်ကို ၁ သိန်းခွဲ ၂ သိန်းရတယ်။ ဆောင်းပါးရေးရင် အနည်းဆုံး A4 လေးမျက်နှာလောက်ရေးရတယ်။ Data တွေစုရတယ်။ မှရင်းစာအုပ်ဝယ်ဖို့က ၁၂ ဒေါ်လာလောက်ကုန်တယ်။ ရေးတဲ့ စာမူခက ၂၅၀၀ ပဲရတယ်။ ကျွန်တော့်ဘဝရဲ့ ရပ်တည်ဖို့က လည်း ရှိသေးတယ်လေ။ ဒါနဲ့ ကျွန်တော်စာရေးတာကို စွန့်လွှတ်လိုက်ရတယ်။ သီချင်းရေးတာက တစ်ပုဒ် ၁ သိန်းခွဲဆိုတာက တစ်ပုဒ်ဆိုရင် ၁၀ သိန်းလောက်ရတယ်။ ဒါနဲ့ အဆိုတော်လုပ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ ကျွန်တော်လုပ်ချင်တာလုပ်နိုင်ဖို့ကလည်း ငွေရှိဖို့ လိုသေးတယ်လေ။ နောင်တစ်ချိန်မှာတော့ စာရေးဖြစ်မှာပါ။ ဒါပေမဲ့ ကျွန်တော့်အဖေက ပြောတယ်။ မင်းစာရေးရင်တော့ အသတ်ခံရလိမ့်မယ်တဲ့။ ကျွန်တော်က Politic တွေရေးဖို့ အရေးအားသန်တယ်။ ရသပိုင်းဆိုရင် ကဗျာတွေလည်း ရေးဖြစ်ပါတယ်။ ကျွန်တော်အရင်က ကဗျာတွေရေးပြီးရင် မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေကိုပို့တယ်။ ၁၀ ပုဒ်ပို့ရင် ၉ ပုဒ်လောက်ကစိစစ်ရေးထိတက်တယ်။ အခုတော့ ရေးပြီး ဘယ်မှမပို့ဖြစ်တော့ဘူး။ ကျွန်တော် Facebook ပေါ်မှာပဲ တင်တော့တယ်။ ကျွန်တော့်ဘဝမှာ စာဖတ်တာက ၁၀၀ ရာခိုင်နှုန်းအရေးပါတယ်။ ဆရာကြီး ဒေါက်တာ သန်းထွန်းကို အရမ်းလေးစားတယ်။ စာဖတ်လို့ ရောသမမွေ့ဖြစ်လာတာ။ ဒေါက်တာသန်းထွန်းနဲ့ ဦးအေးမြင့်ရဲ့ စာအုပ်ပေါ့။ အဲဒီ စာအုပ်မှာ ဂီတပညာရှင်တွေက ပြောင်းပါတယ်။ ခေတ်အဆက်ဆက်က ဂီတတွေအကြောင်းပါတယ်။ ကျွန်တော်အဲဒါကို အရမ်းစိတ်ဝင်စားတယ်။ ဒါကို Research လုပ်ရင်း ရောသမမွေ့ ဖြစ်လာတာပါ။ သီအိုရီအခွေက ၁၆ နှစ်နဲ့ ရည်းစားမထားနဲ့ဆိုရင် မိုးမိုး(အင်းလျား)ရဲ့ ညီမလေးကအချစ်ကို ကိုးကွယ်သတဲ့လားစာအုပ်ဖတ်ပြီး ရေးဖြစ်ခဲ့တာပါ။ ကျွန်တော်တို့ တစ်တွေ အခုသုံးနေတဲ့ Smart Phone ဆိုတာ အမှန်က software တွေထည့်ထားလို့ပါ။ တကယ်သာ မရှိရင် ဖုန်းပြောရုံ၊ ခေါ်ရုံပဲရမှာ။ လူတစ်ယောက်ကို Smart Phone တစ်လုံးနဲ့တင်စားကြည့်ရင် ကိုယ်က ဓာတ်ပုံရိုက်ချင်ရင် ဓာတ်ပုံရိုက်တဲ့ Software ထည့်ရမယ်။ Software တွေထည့်မှ Phone က အသုံးဝင်လာတာပါ။ လူက ကိုယ့်ကိုယ်ကိုယ် Download လုပ်တယ်ဆိုတာ စာဖတ်တာပါပဲ။ စာဖတ်တဲ့ ဝါသနာဆိုတာ မျိုးထောင်ရတာပါ။ နိုင်ငံတကာမှာရှိတဲ့ စာကြည့်တိုက်တွေကို ဘာလို့ကောင်းအောင်လုပ်ပေးထားတယ်။ အမေရိကားက Library ကြီးက ကျွန်တော်တို့ဆီက အောင်ဆန်းကွင်းတစ်ကွင်းစာလောက်ရှိတယ်။ ကျွန်တော်တို့တွေ လူ့ပေါက်ပန်းမဖြစ်အောင်က စာဖတ်ရမယ်။ ကျွန်တော်တို့ဆီမှာက ဆင်ခြေတွေ တအားပေးတယ်။ အချိန်မရှိဘူးတို့၊ စာအုပ်ဈေးကြီးတယ်တို့ အမှန်က တကယ်စာဖတ်ချင်ရင် အချိန်ရအောင်ယူပြီး ဖတ်နိုင်ပါတယ်။ အခုခေတ်က မဝယ်နိုင်ရင် e -book တွေကို Download လုပ်ပြီးဖတ်နိုင်တယ်။ ဒါ ကံကောင်းတာပဲ။ ကျွန်တော့်ဘဝမှာ အကြိုက်ဆုံးစာအုပ်တွေဆိုရင် ဘသန်း(ဓမ္မိက)ရဲ့ ယောနသံဇင်ယော်၊ နန္ဒသိန်းဇံရဲ့ မိတ်ကောင်း ဆွေကောင်းနှင့် ခရီးသွားခြင်း၊ သော်တာဆွေရဲ့ ကျွန်တော့်ဘဝဇာတ်ကြောင်း၊ ရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်း၊ တာရာမင်းဝေရဲ့ ရွှေဖိနပ်မှာ အစိမ်းရောင်ကြက်ခြေခတ်နဲ့ကောင်မလေး ကြိုက်တယ်။ ဒါက အခုလက်ရှိကြိုက်နေတာပါ။ အမြဲတော့ ပြောင်းနေတယ်။ အခုလက်ရှိ ဦးသုမောင်အစအဆုံး ပြန်ဖတ်နေတယ်။ နောက်ပြီး Facebook ကနေ နိုင်ငံခြားက Independent တို့ ၊ New York Times တို့ဖတ်တယ်။ မြန်မာပြည်က ဂျာနယ်တွေက ဖတ်စရာမပါဘူးတော့ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ အောင့်အည်းလာတဲ့ မကျေနပ်ချက်တွေကို အခုမှ ဖွင့်ထုတ်နေတော့ မကုန်နိုင်သေးဘူး။ နိုင်ငံရေး၊ မကျေနပ်တဲ့ အမုန်းတရား ဆောင်းပါးတွေနဲ့ အဖော်အချွတ်မိန်းမပုံတွေနဲ့က များနေတော့ လူငယ်တွေအတွက် တခြားအကျိုးရှိနိုင်တာမျိုးတွေ မပါဘူး။ ဒါက ကျွန်တော်တို့ကို နှစ်ပေါင်းများစွာ စနစ်တကျ ဖျက်စီးတာကိုခံလာရတော့ အခုမှပြန်ပြီး ရုန်းကန်ကြိုးစားပြုစုနေရတော့ ဒီလောက် လုပ်ပေးနိုင်တဲ့ ဂျာနယ်တွေကိုပဲ ကျေးဇူးတင်ရမယ်။ အရှုံးခံပြီး ဖြစ်အောင်လုပ်ပေးနေတဲ့ သူတို့စေတနာကိုလည်း လေးစားပါတယ်။ ကျွန်တော်တို့ လူငယ်တွေ စာမဖတ်ရင် ကြမ္မာဆိုးတွေ၊ အဖြစ်ဆိုးတွေက ဖြစ်မြောက်ပေမဲ့ ထပ်ပြီး နိမ့်ကျချွတ်ကျေနေဦးမှာပါ။ အခုဆိုရင် လူငယ်တွေက ရာဇဝတ်မှုတွေ ကျူးလွန်ပြီး စားထိုးတာကို အလွယ်တကူ လုပ်နိုင်ကြတာ EQ မရှိကြလို့ပါ။ အဲဒီ EQ ဆိုတာက စာပေဖတ်ပြီး ကိုယ့်နှလုံးသားကို ဖွံ့ဖြိုးအောင်လုပ်မှ ရမှာပါ။

> “နိုင်ငံတကာ မှာရှိတဲ့ စာကြည့် တိုက်တွေကို ဘာလို့ကောင်း အောင်လုပ်ပေးထားတယ်။ အမေရိကားက **Library** ကြီးက ကျွန်တော် တို့ဆီက အောင်ဆန်းကွင်းတစ်ကွင်း စာလောက် ရှိတယ်။ ကျွန်တော်တို့တွေ လူ့ပေါက်ပန်းမဖြစ် အောင်က စာဖတ်ရမယ်။”

အမေး/အဖြေ

# မမရတီ

အချစ်ရေး၊ ကျန်းမာရေး၊
လူမှုရေး၊ အနုပညာ






သို့
မင်္ဂလာပါ မမရတီ

ကျွန်တော်က စာပေချစ်သူတစ်ယောက်ပါ။ ရတီမဂ္ဂဇင်းကို အမြဲတမ်းစောင့် ဖတ်ပါတယ်။ တခြားမဂ္ဂဇင်းတွေကိုလည်း ဖတ်ပါတယ်။ ဒါပေမဲ့ရတီမဂ္ဂဇင်းက ရသစာပေအားကောင်းကောင်းနဲ့ ကဏ္ဍစုံအောင် တင်ဆက်ထားလို့ ပိုကြိုက်ပါတယ်။ စာဖတ်ပြီးရင် စာရေးချင်တဲ့စိတ်တွေလည်းပေါက်လာပါတယ်။ အထူးသဖြင့် ကဗျာတွေကို အားကောင်းကောင်းနဲ့ ရေးဖွဲ့ကြည့်ချင်တာပေါ့ဗျာ။ ဒါပေမဲ့ ကဗျာတွေတော်တော်များများဟာ နိုင်ငံရေးအမြင်တွေ၊ ဗဟုသုတတွေ တစ်ခုခုပါမှ ကဗျာဖြစ်သလို မြင်နေရတော့ ကျွန်တော်ကဗျာကို ဘယ်လိုရေးရမှန်းမသိဘူးဖြစ်ဖြစ်နေတယ်။ နောက် စာပေဟာ ဖတ်သူကိုပေးတဲ့ မက်ဆေ့ချ်တစ်ခုခုပါရမယ်လို့ ပြောနေကြတော့ ခံစားချက်အတိုင်းရေးရမှာကို လက်တွန့်နေတယ် မမရတီ။ ဘယ်အကြောင်းကို ဘယ်လိုရေးရမယ်ဆိုတဲ့နည်းလေး၊ စာကို ဘယ်လိုရေးရမယ်ဆိုတဲ့နည်းလေးတွေ ကျွန်တော့်ကို လမ်းညွှန်ပေးပါဦးဗျာ။

စာရေးချင်နေတဲ့ ရတီရဲ့ပရိသတ်
မောင်ရေးချင်
ရေစကြို။

**မောင်ရေးချင်ရဲ့စာတို ဖတ်ပြီးတဲ့အခါ ဆရာဇော်ဂျီရေးခဲ့တဲ့ "စာရေးဆရာနဲ့ စာရေးစရာ"ဆိုတဲ့ဆောင်းပါးကို အမှတ်ရမိပါတယ်။ ဒါကြောင့် အဲဒီဆောင်းပါးလေးကို ဖတ်ဖြစ်အောင် ဖတ်ကြည့်ပါလို့လည်း အကြံပေးချင်ပါတယ် တစ်ဆက်တည်းမှာပဲ မောင်ရေးချင်ကို စာဖတ်ပါလို့ အကြံပေးချင်ပါတယ်၊ စာရေးချင်ရင် စာဖတ်နာဖို့တော့လိုပါတယ်။ တကယ်တော့ ကဗျာတာဝန်ဟာ ဗဟုသုတပေးဖို့နဲ့ အဆုံးအမပေးဖို့ဖြစ်တယ်လို့ မယူဆစေချင်ကြောင်း ရှေးပညာရှင်တွေကလည်း ဆိုထားပါတယ်၊ ကဗျာကို ဗဟုသုတပေးလိုတဲ့ရည်ရွယ်ချက်၊ ပညာပေး လိုတဲ့ရည်ရွယ်ချက်နဲ့ ရေးလို့ မရပါဘူး အဲဒီရည်ရွယ်ချက်နဲ့ရေးရင်ကဗျာအစား ဆုံးမစာတွေဖြစ်လာ လိမ့်မယ်လို့ ဆရာဇော်ဂျီက ဆိုထားပါတယ်၊ ဆရာ့စကားကိုပဲ ဌားပြောပါရစေ မောင်ရေးချင်ရေ. . ရသစာပေတိုင်းဟာ ဘဝအမောကိုပြေစေပါတယ်၊ ဘဝကြောင့်ဖြစ်လာရတဲ့ စားဝတ်နေရေးအမော၊ ကျန်းမာရေးအမော၊ လွတ်လပ်ရေးအမော စတဲ့အမောတွေကနေ လွတ်မြောက်ဖို့အတွက် နိုးကြားမှု၊ တက်ကြွမှု၊ ရဲရင့်မှုတွေ ရှိလာအောင် ရသစာပေကပေးစွမ်းပါတယ်၊ ဒါကြောင့် မောင်ရေးချင်ကို ပြောလိုတာက လောကကိုချစ်တဲ့စိတ်နဲ့ ကြည့်မြင်ပြီး အားကောင်းတဲ့ ရသစာပေကိုဖန်တီးနိုင်ဖို့သာအဓိကပါလို့၊**

သို့
မင်္ဂလာပါ မမရတီရှင့်


မမရတီနှင့်တကွ အဖွဲ့သားအားလုံး ပျော်ရွှင်ချမ်းမြေ့ပါစေလို့ သမီးလေးက ဆုတောင်းမေတ္တာပို့သအပ်ပါသည်ရှင့်။ ဦးဦးနေယံ၊ ဦးဦး မင်းရာဇာတို့ကို ဇာတ်ကားတွေ ဆက်လက်ရိုက်ကူးပါဦးလို့ ပြောပြပေးပါရှင့်။ ဦးဦးနေတိုးရဲ့ ဇာတ်ကားတွေကိုလည်း အမြဲအားပေးကြည့်ရှုနေပါသည်ရှင့်။ အခုဆိုရင် သမီးတို့ဆီမှာ ကိုကိုဇေရဲထက်ရဲ့ ဇာတ်ကားတွေရောက်လာပြီဆိုရင် အရင်ဆုံးကြည့်ရအောင် အမြဲမှာထားရပါသည်ရှင့်။ ကိုကိုဇေရဲထက်ရဲ့ ကားတွေကို ရောက်လာတာနဲ့ ငှားတဲ့သူတွေများတဲ့အတွက် နောက်ကျသွားရင် အများကြည့်ပြီးမှာ ကြည့်ရပါတော့တယ်ရှင့်။ ကိုကိုဇေရဲထက် ဒီထက်မကအောင်မြင်မှုတွေ ရရှိပါစေလို့ သမီးတို့က ဆုတောင်းမေတ္တာပို့သအပ်ပါသည်ရှင့်။

မမရတီရှင့် ကိုကိုဇေရဲထက်ရဲ့ ကိုယ်ရေးရာဇဝင်လေးကို သိချင်တဲ့အတွက် သမီးမေးတာလေးတွေကို ဖြေပေးပါနော်။ ကိုကိုဇေရဲထက်ကိုလည်း ရတီမှာ ကဏ္ဍတစ်ခုအနေနဲ့ဖော်ပြပေးစေလိုပါတယ်ရှင့်။ ကိုကိုဇေရဲထက်ရဲ့မွေးဖွားရာဇာတိ၊ အသက်၊ ပညာအရည်အချင်း၊ မွေးချင်းမောင်နှမ၊ မိဘ၊ ကိုကိုဇေရဲထက် နောက်ထပ်လုပ်ရှားနေတဲ့အနုပညာလုပ်ငန်းတွေကို သိချင်ပါတယ်။ ကိုကိုဇေရဲထက်ရဲ့ ဖုန်းနံပါတ်ကိုလည်း ဖော်ပြပေးနိုင်ရင်လည်း ဖော်ပြပေးပါလို့ တောင်းဆိုပါရစေရှင့်။ သမီးတောင်းဆိုတာတွေ များနေလို့ သမီးကိုခွင့်လွှတ်ပါ။ သမီးတို့က အနုပညာနဲ့ပတ်သက်လာရင် ဝါသနာကြီး၊ သရုပ်ဆောင်တွေကိုလည်း အမြဲလေးစားနေသူတွေမို့ပါရှင့်။

မမရတီတို့အနေနဲ့ သမီးတို့လိုစာဖတ်ပရိသတ်များသိချင်တဲ့ အကြောင်းအရာလေးတွေကို ပြန်လည်ဖြေကြားပေးတဲ့အတွက် မမရတီနှင့်တကွ အဖွဲ့သားအားလုံးကို လေးစားမိပါတယ်။ ကျေးဇူးလည်းအထူးတင်ရှိပါတယ်ရှင့်၊

သမီးလေး ရွှေယမင်းဦး
မကွေးတိုင်းဒေသကြီး၊မင်းတုန်းမြို့။

**သမီးလေးရွှေယမင်းဦးရဲ့စာကို ရှည်လျားလွန်းတဲ့အတွက် ဖြတ်တောက်ပစ်ရတာကို နားလည်ပေးစေချင်ပါတယ်၊ သရုပ်ဆောင်ဇေရဲထက်အကြောင်းပြောရရင်တော့ နာမည်အရင်းက ဆန်းထွန်းဦးပါ၊ မွေးသက္ကရာဇ်က ၅. ၁. ၁၉၉၀ ခုနှစ်ဖြစ်ပြီး ဇာတိကတော့ နေပြည်တော်ပါ၊ မုန့်ဟင်းခါးကတော့ သူအကြိုက်ဆုံး အစားအစာပါတဲ့၊ ဇေရဲထက်ရဲ့ အကြောင်းအရာအစုံမလင်ကိုတော့ များမကြာခင်မှာ ဇေရဲထက်ကိုယ်တိုင် စာမျက်နှာထက်မှာ ဖြေထားတို့ ဖတ်ရှုရအောင်စီစဉ်ထားတာမို့စောင့်မျှော်အားပေးပါဦးလို့၊**




သို့
မမရတီ မင်္ဂလာပါ

ရတီမဂ္ဂဇင်းကို online မှာဖတ်လို့ရတယ်ဆိုတာ တစ်နေ့ကမှ သိလိုက်ရတယ်မမရတီရယ်။ ပီနန်းအရမ်းကိုပဲ ဝမ်းသာမိပါတယ်။ ပီနန်းတို့ ဘက်မှာ အင်တာနက်အဆက်အသွယ်ကိုပဲ အားကိုးနေရတယ်။ ရန်ကုန်နဲ့ လူအဆက်အသွယ်၊ ပစ္စည်းအဆက်သွယ်ပြတ်ရင် အင်တာနက်ကိုပဲ အားကိုးရတယ်။ ပီနန်းက ညညဆိုရင် အင်တာနက်ပေါ်မှာ စာအဆက်အသွယ်လုပ်ရင်း ဖတ်စရာတွေ ရှာဖွေဖတ်ရတယ်၊ ရတီကို အခုမှပဲ ရှာတွေ့မိတယ် မမရတီရယ်။ ပီနန်းအရမ်းကို ဝမ်းသာရပါတယ်။ ရတီရဲ့ စာတွေ၊ ဆောင်းပါး တွေကို အခုမှ နောက်ကြောင်းပြန်ရှာဖွေနေရတုန်းပဲ မမရတီရေ၊ အွန်လိုင်းပေါ်ရောက်လာတဲ့အချိန်က စာအုပ်ဖြန့်ချိတဲ့အချိန်နဲ့ အတူတူပဲလား ဆိုတာလည်း သိချင်ပါတယ်မမရတီ။ စာရေးဆရာကောင်းကောင်းတွေရဲ့ စာကောင်းကောင်းတွေကိုလည်း များများဖော်ပြပေးဖို့ တောင်းဆိုချင်ပါတယ်၊ ပီနန်း တစ်ခုလောက်တော့ သိချင်ပါတယ်။ ပီနန်းတို့လို စာတိုက်ကနေဆက်သွယ်ရခက်တဲ့သူတွေအတွက် အွန်လိုင်းကနေပဲ စာပို့လို့ကော မရဘူးလား သိချင်ပါတယ်။


ရတီကို အားပေးနေတဲ့
အရှေ့ဖျားက ပီနန်း

**ရတီမဂ္ဂဇင်းကို စာမူပေးပို့လိုရင်ပဲဖြစ်ဖြစ် မမရတီတစ်ယောက်ကို စာပေးပို့လိုရင်ပဲဖြစ်ဖြစ် yatimagazine@gmail.com ကို ဆက်သွယ်ပေးပို့ နိုင်ပါတယ် ပီနန်းရေ၊ အင်တာနက်ပေါ်ကနေ အားပေးတာပဲ ဖြစ်ဖြစ် စာအုပ်ကိုကိုယ်တိုင်ကိုယ်ကျ ဝယ်ယူအားပေးတာပဲဖြစ်ဖြစ် ရတီပိုင်းတော်သားတွေက ကျေးဇူးတင်နေပါတယ်၊ စာအုပ်ဖြန့်ချိတဲ့အချိန်နဲ့ အင်တာနက် စာမျက်နှာပေါ်တင်တဲ့အချိန်က ကွာပါလိမ့်မယ်ပီနန်းရေ၊ စာအုပ်ဖြန့်ချိပြီးမှ အင်တာနက်စာမျက်နှာပေါ်တင်တာပါ၊ရတီဝက်ဘ်ဆိုက်နဲ့ facebook ရတီစာမျက်နှာပေါ်မှာ ဖတ်ရှုနိုင်သလို အခုဆိုရင် စာအုပ်ထွက်ချိန်မှာ တစ်ပြိုင်နက် ဖတ်ရှုချင်သူများအတွက် IPAD NEWS STAND မှာပါ ဝယ်ယူဖတ်ရှုနိုင်ပါပြီ ပီနန်းရေ၊**


# သားတော်မောင် မစ္စကာ

ဒေါက်တာမြင့်ဦး ၊ ဂျီပီ ၊

ယောက်ျားလေးတွေ ကြီးကောင်ဝင်တဲ့ အချိန်မှာ ၊ ကိုယ်ကာယပြောင်းလဲမှုတွေ အဆင့်ဆင့်ဖြစ်ပေါ်လာတာကို လူပျိုဝင်တယ် (Puberty)လို့ ဆိုကြပါတယ်၊ အကြမ်းအားဖြင့် ဘွိုင်းကလေးတွေဟာ အသက် ၁၂ နှစ်အရွယ်က စပြီး ကြီးကောင်ဝင်လေ့ရှိပါတယ်၊ ယောက်ျား လေးတစ်ယောက် လူပျိုပေါက်ဖြစ်တဲ့အချိန်ကို တိတိကျကျဆိုရရင် အသက် ၉ နှစ်နဲ့ ၁၅ နှစ်ကြားလို့ သတ်မှတ်ထားပါတယ်၊ ဒီထက်စော ပြီး ဒါမှမဟုတ် နောက်ကျပြီး ကြီးကောင်ဝင်ရင် တော့ ပုံမှန်ဖြစ်စဉ်မဟုတ်တဲ့အတွက် Normal လို့မသတ်မှတ်ပါဘူး၊ သားရှေ့အတွက် ပထမဆုံး လူပျိုပေါက်ဖြစ်တဲ့လက္ခဏာက တော့၊ ရှေ့ပန်းနဲ့ ရှေ့ဥ ၂ လုံး၊ အရွယ်အစားကြီးထွားလာတာပဲ ဖြစ်ပါတယ်၊ သိပ်မကြာခင်မှာပဲ သုက်ရည်ထွက်နိုင်စွမ်းရှိလာပါတယ်၊ ခြေ၊ လက်နဲ့ ရင်ဘတ်မှာ မွေးညင်းလေးတွေပေါက်လာတယ်၊ ဆီးခုံမွေးပါးပါးလေးတွေကို လက်နဲ့ဆွဲကြည့်လို့ရနေတယ်၊ နှာခေါင်းမွေးရေးရေးလေးထွက်လာပြီး စကားပြောသံပြောင်းသွားတာကို ကျားသံသြတယ် လို့ ဆိုကြတယ်၊ စန္ဒာကိုယ်တစ်ရှိန်ထိုးကြီးထွားတာ (Growth Spurt) ကို လူပျိုဘော် မဝင်မချင်း မတွေ့ရနိုင်ပါဘူး၊ ငါဟဲ့ယောက်ျားဆိုတဲ့ အသွင် ကူးပြောင်းဖို့တာ စုနေတဲ့အချိန်မှာ ရင်သားနစ်ဖက် စူထွက်လာတဲ့အတွက် မိဘတွေက သားမောင်ရှေ့ဥ ကို မောင်မစ္စကဖြစ်သွားမှာ စိုးရိမ်ပူပန်တတ်ကြတယ်၊ သားရှေ့ဥကလေး လူပျိုဝင်နေချိန်မှာ ရင်သားစူကားလာရတာဟာ ယာယီသာ လျှင်ဖြစ်ပါသတဲ့၊ ကဲ မောင်ရှေ့ဥကနေ တကယ်ပဲ မောင်မစ္စကဖြစ်သွားပြီလား ဆိုတာကို မိသားစု ဆရာဝန်ဖလိုးချပ်နဲ့ တိုက်ဆိုင်စစ်ဆေးကြည့်လို့ ရပါတယ်၊ တာထွက်ကြည့် လိုက်ကြရအောင်၊





**ဒီနေရာကစ**

သားရွှေဥမှာ အောက်ပါ လူပျို ပေါက်လက္ခဏာတွေရှိနေသလား

- ရွှေဥနဲ့ ရွှေပန်းကြီးထွားလာတယ်။
- ဆီးခုံမွေးပေါက်နေတယ်။
- အသံဩလာတယ်။
- ရွှေပန်းခဏခဏမတ်တယ်။

**Yes** → သားက ၉ နှစ် အောက်ငယ်နေလား

**Yes** → **ဖြစ်နိုင်ခြေ။** လူပျိုဝင်စောလွန်းခြင်း၏ အကြောင်းရင်းကို မသိရှိရသေးပါ။ ဦး နှောက် ဟိုမုန်းထုတ်လွှတ်မှုပြဿနာ ဖြစ်နိုင်ခြေရှိသည်။ ဆရာဝန်ကိုတိုင်ပင်ပါ။ **ဆောင်ရွက်ရန်။** ဆရာဝန်က ကလေးကြီး ထွားမှုကို စစ်ဆေးပြီး သွေးတွင်းဟိုမုန်း ဓာတ်ကိုတိုင်းထွာလိမ့်မည်။ ကလေးအထူး ကုထံ ညွှန်းပို့နိုင်သည်။ အရပ်သိပ်ရှည် မထွက်ခင်၊ လူပျိုဝင်မှုနှောင့်နှေးသွား အောင် ဆေးဝါးတိုက်ကျွေးနိုင်သည်။

**No** → ၁၅ နှစ်ထက် ကြီးနေသလား

**Yes** → **ဖြစ်နိုင်ခြေ။** သင့်သားက Puberty လက္ခဏာစနေပါပြီ။ ပုံမှန်ထက်အနည်း ငယ် နောက်ကျနိုင်ပေမဲ့ စိုးရိမ်စရာ မလိုပါ။ နောက် ၅ နှစ်အတွင်းမှာ ကြီး ကောင်ဝင်ခြင်းပြီးမြောက်သွားပြီး၊ ကျား ကျားလျားလျားဖြစ်လာပါလိမ့်မည်။ ပုံမှန် ကြီးထွားမှုရှိနေသမျှ ဆရာဝန်နှင့်ပြသဖို့ မလိုပါ။

**No** → **ဖြစ်နိုင်ခြေ။** ဘိုင်းစ်များ ၉ နှစ် နှင့် ၁၅ နှစ်ကြားလူပျိုစဝင်ခြင်းသည် Normal ဖြစ်ပါသည်။ သားကအရပ် ပုနေသေးတယ်လို့ ထင်မှတ်နေရင် မကြာခင် growth spurt ရောက်လာ တော့မယ့်အကြောင်း ဖျောင်းဖျပြော ဆိုပေးပါ။

**No** → ၁၅ နှစ်ထက် ကြီးနေသလား

**No** → ဒီဖလိုးချပ်က သားငယ်အတွက် သင့် ရဲ့ စိုးရိမ်မှုကိုမဖြေရှင်းပေးနိုင်ခဲ့ရင် သင့်ရဲ့မိသားစုဆရာကိုသာတိုင်ပင် လိုက်ပါ။

**Yes** → သားငယ်မှာ အဆစ်ရောင်ရမ်းနာ၊ ပန်းနာရင်ကျပ်၊ တီဘီ စတဲ့ နာတာ ရှည်ရောဂါတစ်ခုခုရှိနေသလား။

**Yes** → **ဖြစ်နိုင်ခြေ။** နာတာရှည်ရောဂါအချို့ ကြောင့် ကြီးကောင်ဝင်ခြင်းနှောင့်နှေး တတ်သည်။ သင့်စိုးရိမ်မှုကို မိသားစု ဆရာဝန်နှင့်တိုင်ပင်ပါ။

**No** → သားငယ်မှာ ဓာတ်ရောင်ခြည်ကုသခံ ထားရတာ၊ ကင်ဆာဆေးသွင်းခံထားရ တာ၊ ရွှေဥခွဲစိတ်ခံထားရတာတွေရှိ ခဲ့ဖူးသလား။

**Yes** → **ဖြစ်နိုင်ခြေ။** ရွှေဥမှာ ဒဏ်ဖြစ်ခဲ့တဲ့ အခြေအနေတွေကြောင့်ကျားဟိုမုန်း ထွက်ရှိမှုကို လျော့နည်းစေနိုင်ပါတယ်။ လူပျိုဘော်ဝင်မှုကိုလည်းထိခိုက်စေတတ် ပါတယ်။ **ဆောင်ရွက်ရန်။** ဆရာဝန်က ကလေးကို စမ်းသပ်ပြီး သွေးတွင်းဟိုမုန်း ဓာတ်တွေကို တိုင်းတာပါလိမ့်မယ်။ လို အပ်ရင် အထူးကုဆီကို လွှဲပေးပါလိမ့် မယ်။

**No** → **ဖြစ်နိုင်ခြေ။** လူပျိုဘော်ဝင် နောက်ကျတာ ဖြစ်နိုင်သည်။ အကြောင်းရင်းမသိရသေး ပေမဲ့ အရပ်ပုမိသားစုမျိုးနွယ်က ဆင်းသက် တာကြောင့် ဖြစ်နိုင်သည်။ အများစုက ဆေးကုသစရာမလိုဘဲ အသက် ၁၆ နှစ် အရွယ်မှာလူပျိုဘော်ဝင်သွားတတ်ပါသည်။ ဆရာဝန်ကို တိုင်ပင်ပါ။ **ဆောင်ရွက်ရန်။** ဆရာဝန်က ကလေးကို စမ်းသပ်ပြီး ဟိုမုန်း လယ်ဗယ်တိုင်းပေးလိမ့်မည်။ အထူးကုဆီ ကို လွှဲအပ်ပြီး ဟိုမုန်း ကုသမှုပေးနိုင်သည်။

### မောင်မစ္စက မဟုတ်ပါ။

သဘာဝအားဖြင့် ယောက်ျားလေးတွေမှာ ရင်သားတစ်သျှူးအနည်းအကျဉ်းသာရှိပေမဲ့ နို့အုံကြီးထွားလာတဲ့ ခြေအနေတွေရှိတတ်ပါ တယ်။ နို့တစ်လုံး ဒါမှမဟုတ် ၂ လုံးစလုံး ကြီးထွားလာတာကို Gynaecomastia လို့ ခေါ်ပါတယ်။ လူပျိုဘော်ဝင်စ သားငယ်တွေ မှာ ရင်သားစူထွက်နိုင်ပါတယ်။ ဒါဟာ ဟိုမုန်း အပြောင်းအလဲကြောင့်ဖြစ်ပါတယ်။ နို့စူတဲ့ ကာလ ၁၈ လကနေ ၃ နှစ်အထိ ကြာမြင့် နိုင်ပါတယ်။မောင်မစ္စကဘဝကိုပြောင်းသွား တာ မဟုတ်ပါဘူး။ ဝလွန်းတဲ့သားငယ်တွေမှာ အဆီတွေစုနေတတ်တဲ့အတွက် ဘယ်အရွယ်ပဲ ဖြစ်ဖြစ် ရင်သားစူကားနေနိုင်ပါတယ်။ ဝိတ်ချ လိုက်တာနဲ့ နို့ပြန်ပြားသွားတတ်ပါတယ်။ ယောက်ျားကြီးတွေမှာ နို့ထွားရတဲ့ကြောင်းက တော့ သောက်နေတဲ့ဆေးဝါးတွေရဲ့ဘေးထွက် ဆိုးကျိုးကြောင့်ဖြစ်နိုင်သလို အသည်းခြောက် ရောဂါကြောင့်လည်းဖြစ်နိုင်ပါတယ်။ ကျားနို့စူ တဲ့ရောဂါကို အကြောင်းရင်းရှာပြီးကုသပေးရ ပါတယ်။ ခွဲစိတ်ဖြတ်ထုတ်ပစ်ရတာတွေလည်း ရှိနိုင်ပါတယ်။ ယောက်ျားမှာလည်း ရင်သား ကင်ဆာရောဂါ ဖြစ်နိုင်ခြေရှိတဲ့ အတွက် ဘာအကြောင်းကြောင့် နို့စူထွက်သည်ဖြစ်ပစေ မိသားစုဆရာဝန်နဲ့ ပြသသင့်ပါတယ်။

### ငါဟဲ့ယောက်ျား





# ရေရှည်ခံ ဖွံ့ဖြိုးရေး

ကျော်ဦး



လူအပါအဝင် သက်ရှိတို့အတွက် သဘာဝတရားက လုပ်ပေးနေသော ဝန်ဆောင်မှုတစ်ခုမှာ အာဟာရလည်ပတ်ပျံ့နှံ့စေခြင်းဖြစ်သည်။ မြေဆီလွှာနှင့်ရေထဲရှိ အာဟာရဓာတ်များကို သက်ရှိတို့ထံရောက်စေပြီး သေဆုံးသွားသော သက်ရှိတို့ထံမှ အာဟာရများ မြေနှင့်ရေထဲသို့ ပြန်ရောက်သည်ကို အာဟာရလည်ပတ်ပျံ့နှံ့စေခြင်းဟု ခေါ်သည်။ မြေနှင့်ရေထဲမှ အာဟာရများကို အပင်တို့ကစုပ်ယူသည်။ အပင်များထဲရောက်လာသော အာဟာရများသည် ယင်းအပင်များကို စားသုံးသော လူနှင့်တိရစ္ဆာန်များထံရောက်ရှိသည်။ လူနှင့် တိရစ္ဆာန်တို့သေဆုံးသော် ရုပ်ကြွင်းများထဲရှိ ဓာတ်များ မြေနှင့်ရေထဲ ပြန်ရောက်ခြင်းဖြင့် သံသရာ လည်နေသည်။ ယင်းဖြစ်စဉ်သာမရှိခဲ့လျှင် သို့မဟုတ် မြေ၊ ရေနှင့်သက်ရှိတို့အကြား အာဟာရ

ကူးလူးဆက်သွယ်မှု လုံးဝပြတ်တောက်ခဲ့လျှင် ကမ္ဘာပေါ်၌ သက်ရှိတို့ပျောက်ကွယ်သွားမည်။

အာဟာရသံသရာလည်ခြင်း၏ အခြေခံအဆင့်တစ်ခုဖြစ်သော အပင်တို့က အာဟာရစုပ်ယူခြင်း၊ အစာချက်လုပ်ခြင်းဖြစ်စဉ်တွင် သဘာဝအရင်းအမြစ်တစ်မျိုးဖြစ်သော နေရောင်စွမ်းအင်က အဓိကအားဖြစ်သည်။ သစ်ပင်တို့၏ ဖိုတိုဆင်းသစစ်ခေါ် အစာချက်လုပ်ခြင်းဖြစ်စဉ်သည် နေရောင်ပေါ်၌ လုံးဝတည်မှီနေသည်။

သစ်ပင်ရှိ၍ ထင်း၊ မီးသွေးစသော လောင်စာများ၊ သီးနှံများကို ရရှိနေသည်။ လေထုသည် နေရောင်ကြောင့် ရွေ့လျားတိုက်ခတ်နိုင်သည်။ ပင်လယ်ရေမှ ရေငွေ့ပျံကာ မိုးအဖြစ်ရွာကျ၍ သက်ရှိတို့ကို ရေချိုပေးဝေခြင်းကို နေရောင်က လုပ်ဆောင်ပေးနေသည်။ နေရောင်ကြောင့် ကမ္ဘာပေါ်တွင် သက်ရှိတို့ ရှင်သန်နိုင်သည့် အလောတော် အပူချိန်ဖြစ်ပေါ်နေသည်။

ထိုသို့ သဘာဝတရားက နှစ်သန်းပေါင်းများစွာလုပ်ဆောင်ပေးနေသော သဘာဝအရင်းအနှီးများနှင့် သဘာဝဝန်ဆောင်မှုများကို ခေတ်သစ်လူသားတို့က နှောင့်ယှက်ဖျက်ဆီးနေကြသည်။

ရှေးယခင် ကမ္ဘာပေါ်တွင် လူဦးရေနည်းစဉ်၊ လူနေမှုအဆင့် ယခုလောက်မမြင့်စဉ်က လူတို့တစ်နည်းနည်းဖြင့် အသုံးချရန် ခုတ်လှဲလိုက်သော သစ်ပင်များ၏ နေရာတွင် သဘာဝက အလျဉ်မီအောင် အစားထိုး ပြန်ပေါက်စေခဲ့သည်။ လူများ၏ လူနေမှုအဆင့်မြင့်လာသောအခါ လူတို့ခုတ်သော အပင်က များလွန်း၍ သစ်တောပြုန်းသည်အထိ ဖြစ်လာသည်။ သစ်ပင်မရှိတော့၍ အာဟာရ ကြွယ်ဝသော မြေဆီလွှာများ ရေအတိုက်စားခံရကာ မြေဆီလွှာလျော့နည်းလာသည်။ ရွာကျလာသော မိုးရေစီးကိုထိန်းပေးသောသစ်ပင်များ မရှိတော့၍ မိုးရေများသည် မြေပြင် တစ်လျှောက် လျှင်မြန်စွာ စီးဆင်းကာ ရေကြီး ရေလျှံမှုများကို ဖြစ်ပေါ်စေသည်။ မြေအောက်သို့ ရေစိမ့်ဝင်မှုနည်းသဖြင့် ရေတွင်း ရေကန်များ အလွယ်တကူ ခန်းခြောက်ကြသည်။

တစ်ချိန်က လူတို့ဖမ်းယူစားသောက်၍ ကုန်သွားသော ငါးများအစား သဘာဝတရားက ငါးအသစ်များ အချိန်မီပြန်လည် ဖြည့်တင်းပေးခဲ့သည်။ နောက်ပိုင်းတွင် ငါးအလွန်အကျွံဖမ်းကြခြင်းသည် သဘာဝပေါက်ပွားနှုန်းကို ကျော်လွန်သွားသဖြင့် ငါးရှားပါးလာသည်။

သစ်တောနှင့် ငါးများနည်းတူ အခြားအခြားသော သယံဇာတများသည်လည်း ယင်းတို့နည်းနှင်နှင် လျှင်မြန်စွာ ကုန်ခန်းလာနေသည်။ လူတို့စွန့်ထုတ်လိုက်သော ဓာတ်ငွေ့များ၊ ရေဆိုးများ၏ ပမာဏများလွန်းလာ၍ သဘာဝက စွမ်းဆောင်ပေးခဲ့သော လေထုနှင့်ရေထု သန့်စင်ရေးစနစ်များ မနိုင်ဝန်ကိုထမ်းရသဖြင့် လေထု၊ ရေထု







ညစ်ညမ်းလာသည်။

ဤအခြေအနေ၌ ပညာရှင်တို့ စွမ်းဆောင်နိုင်သည်မှာ ထုတ်ယူသုံးစွဲနိုင်သော သယံဇာတပမာဏကို တွက်ချက်သတ်မှတ်ပေးခြင်း၊ ပြန်လည်ပြည့်တင်းနိုင်သည့် အချိန်ကာလကို ခန့်မှန်းပေးခြင်း စသည်တို့သာဖြစ်သည်။ သူတို့ အကြံပေးသည့်အတိုင်းလိုက်နာလျှင် သယံဇာတပြုန်းတီးခြင်း မရှိတော့ဘဲ သားစဉ်မြေးဆက် မပူမပင်သုံးစွဲနိုင်ကြမည်။ ရေရှည်ခံဖွံ့ဖြိုးရေးကိုရရှိနိုင်မည်။

သို့သော် နိုင်ငံအများအပြား၌ ကြုံနေရသည်မှာ ယင်းအခြေအနေနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ လုပ်ငန်းရှင်အများအပြားသည် မိမိတို့၏ ရေတို





အကျိုးစီးပွားတစ်ခုတည်းကို သာကြည့်၍ သစ်တောနှင့် အခြားသယံဇာတများကို ရနိုင်သလောက် ထုတ်ယူနေကြသည်။

သူတို့၏ လုပ်ရပ်ကို ဘဏ်စာရင်းတစ်ခုမှ ငွေထုတ်သုံးသည်နှင့် နှိုင်းယှဉ်သုံးသပ်နိုင်သည်။ ဘဏ်တွင် ထားရှိသောငွေပေါ်တွင် ရသောအတိုးကို ချင့်ချိန်သုံးစွဲဖို့ လိုအပ်သည်။ ငွေထပ်မသွင်းနိုင်သည့်တိုင်အောင် ရသမျှ အတိုးကိုသာ ထုတ်သုံးလျှင် ဘဏ်ထဲရှိငွေကို သားစဉ်မြေးဆက် သုံးနိုင်မည်။ ရသောအတိုးထက် ပိုထုတ်သုံးမိလျှင်မူ ရေရှည်တွင် အခက်တွေ့ရမည်။

နိုင်ငံအများအပြားတွင် သယံဇာတထုတ်ယူမှုသည် အတိုင်းအဆမရှိ များပြားနေသည်။ သစ်ပင်ခုတ်၍ အလျဉ်မီအောင်ပြန်စိုက်လျှင် သစ်တောမပြုန်းနိုင်သော်လည်း သတ္တုစသော



သယံဇာတများသည်မူ ပြန်လည်ဖြည့်တင်းရန် မဖြစ်နိုင်သည့်အတွက် ယင်းတို့ကို ထုတ်သုံးသည့် ပမာဏသည် ရာစုနှစ်နှင့်ချီ၍ ထုတ်သော်လည်း မကုန်နိုင်သည့် ပမာဏသာဖြစ်သင့်သည်။ ဉာဏ်နှင့်ယှဉ်၍ ချွေတာစွာထုတ်နိုင်မှ တော်ရုံကျမည်။ ဖွံ့ဖြိုးတိုးတက်ရေးဟုဆိုကာ အဆင်အခြင်မဲ့ထုတ်ယူခြင်းသည် ရေရှည်တွင် ဖွံ့ဖြိုးခြင်းမဟုတ်ဘဲ မွဲတေခြင်းသို့သာ ဦးတည်ရာရောက်သည်။

ယခု ခေတ်စားနေသည့် Sustainable Development သဘောတရားသည် လူ့ဘောင်ရေရှည်သာယာရေးကို ရည်ရွယ်သည်။ အချို့က Sustainable ကို စဉ်ဆက်မပြတ်ဟု ပြန်ဆိုကြသည်။ အမှန်မှာ ရေရှည်ခံဟု သုံးစွဲမှသာ မှန်သည်။ တိုးတက်မှုတစ်ခုသည် ရံခါ၌ ရပ်တန့်သွားနိုင်သည်။ ခေတ္တမျှ ဆုတ်ယုတ်သွားနိုင်သည်။ သို့သော် ဆုတ်ယုတ်ပြီးနောက် တစ်ကျော့ပြန်တိုးတက်မှုပမာဏသည် ခေတ္တဆုတ်ယုတ်မှုပမာဏကိုကျော်လွန်ကာ ယင်းဖြစ်စဉ်သည် ရေရှည်တွင် ကြီးပွားခြင်းသို့ ရောက်သည်။ ဘဏ်စာရင်းမှ ထုတ်သော ပမာဏသည် ရသောအတိုးထက် ကျော်သွား၍ ငွေလက်ကျန်နည်းသွားသော်လည်း ထုတ်သောငွေထက်ပို၍ မကြာမီပြန်လည်ပေးသွင်းစုဆောင်းနိုင်လျှင် ရေရှည်၌ အလားအလာကောင်းသည့် သဘောပင်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် အမြော်အမြင်ရှိသော နိုင်ငံ့ခေါင်းဆောင်များ၊ စီးပွားရေးသမားများသည် မိမိနိုင်ငံ ရေရှည်ခံဖွံ့ဖြိုးမှုကိုသာ အာရုံစိုက်ကြခြင်းဖြင့် မိမိနှင့်မိမိနိုင်ငံ၏ ရေရှည်တိုးတက်မှုအပြင် မိမိတို့၏ သားစဉ်မြေးဆက်များ မပူမပင် နေထိုင်နိုင်ရန် ကြိုးစားလုပ်ဆောင်ကြသည်။

ကျော်ဦး



# World toilet day

## 19 NOVEMBER

# သန့်ရှင်းကျန်းမာ တို့ကမ္ဘာ

နှင်း (မာယာ)

ကျွန်မက ခရီးသွားများသူတစ်ယောက်မို့ ပြည်တွင်း၊ ပြည်ပခရီးတွေသွားတိုင်း လမ်းခရီးမှာ သန့်စင်ခန်းတွေ သုံးရတာ အဆင်မပြေမှုလေးတွေ ကြုံလေ့ရှိပါတယ်။ မြန်မာပြည်မှာ မွေးဖွားကြီးပြင်းလာသူမို့ တော်ရုံအဆင်မပြေမှုတွေကို ကျော်လွှားနိုင်ပေမဲ့ သာမန်ထက်ပိုတဲ့ အဆင်မပြေမှုတွေ ရှိခဲ့ရင်တော့ စိတ်မသက်မသာ ဖြစ်ရစမြဲပါ။

နေ့စဉ် ဘဝရဲ့တစ်စိတ်တစ်ဒေသဖြစ်တဲ့အလျှောက် ဖွံ့ဖြိုးပြီးဒေသတွေမှာ ဖွံ့ဖြိုးတဲ့အလျောက် သန့်စင်ခန်းအတွက် ကိန်းကြီးခန်းကြီးနိုင်သူတွေရှိသလို မဖွံ့ဖြိုးသေးတဲ့ ဒေသတွေမှာတော့ ဘဝကိုရောင့်ရဲလွန်းစွာ ဖြတ်သန်းနေသူတွေကို တွေ့ရပါတယ်။

မြို့ပြမှာ ကြီးပြင်းသူတွေပီပီ ကျန်းမာရေးရှုထောင့်ကကြည့်လို့ သန့်စင်ခန်းဝင်မယ်ဆိုတိုင်း ဇီဇာကြောင်တတ်သူ စိုးရိမ်ပူပန်တတ်သူ သူငယ်ချင်းမလေးတွေလည်း ကျွန်မတို့ ပတ်ဝန်းကျင်မှာ ဒုနဲ့ဒေးပါပဲ။

"ညီမလေး အများသုံး သန့်စင်ခန်းတွေဝင်ရင် ဘိုထိုင်ပေါ် မထိုင်ခင် ရေအရင်ဆွဲချနော်၊ ကိုယ့်အရှေ့မှာ ဘယ်လိုလူသုံးသွားလဲဆိုတာ မသိနိုင်ဘူး။ သန့်စင်ခန်း ကမုတ်တွေကနေ ကူးစက်တတ်တဲ့ ရောဂါတွေရှိတယ်၊ ထိုင်ခုံကမုတ်ပေါ်မှာ တစ်ရှူးတွေ သေချာခင်းပြီးမှထိုင်နော်၊ သန့်စင်ခန်း သုံးပြီးတိုင်း လက်ဆေးဦး"

"သူငယ်ချင်းရေ တတ်နိုင်သလောက် အများသုံး သန့်စင်ခန်းတွေကို ရှောင်နိုင်ရင် ရှောင်ပါ၊ ခုခေတ်ကြီးမှာ ကူးစက်ရောဂါတွေဆိုတာကလည်း များပါဘိနဲ့၊ မသုံးမဖြစ်လို့ သုံးမယ်ဆိုလည်း ပိုးသတ်ဆေးပါတဲ့ လက်ကိုင်ပဝါ အစိုထုတ်လေး ( wet tissue) တွေ ဆောင်ထား၊ ဘိုထိုင်ကို မထိုင်ခင် လက်ကိုင်ပဝါအစိုလေးနဲ့ အရင်သုတ်လေ"

အချို့သော သူငယ်ချင်းမလေးတွေကတော့ သန့်စင်ခန်းကို အညစ်အကြေးစွန့်တဲ့ နေရာတစ်ခုထက်ပိုလို့ မွမ်းမံတတ်ကြသူတွေ။ ဘယ်သူ

ဘယ်ဝါအိမ်က ရေချိုးခန်းလေးက ဘယ်လို၊ သန့်စင်ခန်းလေးက ဘယ်လို၊ သန့်စင်ခမ်းနားကြောင်း တခုတ်တရပြောကြသလို ကိုယ်ပိုင်သန့်စင်ခန်းလေးတွေကိုလည်း အတတ်နိုင်ဆုံး အလှဆင်တတ်သူတွေ။

သန့်စင်ခန်းမှာဖျန်းတဲ့ အမွှေးဘူး၊ သန့်စင်ခန်းသုံး ပရုတ်လုံး သန့်စင်ခန်းသုံး ရေမွှေးပန်းမန်တွေဝယ်ပြီး သန့်စင်ခန်းကို အလှဆင်လို့မဆုံးနိုင်ကြတော့။

တစ်ခါတစ်ရံ စကားစပ်မိလို့ သန့်စင်ခန်းတွေအကြောင်းပြောဖြစ်တိုင်းလည်း ဘဝမှာ အမြဲတမ်းအမှတ်ရစေခဲ့တဲ့ သန့်စင်ခန်းအတွေ့အကြုံတွေကို ဖလှယ်ကြပြန်သေးတာ။

ကမ္ဘာကြီးဟာ
စက္ကန့် ၂၀ မှာ
ကလေးငယ်တစ်ယောက်နှုန်း
ဆုံးရှုံးနေပါတယ်။
ဒါဟာ အညစ်အကြေး
စွန့်စနစ် ချို့တဲ့မှုကြောင့်ပါ။
တစ်နှစ်လုံးအတိုင်းအတာနဲ့ဆိုရင်
တစ်နှစ်ကို ၁ ဒသမ ၂ သန်းနှုန်းပေါ့။
ဒါဟာ ထိထိရောက်ရောက်
ကြိုတင်ကာကွယ်တားဆီးနိုင်ပါရက်နဲ့
ဆုံးရှုံးနေတဲ့ ပမာဏပါပဲ။

ကျွန်မကိုယ်တိုင်လည်း လွန်ခဲ့တဲ့သုံးနှစ်လောက်က ကျွန်မတို့မြို့လေးနဲ့ သိပ်မဝေးလှတဲ့ မြို့လေးမှာရှိတဲ့ မြန်မာဇနီးမောင်နှံနှစ်ဦးဆီကို သွားလည်ရင်း အိမ်ရှင်ကို ခွင့်တောင်းလို့ သန့်စင်ခန်းသုံးခဲ့ဖူးပါသည်။

ဧည့်ခန်းနဲ့ ကပ်လျက်မှာရှိတဲ့ သန့်စင်ခန်းကို တံခါးဖွင့်လိုက်တာနဲ့ မွှေးပွကောဇောအပြည့်ခင်းထားတဲ့ သန့်စင်ခန်းလေးက ကျွန်မကို ဆီးကြိုနေခဲ့သည်။ ရုတ်တရက်ဆိုသလို ထူးခြားလှတဲ့ သန့်စင်ခန်းအပြင်အဆင်ကြောင့် အံ့သြသွားမိသလို အခန်းများ မှားလေရော့သလားလို့ အတွေးဝင်ပြီး ထိတ်လန့်သွားမိသည်။ ကျွန်မတို့ကို ဧည့်ခံနေတဲ့ ဧည့်ခန်းကျယ်ကြီးထဲမှာတောင် မွှေးပွကော်ဇောကို ခန်းလုံးပြည့်ခင်းထားတာ မတွေ့ခဲ့ရ။

ဒါပေမဲ့ သန့်စင်ခန်းလေးထဲမှာ ပြင်ဆင်ထားတာကတော့ သာမန်အိမ်တစ်အိမ်ရဲ့ သန့်စင်ခန်းရယ်လို့ မယုံနိုင်စရာ။ ခန်းလုံးပြည့်ခင်းထားတဲ့ မွှေးပွကော်ဇောမီးခိုးရောင်ဖျော့ဖျော့လေးရယ်၊ အိမ်တွင်းအလှစိုက်တဲ့ ရွက်လှပင်ပုစိမ်းစိမ်းလေးတွေရယ်၊ နံရံကပ်စာအုပ်စင်ဖြူဖြူလေးတွေရယ်၊ လက်ဆေးကန်လေးပေါ်က ပန်းအိုးဖြူလေးရယ်၊ ပန်းခြောက်လေးတွေထည့်ထားတဲ့ ခွက်လှလှလေးတွေရယ်၊ အိမ်သာကမုတ်ထဲမှာလည်း ပရုတ်ပါတဲ့ အမွှေးနံ့တစ်မျိုးသုံးထားမှန်း သိသာစေတဲ့ ရေအပြာရောင်လေးရယ်၊ အခန်းထဲမှာ တပ်ဆင်ထားတဲ့ အော်တိုမက်တစ် ရေမွှေးဖျန်းစက်ကလေးရယ် စုံစုံလင်လင် လှလှပပ အလှဆင်လို့။

ရေချိုးခန်းတွေ အိမ်သာတွေဆိုတာ အိမ်တွေမှာ စိုထိုင်းမှုအများဆုံးမို့ ရောဂါပိုးမွှားအများဆုံးခိုအောင်းတတ်တဲ့ နေရာရယ်လို့ သတ်မှတ်ထားကြတာကိုကြားဖူးခဲ့တာ။ ဒါ့ကြောင့်လည်း အိမ်ရှင်မအများစုက ရေချိုးခန်းတွေ၊ သန့်စင်ခန်းတွေကို အတတ်နိုင်ဆုံး ခြောက်သွေ့အောင် ထိန်းသိမ်းဂရုစိုက်နေကြ။ ဒါပေမဲ့ သန့်စင်ခန်းကို ခန်းလုံးပြည့် ကောဇောခင်းထားတာမျိုးတော့ ဘယ်မှာမှ မတွေ့ဖူး၊ မမြင်ဖူးခဲ့ပါ။

ဒါ့ကြောင့်လည်း မြန်မာမိတ်ဆွေအိမ်က လှပချစ်စဖွယ် သန့်စင်ခန်းလေးကိုတွေ့ပြီး ကတည်းက ကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဟိုတယ်ကြီးတွေ ရောက်တာတောင် သူတို့ရဲ့ သန့်စင်ခန်းတွေကို ခမ်းနားလှပတယ်လို့ မခံစားမိတော့။

တကယ်တော့ ကျွန်မတို့ မြို့လေးမှာရှိတဲ့ ဈေးဝယ်စင်တာတွေမှာ သန့်စင်ခန်းတွေကို ခမ်းခမ်းနားနား လှလှပပ ပြင်ဆင်ထားတတ်တာများသည်။ ကမ္ဘာ့အကြီးဆုံး ဈေးဝယ်စင်တာရယ်လို့ သတ်မှတ်ထားတဲ့ ဒူဘိုင်းမောလ်ရဲ့ သန့်စင်ခန်းအတွင်းပိုင်း အပြင်အဆင်တွေကတော့ လိုအပ်တာထက် ခမ်းနားထည်ဝါလှသည်။ ဆိုဖာရှည်ကြီးတွေကို သန့်စင်ခန်းအဝင်ဝမှာတွေ့ရပြီး သန့်စင်ခန်းတွေအားလုံးကလည်း ခြောက်သွေ့သန့်ရှင်းလွန်းလှသည်။ ပန်းအိုးကြီးတွေထဲမှာ ပန်းပွင့်ခပ်ကြီးကြီးတွေနဲ့ အလှဆင်ထားတာမို့ ကျွန်မတို့မိန်းမသားတွေကို မငေးမောဘဲ မနေနိုင်အောင်ကို ဆွဲဆောင်နိုင်လွန်းသည်။

မကြာသေးခင်က ဈေးဝယ်စင်တာတစ်ခုကိုရောက်တော့ အများသုံးသန့်စင်ခန်းတစ်ခုကို ရောက်ခဲ့ရပြန်သည်။ သန့်စင်ခန်း အဝင်ဝက ဆိုဖာခုံပေါ်ထိုင်ပြီး သူငယ်ချင်းတစ်ယောက်ကို စောင့်နေရင်း သန့်စင်ခန်းတာဝန်ခံ ချာတိတ်မလေး သန့်ရှင်းရေးလုပ်နေတာကို ဘာရယ်မဟုတ် ငေးမောမိသည်။

အခန်းငယ်လေး ၁၂ ခန်းလောက်ရှိတဲ့ သန့်စင်ခန်းကျယ်ကြီးထဲမှာ သူမဝန်ဆောင်မှုပေးနေပုံက ထူးခြားလှသည်။ သန့်စင်ခန်းထဲက တစ်ယောက်ထွက်လာတိုင်း သန့်စင်ခန်းထဲကို အပြေးအလွှားဝင်သွားပြီး ခြောက်သွေ့နေတဲ့ ကြမ်းခင်းကို ထပ်ကာထပ်ကာသုတ်ပြီး ခြောက်



သွေ့စေသည်။ ဘိုထိုင်အိမ်သာရဲ့ ထိုင်ခုံပေါ်ကို ပိုးသတ်ဆေးတစ်မျိုးဖျန်း အဝတ်စနဲ့ ခပ်နာနာ ပွတ်တိုက်ပြီး ခြောက်သွေ့စေသည်။ ပြီးတော့ ဘိုထိုင်ကိုမတင်လိုက်ပြီး ကမုတ်ကိုပါ ပိုးသတ်ဆေးထပ်ဖျန်းပြီး စေ့စေ့စပ်စပ် ပွတ်တိုက်ပြီး သန့်ရှင်းရေးလုပ်ပြန်သည်။

သန့်စင်ခန်းတစ်ခန်းချင်းစီကို သူမစိတ်တိုင်းကျ သန့်ရှင်းရေးလုပ်ပြီးမှ နောက်ကရောက်လာသူတွေကို ဝင်ခွင့်ပြုသည်။ တစ်ယောက်ဝင်ပြီးတိုင်း တစ်ခါ စနစ်တကျ သန့်ရှင်းရေးလုပ်ပေးနေတဲ့ ကလေးမလေးကိုကြည့်ပြီး အိုး မိုင်ဂေါ့လို့ နှုတ်ဖျားမှ မရေရွတ်ဘဲမနေနိုင်။ သာမန် သန့်ရှင်းရေးဝန်ထမ်းတစ်ယောက် မပေးနိုင်တဲ့ ဝန်ဆောင်မှုမျိုးကို ထူးထူးခြားခြား တွေ့လိုက်ရတာမို့ အာရှသူချာတိတ်မလေးကို မလေးစားဘဲ မနေနိုင်ခဲ့။

မြို့ပြအလွန်က မြို့ပြမှာ နေထိုင်သူတွေ သန့်စင်ခန်းတွေကို ကောင်းသထက်ကောင်းအောင် သန့်သည်ထက်သန့်အောင် မွမ်းမံပြင်ဆင် ခြယ်သနေကြတဲ့အချိန် တစ်ပြိုင်တည်းမှာပဲ ကျေးလက်နေလူတန်းစားတွေ ရင်ဆိုင်နေရတဲ့ အညစ်အကြေး စွန့်ဖို့အခက်အခဲတွေနဲ့ ရေအခက်အခဲတွေကို လူတိုင်းသတိမမူနိုင်ခဲ့ပါ။

အချို့အချို့သော မြို့ကြီးပြကြီးတွေမှာ အခြေခံပညာကျောင်းတွေမှာ ယနေ့အချိန်အထိ ကျောင်းသားဦးရေနဲ့ညီမျှတဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သန့်စင်ခန်းတွေရှားပါးနေဆဲ။ ကမ္ဘာတစ်ဝန်းလုံးမှာ သန့်စင်ခန်းအခက်အခဲတွေကြောင့် ကျောင်းမတက်နိုင်ကြတဲ့ ကျောင်းသူတွေရဲ့ ကျောင်းခေါ်ချိန် ပျက်ကွက်မှုက ၁၁ ရာခိုင်နှုန်းအထိ မြင့်နေခဲ့သည်။

"ကျွန်တော့်သမီးလေးက သန့်စင်ခန်းအခက်အခဲကြောင့် မုန့်စားနားတဲ့အချိန်တွေမှာ အိမ်ကိုပြန်လာပြီး သန့်စင်ခန်းသုံးရပါတယ်။ တကယ်တော့ သန့်စင်ခန်းဟာ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတစ်ခုပါပဲ။ အထူးသဖြင့် ကျောင်းတက်နေတဲ့ ကလေးတွေအတွက် စာသင်ဖို့ ခဲတံနဲ့စာအုပ်တွေလိုအပ်သလို သန့်ရှင်းတဲ့ သန့်စင်ခန်းတွေလည်း မရှိမဖြစ် လိုအပ်ပါတယ်။ ကျွန်တော်တို့ စမတ်ဖုန်းတွေ၊ Social Network တွေ၊ အင်တာနက်တွေမရှိဘဲ နေလို့ရပါတယ်။ ဒါပေမဲ့ သန့်စင်ခန်းမရှိဘဲနဲ့တော့ ဘယ်လိုမှ နေလို့မရနိုင်ပါဘူး"

ကမ္ဘာကြီးဟာ စက္ကန့် ၂၀ မှာ ကလေးငယ်တစ်ယောက်နှုန်း ဆုံးရှုံးနေပါတယ်။ ဒါဟာ အညစ်အကြေးစွန့်စနစ် ချို့တဲ့မှုကြောင့်ပါ။ တစ်နှစ်လုံး အတိုင်းအတာနဲ့ဆိုရင် တစ်နှစ်ကို ၁ ဒသမ ၂ သန်းနှုန်းပေါ့။ ဒါဟာ ထိထိရောက်ရောက် ကြိုတင်ကာကွယ်တားဆီးနိုင်ပါရက်နဲ့ ဆုံးရှုံးနေတဲ့ ပမာဏပါပဲ။ စနစ်မကျတဲ့ အညစ်အကြေးစွန့်စနစ်တွေကြောင့် မသန့်ရှင်းတဲ့ အစားအစာတွေနဲ့ မသန့်ရှင်းတဲ့ရေတွေကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါတွေ ရလာမယ်။ ဒါ့ကြောင့် လူတိုင်းစေ့ သန့်ရှင်းတဲ့ သန့်စင်ခန်းတွေ သုံးနိုင်ဖို့ တကယ်ကို လိုအပ်ပါတယ်"



"ကျေးလက်ဒေသကလူတွေက သန့်စင်ခန်း (အိမ်သာ)တွေနဲ့ မယဉ်ပါးကြဘူး။ ဘယ်လိုသုံးရမှန်းလည်း မသိကြဘူးလေ။ ဒီတော့ ကျေးလက်မှာ အိမ်သာတွေဆောက်ပေးရုံနဲ့ မပြီးသေးဘူး။ ပြည်သူတွေကို သန့်စင်ခန်းတွေနဲ့ ပတ်သက်တဲ့ အသိပညာတွေ ဝေမျှပေးဖို့လည်း လိုအပ်ပါတယ်။ ဒါမှ သူတို့ တကယ့်လိုအပ်ချက်ကိုသိပြီး စနစ်တကျ သုံးတတ်မှာပေါ့။ အဲလိုမှ မဟုတ်ရင် ခင်ဗျားတို့ဆောက်ပေးလိုက်တဲ့ အိမ်သာတွေ၊ ရေချိုးခန်းတွေကို အသီးအနှံတွေလှောင်တဲ့ စတိုခန်းလုပ်ပြီး ကိုယ်တော်ချောတွေက ထုံးစံအတိုင်း တောတိုးနေကြဦးမှာဗျ"

"အိမ်တစ်အိမ်မှာ စနစ်တကျ ဆောက်ထားတဲ့ သန့်စင်ခန်း မရှိဘူးဆိုရင် အဲဒီအိမ်မှာနေတဲ့ အမျိုးသမီးတွေ သမီးငယ်တွေ သိပ်ကိုအရုပ်ဆိုး အကျည်းတန်တာပဲ၊ သိက္ခာမဲ့ရတယ် အရှက်မဲ့ရတယ်၊ ဒါ့ကြောင့် အိန္ဒိယနိုင်ငံမှာ No Toilet, No Bride ဆိုပြီး ကမ်ပိန်းတွေ လုပ်ကြသေးတယ်"

"အိမ်သာရယ်လို့
စနစ်တကျမရှိတဲ့
ဒေသတွေမှာ
လူတွေအလွယ်အကူ
အညစ်အကြေးစွန့်တတ်တဲ့
နေရာတွေဟာရေအရင်းအမြစ်၊
အစားအသောက်
အရင်းအမြစ်တွေရဲ့အနီးအပါး
ပတ်ဝန်းကျင်တွေပါ။
အဲဒီလိုစနစ်မကျတဲ့
အညစ်အကြေးစွန့်သူများကြောင့်
ကူးစက်ရောဂါတွေနဲ့
အမည်မတပ်နိုင်တဲ့
ရောဂါတွေကြောင့်
အသက်ဆုံးရှုံးသူတွေ
မရေမတွက်နိုင်အောင်
ရှိခဲ့ပါတယ်။


အစည်းအဝေးတွေ အလုပ်ရုံဆွေးနွေးပွဲတွေမှာ သန့်စင်ခန်းတွေရဲ့ အရေးပါပုံနဲ့ပတ်သက်ပြီး တွင်တွင်ကျယ်ကျယ် ပွင့်ပွင့်လင်းလင်းဆွေးနွေးလာကြပြီ။ အမျိုးသမီးလေးတွေ သန့်စင်ခန်းကို ဣန္ဒြေရရ သုံးနိုင်ဖို့ လူမှုရေး စိတ်ဓာတ်ရှိသူတွေက ကိုယ်ထူကိုယ်ထ ကူညီ အားပေး ကြ ပညာပေးကြ စည်းရုံးလှုံ့ဆော် လာကြပြီ။

နိုဝင်ဘာလ ၁၉ ရက်နေ့ကို ကမ္ဘာ့သန့်စင်ခန်းနေ့အဖြစ် သတ်မှတ်ပြီး ၂၀၀၁ ခုနှစ်မှ စတင်ကာ ကမ္ဘာအနှံ့အပြားမှာ တွင်တွင်ကျယ်ကျယ် ကျင်းပလာခဲ့ကြတာလည်း ၁၄ နှစ်တိတိရှိခဲ့ပြီ။

ကမ္ဘာ့သန့်စင်ခန်း အဖွဲ့အစည်းမှ ကြီးမှူးပြီး ကမ္ဘာ့ သန့်စင်ခန်းကောလိပ်ကို ၂၀၀၅ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး သန့်စင်ခန်းတွေနဲ့ ဆက်နွယ်နေတဲ့ သင်ရိုးတွေကို ကမ္ဘာ့သန့်စင်ခန်းကောလိပ်မှာ ပြဋ္ဌာန်းသင်ကြားပေးနေခဲ့ပြီ။

၂၀၀၁ ခုနှစ်ကစလို့ World Toilet Summit ကို နိုင်ငံတကာမှာ နှစ်စဉ်ကျင်းပခဲ့သလို ၂၀၁၄ နိုဝင်ဘာလမှာလည်း အိန္ဒိယနိုင်ငံ ဒေလီမြို့မှာ ကျင်းပဖို့ တာစူနေကြပြီ။ လက်ရှိ အိန္ဒိယနိုင်ငံမှာ လူ၂ ယောက်မှာ ၁ ယောက်ဟာ စနစ်တကျ သန့်စင်ခန်းသုံးစွဲခွင့်မရသေး။ အိန္ဒိယနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာအရ လူဦးရေရဲ့ တစ်ဝက်တိတိဟာ သန့်ရှင်းတဲ့ရေ သန့်ရှင်းတဲ့ သန့်စင်ခန်းတွေနဲ့ ဝေးနေဆဲ။

သန့်စင်ခန်း အခက်အခဲတွေ၊ ရေရှားပါးမှု



တွေနဲ့ပတ်သက်ပြီး တွင်တွင်ကျယ်ကျယ် လှုပ်ရှားလာကြတဲ့ အဖွဲ့အစည်းတွေ ကိုယ်ထူကိုယ်ထ ကြိုးပမ်းနေသူတွေကြားမှာ Matt Damon ကို လွန်ခဲ့တဲ့ရက်ပိုင်းက တွေ့ခဲ့ရပါသေးတယ်။

လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေပန်းစားနေခဲ့တဲ့ Ice Bucket Water Challenge (ရေခဲရေလောင်းပြီး စိန်ခေါ်တဲ့ အစီအစဉ်လေး) အကြောင်းကို စိတ်ဝင်တစားနဲ့ လိုက်ကြည့်မိရာက ထူးခြားတဲ့ စိန်ခေါ်သူတစ်ယောက်ကို မထင်မှတ်ဘဲ တွေ့လိုက်ရပါတယ်။ တကယ်တော့ ဒီအစီအစဉ်လေးဟာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ အနုပညာနယ်ပယ်တွေက နာမည်ကျော်တွေဦးဆောင်ပြီး ALS လို့ခေါ်တဲ့ ဝေဒနာခံစားနေရသူတွေအတွက် ရန်ပုံငွေရှာတဲ့ အစီအစဉ်လေးတစ်ခုလို့ ပြောလို့ရပါတယ်။

Matt Damon ကတော့ သူများတွေလို အသင့်ခပ်ယူလာတဲ့ ရေပုံးထဲက ရေကို လောင်းချတာမျိုးမဟုတ်ဘဲ သူ့ရေချိုးခန်းထဲမှာရှိတဲ့ အိမ်သာကမုတ်ထဲက ရေတွေကို ရေခဲပုံးထဲကို တစ်ခွက်ချင်းခပ်ထည့်ပြီး ရေခဲရေလောင်းတဲ့ စိန်ခေါ်မှုကိုသူများနဲ့ မတူအောင် ထူးထူးခြားခြား တင်ဆက်ခဲ့ပါတယ်။

အိမ်သာကမုတ်ထဲက ရေတွေကို ခွက်ကလေးနဲ့တစ်ခွက်ချင်းခပ်ထည့်ရင်း

"ကျွန်တော် ဒီကမုတ်ထဲကရေကို သုံးပြီး စိန်ခေါ်မယ်ဆိုတော့ ကျွန်တော့်အမျိုးသမီးက သိပ်ကိုရွံစရာကောင်းတယ်လို့ ဆိုခဲ့ပါတယ်။ တကယ်တော့ အခုကျွန်တော်တို့ အသုံးပြုနေတဲ့ အိမ်သာကမုတ်ခွက်ထဲက ရေတွေဟာ အချို့အချို့သော အရပ်တွေမှာ လူတွေသောက်သုံးနေရတဲ့ ရေတွေထက် အများကြီး သန့်ရှင်းပါသေးတယ်။ ကမ္ဘာပေါ်မှာ ရေချိုရေသန့်အတွက် အခက်တွေ့နေသူ အရေအတွက်ဟာ မီလျံ ၈၀၀ လောက်ရှိနေပါတယ်။ ၂၀၁၃ ခုနှစ်အထိ ကမ္ဘာပေါ်မှာ အိမ်သာမရှိဘဲ အညစ်အကြေးစွန့်တဲ့ အခက်အခဲကို ရင်ဆိုင်နေရသူ ၂ ဒသမ ၅ ဘီလျံအထိ ရှိနေသေးတယ်ဆိုတာ ခင်ဗျားတို့ သိကြရဲ့လား"

"အိမ်သာရယ်လို့ စနစ်တကျမရှိတဲ့ ဒေသတွေမှာ လူတွေ အလွယ်အကူ အညစ်အကြေးစွန့်တတ်တဲ့နေရာတွေဟာ ရေအရင်းအမြစ်၊ အစားအသောက် အရင်းအမြစ်တွေရဲ့ အနီးအပါးပတ်ဝန်းကျင်တွေပါ။ အဲဒီလို စနစ်မကျတဲ့ အညစ်အကြေးစွန့်သူများကြောင့် ကူးစက်ရောဂါတွေနဲ့ အမည်မတပ်နိုင်တဲ့ ရောဂါတွေကြောင့် အသက်ဆုံးရှုံးသူတွေ မရေမတွက်နိုင်အောင် ရှိခဲ့ပါတယ်။ ဒီအခက်အခဲတွေကို စာနာနားလည်နိုင်စေဖို့ ရည်ရွယ်ချက်နဲ့ အိမ်သာကမုတ်ထဲက ရေကိုသုံးပြီး စိန်ခေါ်ရတာပါ" လို့ သူက ဆိုခဲ့ပါတယ်။




သန့်စင်ခန်းနဲ့ ပတ်သက်တဲ့ စိတ်ဝင်စားစရာ အချက်အလက်တွေကတော့

(၁) သန့်စင်ခန်းသုံးစက္ကူတွေကို ပထမဆုံးမှာယူသုံးစွဲသူတွေက တရုတ်လူမျိုးတွေဖြစ်ပြီး အေဒီ ၁၃၉၁မှာ အိမ်သာသုံးစက္ကူတွေကို စသုံးခဲ့ပါတယ်။ စတင်သုံးစွဲစဉ်ကာလတုန်းက တစ်ရှူးစအရွယ်အစားဟာ တစ်ရွက်ကို နှစ်ပေကနေ သုံးပေအထိ ရှိပါတယ်

(၂) ၁၈၉၀ ခုနှစ်မှာ Scott Paper Company က ယခုလက်ရှိမှာ အလုပ်ပြုနေကြတဲ့ တစ်ရှူးလိပ်တွေကို စတင်ထုတ်လုပ်ခဲ့ပါတယ်။

အိမ်သာသုံးစက္ကူတွေ မပေါ်ခင် အစောပိုင်းကာလတွေတုန်းက အမေရိကန်နိုင်ငံမှာ သတင်းစာ၊ ဂျာနယ်တွေ၊ ကတ်တလောက်တွေကို အသုံးပြုခဲ့ကြပါတယ် ဟာဝိုင်အီမှာတော့ အုန်းဆံခွံတွေကို အသုံးပြုခဲ့ကြပါတယ်။

(၃) အင်္ဂလန်နိုင်ငံသားတွေဟာ တစ်နေ့ကို ခြောက်ကြိမ်ကနေ ရှစ်ကြိမ်အထိ သန့်စင်ခန်းသွားလေ့ရှိကြပါတယ်။ ပျမ်းမျှခြင်းအားဖြင့် တစ်နှစ်ကို သန့်စင်ခန်း အသုံးပြုတဲ့ အကြိမ်အရေအတွက် ၂၅၀၀ ခန့်ရှိပါတယ်။ ဒါ့ကြောင့် သာမန်လူတစ်ယောက်ဟာ ဘဝသက်တမ်းတစ်လျှောက်မှာ အိမ်သာထဲမှာ အချိန်သုံးနှစ်လောက် ကုန်ဆုံးစေခဲ့ပါတယ်။

(၄) လေ့လာတွေ့ရှိချက်တွေအရ အင်္ဂလန်နိုင်ငံရဲ့ လူဦးရေ ၈ သန်းကျော်ဟာ သန့်စင်ခန်းထဲမှာ လက်ကိုင်ဖုန်းသုံးလေ့ရှိကြပါတယ်။ လူဦးရေ ၇ သန်းကျော်ဟာ သူတို့လက်ကိုင်ဖုန်းတွေ အိမ်သာထဲကို ပြုတ်ကျဖူးတယ်လို့ ဝန်ခံကြပါတယ်။

(၅) လူအယောက် ၂၀ မှာ တစ်ယောက်သာ သန့်စင်ခန်းသုံးပြီးတိုင်း လက်ကို သေသေချာချာ ဆေးကြောလေ့ရှိပါတယ်။

(၆) နှစ်စဉ်နှစ်တိုင်း အမေရိကန်လူမျိုးလေးသောင်းခန့်ဟာ သန့်စင်ခန်းထဲမှာ ဒဏ်ရာအနာတရ ဖြစ်လေ့ရှိပါတယ်။

(၇) ပထမဆုံးအကြိမ် ကျား၊ မ သီးခြားသန့်စင်ခန်းကို ၁၇၃၉ ခုနှစ်မှာ ပြင်သစ်နိုင်ငံက ပွတ်ရှိပါတီမှာ စတင်သုံးစွဲခဲ့ပါတယ်။

(၈) ၁၉၉၂ ခုနှစ် စစ်တမ်းတွေအရ ကမ္ဘာပေါ်မှာ အဆိုးရွားဆုံး အများသုံးသန့်စင်ခန်းတွေကို အင်္ဂလန်နိုင်ငံမှာ တွေ့ရတယ်လို့ဆိုပါတယ်။ အင်္ဂလန်နိုင်ငံပြီးရင် အဆိုးရွားဆုံးအဆင့်ဒုတိယ၊ တတိယနဲ့ စတုတ္ထနေရာတွေကိုတော့ ယိုးဒယား၊ ဂရိနဲ့ ပြင်သစ်နိုင်ငံတွေလို့ ဆိုပါတယ်။

(၉) လူတစ်ယောက်ဟာ သန့်စင်ခန်းထဲမှာ တစ်နေ့ကို တစ်ရှူးပေပေါ ၅၇ ရွက်ခန့် သုံးစွဲကြတယ်လို့ ဆိုပါတယ်။

(၁၀) သွားဘက်ဆိုင်ရာ ကျန်းမာရေးပညာရှင်တွေက သွားပွတ်တံတွေကို အိမ်သာကမုတ်နဲ့ အနည်းဆုံး ၆ ပေလောက်ခွာပြီး သိမ်းဆည်းကြဖို့ အကြံပြုထားပါတယ်။

နှင်း (မာယာ)



### သင်စတင်လုပ်ဆောင်ရတော့မယ့်

# အရွယ်တင်နုပျိုမယ့် နည်းလမ်းများ

အေမီချို

အချို့သောသူတွေရဲ့ အသားအရေဟာ ရှိရင်းစွဲအသက်ထက် ပိုမိုရင့်ရော်နေတာကို တွေ့မြင်ရတတ်ပါတယ်။ ဒါဟာ လုပ်ငန်းခွင် စိတ်ပင်ပန်းမှု၊ ရာသီဥတုဒဏ်စတာတွေကြောင့် ဖြစ်တတ်သလို မိမိကိုယ်တိုင် ဂရုမစိုက်မှုတွေကြောင့်လည်း ဖြစ်တတ်ပါတယ်။ အခြားသူတစ်ဦးက မင်းအသက်ဘယ်လောက်ရှိပြီလဲဟု မေးလာတဲ့အခါမှာ ကိုယ့်အသက်အရွယ်ကိုပြောဖို့အတွက် စိုးရွံ့နေစရာမလိုပါဘူး။ အမှန်တော့ အသက်အရွယ်ဆိုတာ ကိန်းဂဏန်းတွေပဲ ဖြစ်တယ်ဆိုတာကို သင်နားလည်ထားဖို့ လိုအပ်ပါတယ်။ သင့်အသားအရေက နုနယ်စိုပြည်နေမယ်ဆိုရင်တော့ အသက်အရွယ်ကိန်းဂဏန်းတွေကို

သင်မေ့ထားလို့ရပါတယ်။ ဒါကြောင့် သင့်အသားအရေကို လေ့လာကြည့်လိုက်ပါ။ သင့်အသားအရေနဲ့ အခြေအနေကို သင်ကိုယ်တိုင် အားမရသေးဆိုရင်တော့ အခုဖော်ပြပေးမယ့် နည်းလမ်းလေးတွေကို လေ့လာပြီး ငယ်ရွယ်နုပျိုတဲ့အသွင်ကို ဖော်ဆောင်ကြည့်ရအောင်နော်။



## မှန်ကန်တဲ့ Skin Care Products များကို အသုံးပြုပါ

သင့်အသားအရေအတွက် Skin Care Product များကို ဈေးဝယ်ထွက်တဲ့အခါမှာ စွမ်းအားမြင့်ပါဝင်ပစ္စည်းတွေ ပါဝင်မှု ရှိ၊ မရှိကို ကြည့်ရှုရမှာ ဖြစ်ပါတယ်။ Skin Care ပစ္စည်းတစ်ခုကို ဝယ်တော့မယ်ဆိုရင် Label မှာ သင်ကြည့်ရမှာက အင်တီအောက်ဆီဒင့်ကို အားပေးတဲ့ ဗီတာမင်စီ၊ ဗီတာမင်စီဟာ အသား အရေ တောက်ပဖို့အတွက်လည်းအားပေးကူညီပါတယ်။ ဒါ့ပြင် အရေပြားတင်းရင်းဖို့အတွက် Collagen အသစ်များကို ဖြစ်ပေါ်စေပြီး ဆဲလ် အသစ်များဖြစ်ပေါ်မှုကိုလှုံ့ဆော်ပေးတဲ့ retinoids နဲ့ အရေပြားအပေါ်ယံမှ ဆဲလ်သေများကို ဖယ်ရှားရှင်းလင်းပေးတဲ့ alpha hydroxy acid စတဲ့ပစ္စည်း ၃ မျိုးပါဝင်မှု ရှိ၊ မရှိကိုကြည့်ပါ။ ဒီပါဝင်ပစ္စည်း ၃ မျိုး ပါဝင်ပြီဆိုရင်တော့ သင့်အသားအရေအတွက် အသုံးပြုသင့်တဲ့ Skin Care ပစ္စည်းဖြစ်တယ်ဆိုတာကို လက်ခံလိုက်နိုင်ပါပြီ။





## နေ့ရက်တိုင်းအတွက် SPF

နေပူတဲ့နေ့ ဖြစ်ပါစေ၊ မိုးရွာတဲ့နေ့ ဖြစ်ပါစေ၊ အပြင်ထွက်ပြီဆိုရင်တော့ နေရောင်ကာခရင်မ်ကို မမေ့မလျော့ အသုံးပြုပေးရမှာ ဖြစ်ပါတယ်။ နေရောင်ကာခရင်မ်ဟာ တစ်ခါတစ်ရံမဟုတ်ဘဲ နေ့စဉ် သင်အသုံးပြုရမယ့်အရာပဲ ဖြစ်ပါတယ်။ နေရောင်ကာခရင်မ်ကို အသုံးပြုခြင်းဖြင့် နေရောင်ခြည်ကြောင့် အသားအရေ ထိခိုက် ပျက်စီးမှု၊ အရေးကြောင်းများဖြစ်ပေါ်မှုကို သက်သာစေရုံမက အရေပြားကင်ဆာဖြစ်လာနိုင်မှုကိုလည်း တားဆီးကာကွယ်ပေးပါတယ်။ အနည်းဆုံး SPF 30 ပါဝင်တဲ့ နေရောင်ကာခရင်မ်မျိုးကို အသုံးပြုသင့်ပါတယ်။





## ပေါ့ပါးတဲ့ Foundation မျိုးကို သုံးပါ

Heavy Foundation တွေက အသားအရေကို ထူပျစ်သွားစေပြီး တစ်ခါတစ်ရံမှာ မညီမညာနဲ့ ကွက်နေတတ်တာမျိုး ဖြစ်သင့်ပါတယ်။ ဒါကြောင့် အစိုဓာတ်ထိန်းခရင်မ်ပါဝင်တဲ့ Foundation အမျိုးအစား၊ ဒါမှမဟုတ် အရောင်ပါတဲ့ အစိုဓာတ်ထိန်းခရင်မ်မျိုးကို အသုံးပြုပေးပါ။ ပေါင်ဒါကို အောက်ခံအဖြစ် လိမ်းခြင်းကိုတော့ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ အရေပြားပညာရှင်တွေရဲ့ အကြံပြုချက်ကတော့ Foundation မလိမ်းမီ Primer ကို အသုံးပြုပေးပါလို့ ဆိုထားပါတယ်။ Primer က Foundation ကို ပိုမိုချောမွေ့နူးညံ့စေပါတယ်။ ဒါ့ပြင် မျက်နှာပြင်ပေါ်မှာရှိတဲ့ အရေးကြောင်းများ၊ အချိုင့်အခွက်များနှင့် အမည်းစက်များကို သက်သာလျော့ပါး



စေနိုင်ပါတယ်။

**ကျန်းမာစိုပြည်တဲ့ အရေပြားအသွင်**

အချို့သူတွေဟာ မျက်နှာနဲ့ခန္ဓာကိုယ်ခြေလက်များရဲ့ အသားအရေဟာ ညီညွတ်မျှတမှု မရှိဖြစ်နေတတ်ပါတယ်။ သင့်ရဲ့ လက်ခေါက်၊ လက်ဆစ်နေရာတွေ၊ ခြေချင်းဝတ်၊ ခြေဖဝါးနဲ့ ခြေထောက်အသားအရေမှာ အစင်းကြောင်းတွေ၊ အစက်အပြောက်တွေရှိနေပြီဆိုရင်တော့ သင့်မျက်နှာပြင်ကို ပုံမှန်ဂရုစိုက်သလိုမျိုး၊ သင့်ခန္ဓာကိုယ်ခြေလက်များကိုလည်း အမြန်ဆုံး ဂရုပြုသင့်ပြီဆိုတာ သိရပါတယ်။ ဒီပြဿနာနဲ့ ပတ်သက်လို့တော့ အရေပြားပညာရှင်တွေက Self - tanner ကို အသုံးပြုပေးခြင်းက အသားအရေကို ချက်ချင်းကျန်းမာစိုပြည်သွားတဲ့အသွင်ကို ထင်ဟပ်မြင်သာစေပါတယ်။ သို့သော်လည်း တကယ်တမ်းကျန်းမာစိုပြည်ဖို့အတွက်ဆိုရင်တော့ ပုံမှန်ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပါတယ်။

**တောက်ပြောင်တဲ့အမှုန်အလတ်များကို ရှောင်ပါ။**

တောက်ပတဲ့ မျက်ဝန်းအသွင်က ရဲရင့်တဲ့အသွင်ကို ပေါ်လွင်စေတယ်ဆိုပေမဲ့လည်း သင့်အသားအရေဟာ ဆယ်ကျော်သက်အရွယ်လို တင်းရင်းနေတာမဟုတ်တဲ့အတွက် တောက်ပြောင်တဲ့အမှုန်အလက်များပါဝင်တဲ့ Eye Shadow မျိုးကို အသုံးမပြုသင့်ပါဘူး။ အမှုန် အလက်များပါဝင်တဲ့ Eye Shadow က သင့်မျက်ဝန်းတစ်ဝိုက်အရေပြားမှာရှိတဲ့ အရေးကြောင်းတွေကို ပိုမိုသိသာပေါ်လွင်စေပါတယ်။ သဘာဝဆန်ဆန်လင်းစေမယ့် အရောင်နဲ့ အနက်ရောင် Shade တို့ပေါင်းစပ်ထားတဲ့ အရောင်မျိုးက သင့်ရဲ့မျက်ခွံတွေကို ပိုမိုနုပျိုသွားစေပါတယ်။ မျက်ခမ်းအနားသတ်အတွက် လိုင်နာကို ရွေးချယ်ရာမှာတော့ အရည်အမျိုးအစားလိုင်နာကို အသုံးမပြုဘဲ ခဲတံအမျိုးအစားလိုင်နာကို အသုံးပြုပြီး နူးညံ့ညင်သာစွာ ပြုလုပ်ပေးပါလို့ ဆိုပါစေ။





**လိုတ်ဖတ်မှန်တန်တဲ့ မျတ်ခုံးမွှေးပုံသွင်းပါ။**

ဇာဂနာကို အသုံးပြုပြီး သင့်ရဲ့မျက်ခုံးမွှေးပုံစံကိုလည်း ပုံသွင်းရယူနိုင်ပါတယ်။ ညွတ်ကျနေတဲ့ မျက်လုံးပုံစံရှိသူတွေအတွက် မျက်ခုံးမွှေးပုံစံကို ခုံးခုံးလေးနဲ့ အဖျားပိုင်းကို အပြင်ဘက်သို့ အနည်းငယ်ချဲ့ပြီး ပုံသွင်းထားခြင်းက မျက်လုံးအိမ်လေးကိုပါ ပိုမိုကျယ်သွားသကဲ့သို့ ဖြစ်ပေါ်စေပါတယ်။ အရေးကြီးတဲ့အချက်တစ်ခုက မျက်ခုံးမွှေးကို ဇာဂနာနဲ့နုတ်ယူပုံသွင်းတဲ့အခါမှာ အရေပြားထိခိုက်မှုမရှိအောင်လို့ နူးညံ့ညင်သာစွာ ဖြည်းဖြည်းချင်းပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။

**သင့်ရဲ့လည်ဝင်းကိုလည်း မေ့မထားပါနဲ့**

သင့်ရဲ့ အသက်အရွယ်အိုမင်းလာမှုကို လျှင်မြန်စွာပြတဲ့နေရာကတော့ လည်ပင်းနေရာရှိ အရေပြားပဲဖြစ်ပါတယ်။ သင့်ရဲ့လည်ပင်းအရေပြားကို ပုံမှန်ထိန်းသိမ်းလာမှုမရှိဘူးဆိုရင်တော့ ထိတ်လန့်ကြောက်ရွံ့စရာ အရေပြားတွန့်လာမှုတွေကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သင့်ရဲ့မျက်နှာကိုသာမက လည်ပင်းအရေပြားကိုပါ နေ့စဉ် ပုံမှန်ထိန်းသိမ်းပေးဖို့ လိုအပ်ပါတယ်။ သင့်ခန္ဓာကိုယ်မှာရှိတဲ့ လည်ပင်းအရေပြားအစိတ်အပိုင်းကို ထိန်းသိမ်းစောင့်ရှောက်ဖို့ သင်လုပ်ဆောင်ရမယ့် အချက် ၃ ချက်ရှိပါတယ်။ ဒါတွေကတော့ နေ့စဉ် မနက်ခင်းတိုင်းနဲ့ ညပိုင်းတွေမှာ အစိုဓာတ်ထိန်းခရင်မ်ကို မှန်မှန်လိမ်းပေးပါ။ တစ်ပတ်လျှင် တစ်ကြိမ် (သို့) နှစ်ကြိမ်ခန့် ကြေးချွတ်ပေးပါ။ နေ့စဉ် နေရောင်ကာလိမ်းဆေး လိမ်းပေးပါဆိုတဲ့ အချက် ၃ ချက်ပဲ ဖြစ်ပါတယ်။

**လတ်အရေပြားကို ကာကွယ်ပါ**

လက်အရေပြားတွေ တွန့်နေခြင်းကလည်း သင့်ရဲ့အိုမင်းရင့်ရော်မှုကို ထင်သာမြင်သာရှိစေပါတယ်။ ဒါကြောင့် သင့်ရဲ့လက်အရေပြားကို ဂရုစိုက်ကာကွယ်ဖို့လည်း မမေ့ပါနဲ့လို့ သတိပေးပါရစေ။ ဒါကြောင့် အိုးခွက်ပန်းကန်တွေ ဆေးကြောတဲ့အခါမျိုးနဲ့ မကြာခဏလက်ကို စိုစွတ်စေမယ့်အခါမျိုးမှာ လက်အိတ်ကို ဂရုတစိုက်ဝတ်ဆင်သင့်ပါတယ်။ ဆပ်ပြာမှုန့်ကဲ့သို့ အရာမျိုးတွေမှာပါတဲ့ ဓာတုပစ္စည်းများရဲ့ ရေပူတွေဟာ လက်ရဲ့အပေါ်ယံအရေပြားတွေကို တိုက်စားထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် လက်အိပ်စွပ်ထားခြင်းက သင့်ရဲ့လက်အရေပြားကို ကာကွယ်ပေးရာရောက်ပြီး အရေပြားခြောက်သွေ့ခြင်း၊ အရေပြားနီရဲ ယားယံခြင်းမျိုးကို မဖြစ်ပေါ်စေပါဘူး။ ဒါ့အပြင် လက်အိပ်မစွပ်ခင်မှာ လက်အရေပြားကို Hand Cream လိမ်းပေးခြင်းက လက်အရေပြားအစိုဓာတ်ကို ထိန်းသိမ်းကာကွယ်ပေးရာ ရောက်ပါတယ်။ Hand Cream လိမ်းဖို့ မမေ့ပါနဲ့လို့ ဆိုပါရစေ။

အေမီချို



**သတို့သမီးလောင်းလေးတို့အတွက်**
**အလှအပ အကြံပြုချက်**

မင်္ဂလာပွဲရာသီဖြစ်တဲ့ ဒီချိန်ခါမှာ သတို့သမီး လုပ်ရတော့မယ့် ပျိုမေတို့အတွက် မင်္ဂလာပွဲနေ့မှာ လှပနေဖို့ဆိုတာ သိပ်ကိုအရေးကြီးတာပေါ့။ မင်္ဂလာပွဲကျင်းပချိန်မှာ ကိုယ်က အားလုံးရဲ့အာရုံ စိုက်ခံရသူဖြစ်လာမှာမို့ ကြည့်ကောင်းနေဖို့ ကြိုတင်ပြင်ဆင်မှုတွေလိုပါတယ်။ မင်္ဂလာပွဲနေ့

# လှပစိုပြည် ရတီမေ

မာဦး



မိတ်ကပ်ပြင်တာ၊ မင်္ဂလာဝတ်စုံရွေးတာတွေအပါ အဝင် တခြားပြင်ဆင်မှုတွေအားလုံးကို ဂရုတစိုက် လိုက်လုပ်နေတတ်ပေမဲ့ မေ့လျော့လို့ဖြစ်ဖြစ် ပြင်ဆင်ရတာတွေ များလွန်းလို့ဖြစ်ဖြစ် မလုပ်ဖြစ်တာကတော့ ကိုယ့်ရဲ့ကျန်းမာလှပခြင်းကိုပါပဲ။ ဒါကြောင့် သတို့သမီးလောင်းလေးတို့အတွက် အလှအကြံပြုချက်လေးတွေကို ဖော်ပြပေးလိုက်ပါတယ်။

**ကြည်လင်ချောမွေ့တဲ့ မျက်နှာလေး**

သတို့သမီးလောင်း လေးတွေ ကြုံရတတ်တဲ့ ပြဿနာတွေက ဟိုပြေး ဒီလွှားနဲ့နေလောင်၊ ညှိုမည်း၊ ဝက်ခြံထွက်၊ အိပ်ရေးမဝ၊ စိတ်ဖိစီးမှုဖြစ်ပြီး မျက်လုံးနဲ့ မျက်ခွံတွေအစ်စတဲ့ ပြဿနာတွေပါပဲ။ ဒါတွေကို မဖြေရှင်းနိုင်ရင် မိတ်ကပ်ကောင်းကောင်းခြယ်သမှုနဲ့ ဝတ်စုံလှလှက သင့်အလှကို အလုံအလောက်ပံ့ပိုးပေးနိုင်မှာ မဟုတ်ပါဘူး။ လှပဖို့အတွက်လည်း မိတ်ကပ်ကိုချည်း အားကိုးလို့ မဖြစ်ပါဘူး။



ဒါကြောင့် မျက်နှာသစ်ဆေးကို သုံးနေကျ ကိုယ်နဲ့တည့်တဲ့ မျက်နှာသစ်ဆေးရှိပြီးသားဆိုရင် အဲဒါကို ဆက်သုံးပါ။ သုံးနေကျမရှိရင် သဘာဝပစ္စည်းနဲ့ဖန်တီးထားတဲ့ နူးညံ့တဲ့မျက်နှာသစ်ဆေး ကိုပဲ ပုံမှန်သုံးပါ။ တစ်နေ့နှစ်ကြိမ်သေချာသစ်ပါ။ မျက်နှာသစ်ဆေးကို မျက်နှာပေါ်မတင်ခင် မျက်နှာကိုရေဆွတ်ပြီးမှ မျက်နှာသစ်ဆေးကို ထည့်ပြီးပွတ်ပါ။ မျက်နှာသုတ်ပဝါကို တစ်ပတ် ၂ ကြိမ်လျှော်ဖွတ်ပြီးသား လဲသုံးပါ။ မျက်နှာအသား အရေကြည်လင်နေဖို့ ညအိပ်ခင်မှာ အသင့် မျက်နှာပေါင်းတင်တဲ့ Mask လေးတွေဝယ်ကပ်နိုင်ပါတယ်။ မျက်နှာအသားအရေ တင်းရင်းဖို့ သဘာဝပစ္စည်းနဲ့ ပေါင်းတင်ချင်ရင်တော့ သန့်စင်ထားတဲ့မျက်နှာပေါ် ငှက်ပျောသီးမှည့်ကို လိမ်းပြီး မိနစ်နှစ်ဆယ်လောက်ကာရင် ရေဆေးပစ်ပါ။ မင်္ဂလာပွဲမတိုင်ခင် တစ်လျှောက်လုံး ၂ ရက်တစ်ခါ ၃ ရက်တစ်ခါ ပေါင်းတင်ပေးနိုင်ပါတယ်။ ခြောက်သွေ့တဲ့ အသားအရေပိုင်ရှင်တွေ မျက်နှာလေး ဝင်းလဲ့စေဖို့တော့ ပျားရည် ဒါမှမဟုတ် ဒိန်ချဉ်ကိုလိမ်းပေးပြီး ပေါင်းတင်နိုင်ပါတယ်။

**မျက်ဝန်းလှလှ**

အိပ်ရေးမဝရင် မျက်လုံးဝန်းကျင်က ဘယ်လိုမှမလှနိုင်ပါဘူး။ မင်္ဂလာပွဲနီးလေ အိပ်ရေးဝဖို့ လိုလေပါပဲ။ တကယ်လို့ မျက်ခွံကဖောင်းအစ်နေမယ်ဆိုရင် မင်္ဂလာပွဲနေ့မှာ တကယ့်ပြဿနာပါပဲ။ အဲဒီအတွက်က ရေခဲသေတ္တာထဲကို စတီးဇွန်းသန့်သန့်လေး ၂ ချောင်းလောက်ထည့်ထားရုံပါပဲ။ အဲဒီဇွန်းလေးတွေနဲ့ ဖောင်းအစ်နေတဲ့ မျက်ခွံလေးတွေကို ဖိပေးရင် အဆင် ပြေသွားပါလိမ့်မယ်။ မျက်လုံးအောက်နားက အဆင်မပြေတာတွေအတွက်တော့ ကြက်ဥအကာရည်ကို ၅ မိနစ် လောက်လိမ်းပြီး မျက်နှာသစ်ပစ်ပါ။



**လှပလိုက်ဖက်တဲ့ နှုတ်ခမ်းနဲ့အပြုံး**

တစ်သက်တာအတွက် မှတ်တမ်းဖြစ်သွား မယ့် မင်္ဂလာပွဲမှတ်တမ်းပုံထဲက ကိုယ့်အပြုံးမှာ ဖြူစင်တဲ့သွားလေးတွေ မှတ်တမ်းတင်ထားဖို့ အပြုံးလှဖို့ အရေးကြီးပါတယ်။ ပထမအချက်ဖြစ် တဲ့ သွားဖြူဖို့ကိုတော့ သွားကိုပုံမှန်တိုက်ဖို့ကတော့ မင်္ဂလာပွဲနီးလေလေ သွားကိုအလွယ်တကူ အရောင်စွန်းစေတဲ့ အစာတွေရှောင်ဖို့ပါပဲ။ သွား ကြွေလွှာကောင်းပြီးဖြူနေတဲ့သူတွေကတော့ ပုံမှန်



သွားတိုက်ရုံနဲ့ ရပါတယ်။ ထိခိုက်မခံလွယ်၊ ဝါလွယ်သူတွေအတွက်ကတော့ သွားကြေးကပ်လွယ်တဲ့ အစားအစာတွေကို ရှောင်ရမှာပါ။ ခံတွင်းနံ့မနံဖို့ကလည်း အရေးကြီးပါတယ်။ လှပတဲ့အပြုံးလေးအတွက်တော့ မိမိဓာတ်ပုံဟောင်းတွေက အပြုံးတွေရဲ့ အားနည်းချက်ကို ရှာကြည့်ပါ။ အလှဆုံး ပြုံးခဲ့တဲ့ပုံရိပ်လေးကို ကြည့်ပါ။ မိမိအကြိုက်ဆုံး မရှိရင်လည်း မှန်ထဲမှာ တစ်ယောက်တည်း ပြုံးကြည့်ပြီး အကောင်းဆုံး အလှဆုံး မိမိနဲ့အလိုက်ဖက်ဆုံးအပြုံးကို ရှာဖွေကြည့်ပါ။ ရပြီဆိုရင်တော့ ဒါက မင်္ဂလာပွဲနေ့အတွက် နောင်နေ့များအတွက် အလှဆုံးကိုယ့်







အပြုံးလေးကို ရပြီပေါ့။

**စိုပြည်တဲ့ အသားအရေ**

အသားအရေ မွဲခြောက်မှုမရှိအောင်တော့ ရေများများသောက်၊ အိပ်ရေးဝအောင်အိပ်နောက်ပြီးတော့ ဆိုင်မှာ ပေါင်းတင်နိုင်တဲ့သူတွေကတင်၊ အိမ်မှာပဲ သဘာဝပစ္စည်းတွေနဲ့ ပေါင်းတင်တဲ့သူကတင်ပေါ့။ body lotion လိမ်းအိပ်တာကလည်း အသားအရေပြုပြင်ပေးမှုကို အထောက်အကူပေးပါတယ်။ မြန်မာဝတ်စုံဝတ်မယ့်သူတွေကတော့ ဆံထုံးမြင့်မြင့်လေးထုံးရင် လည်ကုပ်မမည်းအောင် နေပူထဲသွားရင် နေလောင်ခံခရင်မ်ကို လည်ပင်းကိုပါလိမ်းဖို့ မမေ့ပါနဲ့။ ထီးကိုသေချာဆောင်းပါ။ ဂါဝန်ဝတ်မယ်ဆိုရင်တော့ သင့်ချိုင်းမွေးလေးတွေကို ရှင်းထားဖို့၊ ချိုင်းတွေမည်းမနေစေဖို့ ဂရုစိုက်ထားပါ။ ချိုင်းတွေမည်းနေရင် သံပရာသီးနဲ့ ပွတ်ပေးပါ။ မျက်နှာကနေ တစ်ကိုယ်လုံး အသားအရေအေးမြစိုပြည်ဖို့ မင်္ဂလာပွဲမတိုင်ခင် ရှားစောင်းလက်ပပ် ၂ ပင်လောက်ကို ဝယ်ထားပြီး အိမ်မှာထားထားပါ။ တစ်နေ့ တစ်ခါ ရှားစောင်းလက်ပတ်အရွက်ရဲ့အပေါ်ခွံကို ဖယ်ပစ်ပြီး အထဲက ဂျယ်လီလေးတွေကို မျက်နှာကစလို့ တစ်ကိုယ်လုံး သုတ်ပေးပါ။

**ကြိုတင်စီစဉ်စရာ**

ကိုယ့်ဘာသာ မိတ်ကပ်လိမ်းတာမဟုတ်ရင် လိမ်းပေးမယ့်သူကို တစ်ရက်ကြိုတင်သွားတွေ့ပြီး ကိုယ့်အသားအရေရဲ့ ပြဿနာကို ပြောပြသင့်ပါတယ်။ အဆီပြန်လွယ်တယ်၊ မိတ်ကပ်မစွဲဘူး၊ မိတ်ကပ်တိုင်းနဲ့မတည့်ဘူး၊ တောက်တောက်ပပ ပြင်ချင်တယ်၊ ခပ်ဖျော့ဖျော့ပဲစသဖြင့် ကိုယ့်ရဲ့ဖြစ်လေ့ဖြစ်ထပြဿနာနဲ့ အကြိုက်ကို ရှင်းပြထားပါ။ ကိုယ့်ဝတ်စုံအရောင်ကို ပြောထားပါ။ ဆံပင်ပုံစံကို ပြင်ပေးမယ့်သူနဲ့ကြိုရွေးပါ။ မိတ်ကပ်ပြင်ပြီးထားရင် ချွေးထွက်လာရင် တို့စရာ၊ အဆီပြန်လာရင်တို့စရာ တို့ဖတ်လေးတစ်ခု ကိုယ့်လက်ကိုင် ပန်းစည်းထဲမှာ ဝှက်ကိုင်ထားပါ။ လူတွေ သတိမထားမိလောက်တဲ့အချိန် တို့ပေးဖို့ပါ။ အဲကွန်းခန်းထဲမှာမဟုတ်ဘဲ ပွဲတဲ့ရာသီမှာ ဧည့်ခံရရင် ကိုယ့်ကို ဂရုစိုက်ပေးမယ့် ညီမအစ်မ၊ သူငယ်ချင်း၊ မိခင်တို့ဆီမှာ အဆီစုပ်တဲ့ စက္ကူလေးတွေ ဆောင်ထားခိုင်းပါ။

**ကျန်းမာရေး**

လှပကျန်းမာမှုအတွက် ကိုယ်တွင်းကနေ အားဖြည့်ပေးဖို့ ခရမ်းချဉ်သီးဖျော်ရည်နဲ့ မုန်လာဥနီအပါအဝင် တခြား လတ်ဆတ်တဲ့ဖျော်ရည်တွေ ဖျော်သောက်ပါ။ အသားအရေအတွက် အကျိုးများစွာရှိပါတယ်။ နွားနို့ကိုလည်း ပုံမှန်သောက်ပေးနိုင်ပါတယ်။ မင်္ဂလာပွဲနေ့မှ ဝမ်းလျှောနေတာမျိုးမဖြစ်အောင် နှစ်ရက်အကြိုလောက်ကတည်းက အစားအသောက်ဂရုစိုက်ပါ။

များပြားလှတဲ့ မင်္ဂလာပွဲအကြိုစီစဉ်မှု စိတ်အမောတွေ လူအမောတွေရဲ့ကြားမှာ ကိုယ့်စိတ်ကို အနားပေးဖြေလျှော့နိုင်ဖို့ အနားယူတာ၊ လေညင်းခံတာလေးတွေကလည်း သင့်အတွက် အထောက်အကူဖြစ်စေပါတယ်။

မင်္ဂလာပွဲအတွက် ပြင်ဆင်ရင်း ဒီအချက်တွေလည်းပြင်ဆင်ထားတယ်ဆိုရင်တော့ မင်္ဂလာပွဲနေ့မှာ အဆင်ပြေပြေလှပနေတဲ့ သတို့သမီးလေး ဖြစ်ပြီပေါ့။

**မာဦး**

# Asia's Top Model -

# NADYA

တင်လတ်သန္တာဗိုလ်

> ကျွန်မအတွက်ကတော့ ကျွန်မကို ဖတ်ရှုသူ၊ ကြည့်ရှုသူပရိသတ်အားလုံးနဲ့ မှန်ဘီလူးတွေက တစ်ဆင့် ဆက်သွယ်မှုရှိဖို့ ကြိုးစားတယ်။ ဒါကြောင့် ကျွန်မက ကင်မရာကို အမြဲတမ်းကျွန်မသိတဲ့သူ၊ ချစ်တဲ့သူ ဒါမှမဟုတ် မုန်းတဲ့သူအဖြစ် မှတ်ယူစွဲထင်ထားတယ်။ ရိုက်ကူးမှု အကြောင်းအရာပေါ်မှာ မူတည်ပြီး စိတ်ခံစားမှုကို မွေးယူတယ်။

အမေရိကန်နိုင်ငံမှာ နာမည်ကျော်မော်ဒယ် Tyra Banks တိုင်ရာဘင့်စ်က America's Next Top Model အမေရိကန်နိုင်ငံရဲ့ နောက်ဆုံးပေါ်၊ ထိပ်တန်းအဆင့်မြင့် မော်ဒယ်ဆိုတဲ့ ခေါင်းစဉ်နဲ့ ရုပ်သံ အစီအစဉ်တစ်ခုကို ဦးဆောင်ထုတ်လွှင့် လုပ်ကိုင်ခဲ့ ရာမှာ ဒီအစီအစဉ်ဟာ ပရိသတ်များရဲ့အလွန်တရာအားပေးမှုကိုရရှိပြီး ကမ္ဘာကျော်သွားခဲ့ပါတယ်။ မော်ဒယ်ဖြစ်လိုသူ မိန်းကလေးငယ်လေးများကို စုစည်းစခန်းသွင်းလေ့ကျင့်ပြီး ဒီထဲကမှ တစ်ယောက်ပြီးတစ်ယောက် အဆင့်ဆင့်ရွေးချယ်ပြီး နောက်ဆုံးကျန်ခဲ့သူက Top Model ဆုကို ရရှိသွားတဲ့ ရုပ်သံအစီအစဉ်ဖြစ်ပါတယ်။ ဒီလို အဆင့်ဆင့်ရွေးချယ်ရာမှာလည်း ရင်ခုန်စိတ်လှုပ်ရှားဖွယ်၊ စိတ်ဝင်စားဖွယ်ပြကွက်မျိုးစုံနဲ့ ပရိသတ်ကို ဖမ်းစားနိုင်အောင် ကြံဆောင်ခဲ့ပါတယ်။ ပြိုင်ပွဲသို့ဝင် အရွေးချယ်ခံ Model လေးများရဲ့စိတ်ခံစားမှု များကိုလည်း ပွင့်လင်းမြင်သာအောင် ပြသပုံဖော် ရိုက်ကူးနိုင်ခဲ့ပါတယ်။ ဒီအစီအစဉ်ရဲ့အောင်မြင်မှုဟာလည်း ကမ္ဘာ့တိုက်ကြီးများအားလုံးကို ပျံ့နှံ့ရောက် ရှိသွားတာတွေ့ရှိရပါတယ်။ ခုနောက်ဆုံးအနေနဲ့ မြန်မာနိုင်ငံမှာလည်း မြန်မာပြည်ရဲ့ Next Top Model ရွေးချယ်တဲ့ ရုပ်သံအစီအစဉ်ကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ ရုပ်သံအစီအစဉ်အောင်မြင်မှုကြောင့် အာရှဩစတြေးလျနိုင်ငံတို့မှာလည်း ထပ်တူအစီအစဉ်များကို ကျင်းပခဲ့ကြတာ တွေ့ရပါတယ်။ အာရှအတွက် Asia's Next Top Model အစီအစဉ်ကို 'Star World' TV Channel မှထုတ်လွှင့်တာကို TV ကြည့်ပရိသတ်များလည်း ကြည့်ဖူးကြလိမ့်မယ်လို့ ထင်ပါတယ်။ ဒီမော်ဒယ် ပြိုင်ပွဲရဲ့နောက်ဆုံးအဆင့်များမှာ








အမေရိကန်မှ ကမ္ဘာကျော်မော်ဒယ် (Next Top Model ရဲ့ စွန့်ဦးတီထွင်ဖန်တီးရှင်) Tyra Banks ကိုယ်တိုင် ကြွရောက်ချီးမြှင့် ရွေးချယ်လေ့ရှိတာကို လည်း တွေ့ရပါတယ်။ အာရှတစ်လွှားမှ မိန်းကလေးငယ်အများအပြားဟာ ဒီပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲကြပြီး ပြိုင်ပွဲကိုတော့ မလေးရှားမှာ ကျင်းပတာကို တွေ့ရပါတယ်။ ပြိုင်ပွဲဟာ ပရိသတ်များရဲ့ အားပေးနှစ်ခြိုက်မှုကို ရရှိပြီး အောင်မြင်မှုလည်းရရှိခဲ့တာ တွေ့ရပါတယ်။ အာရှရဲ့ နောက်ဆုံးပေါ် အဆင့်မြင့်မော်ဒယ် ရွေးချယ်ပွဲမှာ ပြိုင်ပွဲရဲ့အစီအစဉ်မှူး၊ အကဲဖြတ်ဒိုင်၊ နည်းပေးလမ်းညွှန် ဦးဆောင်သူကတော့ အာရှရဲ့ နာမည်ကျော်မော်ဒယ် Nadya Hutagalung နဲ့ဒ်ယာဟူတာဂါလွန် ဖြစ်ပါတယ်။ Nadya ဟာ နာမည်ကျော်မော်ဒယ်ဖြစ်တဲ့အပြင် တော်ဝင်မင်းသမီးတစ်ပါးလို ပြေပြစ်၊ အသရေတင့်တဲ့ ရုပ်ရည်ပိုင်ရှင်လည်းဖြစ်ပါတယ်။ အနောက်နိုင်ငံ ဦးဆောင်မော်ဒယ်များလို ပျားပန်းခပ်လှုပ်ရှားမှုမျိုးမရှိဘဲ၊ အေးဆေးတည်ငြိမ်မှုရှိသူလည်းဖြစ်ပါတယ်။ Elle မဂ္ဂဇင်း က Asia's Next Top Model ရဲ့ အနုပညာရှင် Nadya ကို သူဦးဆောင်တာဝန်ယူရတဲ့အခန်းကဏ္ဍနဲ့ပတ်သက်ပြီးမေးမြန်းရာမှာ . . .

**Asia's Next Top Model မှာ တာဝန်ယူလုပ်ဆောင်နေရတာကို ဘယ်လိုသဘောရပါသလဲ။**

ဒီအစီအစဉ်မှာ အစီအစဉ်မှူးနဲ့ အကဲဖြတ်ဒိုင်အဖြစ် လုပ်ဆောင်ရတာ တာဝန်ကြီးမားလှပါတယ်။ ပါဝင်တဲ့ မိန်းကလေးများအားလုံးအနေနဲ့ လမ်းညွှန်မယ့် ဆရာကောင်း၊ သမားကောင်းများနဲ့ တွေ့ဆုံဖို့ အကောင်းဆုံးအကြံဉာဏ်များ၊ ဖေးမမှုများ သေချာရရှိနိုင်ဖို့ အားထုတ်ရပါတယ်။ သူတို့ ဒီ Show မှာရှိစဉ် သင်ကြားလေ့လာခဲ့သမျှဟာလည်း အပြင်လောကကမ္ဘာမှာ သူတို့ရပ်တည်လှုပ်ရှားမှုကို အထောက်အကူပြုနိုင်တဲ့ အတွေ့အကြုံကောင်းတွေဖြစ်အောင် သေချာစီစဉ်၊ ပြင်ဆင်ကြိုးပမ်းအားထုတ်ရပါတယ်။

**ခုခေတ်ချိန်ခါတာလမှာ ဘယ်လိုမျက်နှာမျိုးတွေက ရေပန်းစားနေတယ်လို့ ထင်ပါသလဲ။**

ဒီနေ့ဒီအချိန်မှာတော့ သမားရိုးကျလှပမှုတစ်ခုတည်းက အလုပ်မဖြစ်တော့ဘူးလို့ ဆိုနိုင်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာဆက်နွယ်မှုတွေကြောင့် မတူကွဲပြားတဲ့ ထုံးစလေ့၊ ယဉ်ကျေးမှုတွေနဲ့ သက်ဆိုင်ရာအားလုံးကိုလည်း လူသားတိုင်းအနေနဲ့ ထိတွေ့ခွင့်ရှိလာပြီဖြစ်ပါတယ်။

**ခင်ဗျားတို့ Show ရဲ့ အကဲဖြတ်ဒိုင်တစ်ဦးဖြစ်တဲ့ Show ထုတ်လုပ်သူ Daniel Boey က ဒီအချိန်ဟာ အာရှမော်ဒယ်တွေ ထင်လင်းတောက်ပမယ့် အချိန်လို့ ပြောခဲ့တယ်၊ အဲဒါကို ဘယ်လိုသဘောရပါသလဲ။**

အာရှတိုက်ဟာ ကမ္ဘာမှာ အရေးပါတဲ့ ရှေ့တန်းစီးပွားရေးဒေသတစ်ခု ဖြစ်လာနေပါပြီ။ နာမည်ကျော် Brand တွေ၊ ကုမ္ပဏီတွေအများစုကလည်း အာရှဈေးကွက်မှာ တိုးဝင်ဖို့ကြိုးစားနေကြပါပြီ။ ဒီတော့ဖက်ရှင်လုပ်ငန်းကလည်း တခြားစက်မှုလုပ်ငန်းတွေလိုပဲ အာရှကို ဈေးကွက်ချဲ့ထွင်လာတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ဝမ်းသာစရာအချိန်ကာလပါပဲ။ အာရှတိုက်က အမျိုးသမီးငယ်လေးများအတွက် ဈေးကွက်များစွာကို ကျော်ဖြတ်ရယူနိုင်မယ့် အခွင့်အရေးကောင်းများစွာ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

**ဖျော်ဖြေရေးလောကမှာ ကြာရှည်နိုင်မာရပ်တည်ဖို့မှာ ဘာက ပိုအရေးကြီးပါသလဲ၊ ဆွဲဆောင်နိုင်စွမ်း စွမ်းရည်လား၊ အရာအားလုံးကို သိမြင်နှံ့စပ်ကျွမ်းကျင်မှုလား။**

ကျွန်မကိုယ်တိုင်ခံစားသိမြင်တာကတော့ သိမြင်နှံ့စပ်ကျွမ်းကျင်မှုကကိုယ့်အတွက် အပေါင်းလက္ခဏာဖြစ်မယ်လို့ထင်ပါတယ်။ စွမ်းအားမျိုးစုံကို ခံစားသယ်ဆောင်လာပြီး ဓာတ်ပုံ ဒါမှမဟုတ် ကြော်ငြာရိုက်ကွင်းမှာအလုပ်အပ်နှံသူရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းက အဖိုးတန်တဲ့ စွမ်းဆောင်မှုဖြစ်တယ်လို့ ထင်ပါတယ်။





**ကြည့်ရှုသူပရိသတ်များက ခင်ဗျားတို့ Tyra Banks နဲ့ နှိုင်းယှဉ်မှာကို လိုလားပါသလား။ ခင်ဗျားတို့ ကြည့်ပြီး Tyra နဲ့ ဘာမှမဆိုင်ဘူးလို့ ဝေဖန်ရင်တော့ ဘယ်လိုတုံ့ပြန်မှာပါလဲ။**

Tyra နဲ့ ဘာမှမဆိုင်ဘူးလို့ ဝေဖန်ကြရင်လည်း ဒါက လုံးဝဥဿုံမှန်ကန်တယ်လို့ ဆိုရမှာပဲ။ လူတိုင်းက တစ်ဦးချင်းစီ ကွဲပြားခြားနားမှုတွေ ရှိနေပြီးလုပ်ဆောင်မှုတွေကလည်း ထပ်တူမကျနိုင်တာအမှန်ပါပဲ။ ကျွန်မရဲ့ တစ်ခုတည်းသော ရည်မှန်းချက်ကတော့ ကျွန်မတို့ Show က မိန်းကလေးတွေအတွက် တစ်နည်းတစ်ဖုံ အကျိုးရှိစေဖို့ပဲ ဖြစ်ပါတယ်။ Tyra က မယုံနိုင်စရာ ထူးချွန်တဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ပြီးကမ္ဘာပေါ်မှာအအောင်မြင်ဆုံးထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ TV Show ကို ဖန်တီးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒီအတွက်လည်း သူ့ကို ဂုဏ်ပြု ဂါရဝထားရမှာ ဖြစ်ပါတယ်။

**TV ဓာတ်ပုံရိုက်ရင် Tyra မှာ သူ့ရဲ့လုပ်နေကျ အထင်တရနည်းနာ တစ်ခု ရှိပါတယ်၊ ခင်ဗျားမှာ တော**

“

ကိုယ့်ရဲ့ စိတ်ခံစားမှုတွေကို အသုံးချပါ။ ပုန်းကွယ်အဆိပ်ခိုဖို့ ရှေ့ မှာကာထားတဲ့ တံတိုင်းတွေအားလုံးကို ဖြိုချပစ်ပြီး ရိုက်ကွင်းတွေမှာ ထင်ရှားပေါ်လွင်စေအောင် ပြနိုင်မယ့် ကိုယ့်ရဲ့ ခံစားမှုအရိုင်းထည်၊ အကြမ်းထည်တွေကို....

**ဓာတ်ပုံရိုက်တဲ့အခါတိုင်း ခင်ဗျားအတွက် အကောင်းဆုံးဖြစ်တဲ့၊ အလုပ်ဖြစ်တဲ့ နည်းနာ တစ်စုံတစ်ရာမရှိဘူးလား။**

ကျွန်မအတွက်ကတော့ ကျွန်မကို ဖတ်ရှုသူ၊ ကြည့်ရှုသူပရိသတ် အားလုံးနဲ့ မှန်ဘီလူးတွေကတစ်ဆင့် ဆက်သွယ်မှုရရှိဖို့ ကြိုးစားတယ်။ ဒါကြောင့် ကျွန်မက ကင်မရာကို အမြဲတမ်း ကျွန်မသိတဲ့သူ၊ ချစ်တဲ့သူ ဒါမှမဟုတ် မုန်းတဲ့သူအဖြစ် မှတ်ယူစွဲထင်ထားတယ်။ ရိုက်ကူးမှုအကြောင်းအရာပေါ်မှာမူတည်ပြီး စိတ်ခံစားမှုကို မွေးယူတယ်။






**ယေ်ရှုယ်တဲ့ Model တစ်ယောက်အတွက် အဆင်မပြေတဲ့နေ့တစ်နေ့ အလုပ်ခွင်မှာ ဘယ်လို တော့်ဖြတ်လုပ်ကိုင်ရမယ်၊ ဘယ်လိုစိတ်ဓာတ် မွေးရမယ်ဆိုတဲ့ ကောင်းမွန်တဲ့အကြံညာဏ် ၃ မျိုး လောက်ပေးရမယ်ဆိုရင် ဘာတွေများဖြစ်မလဲ။**

(၁) ကိုယ့်ရဲ့ပူပန်မှု၊ ကိစ္စဝိစ္စတွေအားလုံးကို တံခါးဝမှာထားခဲ့ပါ။ Professional ကျွမ်းကျင်ပိုင်နိုင်တဲ့ ပညာသည်တစ်ယောက်ဟာကိုယ့်ကိုအလုပ်အပ်သူ လိုအပ်သမျှ၊ မျှော်လင့်သမျှကို ဝန်ဆောင်မှုပေးနိုင်ဖို့ လိုအပ်ပါတယ်။ ရိုက်ကွင်းတစ်ခုမှာ အဖွဲ့သားလုပ်သားဝန်ထမ်းတွေအများကြီးပါဝင်ပတ်သက်နေတာကြောင့် အားလုံးရဲ့ ဝိုင်းဝန်းကြိုးပမ်းမှုအရာထင်အောင်လုပ်ဖို့ ကိုယ့်မှာတာဝန်ရှိပါတယ်။

(၂) ကိုယ့်ရဲ့စိတ်ခံစားမှုတွေကို အသုံးချပါ။ ပုန်းကွယ်အရိပ်ခိုဖို့ ရှေ့မှာ ကာထားတဲ့ တံတိုင်းတွေအားလုံးကို ဖြိုချပစ်ပြီး ရိုက်ကွင်းတွေမှာ ထင်ရှားပေါ်လွင်စေအောင် ပြုနိုင်မယ့် ကိုယ့်ရဲ့ခံစားမှုအရိုင်းထည်၊ အကြမ်းထည်တွေကို မြင်သာ ထင်သာရှိအောင် ဖော်ပြပါ။

(၃) ကိုယ်ရိုက်ကွင်းမဝင်ခင် ဖြစ်ခဲ့တာတွေ၊ ဒါမှမဟုတ် လောလောဆယ် ကိုယ့်ဘဝမှာဖြစ်ပျက်နေသမျှ ဘာကိစ္စပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့ ပရိသတ်တွေက ဒီကိစ္စတွေကို မသိဘူးဆိုတာ ကိုယ့်ဘာသာသိထားပါ။ သူတို့သိမြင်မှာက ကိုယ်က ဖန်သားပြင်မှာ၊ ဓာတ်ပုံပေါ်မှာ အဆင်မပြေဖြစ်နေတာကိုပဲ ဖြစ်ပါတယ်။ ဘယ်အချိန်မှာ စိတ်ခံစားမှုခလုတ်ကို နှိပ်ရမယ်၊ ပိတ်ထားရမယ်ဆိုတာကို မတွက်ဆနိုင်ရင်၊ မတွက်ဆတတ်ရင် ပုံထွက်၊ ရုပ်ထွက်တွေက ကောင်းနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ရိုက်ကွင်းကိုလာရင် ကိုယ့်ရဲ့ အကောင်းဆုံးတွေကိုပဲ သယ်ဆောင်လာခဲ့ပါလို့ အကြံညာဏ်ပေးချင်ပါတယ်။

တင်လတ်သန္တာဗိုလ်

# ပုံစံအသစ်နဲ့ ရွေ့လျားလာတဲ့ အသံထွက် စာပေယဉ်ကျေးမှု

ဂျူနီယို







လူသားမှန်သမျှ အပြောင်းအလဲကို လိုလားကြတယ်။ ကမ္ဘာကြီးမှာ အရာရာပြောင်းလဲခဲ့သလို ကျွန်မတို့ တိုင်းပြည်မှာလည်း အံ့သြဖွယ်မြန်ဆန်တဲ့ အပြောင်းအလဲတွေရယ်၊ ဖြည်းဖြည်းချင်း တရွေ့ရွေ့ မသိမသာလေး ပြောင်းလဲလာတဲ့ အပြောင်းအလဲတွေရယ်နဲ့ ပြောင်းတော့ ပြောင်းလဲလာနေတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဓလေ့ထုံးစံနဲ့ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်ပုံနဲ့ ဖက်ရှင်ဒီဇိုင်းတွေ၊ ပေါင်းသင်း ဆက်ဆံမှုနဲ့ ပြုမူ ပြောဆိုသွားလာ နေထိုင်ပုံတွေ စသဖြင့် ခေတ်ရဲ့ ရေစီးကြောင်းဟာ လွန်ခဲ့တဲ့ နှစ်အပိုင်းအခြားနဲ့ မတူတော့တာ သိပ်သေချာတယ်။ ဒီနေ့ ကျွန်မတို့ ရောက်ရှိနေတဲ့ခေတ်ဟာ အပြောင်းအလဲ အသစ်အဆန်းတွေနဲ့ ဝန်းရံရွေ့လျားနေတယ်ဆိုတာ မငြင်းနိုင်တဲ့အချက်ပဲ။

စာပေလောကကိုလည်း ကြည့်ပါ။ စာပေစိစစ်ရေးမရှိတဲ့နောက်ပိုင်းမှာ လွတ်လပ်တဲ့ အရေးအသား အဆန်းအပြားတွေနဲ့ အံ့ဘနန်းပြောင်းလဲလာကြတယ်။ အပြောင်းအလဲကို လက်ခံသူ/လက်မခံသူ ၊ ကောင်းတဲ့ ပြောင်းလဲမှုပုံစံ/ဆိုးဝါးတဲ့ပြောင်းလဲမှုပုံစံ အဲဒီလို ဆန့်ကျင်ဘက် အမြင်၊ သဘောထားခံယူချက်တွေ တွန်းတိုက် ထိခတ်ကြတဲ့အခါ စာပေလောက အသိုက်အဝန်းတွေမှာ ' အသံ voices တွေ'ပွက်ပွက်ညံထွက်ပေါ်လာခဲ့တော့တယ်။ ဖတ်သူ၊ စာဖတ်ပရိသတ်တွေဘက်က သဘောမတူ လက်မခံတဲ့ အသံ voices တွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတာရှိသလို ရေးသူ၊ စာရေးဆရာတွေဘက်က အချင်းချင်း သဘောမတူ လက်မခံတဲ့ အသံ voices တွေလည်း ထွက်ပေါ်လာတာတွေ့ရတယ်။

ရှင်တို့ရဲ့ ပတ်ဝန်းကျင်ကို ငဲ့စောင်းကြည့်လိုက်ပါ။ စာရေးတဲ့အလုပ်ဟာ ရှေးရှေးကလို တစ်ကိုယ်ရေသာ လုပ်နိုင်တဲ့အလုပ် မဟုတ်တော့ဘဲ စာရေးဆရာ နှစ်ယောက် ဒါမှမဟုတ် ဒါ့ထက်ပိုလို့ ပေါင်းစည်း လုပ်နိုင်တဲ့ teamwork အလုပ်မျိုးအဖြစ် ပုံစံပြောင်းလာပြီဆိုတာ ရှင်မလွဲမသွေ လက်ခံရမှာပါ။ အရင်က စာရေးဆရာတွေ တစ်ကိုယ်ရေအခန်းတံခါးပိတ်ရေးသားလာတဲ့ခေတ်ကနေ အခု လက်ဖက်ရည်ဆိုင်လိုနေရာမျိုးမှာ အုပ်စုဖွဲ့ခေါင်းချင်းဆိုင် ရေးသားလာကြတဲ့ပုံစံပြောင်းလဲလာတယ်။ ကဗျာတစ်ပုဒ်၊ အက်ဆေး တစ်ပုဒ်ကို စာရေးဆရာနှစ်ယောက်၊ သုံးယောက် ပေါင်းစပ်ရေးသားလာကြတဲ့ အရေးအသားပုံစံသစ်ကို မဂ္ဂဇင်းတွေမှာ အထူးတလည် နေရာပေး ဖော်ပြလာသလို စာဖတ်သူတွေလည်း နှစ်သက်စွာ လက်ခံဖတ်ရှုလာကြတာတွေ့ရတယ်။

ရှင်တို့ ရိပ်စားမိမှာပါ။ စာပေမှာ အရေး (writing)/ရေးသူ(writer) နဲ့ အဖတ်(reading)/ဖတ်သူ (reader)နှစ်မျိုးနှစ်စားအကြမ်းအားဖြင့် ရှိတယ်။ အခု ပြောခဲ့တာကတော့ အရေး/ရေးသူ လို့ဆိုရမယ့် စာပေရေးသားကြတဲ့ စာရေးဆရာတွေဘက်က ပြောင်းလဲလုပ်ဆောင်လာတဲ့ အပြောင်းအလဲ ပုံစံသစ်တစ်ခုကို ဦးစွာဆွဲနုတ်တင်ပြလိုက်တာ ဖြစ်တယ်။ တခြား အပြောင်းအလဲ ပုံစံသစ်တွေလည်း များပြားစွာ ရှိနေတယ်။



စာဖတ်ခြင်းကို မြှင့်တင်ရာမှာ စာဖတ်နေတဲ့ လူသံ(voices)သာမက ဂစ်တာ၊ တယော၊ စန္ဒရားလို ဂီတသံ(music)တွေနဲ့တွဲဖက်ပြီး အသံထွက်စာပေအဖြစ် ပုံစံအသစ်ကို စမ်းသပ်ဖန်တီးလာကြတယ်။

အဖတ်(reading)/ဖတ်သူ (reader)တွေဘက်ကရော ဘာတွေ ပြောင်းလဲလာပါလိမ့်. . ရှင်စဉ်းစားကြည့်ရင် သြော်ဟုတ်သားပဲလို့ တွေးဆလက်ခံသွားမှာပါ။ အရင်က ကိုယ့်ရဲ့ အခန်းထဲက အိပ်ရာထက်မှာလဲလျောင်းရင်း၊ ဘတ်စ်ကားပေါ်မှာ ထိုင်လိုက်ရင်း။ တစ်ဦးတစ်ယောက်ကို စောင့်ဆိုင်းရင်း တစ်ကိုယ်ရေသာ အသံတိတ် ဖတ်လေ့ရှိတဲ့ပုံစံကနေ အခုဆိုရင် အုပ်စုဖွဲ့ဖတ်ကြ၊ စာအုပ်ပါ အကြောင်းအရာတွေ ဖလှယ် ဆွေးနွေးကြ၊ ရေးသူ-ဖတ်သူ ဆွေးနွေးပွဲလေးတွေလုပ်ကြတဲ့ ပုံစံအသစ်ကို ချိုးကွေ့ပြောင်းလဲလာကြတယ်။ ဥပမာတစ်ခုပြရရင် 'ကဗျာလွယ်အိတ်များ'၊ 'ကဗျာချစ်သူများအသင်း'၊ 'တနင်္ဂနွေ ရသစာဖတ်ဝိုင်း' အပါအဝင် စာပေအဖွဲ့များစွာဟာ တစ်ပတ်ခြားတစ်ကြိမ် ဒါမှမဟုတ် တစ်လတစ်ကြိမ် တွေ့ဆုံပြီး စာဖတ်ခြင်း ဓလေ့ပြန့်ပွားစေဖို့ အသံထွက်စာပေလှုပ်ရှားမှုတွေ အင်တိုက်အားတိုက်လုပ်ဆောင်လာကြတယ်။





လူ့ရဲ့ ရွတ်ဖတ်သံနဲ့ ဂီတသံတို့ အချိုးညီညီ ပူးပေါင်းဖွဲ့စည်းထားတဲ့ ဒီလိုအပြောင်းအလဲပုံစံသစ်

စာကို တစ်ကိုယ်ရေ အသံတိတ်ဖတ်ရှုရာကနေ အသံထွက်ဖတ်တဲ့ အသံထွက်စာပေတွေ ရန်ကုန်မြို့မှာ ပေါ်ထွန်းလာနေတယ် ဆိုတဲ့ အကြောင်း ရှင်တို့ကို အမိက ပြောပြချင်နေတာပါ။





ရှင် သိ မှာ ပါ။ အရင်က စာရေးဆရာတစ်ယောက် စာအုပ်သစ်တစ်အုပ် ထုတ်ဝေဖြန့်ချိပြီဆိုရင် စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားတွေမှာ ဖိတ်ခေါ်ထားတဲ့ ဝါရင့် စာရေးဆရာကြီး တစ်ဦး၊ နှစ်ဦးက အမှာစကား ပြောကြား၊ စာအုပ်လက်ဆောင် ပေးကြ၊ စာရေး ဆရာက ကျေးဇူးတင်စကားပြော ဒီလောက်ပဲ ပြီးစီးရုပ်သိမ်းလိုက်တယ် မဟုတ်လား။ စာအုပ်မိတ်ဆက်ပွဲကျင်းပရာ ခန်းမကျယ်ထဲမှာ ဧည့်ပရိသတ်က အသံတိတ်နေခဲ့ဖူးတယ်။ အခုစာအုပ် ပွဲတွေမှာတော့ အဲဒီလို မဟုတ်တော့ဘူးရှင့်။ အသံ voicesတွေ အများအပြား ထွက်လာတယ်။ စာအုပ်ပွဲကို တက်ရောက်လာတဲ့ ဧည့်ပရိသတ်တွေဆီကအသံကို မထွက်ထွက်အောင် တွန်းအားပေးလှုံ့ဆော်လာကြလို့ပါပဲ။ စာရေးဆရာတွေကဖြစ်စေ၊ စာချစ်သူ ဧည့်ပရိသတ်တွေကဖြစ်စေ စာအုပ်ထဲက နှစ်သက်ရာစာပိုဒ်တွေ အသံထွက်ရွတ်ဖတ်လာတဲ့ အပြောင်းအလဲတစ်ခု၊ အသံထွက် စာပေယဉ်ကျေးမှုတစ်ခု ပေါ်ထွန်းလာတယ်။ ရှင်သတိပြုမိမှာပါ။ ကဗျာစာအုပ်မိတ်ဆက်ပွဲတွေမှာ အရင်ကလို သက်ဆိုင်ရာ စာရေးဆရာ သုံး၊ လေးယောက်က တစ်ဖက်သတ် အမှာစကားပြောရုံလေး မဟုတ်တော့ဘဲ တက်ရောက်လာကြတဲ့ ကဗျာဆရာ၊ စာရေးဆရာတွေကပါ ကဗျာကိုယ်စီ အသံထွက်ရွတ်ဖတ် လာကြတယ်ဆိုတာလေ။ တစ်ယောက်အသံကို တစ်ယောက် နားစိုက်ထောင်ကြရင်းနဲ့ ကဗျာ၊ စာပေဟာ ဒီလိုအသံထွက်ရွတ်ဖတ်တဲ့အခါ နားထောင်သူ reader ရဲ့ နားကတစ်ဆင့် စိတ်နှလုံးထဲကို ရှောရှောရှူရှူ ဝင်ရောက်သွားတဲ့ အပြင်၊ ရင်မှာပိုပြီး စွဲငြိစေတယ်လို့ လူအများက





အခုနောက်ပိုင်း လက်ခံလာကြတယ်။ ဒီလိုနဲ့ အသံထွက်ရွတ်ဖတ်တဲ့ စာပေယဉ်ကျေးမှု ပုံစံသစ်ဟာ မြို့တော်မှာ နှံ့ပြားစွာ ထွန်းကားလာခဲ့တယ်။

ကဗျာအဖွဲ့တွေက ကဗျာအတူဖတ်ကြ၊ သူ့အမြင်ကိုယ့်အမြင် ကဗျာဆိုင်ရာ သဘောတရားတွေ ဆွေးနွေးဖလှယ်ကြသလို ရသစာပေအဖွဲ့တွေကလည်း စာရေးဆရာတွေကိုယ်တိုင်ဖြစ်စေ၊ တခြား စာပေချစ်မြတ်နိုးသူ စာဖတ်သူပရိသတ်တွေကဖြစ်စေ ရသဝတ္ထုတွေ အသံထွက်ရွတ်ဖတ်ကြတယ်။ နိုင်ငံတကာနဲ့ချိတ်ဆက်ထားတဲ့ Pen Myanmar Centre ရဲ့စာပေအဖွဲ့သားတွေနဲ့ တကွ တခြားစာပေသမားတွေကလည်း စာမဖတ်တဲ့ ပြည်သူလူထုကို စာဖတ်ချင်လာအောင်၊ စာဖတ်တဲ့ ပြည်သူလူထုကိုလည်း အကျိုးရလဒ်များတဲ့ စာပေတွေနဲ့ ယဉ်ပါးအသားကျအောင် လူထုရဲ့ရင်ခွင်ကိုတိုးဝင်ချဉ်းကပ်တဲ့အခါ လူစည်ကားရာ ရထားတွေပေါ်မှာ၊ သင်္ဘောတွေပေါ်မှာ၊ ပန်းခြံတွေထဲမှာ၊ လက်ဖက်ရည်ဆိုင်တွေမှာ၊ တော်ဝင်စင်တာလို shopping mall တွေမှာ သာမက မုံရွာ၊ မန္တလေး နေရာအစုံစုံ ခရီးထွက်ကာ စာပေလှုပ်ရှားမှုတွေကို အသံလွှင့်ထုတ်မြင့်တင်လုပ်ဆောင်လာကြတယ်။ စာဖတ်ခြင်းကို မြှင့်တင်ရာမှာ စာဖတ်နေတဲ့ လူသံ (voices) သာမက ဂစ်တာ၊ တယော၊ စန္ဒရားလို ဂီတသံ (music)တွေနဲ့ တွဲဖက်ပြီး အသံထွက်စာပေအဖြစ် ပုံစံအသစ်ကို နှစ်သက်စွာဖန်တီးလာကြတယ်။ ဒါတင်မက အနုပညာ(art)ကိုပါ ပေါင်းစပ်ဖန်တီးလာတဲ့အခါ reading + music + performance အဖြစ် အဆင့်ဆင့်တိုးရွှေ့ပြောင်းလဲလာတယ်။ လူရဲ့ရွတ်ဖတ်သံ၊ ဂီတသံ၊ ပုံဖော်တင်ဆက်လှုပ်ရှားမှုတို့ အချိုးညီညီ ပူးပေါင်းဖွဲ့စည်းထားတဲ့ ဒီလိုအပြောင်းအလဲပုံစံသစ်ကို မြည်းစမ်းတို့ထိရာကနေ အသံတစ်စုံတစ်ရာမပါရင် အရသာပေါ့တယ်လို့ စိတ်အထင်ရောက်တဲ့အထိ ဒီအသံထွက်စာပေယဉ်ကျေးမှုကို စွဲလမ်းတပ်မက်သွားသူတွေရှိသလို၊ စာဖတ်တယ်ဆိုတာ ဒီလိုအသံစုံ ထွက်နေစရာမလိုဘူး၊ တစ်ယောက်တည်း အသံတိတ်ဖတ်တာပဲ ကောင်းတာပါလို့ ပုံစံခွက်အဟောင်းထဲမှာပဲ ငုတ်တုတ်ထိုင်ကျေနပ်နေသူတွေလည်းရှိနေတယ်။



ပင်ပန်းနွမ်းနယ်နေချိန်
ရှင်ဟာ စာတစ်အုပ်ကို
အသံတိတ်သာ ဖတ်မယ်ဆိုရင် . . .

ဘာပဲဖြစ်ဖြစ် ကျွန်မ သိပ်ကို သဘောကျတဲ့ အသံထွက်စာပေယဉ်ကျေးမှုကို ရှင်တို့ ကြိုက်ကိုကြိုက်ရမယ်လို့ ကျွန်မ ပြင်းပြင်းထန်ထန် တရားမဟောပါဘူး။ ဒါက ရှင့်ရဲ့ လွတ်လပ်တဲ့ ရွေးချယ်ပိုင်ခွင့် တစ်ခုပဲလေ။ ဒီတော့ ပုံစံအဟောင်းအတိုင်း ရှင့်အခန်းတံခါးကို ဂျက်(ချက်)ချ၊ တစ်ယောက်တည်း အသံတိတ် ဖတ်လိုက ဖတ်ပါ။ တစ်ခုတော့ ရှိတယ်ရှင်။ ရှင်တို့ ကျွန်မတို့အားလုံးရဲ့ မနက်တုန်းဆီက တက်ကြွဖျတ်လတ်မှုတွေကို ကျိုးကြေခန်းခြောက်သွားအောင် အလုပ်ချိန်နာရီတွေက တစ်နေကုန် လှလှပပကြီးကို ဝါးမျိုခဲ့ပြီလေ။ ပင်ပန်းနွမ်းနယ်နေချိန် ရှင်ဟာ စာတစ်အုပ်ကို အသံတိတ်သာ ဖတ်မယ်ဆိုရင် . . . သေချာပါတယ်။ ရှင် အဲဒီစာတစ်ပုဒ် မကုန်ဆုံးခင် အနည်းဆုံးတော့ ရှင့်မျက်တောင်တွေ လေးလံပြုတ်ကျပြီး ငိုက်မျဉ်းလာလိမ့်မယ် ဆိုတာပါပဲ။

သိပ်များများတော့ မမျှော်လင့်ပါဘူး။ တစ်ကြိမ်လောက်ပါ။ ကျွန်မ မျှော်လင့်တာ တစ်ကြိမ်လောက်ပါပဲ။ အသံထွက်စာပေယဉ်ကျေးမှုပုံစံအသစ်ထဲ တစ်ကြိမ်လောက်သာ ရှင် အလည်လာခဲ့ပါ။ ရှင့်ကိုယ်ခန္ဓာမှာ ခွန်အားအသစ်တွေ တိုးပွားလာမှာဖြစ်သလို နောက်တစ်ကြိမ်ဆို ရှင်ကိုယ်တိုင်က reading လုပ်သူ ဒါမှမဟုတ် အသံထွက်သူ ဒါမှမဟုတ် 'အသံတစ်သံ' အသေအချာကြီး ဖြစ်ကိုဖြစ်သွားပါလိမ့်မယ်။ ကျွန်မ ပြောတာ ယုံပါ။ ဘာလို့ဆို အဲဒီ ပြောင်းလဲလာတဲ့ အသံထွက် စာပေယဉ်ကျေးမှုကြီးထဲမှာ ကျွန်မကိုယ်တိုင်ကိုက အသံတစ်သံ ဖြစ်နေခဲ့လို့ပါပဲ။

ဒီတော့ကာ ရှင် မလိုက်လိုရင် တစ်ယောက်တည်း အခန်းတံခါး ဂျက်(ချက်)ထိုးချပြီး အသံတိတ် နေနေခဲ့ပါ။ ကျွန်မအပါအဝင် အသံပေါင်းစွာနဲ့ ကျစ်ကျစ်ပါအောင် ဖွဲ့စည်းထားတဲ့ အသံထွက် စာပေယဉ်ကျေးမှုကြီးကတော့ ရွတ်ဖတ်သံ၊ လူသံ၊ ဂီတသံတို့ကို တစ်နေ့ထက်တစ်နေ့ အရှိန်အဟုန် မြှင့်တင်လွှင့်ထုတ်ရင်း ရွေ့ကာ လျားကာ ပြောင်းလဲကာ ခရီးများစွာ ဆက်နှင် သွားဦးမှာပါ။

ဂျူနိုယို

# စာဖတ်ခြင်းနှင့်အတူ

ဖြိုးဖြိုး

ကမ်းခြေတစ်ခုက
ကစားပွဲလေးအကြောင်း
ရေးဖွဲ့ထားတဲ့
အဖြစ်အပျက်လေးကို
ပြန်ပြီးအမှတ်ရရင်း
ကိုယ်တိုင်ကမ်းခြေသဲလွှလွှတွေပေါ်မှာ
ဆော့ကစားနေသလို
ပျော်ရွှင်သွားနိုင်တယ်

စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေမှာ ချက်ချာပါးနပ်တယ်၊ ပိန်သွယ်တယ်၊ ကျန်းမာတယ်၊ အမြဲပျော်ရွှင်နေတော့တယ်ဆိုတဲ့ ကျန်းမာရေးအလှအပနဲ့ ဆိုင်တဲ့အချက်လေးတွေပါ ရှိနေတယ်ဆိုတော့ ပိုပြီးစိတ်ဝင်စားစရာပါပဲ။ စာဖတ်ခြင်းကို ချစ်မြတ်နိုးတာဟာ သင့်ရဲ့ ဦးနှောက်လေးကို အယ်လ်ဇိုင်းမားရောဂါမတိုက်ခိုက်နိုင်အောင် ကာကွယ်ထားနိုင်တယ်တဲ့။ ပူပင်ကြောင့်ကြစိတ်တွေကို လွင့်ပါးစေတယ်။ အကောင်းမြင်စိတ်ထားနိုင်အောင် တွန်းအားပေးတယ်။ မိတ်ဆွေသူငယ်ချင်း ရင်းနှီးခင်မင်မှုတွေကို ခိုင်မာစေသေးတယ်။ စာတစ်အုပ်ကို ဖွင့်ပြီးတော့ ဖတ်လိုက်တဲ့ တစ်ခဏ သင့်ရဲ့ဦးနှောက်နဲ့ ကိုယ်ခန္ဓာမှာ ရရှိသွားနိုင်တဲ့ အကျိုးကျေးဇူးလေးတွေ ကြည့်ရအောင်နော်။



## စာဖတ်ခြင်းဟာ မှတ်ဉာဏ်အတွက် ကြွက်သားတွေပေးစွမ်းတယ်

စာဖတ်ခြင်းဟာ ရေဒီယိုနားထောင်တာ၊ တီဗီကြည့်တာထက် သင့်ရဲ့ဦးနှောက်အတွက် ကွဲပြားတဲ့ ကာယလေ့ကျင့်ခန်းမျိုးပေးတယ်။ ဖတ်နေတဲ့ စာမျက်နှာတစ်ရွက်စာထဲ စိတ်ဝင်စားမှုဘယ်လောက်ပဲ နက်ရှိုင်း/လျော့ပါးနေပါစေ ဥပမာ ကော်ဖီဖျော်စက်မှာပါတဲ့ အညွှန်းစာသားလေးတွေ ရိုးရိုးပဲ ဖတ်နေပါစေဦး "ဦးနှောက်ရဲ့ အစိတ်အပိုင်းတွေအားလုံးဟာ စာဖတ်ခြင်းနဲ့ ဆက်စပ်ပြီး အမြင်၊ ဘာသာစကား နဲ့ ဆက်စပ်နေတဲ့ လေ့လာသင်ကြားမှုအလုပ်တွေ အားလုံးမှာ ပါဝင်လုပ်ဆောင်နေကြတယ်။ အဲဒါ အင်မတန် စိတ်ဝင်စားဖို့ကောင်းတဲ့ စိန်ခေါ်မှုပါ" လို့ Haskins Laboratories သုတေသန ဒါရိုက်တာ ဒေါက်တာ Ken Pugh က Oprah မဂ္ဂဇင်းမှာ ဖြေကြားခဲ့ပါတယ်။ စာဖတ်ခြင်းအလေ့အကျင့်ဟာ သင့်ရဲ့ဦးနှောက်ရဲ့ အတွေးနဲ့ အာရုံစူစည်းနိုင်မှုကို လှုံ့ဆော်ပေးပါတယ်တဲ့။

## စာဖတ်ခြင်းဟာ ကာယလေ့ကျင့်ခန်းလိုပဲ စွမ်းအားပေးနိုင်တယ်

လေဒီဂါဂါရဲ့ single အသစ် ဒါမှမဟုတ် Real Housewives ဇာတ်လမ်းတွဲတွေလိုပဲ စာအုပ်တွေဟာလည်း ကာယလေ့ကျင့်ခန်းလုပ်နေတဲ့အချိန်မှာ အကောင်းဆုံးအပေါင်းအသင်းပါပဲ။ စိတ်ဝင်စားဖွယ်ကောင်းလှတဲ့ စာအုပ်ထဲက အခန်းတစ်ခန်းဟာ အပြေးလေ့ကျင့်စက်ပေါ်မှာ အချိန်ကြာကြာလေ့ကျင့်ဖို့ ဖမ်းစားထားနိုင်တယ်လို့ Weight Watchers မဂ္ဂဇင်းက ဖော်ပြပါတယ်။ Auburn University မှ ဇီဝကမ္မလေ့ကျင့်ခန်းပရော်ဖက်ဆာ ဒေါက်တာ Michele Olson က မဂ္ဂဇင်းမှာပြောထားတယ်။ လည်ပင်း/ပခုံးနာကျင်မှုတွေကို ရှောင်ကြဉ်ဖို့ကတော့ စက်မှာပါတဲ့ စာအုပ်ချိတ်တဲ့ stand လေးကို အသုံးပြုသင့်တယ်။ အဲဒီ book ledge လေးမှာ စာအုပ်ကို ချိတ်ထားပြီး လေ့ကျင့်ခန်းယူရင်း စာအုပ်ဖတ်နိုင်တယ်။ လေ့ကျင့်ခန်းယူချိန်မှာ ပခုံးတွေကို ဝိုင်းပတ်ပြီးမလှုပ်ရှားဘဲ အလိုက်သင့် အပြေးလေ့ကျင့်ရင်း စာအုပ်ဖတ်နိုင်တယ်လို့ ဆိုတာပါ။

## စာဖတ်ခြင်းဟာ ဦးနှောက်ကို နုပျိုစေတယ်

စာအုပ်ကောင်းတစ်အုပ်ကို တူးဆွဖတ်ရှုခြင်းဟာ သင့်ရဲ့ စိတ်ကို နုပျိုစေနိုင်တာ အသေအချာပါလို့ Rush University Medical စင်တာမှ ပြုလုပ်ခဲ့တဲ့ လတ်တလောလေ့လာချက်တစ်ရပ်မှာ ဖော်ပြထားပါတယ်။ လူကြီးတွေဟာ အကျပိုင်းအရွယ်မှာ စာဖတ်ခြင်းလို ဖန်တီးတီထွင်နိုင်စွမ်းနဲ့ အသိဉာဏ်ဆိုင်ရာလှုပ်ရှားမှုတွေ ပြုလုပ်နေသေးရင် အဲဒီလိုအလေ့အကျင့်မရှိကြတဲ့ လူကြီးတွေထက် သက်ကြီးပိုင်းပြဿနာမျိုး (သိမြင်နိုင်စွမ်း ငြင်းဆန်မှုနှုန်း) ၃၂ ရာခိုင်နှုန်းနှေးကွေးစေတယ်။ သိမြင်နိုင်စွမ်း ဆက်လက်မြင့်မားနေနိုင်တဲ့ သဘောပါ။ "သက်ကြီးပိုင်းမှာပေးကြတဲ့ အာရုံကြောဆိုင်ရာဆေးတွေထက် ဉာဏ်ထက်စေတဲ့ အလေ့အကျင့်တွေဟာ ပိုပြီးအကျိုးကျေးဇူးများပါတယ်။ ဦးနှောက်ရဲ့လုပ်ငန်းတွေ သင့်တော်သလို ဆက်လက်ဆောင်ရွက်နေစေတယ်" လို့ Rush University Medical စင်တာမှ အာရုံကြောစိတ်ပညာဌာန ပရော်ဖက်ဆာ ဒေါက်တာ Robert S. Wilson က ပြောပါတယ်။ တခြားလတ်တလောလေ့လာမှုတစ်ခုမှာလည်း ပုံမှန်စာဖတ်တဲ့သူ၊ ဦးနှောက်/ စိတ်ပိုင်းဆိုင်ရာကစားနည်းလေးတွေကစားတဲ့ လူကြီးတွေဟာ အယ်လ်ဇိုင်းမားရောဂါသက်ရောက်မှု နည်းပါးစေတာတွေ့ရှိထားတယ်လို့ ABC News မှာဖော်ပြခဲ့တယ်။




## စာဖတ်ခြင်းဟာ စိတ်ဖိစီးမှုတွေကို လေးလေးပြေးစေတယ်

ကောင်းတဲ့စာဖတ်ခြင်းဟာ Cortisol ဟော်မုန်းလို မကျန်းမာတဲ့စိတ်ဖိစီးစေတဲ့ ဟော်မုန်းအဆင့်တွေကို လျှော့ချပေးတယ်လို့ Weight Watchers ရဲ့ မှတ်တမ်းမှာဖော်ပြထားပါတယ်။ British Study တစ်ခုမှာ စိတ်ဖိစီးမှုရှိနေတဲ့ သူတွေကို မိနစ်အနည်းငယ်အုပ်စုခွဲပြီး စာဖတ်ခိုင်းတယ်။ သီချင်းနားထောင်စေတယ်။ ဗီဒီယိုဂိမ်းကစားစေတယ်။ တခြားအုပ်စုနှစ်စုထက် စာဖတ်တဲ့ သူတွေပါဝင်တဲ့အုပ်စုဟာ စိတ်ဖိစီးမှု ၆၇ ရာခိုင်နှုန်း လျော့ကျသွားစေခဲ့ပါတယ်တဲ့။

## စာဖတ်ခြင်းဟာ ဝေါဟာရလည်း ကြွယ်ဝစေသေးတယ်

ကိုယ်လေ့လာသိရှိထားတဲ့ ဝေါဟာရတွေအားလုံးရဲ့ ၅ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းခန့်ဟာ စာဖတ်ခြင်းက သိရှိလာခဲ့တာပါလို့ Scholastic မှတ်တမ်းတစ်ခုမှာ သုတေသနပညာရှင်တွေက ဖော်ပြထားတယ်။ အဲဒါက ကလေး

တွေအတွက် အရေးကြီးပါတယ်။ သူတို့ဖတ်ရှုတဲ့ စာအုပ်တွေကနေ ဝေါဟာရတွေ တိုက်ရိုက်ရရှိလာခဲ့တာကြောင့်ပါ။



**စာဖတ်ခြင်းဟာ စာနာနားလည်နိုင်စွမ်း တိုးတက်စေတယ်**

ဘဝကို တွေးမြင်တဲ့ရှုထောင့်ပြောင်းလဲစေတယ်လို့ York University သုတေသနပညာရှင်တွေကပြောပါတယ်။ တခြားသူတွေရဲ့ ခံစားချက်တွေကို မျှဝေခံစားနိုင်စွမ်းမြင့်လာပြီး စိတ်ခွန်အားသန်မာလာစေတယ်။ Charlotte Bronte ရဲ့ Jane Eyre စာအုပ်နဲ့ ကမ္ဘာကြီးကို ဖတ်ရှုကြည့်လိုက်တာနဲ့ ဥပမာဆိုရရင် သင့်ရဲ့ ယောက်မအမြင်နဲ့ ဆက်စပ်ပြီး သူ့အပေါ် စာနာနားလည်နိုင်ဖို့ ပိုပြီး လွယ်ကူသွားစေတာပေါ့။

**စာဖတ်ခြင်းဟာ ဘဝရဲ့ပန်းတိုင်တွေရဲ့ တွန်းအားပါ**

အတားအဆီးတွေကို ဖြတ်ကျော်နိုင်ခဲ့သူ တစ်ဦးအကြောင်း စာဖတ်ရတဲ့အခါ သင့်ရဲ့ ပန်းတိုင်ဆီအရောက်သွားနိုင်ဖို့ တက်ကြွသွားတတ်တယ်လို့ Ohio State University သုတေသနပညာရှင်တွေက ဆိုတယ်။

**စာဖတ်ခြင်းဟာ ပိုပြီး အချိတ်အဆက်မိစေတယ်**

စာဖတ်ခြင်းဟာ ကောင်းမွန်တာမှန်ပေမဲ့ စာအုပ်ကောင်းဖတ်ခြင်းကသာ ပိုလို့ကောင်းမွန်စေတယ်။ စာအုပ်ထဲက ဇာတ်ကောင်တွေလို အပြင်မှာ ပုံတူပွားဖြစ်တဲ့အခါ တကယ့်ပြင်ပဘဝ ဆက်ဆံရေးမျိုးတွေ့ကြုံလာမယ်။ သင့်ရဲ့အာရုံခံစားမှု တိုးမြှင့်လာနိုင်မယ်လို့ University of Buffalo မှ စိတ်ကျန်းမာရေးပညာရှင်တွေက ဆိုတယ်။ ဥပမာ နယူးယောက်တိုင်းမ်စ်ရဲ့ အရောင်းရဆုံးစာရင်းဝင် ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ် (အမေရိကန်စာရေးဆရာ John Grogan ရဲ့ Marley & Me : Life and Love with the World's Worst Dog) ကို ဖတ်ခဲ့ရင် ပန်းခြံတွေသွားတဲ့အခါ ခွေးပိုင်ရှင်တွေကို နားလည်သိကျွမ်းနိုင်ပြီး သူတို့နဲ့ အဖွဲ့ကျနိုင်တယ်။ သူတို့ရဲ့ အတွေ့အကြုံတွေကို ပြင်ပမှာ ကိုယ်တိုင် ပါဝင်စူးစမ်းချင်စိတ်ဖြစ်လာမှာပါပဲ။

**စာဖတ်ခြင်းဟာ သင့်ရဲ့နေ့တွေကို တောက်ပလင်းလက်အောင်ဖန်တီးဦးမယ်**

ဇာတ်သိမ်းခန်းကောင်းတဲ့ စာတစ်ပုဒ်ဆိုရင် သင့်ရဲ့ စိတ်ဝိညာဉ်ဟာ ကြည်နူးတက်ကြွနိုင်တယ်။ ဒါပေမဲ့ ကိုယ်ရွေးချယ်ဖတ်ရှုတဲ့ဝတ္ထုတွေဟာ အပြုသဘောဆောင်တဲ့ အတွေးအမြင်ရင့်သန်ဖို့ ကြိုးပမ်းတဲ့စာမျိုး၊ သိမ်မွေ့တဲ့နည်းလမ်းတွေ ဖော်ပြထားတဲ့စာမျိုးကသာ သင့်ရဲ့နေ့တွေ လင်းလက်စေမှာပါ။ ဝတ္ထုထဲက နွေးထွေးတဲ့ အမှတ်ရစရာလေးတွေ ဥပမာ ကမ်းခြေတစ်ခုက ကစားပွဲလေးအကြောင်း ရေးဖွဲ့ထားတဲ့ အဖြစ်အပျက်လေးကို ပြန်ပြီးအမှတ်ရရင်း ကိုယ်တိုင်ကမ်းခြေသဲလွင်လွင်တွေပေါ်မှာ ဆော့ကစားနေသလို ပျော်ရွှင်သွားနိုင်တယ်။ စာအုပ်ကောင်း၊ ဝတ္ထုကောင်းမဟုတ်ခဲ့ရင်တော့ သင့်ရဲ့နေ့တွေက အုံ့ဆိုင်း မှုန်မှိုင်းကုန်မှာပါပဲ။ စာအုပ်ကောင်းတွေ ရွေးချယ်တတ်ဖို့ကတော့ အရေးအကြီးဆုံးပါ။ အချိန်ဟာ အင်မတန်ကို နှမြောစရာကောင်းလွန်းလှတယ်။ စာအုပ်ကောင်းဖတ်ရှုပြီးတော့သာ အဖိုးတန်တဲ့အချိန်တွေ အသုံးပြုလိုက်တာပဲ အထိုက်တန်ဆုံးပါ။



**အရေးအကြီးဆုံးတစ်ခုလို့လည်း ပြောနိုင်ဦးမယ့် စာဖတ်ခြင်းဟာ သင်ပိုင်ဆိုင်တဲ့ငွေကို ချွေတာပေးတယ်**

ဝတ္ထုစာအုပ်ပျမ်းမျှတန်ဖိုးဟာ e-book ဆိုရင် ၈ ဒေါ်လာ paperback ဆိုရင် ၁၃ ဒေါ်လာကြားကုန်ကျနိုင်တယ်။ ဖတ်ရှုဖို့ ၆ နာရီခန့်အချိန်ယူရမယ်။ အဲဒီ ၆ နာရီစာအချိန်အတွက် ရုပ်ရှင်တချို့၊ အပန်းဖြေပန်းခြံတွေမှာ၊ ပြီးတော့ စားသောက်ဆိုင်တွေမှာ သွားစားကြည့်ကြမယ် ဆိုပါစို့။ အဲဒီလို နှိုင်းယှဉ်ကြည့်လိုက်ရင် စာဖတ်ခြင်းဟာ သင့်ရဲ့ဒေါ်လာတွေကို အနည်းဆုံးပဲ ကုန်ကျစေတာသိသာစေတယ်။

ပြီးတော့ စာကြည့်တိုက်လေးတွေမှာ စာအုပ်တွေသွားရှာဖို့လည်း မမေ့လိုက်နဲ့နော်။

**မြိုးမြိုး**

Source Benefits of Reading Getting Smart, Thin, Healthy, Happy By Lauren Gelman | Reader's Digest

## လူငယ်၊စာဖတ်ခြင်းဓလေ့နဲ့

# စာကြည့်တိုက်



နိုင်ငံတစ်နိုင်ငံတွင် စာကြည့်တိုက်ဆိုသည်မှာ မဖြစ်မနေ ပါဝင်နေရမယ့်အရာပဲ ဖြစ်ပါတယ်။
နိုင်ငံတော်အဆင့်စာကြည့်တိုက်မှအစ ကိုယ်ထူကိုယ်ထ ကျေးရွာစာကြည့်တိုက်များအဆုံး များပြားစွာပေါ်ထွန်းလာခြင်းက စာဖတ်ခြင်းဓလေ့ကို မြှင့်တင်ပေးရုံသာမက စာပေအပေါ် ချစ်မြတ်နိုးစိတ်ကိုလည်း ပိုမိုတိုးပွားစေပါတယ်။
လူငယ်တွေ စာများများဖတ်ပါလို့ တိုက်တွန်းပါရစေ။ လူငယ်ဆိုတာ တိုင်းပြည်ရဲ့အနာဂတ်အတွက် အားထားရာ ကြယ်ပွင့်တွေပဲ ဖြစ်ပါတယ်။
အတိတ်သမိုင်းကို သိအောင်၊ ပစ္စုပ္ပန်ခေတ်ကို အမီလိုက်နိုင်အောင်၊ အနာဂတ်ကို ကြိုတင်မြင်နိုင်တဲ့ အစွမ်းရှိအောင် စာပေက လမ်းပြပါလိမ့်မယ်။
'မအ' အောင် စာဖတ်ကြဖို့ လိုပါတယ်။ အထူးသဖြင့် လူငယ်တွေ 'မအ' မှ နောင်အနာဂတ်ကောင်းမှာပါ။ လူငယ်စာဖတ်သူများနေ့ရှိတဲ့ အခုလိုနိုဝင်ဘာလမှာ လူငယ်တွေ 'မအ' အောင် အကျိုးပြုနေတဲ့ စာကြည့်တိုက်များအကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။

> တစ်ယောက်ဘဝကို တစ်ယောက်က သိနိုင်ဖို့ဆိုရင် စာဖတ်မှ သိနိုင်မယ်။ သမိုင်းကြောင်းတွေဆိုလည်း စာဖတ်မှ သိနိုင်မယ်။

သုခအလင်းစာကြည့်တိုက်ကို ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က စတင်တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ အရင်ရုံးချုပ်ဆိုတာက အခုဆေးခန်းလုပ်ထားတဲ့ ရုံးတစ်ရုံးပဲ ရှိတာပါ။ အဲဒီကမှ ဟိုဘက်အခြမ်းမှာ တစ်ရုံးထပ်ဆောက်တယ်။ အဲဒီရုံးဘက်မှာကျတော့ ပိုကျယ်တော့ စာကြည့်တိုက်ပါ လုပ်လိုက်တယ်။ စာကြည့်တိုက်ပြီးတော့ ပညာရေးဘက်ကို ဆက်လုပ်လာတဲ့အခါမှာ ကျောင်းသားတွေရှိလာတယ်။ နွေရာသီဆို အယောက် ၄၀၀၊ ၅၀၀ လောက်ရှိတယ်။ အဲဒါကြောင့် ထပ်ပြီးတိုးချဲ့ဖို့ လိုမယ်ဆိုပြီး လူကြီးတွေနဲ့ တိုင်ပင်လိုက်တယ်။ ဦးမောင်တို့၊ အန်တီရွှေဇီးကွက်တို့ကလည်း ဆန္ဒရှိတယ်ဆို တော့ Learning Center ဆိုပြီး ဆောက်ဖြစ်တဲ့အချိန်မှာ စာကြည့်တိုက်ကိုပါ ဒီဘက်တစ်ခါတည်း ရွှေ့လိုက်တာပါ။ ဒီက Learning Center မှာ သင်တန်းတွေကတော့ အများကြီးပါပဲ။ Computer ဆိုလည်း Basic ကနေပြီး Auto Cad၊ DTP၊ Photoshop၊ A+ အဲဒီလိုမျိုးတွေ ရှိတယ်။ LCCI ဆိုလည်း Level (1), (2)၊ နောက် အလုပ်အကိုင် အခွင့်အလမ်းအတွက် Hotel သင်တန်းတွေ ရှိတယ်။ ၁၀ တန်းစာသင်စာကျက်ဝိုင်း ကတော့ ဒီနှစ်နဲ့ဆို ၃ နှစ် ရှိပြီ။ ၉ တန်းကတော့ ဒီနှစ်မှစတာပါ။ နောက် စာကြည့်တိုက်စဖွင့်တဲ့ ၂၀၁၀ ပြည့်နှစ်မှာပဲ ကလေးတွေအတွက် နွေရာသီ Four Skill စလုပ်ဖြစ်တယ်။ ပြီးတော့ အကြီးတန်း Four Skill ရှိတယ်။ အလျဉ်းသင့်ရင်သင့်သလို လူမှုရေး အသင်းအဖွဲ့နဲ့ ပတ်သက်တဲ့ သင်တန်းတွေရှိတယ်။ အဲဒီလို သင်တန်းတွေ မပျက်ရှိနေတော့ ကလေးတွေ အမြဲတမ်းရှိနေတယ်။ အဲဒီကလေးတွေရှိနေတော့ သူတို့အတွက် စာကြည့်တိုက်ရှိနေတော့ ပိုအဆင်ပြေအောင်လို့ပါ။ အစ်မတို့ စာကြည့်တိုက်က ပိတ်ရက်မရှိ မနက် ၉ နာရီကနေ ညနေ ၄ နာရီအထိ ဖွင့်ပေးပါတယ်။ ဝန်ထမ်းနဲ့ Volunteer တွေကိုတော့ ငှားပေးပြီး သင်တန်းသားတွေကိုတော့ စာကြည့်တိုက်မှာပဲ ပေးဖတ်ပါတယ်။ အပြင်ကို မငှားပါဘူး။

ကလေးတွေရောက်ခါစတုန်းကတော့ ကာတွန်းထားပေးရတယ်။ ကလေးတွေက စာအုပ်နဲ့ မထိတွေ့မရင်းနှီးသေးတဲ့အခါကျတော့ သူတို့လေးတွေ စိတ်ဝင်စားမှုရှိနိုင်မယ့် ကာတွန်းစာအုပ်မျိုးတွေကို ရှေ့တန်းတင်ပေးရပါတယ်။ အခုဆိုရင် ၂၀၁၀ တုန်းက Four Skill တက်တဲ့ ကလေးတွေဆိုရင် အခု ၁၀ တန်းကို Guide ပြန်လုပ်ပေးနိုင်တဲ့ အရွယ်တွေရောက်နေကြပြီ။ အဲဒီလိုကလေးတွေဆို ရသစာပေကို ရှာဖွေပြီး ဖတ်တတ်လာပြီ။ အစ်မတို့ကလည်း ဒီမှာ ရသစာပေကို သေသေချာချာထားပေးထားတယ်။ ပြီးတော့ တက်ကျမ်းလိုစာမျိုးတွေကိုလည်း ရှာဖွေပြီး ဖတ်တတ်လာတယ်။ သုတ၊ ရသစာပေတွေကို ဖတ်တတ်လာတဲ့သဘောပေါ့နော်။ တချို့ကလေးတွေကျတော့လည်း သင်တန်းတွေတက်နေတော့ Subject အလိုက် လေ့လာသင့်တာတွေ လေ့လာတယ်။ အင်္ဂလိပ်စာအုပ်တွေလောက်သာ သူတို့ သိပ်မဖတ်နိုင်သေးတာပါ။ ဘာသာရေးစာအုပ်



ဒေါ်စိုးစန္ဒာ
စာကြည့်တိုက်မှူး

တွေ ဖတ်တဲ့ကလေးတွေလည်း ရှိတယ်။ ကလေးတွေက တစ်မျိုးတည်းဖတ်ကြတာမဟုတ်ဘဲ အစုံဖတ်တယ်လို့ ပြောရပါမယ်။ အစ်မတို့စာကြည့်တိုက်ကနေ လူငယ်တွေဖတ်သင့်တဲ့ စာအုပ်တွေကို Guide လုပ်ပေးတာမျိုးလည်း ရှိပါတယ်။ ၉ တန်း၊ ၁၀ တန်းကလေးတွေဆို ကာတွန်းစာအုပ်ပဲဖတ်နေတာမျိုးရှိတယ်။ အဲဒါမျိုးကျရင် အစ်မတို့က သားတို့ သမီးတို့ရေ ဒီစာအုပ်မျိုးလေးဖတ်ကြည့်ပါလားဆိုပြီး ဆရာဖေမြင့်ရဲ့ နှလုံးသားအာဟာရလို စာအုပ်မျိုးပဲဖြစ်ဖြစ် အဲဒီလိုမျိုးပေးဖတ်လိုက်တယ်ဆိုရင် သူတို့ စာအုပ်ပြောင်းဖတ်ချင်လာတယ်။ လူထုဦးလှလိုစာအုပ်မျိုးတွေ လူငယ်တွေကို ပြန်ဆွဲခေါ်နိုင်မယ့်စာပေမျိုးတွေကို သူတို့ဖတ်ဖြစ်အောင် ပြောပြပေးပါတယ်။ အစ်မတို့ရဲ့သုခအလင်းစာကြည့်တိုက်မှာ အပြင်ကလာဖတ်တဲ့ သူကတော့ နည်းပါတယ်။ ဒီကကလေးတွေဖတ်ကြတာများပါတယ်။ ကလေးတွေက ၉ တန်း၊ ၁၀ တန်း အားလုံးအယောက် ၂၀၀ လောက်ရှိတော့ စာကြည့်တိုက်ကို တစ်နေ့ဝင်တဲ့ဦးရေက အနည်းဆုံး အယောက် ၁၀၀ လောက်တော့ ရှိပါတယ်။ လူငယ်တွေရဲ့ စာဖတ်အားကို အားရမှုတော့ မရှိဘူး။ ကာတွန်းထဲမှာတောင်မှ ရသပါတဲ့ စာအုပ်မျိုးတွေဆို သေသေချာချာချုပ်ပြီး ထားပေးတယ်။ သူတို့ရသ စာပေကို လေ့လာတတ်သွားအောင်ပါ။ မအအောင်တော့ စာဖတ်ရပါတယ်။ လူတိုင်းမှာ ကိုယ့်ဘဝနဲ့ကိုယ် လမ်းတွေလျှောက်နေကြတယ်။ လျှောက်နေရင်းနဲ့မှ အတွေ့အကြုံဗဟုသုတရှိတဲ့ သူတွေက စာတွေရေးပေးခဲ့ကြတယ်။ တစ်ယောက်ဘဝကို တစ်ယောက်က သိနိုင်ဖို့ဆိုရင် စာဖတ်မှ သိနိုင်မယ်။ သမိုင်းကြောင်းတွေဆိုလည်း စာဖတ်မှ သိနိုင်မယ်။ ဒါကြောင့် လူငယ်တွေကို စာဖတ်ကြဖို့ တိုက်တွန်းချင်ပါတယ်။ အစ်မတို့ရဲ့ သုခအလင်းစာကြည့်တိုက်မှာ နယ်က စာကြည့်တိုက်လုပ်တဲ့သူတွေကို ဖိတ်ခေါ်ပြီး စာကြည့်တိုက်ပညာနဲ့ ပတ်သက်လို့ သင်တန်းပေးတာမျိုးတွေလည်း လုပ်ခဲ့ဖူးတယ်။ American Center ကနေလာပြီး ပို့ချပေးတာပါ။ ထပ်ပြီးလုပ်ဖို့လည်း အစီအစဉ်ရှိပါတယ်။ ဒါ့ပြင် နယ်စာကြည့်တိုက်တွေအနေနဲ့ စာအုပ်စာတမ်းတွေလိုအပ်လို့ အစ်မတို့ဆီကို ဆက်သွယ်လာခဲ့ရင်လည်း စာအုပ်တွေ လှူဒါန်းပေးပါတယ်။




တက္ကသိုလ်များ
ဗဟိုစာကြည့်တိုက်ဆိုတာက
မြန်မာပြည်မှာရှိတဲ့
တက္ကသိုလ် ၄၈ ခုကို
ဦးဆောင်ရပါတယ်။
Training တွေပေးချင်လည်း
ဒီကပဲဦးဆောင်ပြီးပေးပါတယ်။
စာအုပ်တွေကို
Sharing လုပ်တယ်။



ဒေါ်နီနီနိုင်
စာကြည့်တိုက်မှူး

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ၁၉၂၇ ခုနှစ်မှာ စပြီးတော့ တည်ထောင်ခဲ့တာပါ။ အဲဒီက နေမှ တက္ကသိုလ်များဗဟိုစာကြည့်တိုက်ဆိုပြီး ပြောင်းလိုက်တယ်။ ပြောင်းပြီးတော့မှ ဒီနေရာမှာ စာကြည့်တိုက်အသစ်ကြီးကို ဆောက်လိုက်တာပါ။ ဆောက်ပြီးတော့မှ ဒီဘက်ကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဟိုဘက်အခြမ်းကို ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်ဆိုပြီး ၂ ခု ပြန်ခွဲလိုက်ပါတယ်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်ဆို တာက မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ် ၄၈ ခုကို ဦးဆောင်ရပါတယ်။ Training တွေပေးချင်လည်း ဒီကပဲ ဦးဆောင်ပြီးပေးပါတယ်။ စာအုပ်တွေကို Sharing လုပ်တယ်။ စာအုပ်တွေဝေတယ်ဆိုလည်း ဒီကနေပဲ တက္ကသိုလ် ၄၈ ခုကို ပြန်ဝေပေးပါတယ်။ အစ်မတို့ရဲ့ တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှာ တော့ ရန်ကုန်တက္ကသိုလ်အတွင်းက ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမတွေ၊ ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်း၊ အနောက်ပိုင်းက Master တွေ လာတယ်။ စာအုပ်ငှားရင် ကျောင်းသားတွေဆို ၅ အုပ်၊ နှစ်ပတ် ငှားပေးတယ်။ ဆရာ၊ ဆရာမ တွေကိုကျတော့ တစ်လ ငှားပေးပါတယ်။ အပြင် လူတွေကိုတော့ ပြင်ပအနေနဲ့ အစိုးရဝန်ထမ်း လူကြီးတစ်ယောက်က ထောက်ခံပေးရင် နှစ်အုပ် ငှားပေးပါတယ်။ ဒါမှသာ သူက စာအုပ်လာမအပ် ဘူးဆိုရင် သူ့ကို ထောက်ခံပေးထားတဲ့သူဆီကို သွားတောင်းလို့ ရမှာလေ။ ဒါကြောင့် အပြင်လူ တွေကို ငှားဖို့ဆိုတာက ပြန်တောင်းပေးမယ့်သူ မရှိရင် အဆင်မပြေပါဘူး။ အစ်မတို့ရဲ့ တက္ကသိုလ် များဗဟိုစာကြည့်တိုက်မှာက သုတေသနလုပ်တဲ့ စာအုပ်တွေထားတယ်။ စစ်ပြီးခေတ်၊ စစ်အတွင်း က စာအုပ်တွေ အရမ်းများတယ်။ ကျောင်းသူ ကျောင်း သားတွေက ကျတော့ သူတို့ ကျောင်းတွေနဲ့ ပတ်သက်တဲ့ ဘာသာရပ် တွေဖတ်တယ်။ တချို့ က ရသစာပေဖတ် တယ်။ အဲဒါတွေ အဖတ်များပါတယ်။ ပြီးတော့ အစ်မတို့ဆီမှာက Internet က WLAN File Acess ပေးတယ်။ သူတို့မှာ Laptop တွေ၊ ဖုန်းတွေမပါဘူးဆိုရင်လည်း ကွန်ပျူတာတွေ ထားပေးထားပါတယ်။ အဲဒါကတော့ ကြိုက်တဲ့သူ ဝင်သုံးလို့ရပါတယ်။ စာအုပ်ဖတ်တာကလည်း ကျောင်းသားမှ မဟုတ်ပါဘူး။ အပြင်လူတွေလည်း လာဖတ်လို့ ရတယ်။ အိမ်ကို ငှားမပေးတာတစ်ခုပဲ။ လိုအပ်တာကို မိတ္တူဆွဲပေးတယ်။ အဲဒါက လူတိုင်းကို လုပ်ပေးတာပါ။

လစဉ်ရောက်လာတဲ့ စာအုပ်အသစ်တွေကို User တွေအတွက် New Arrival ဆိုပြီး ဆိုင်းဘုတ်မှာ ကြေညာပေးပါတယ်။ ပြီးတော့ E - Library Project ပေါ့နော်။ E-book တွေကို သုံးဖို့အတွက် အစ်မတို့က ဌာနတွေကိုသွားပြီး တော့ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား တွေကို ဒီ Website တွေကို ဘယ်လိုသုံးရတယ်။ ဘယ်လို Download လုပ်ရတယ်။ ဒီထဲမှာ ဘာ Subject တွေရှိတယ်ဆိုတာကို သွားပြီးတော့ Presentation လုပ်ပေးရပါတယ်။ စာလာဖတ်တဲ့ သူကတော့ နေ့စဉ် ၁၀၀ ကျော်၊ ၂၀၀ နီးပါး ရှိပါတယ်။ အရင်ကနဲ့စာရင်တော့ Library ကို ပိုပြီးအသုံးပြုလာကြတယ်။ ပိုပြီး စာဖတ်လာ ကြတယ်လို့ ထင်ပါတယ်။ ဟိုတစ်လောကဆိုလည်း စာကြည့်တိုက်တွေရဲ့ ညီလာခံလုပ်တယ်။ လုပ်တော့ မြန်မာတစ်ပြည်လုံးက စာကြည့်တိုက် လုပ်တဲ့သူ တော်တော်များများများကိုခေါ်ပြီး စာကြည့်တိုက်ပညာနဲ့ ပတ်သက်တာတွေကို ပို့ချပေးပါတယ်။ ဥပမာပြောရရင် အစ်မတို့က User တွေကို Service ပေးတဲ့သူပါ။ သူတို့လိုချင်တဲ့ စာအုပ်ကို အစ်မတို့က ရှာပေးရတယ်။ အဲဒီလို Service ပေးတဲ့အခါမှာ စိတ်ချမ်းသာအောင် လုပ်ပေးရမယ်။ ကိုယ့်ဆီလာတာကို ကိုယ်က မသိဘူး မလုပ်ရဘူး။ လာပြီဆိုတာနဲ့ ဘာစာအုပ် လိုချင်လဲ၊ ဘယ်လိုပေါ့။ ဘဏ်မှာလိုပေါ့နော်။ Service ကို ကောင်းကောင်းပေးရတယ်။ သူတို့ လိုချင်တဲ့ စာအုပ်ကို ရှာပေးရတယ်။ ဒီတက္ကသိုလ် များ ဗဟိုစာကြည့်တိုက်မှာဆိုရင်လည်း သုံးနေကျ သူတွေဆို သိတယ်။ သူတို့လိုချင်တာ သူတို့ရှာ တယ်။ သူစိမ်းဝင်လာရင်လည်း သိတယ်။ သူစိမ်း ဆို ဘာစာအုပ်လိုချင်လဲ၊ ဘာရှာပေးရမလဲလို့ မေးတယ်။ တချို့စာအုပ်တွေဆို တော်တော် ခက် ခက်ခဲခဲရှာပေးရပါတယ်။ နယ်က စာကြည့်တိုက် တွေဆိုလည်း သူတို့မေးချင်တာရှိရင် ဖုန်းဆက် မေးပါတယ်။ အစ်မတို့က ဗဟိုဖြစ်တဲ့အတွက် တော်တော်များများက အစ်မတို့နည်းအတိုင်း လုပ်ပါတယ်။ နောက် Library မှာသုံးတဲ့ Computer Software နဲ့ အပြင် Software နဲ့က မတူဘူး။ ဒီ Software ကိုသုံးဖို့အတွက် ဘယ်လို ဝယ်ရမလဲ။ အဲဒါနဲ့ပတ်သက်တဲ့ Training ကို လည်း ပေးပါတယ်။



တက္ကသိုလ်များဗဟိုစာကြည့်တိုက်
ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်



သရပါစာကြည့်တိုက်
အမှတ်၊ ၃၀/၃၂၊ ၁၀ လမ်း(အလယ်)၊ လမင်းခန့်ကွန်ဒို၊
လမ်းမတော်မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး။



ကိုရဲထက်ဦး
စာကြည့်တိုက်မှူး
သရပါစာကြည့်တိုက်

သရပါစာကြည့်တိုက်ကို ကျွန်တော် စတင်တည်ထောင်ခဲ့တာ ၂၀၀၉ ခုနှစ်ကပါ။ ရည်ရွယ်ချက်ကတော့ လူငယ်တွေကို စာဖတ်စေချင်တာပါ။ အင်္ဂလိပ်စာအုပ်ဆိုလည်း အဲဒီခေတ်က တော်တော်လေးရှားတယ်။ အမေရိကန်သံရုံးနဲ့ ဗြိတိသျှသံရုံးမှာပဲ ငှားလို့ရတဲ့အခြေအနေရှိတယ်။ အဲဒါကြောင့်မို့ ကိုယ့်မှာရှိတဲ့ စာအုပ်လေးနဲ့ စတည်ထောင်ဖြစ်တယ်။ ဒါပေမဲ့ ခေတ်ကာလ အခြေအနေအရ ၂၀၀၉ ခုနှစ်တုန်းက စာကြည့်တိုက်ဆိုတာကို လွတ်လွတ်လပ်လပ်ထောင်လို့မရဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်က နိုင်ငံရေးအခြေအနေအရရော၊ ရွေးကောက်ပွဲနဲ့ နီးတဲ့အခါကျတော့ မြို့နယ်အာဏာပိုင်တော်တော်များများက စာကြည့်တိုက်ဆို ကြောက်ကြတဲ့ အပိုင်းတွေရှိတယ်။ စလုပ်ခဲ့တဲ့နေရာကလည်း ၂၈ လမ်း၊ မြို့တွင်းဖြစ်နေတော့ လူစုမှာ ကြောက်တဲ့အနေအထားလည်းပါတယ်။ အဲဒါကြောင့် ၂၀၀၉ နဲ့ ၂၀၁၀ ကြားမှာ စာကြည့်တိုက်ဆိုတာထက် စာအုပ်အငှားဆိုင်ဆိုတဲ့ ပုံစံနဲ့နေခဲ့ရတယ်။ ဒါပေမဲ့ ၂၀၁၀ နှစ်ဆန်းပိုင်းမှာ ကျွန်တော်တို့ စာကြည့်တိုက်ကို အဲဒီတုန်းက ပြန်ကြားရေးရဲ့ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ် ရောက်လာတယ်။ အဲဒါက ဖိတ်ထားလို့လည်း မဟုတ်ဘူး၊ သူဟာသူ သရပါစာအုပ်အငှားဆိုင်ဆိုတဲ့ ဆိုင်းဘုတ်လေးတွေ့လို့ တက်လာတယ်။ ကျွန်တော်နဲ့လည်း မတွေ့ဘူး။ ဝန်ထမ်းတွေနဲ့တွေ့ပြီး စာကြည့်တိုက်ဆိုတာကို သိသွားတယ်။ အဲဒါနဲ့ သူက သူကူမယ်၊ သူ့မှာ အသိရှိတယ်တဲ့။ သူကိုယ်တိုင် ညွှန်ကြားရေးမှူးချုပ်ဆိုတာကိုလည်း မပြောဘဲနဲ့ ကူညီလိုက်တယ်။ အဲဒီကိစ္စကို ပြီးခဲ့တဲ့ တစ်နှစ်လောက်ကမှ ကျွန်တော် ပြန်သိရတယ်။ သူကိုယ်တိုင် ပြန်ပြောပြခဲ့တာပါ။ ၂၀၀၉ ခုနှစ်ကတည်းက စပေမဲ့ တကယ်တမ်း စာကြည့်တိုက်လို့ နာမည်ခံခဲ့တာက ၂၀၁၀ မှာပါ။ စတင်တည်ထောင်ခဲ့တာကတော့ ကျွန်တော်တစ်ယောက်တည်းပါပဲ။ ကိုယ်ပိုင်စာအုပ်တွေရယ်၊ တပည့်ကျောင်းသားတွေလှူတဲ့ စာအုပ်တွေရယ်နဲ့ စခဲ့တာပါ။ စစချင်းတုန်းကတော့ စာအုပ် ၅၀၀ လောက်ပဲ ရှိပါတယ်။ အဲဒီကစခဲ့ပြီး သူများလာလှူတဲ့စာအုပ်တွေကို လက်ခံရင်းနဲ့ စာအုပ်တွေ တိုးလာခဲ့ပါတယ်။ ကံကောင်းတာတစ်ခုက အင်္ဂလိပ်စာနဲ့ စချင်တယ်ဆိုတဲ့အခါမှာ အင်္ဂလိပ်စာအုပ်တွေ လာလှူတဲ့သူ တော်တော်များတယ်။ တချို့ဆို နိုင်ငံခြားပြောင်းတော့မယ်ဆိုပြီး စာအုပ် ၃၀၀၊ ၄၀၀ လှူသွားတဲ့ အလှူရှင်တွေလည်း ရှိတယ်။ အဲဒီကနေမှ တဖြည်းဖြည်း များလာတာပါ။ စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့ဖို့အတွက် အဓိက လိုအပ်တာကို ပွင့်ပွင့် လင်းလင်းပြောရရင် ငွေလို့ပဲပြောရပါမယ်။ အခု ခေတ်မှာ စာအုပ်တွေကို အလကားပေးပါ့မယ် ဆိုတဲ့သူရှိရင်တောင်မှ နေရာအခန်းခကတော်တော်ခေါင်းစားရတယ်။ မြို့ထဲမှာ အခန်းလိုချင်ရင် ၈ သိန်းနဲ့ ၉ သိန်းကြားသုံးမှရမယ်။ ကိုယ်ပိုင်စာကြည့်တိုက်တွေ ဘာဖြစ်လို့ပျက်ရလဲလို့မေးရင် ပထမအချက်က နေရာအခက်အခဲရှိတယ်။ ဒုတိယအချက်က တချို့နိုင်ငံရေးပါတီတွေကလုပ်တဲ့ စာကြည့်တိုက်တွေဆို နေရာပူစရာ

မလိုဘူး။ ဒါပေမဲ့ စာကြည့်တိုက်ဆိုတာက စာအုပ်ကောင်းချည်းပဲ ရှိလို့မရဘူး။ လူလာဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့ဆိုလည်း လူလာဖို့ မနည်းစည်းရုံး နေရတယ်။ ကျွန်တော်တို့အခန်းတွေ ငှားထားရတယ်။ လစဉ်စာအုပ်တွေ သိန်း ၃၀၊ ၄၀ ဖိုး ဝယ် ထည့်ရတယ်။ လူမလာဘူး၊ လူမလာရင် ဘယ်လိုလုပ်ကြမလဲဆိုတာ စဉ်းကို စဉ်းစားရပါတယ်။ ဘာဖြစ်လို့ စာကြည့်တိုက်တွေ ပျက်ရလဲဆိုရင် နံပါတ် ၁ အချက် တည်ထောင်မယ့် ငွေရေးကြေးရေး ရေရှည်စီမံကိန်းမရှိခဲ့ရင် ပျက်တာပဲ။ ၂၊ စာကြည့်တိုက်မှာ စာအုပ်တွေ ရှိမယ်၊ လူလာဖတ်မှာပဲလို့တွေးရင် ပျက်မှာပဲ။ အခုခေတ်မှာ စာအုပ် တစ်အုပ်ရဖို့ ကားတစ်တန်၊ ကုန်းတစ်တန်သွားတဲ့ ခေတ်မဟုတ်တော့ဘူး။ ဒါကြောင့် တော်တော်များများ ပျက်ကြတယ်လို့ မြင်တယ်။ ကျွန်တော်တို့ သရပါစာကြည့်တိုက်အနေနဲ့ကတော့ လူငယ်တွေ စာများများဖတ်ဖြစ်ဖို့ဆိုရင် တက္ကသိုလ်အရောက် စာအုပ်ငှားတဲ့စနစ် လုပ်တယ်။ သန်လျင်မှာဆိုရင် သမဝါယမ တက္ကသိုလ်နဲ့ ချိတ်ထားတယ်။ သူတို့ ကျောင်းဝင်းထဲအထိသွားပြီး ကျွန်တော်တို့ရဲ့ မိုဘိုင်းကားလေးနဲ့ ငှားတယ်။ ဒါသည် အထိ ရောက်ဆုံးပဲ။ ရန်ကုန်မြို့ထဲမှာဆိုရင်လည်း သူနာပြုတက္ကသိုလ်နဲ့ ချိတ်ထားတယ်။ စာမေးပွဲရာသီဖြစ်တဲ့အတွက် ဒီနှစ်ကုန်လောက် စငှားမယ်။ အခမဲ့ပညာသင်ပေးတယ်ဆိုတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေနဲ့ ချိတ်ထားပြီး ငှားပေးမယ်။ သူတို့ဆီမှာဆို ကျောင်းသားထောင် ချီရှိပါတယ်။ ကျောင်းသားတွေဆီကို အရောက် ငှားနိုင်အောင် ကြိုးစားနေပါတယ်။ စာအုပ်တော့ ဖတ်ချင်တယ်၊ ဒါပေမဲ့ စာကြည့်တိုက်ကို မသွားအားဘူးဆိုတာလေးကို ကျော်လွှားနိုင်အောင် လုပ်နေပါတယ်။ ဒါသည် မှန်ကန်သော နည်းလမ်းအစစ်တော့ မဟုတ်သေးဘူး။ ဒီဟာ ဘယ်လောက်အထိ ခံနိုင်မလဲဆိုတာကို စဉ်းစားရပါတယ်။

ကျွန်တော်တို့ကျောင်းတွေအထိ စာအုပ်တွေ လိုက်ငှားတဲ့နေရာမှာ လူငယ်တော်တော်များများ ဖတ်ချင်တဲ့စာအုပ်က ဟာသစာအုပ်၊ ဂမ္ဘီရလိုင်းတွေကို အရမ်းကြိုက်ကြတယ်။ ကျောင်းတစ်ခုကို မိုဘိုင်းသွားတော့မယ်ဆိုရင် တစ်ကျောင်းလုံးကို ဆာဗေးလုပ်တယ်။ ကျောင်းသားတိုင်း ဘာဖတ်ချင်လဲဆိုတာပါ။ ဟာသကြိုက်တာကို ကျွန်တော်တို့လည်း နားလည်လို့ ရပါတယ်။ ဒီစာကြည့်တိုက်မှာ လာငှားတဲ့ကျောင်းသားတွေကကျတော့ တစ်မျိုးပြောင်းသွားတယ်။ သူတို့ကျတော့ နိုင်ငံခြားသွားချင်တဲ့သူများတယ်။ ၁၀ တန်းပြီးတာနဲ့ အမေရိကားသွားချင်မယ်၊ အင်္ဂလန်သွားချင်မယ်။ အဲဒီလိုမျိုးကျတော့ အင်္ဂလိပ်စာအုပ်၊ ဒါမှမဟုတ် စာမေးပွဲဖြေရမယ့် TOEFL၊ SAIS အဲဒါမျိုးတွေကို ဦးတည်ကြပြန်ရော။ ဒါကတော့ တစ်ယောက်

> လူတော်တော်များများက စာဖတ်ဖို့ ကြောက်တယ်။ Facebook မှာတောင် ကိုယ်သိပ်စိတ်မဝင်စားတဲ့ ပို့စ်ဆို လက်ငါးချောင်းကျော်ရင် မဖတ်ချင်တော့ဘူး။

ချင်းစီရဲ့ Need ပေါ့နော်။ မြန်မာပြည်ရဲ့ လူငယ်တော်တော်များများဟာ စာဖတ်တာမှာ သူတို့လိုချင်မှ စာဖတ်တယ်ဆိုတာမျိုး ရောက်နေပြီ။ အဲဒါလေးက တော်တော်ကြောက်ဖို့ကောင်းတဲ့ အခြေအနေရှိတယ်။ သူတို့က စာဖတ်ခြင်းကို အလေ့အကျင့်တစ်ခု မဟုတ်တော့ဘဲ။ ဒါလိုချင်လို့ ဒါဖတ်မယ်။ ဥပမာ ဟင်းချက်တတ်ချင်လို့ ဟင်းချက်နည်းစာအုပ်ဖတ်တဲ့ သဘောမျိုးပေါ့နော်။ အဲဒီလိုဖြစ်နေတယ်။

လူငယ်တွေ စာဖတ်အားနည်းလာတာ အင်တာတိန်းမန့်တွေ များလာလို့လို့ ပြောကြတယ်။ ကျွန်တော်ပြန်ပြီးမေးချင်တာက အင်တာတိန်းမန့်များလို့သာ စာဖတ်နှုန်းကျရင် ဘာဖြစ်လို့ ဟယ်ရီပေါ်တာထွက်မယ့်ညမှာ အမေရိကန်က လူတွေ ညအိပ်ပြီး တန်းစီစောင့်လဲ။ သူတို့လောက် ကျွန်တော်တို့မှာ အင်တာတိန်းမန့်များဦးမလား ပေါ့။ ကျွန်တော်ဆိုလိုချင်တာက ဒါသည် Reason တစ်ခုပါ။ ကျွန်တော်တို့ကိုယ်တိုင်က စာကြည့် တိုက်ရဲ့ Taste ၊ စာအုပ်ရဲ့ Taste ကို နိုင်ငံတော် တော်များများလောက် မပေးနိုင်ဘူး။ စာပေအပေါ်မှာ ပြောရရင်လည်း ကျွန်တော် စွပ်စွဲတယ်လို့ပဲ သဘောထားပါ။ ဥပမာ ကျွန်တော်တို့ငယ်ငယ်တုန်းက ဆိုးပေဆိုတာ ရှိတယ်။ ဆိုးပေကိုဖတ်တဲ့အရွယ်က ၉ တန်းကနေ ဆိုကြပါစို့။ တက္ကသိုလ်ဝင်တန်းအထိ ဖတ်ကြတယ်။ အခု ဒီခေတ်မှာ ကလေးဖတ်စာပေ၊ ၉ တန်းကလေး လောက် ဖတ်လို့ရတာ ဘာရှိလဲ။ ဒီကလေးက ဖတ်ချင်ရင်တောင် ဘာစာအုပ် ရွေးဖတ်ရမလဲ။ ၉ တန်း၊ ၁၀ တန်း ဖတ်နေတဲ့ စာအုပ်နဲ့ တက္ကသိုလ် ဝင်တန်းအောင် ဖတ်နေတဲ့ စာအုပ်က အတူတူပဲ။ အပွင့်လင်းဆုံး ပြောရရင် ကလေးစာပေဆိုတာ မရှိတော့ဘူးပေါ့နော်။ ဒါသည် နောင်တစ်ချိန်မှာ ဒုက္ခပေးမယ့် အရာလို့ မြင်မိပါတယ်။ ကျွန်တော်တို့စာကြည့်တိုက်ကို လာဖတ်တဲ့လူဦးရေအနေနဲ့ ပြောရရင်လည်း နည်းပါတယ်။ တစ်လလုံးမှ လူ ၂၀၊ ၃၀ ကို မနည်းဆွဲတင်နေရပါတယ်။ အဲဒါ ကြောင့် ကျွန်တော်တို့က LCCI သင်တန်းတွေ၊ အင်္ဂလိပ်စာသင်တန်းတွေကိုသွားပြီး လက်ကမ်း စာစောင်တွေ ဝေရတယ်။ လာကြပါ၊ ဖတ်ကြပါလို့ ခေါ်ရတယ်။ ကျောင်းတွေသွားတဲ့ မိုဘိုင်းပါပေါင်းလိုက်ရင်တော့ လူ ၄၀၀၊ ၅၀၀ လောက်ရှိပါတယ်။ Activities အနေနဲ့ကတော့ စာသွားသင်တာတို့၊ စာပေဟောပြောပွဲလုပ်ပေးတာတို့ လုပ်ပေးပါတယ်။ မကြာသေးခင်ကလည်း အမျိုးသားပြတိုက်မှာ Activities အနေနဲ့ ၃ ရက်ကြာပြုလုပ်ခဲ့တယ်။ အဲဒီမှာ ပန်းချီပြပွဲပါတယ်။ စာပေဟောပြောပွဲပါတယ်။ ရုပ်ပြောင်တို့၊ မျက်လှည့်တို့ပါတယ်။ ဒါမျိုးတွေ လုပ်တယ်။ ဘာဖြစ်လို့လုပ်လဲဆိုတော့ လူတော်တော်များများက စာဖတ်ဖို့ ကြောက်တယ်။ Facebook မှာတောင် ကိုယ်သိပ်စိတ်မဝင်စားတဲ့ ပို့စ်ဆို လက်ငါးချောင်းကျော်ရင် မဖတ်ချင်တော့ဘူး။ Twitter မှာဆိုလည်း စာလုံးရေ ၁၄၀ ရေးလို့ ရတယ်။ အဲဒါက နိုင်ငံခြားမှာပိုပြီး Popular ဖြစ်တယ်။ သူတို့သည် ဖတ်ဖို့၊ ရေးဖို့ အချိန်ကို သိပ်မသုံးချင်ဘူး။ ဒါပေမဲ့ သူတို့က စာဖတ်တယ်ဆိုတာကိုတော့ မလုပ်မဖြစ် အလုပ်တစ်ခုအနေနဲ့ လုပ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ scence ထဲမှာ မြန်မာပြည်မှာ ပျောက်သွားပြီလို့ကို ပြောလို့ရတယ်။ စာဖတ်ခြင်း အလုပ်ကို မလုပ်တော့သလို စာကိုလည်း ရွေးချယ်စရာ နည်းလာတယ်။ ထို့အတူပဲ စိတ်ဝင်စားစရာအာရုံတွေကလည်း အခုမှစပြီး ရှိလာတယ်လို့ ကျွန်တော်ထင်တယ်။ အဲဒါကြောင့် နည်းနည်းခက်တယ်လို့ ထင်ပါတယ်။ စာကြည့်တိုက်လုပ်ငန်း အခြေအနေကတော့ အခု နိုင်ငံတကာကလည်း ဝင်လာပြီဆိုတော့ အများကြီးမြင့်လာပါပြီ။ ဥပမာအားဖြင့် ရန်ကုန်တက္ကသိုလ်ထဲမှာဆိုလည်း E - Libarity တွေရှိလာပြီ၊ E-book တွေရှိလာပြီ၊ ဒါတွေက ခေတ်တစ်ခုအရ နိမ့်တယ်လို့ ပြောလို့မရဘူး။ Service တစ်ခုအနေနဲ့ နိုင်ငံတကာအဆင့်ကို မမီဘူးဆိုရင်တောင် အာရှမှာတော့ နေရာတစ်ခု ရှိတယ်လို့ မြင်တယ်။ လူငယ်တွေကို ပြောချင်တာက ကိုယ်က စာဖတ်ဖို့ ကြောက်တဲ့သူဆိုရင်တော့ စာမဖတ်ဘဲအသိပညာရနိုင်မယ့် နည်းလမ်းတွေ စဉ်းစားသင့်ပါတယ်။ ကိုယ်က စာဖတ်ရတာ မကြိုက်ဘူး၊ ဟောပြောပွဲ သွားနားထောင်ရတာ ကြိုက်ရင်သွားပါ၊ နားထောင်ပါ။ ဥပမာအားဖြင့် အမေရိကန် စင်တာမှာလည်း ရှိတယ်။ Youth Forum လိုမျိုးရှိတယ်။ ထိုင်ပြီးတော့ ဆွေးနွေးတာမျိုးတွေ သွားပါ၊ နားထောင်ပါ၊ ဆွေးနွေးပါ။ ကိုယ့်ရဲ့ အသိပညာအတွက် ပညာရှင်တွေနဲ့ ဆွေးနွေးပါ၊ နားထောင်ပါ၊ အဲဒါသည် အကောင်းဆုံးပါပဲလို့ ပြောချင်ပါတယ်။




# for Scripts Readers

အယ်ဒီတာအဖွဲ့



အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော နည်းပညာများကို
အကျိုးရှိစွာ အသုံးချရင်း ပြည်သူ့ ကိုယ်ကျိုးကို ကောင်းစွာ
တော်ကောင်းနိုင်စေ သောသူများ ဖြစ်ကြပါစေ။

ဂျူနှာ
၄.၁၀.၁၄



မျိုးဆက်တိုင်းဟာ
ပန်းပွင့်ထက် ပိုကောင်းတဲ့ ကမ္ဘာကြီးကို
ဖန်တီးဖို့ တာဝန်ရှိပါတယ်။
ဒါကြောင့် လူငယ်တွေ ဘဝမှာ
ကလေးတွေက စုစုစည်းစည်း လေ့လာဖတ်ရှုကြပါ။
ဒါမှ လည်း တိုင်းပြည်က အားထားရတဲ့ ဉာဏ်ပညာရှင်တွေ ဖြစ်ကြမှာပါ။

(ကျူး)
30/09/2014



[illegible]



စာဖတ်ပရိသတ်အတွက် စေတနာတွေအများကြီးပါဝင်တဲ့...
မဂ္ဂဇင်း တစောင်အဖြစ် ကာလရှည်ကြာ ရပ်တည်နိုင်ပါစေ..။
ချစ်ခင်စွာ... ၄း၀

[illegible]





[illegible]

[၂၀၁၅ - မဂ္ဂဇင်း.. လူငယ်စာဖတ်ပရိသတ် များအတွက်]

[illegible]

23/9/2014

မောင်စိန်ဝင်း(ပုဂံ[illegible])

[illegible]



[illegible]



‘စာပေဟာ လူ့ အလင်းပါ။
စာပေကို ချစ်မြတ်နိုးတတ်ဖို့ ... ။
လူငယ်တွေ စာပေဖတ်ကြပါ။ ...
... ပါ။’

(ငြိမ်းမြင့်)
- ၂၆၊၁၀၊၂၀၁၄ ...။



ဆရာမြသန်းတင့် ဘာသာပြန်တဲ့ ‘ကေရာက်ဆိုတဲ့ ဘဏ္ဍာ ...များ’ တစ်အုပ်ထဲမှာ
အင်္ဂလိပ် အနုပညာရှင် ... ဆိုတဲ့ ... စကားလေး ပါပါတယ်။

" ... နဲ့လုပ်ထားတဲ့ ပေါင်မုန့်ဟာ စားလို့ကောင်းပါတယ်။ ဒါပေမယ့် စာအုပ်ကောင်း
တစ်အုပ်ထဲမှာတော့ စားကြည့်ရင် ... ပေါင်မုန့် ရှိပါတယ်။ ပေါင်မုန့်
ကိုမှ ဝယ်မစားနိုင်တဲ့ မိသားစုဟာ ဆင်းရဲနွမ်းပါးတဲ့ မိသားစုလို့ ခေါ်နိုင်သလို
စာအုပ်ကိုမှ ဝယ်မဖတ်နိုင်တဲ့ လူမျိုးဟာလည်း ဆင်းရဲတဲ့ လူမျိုးလို့ ဆိုချင်ပါတယ်" တဲ့။

စာဖတ်တဲ့ နိုင်ငံ စာဖတ်တဲ့ လူမျိုးဟာ ချမ်းသာတဲ့ နိုင်ငံ ချမ်းသာတဲ့ လူမျိုး
ဖြစ်ပါစေရှင်။

...



လက်ကိုင်ဖုန်းတွေ၊ internet တွေ၊
... တွေ၊ CD တွေ DVD တွေ၊
EVD တွေ ကြားထဲမှာ ခေါင်းမဖော်နိုင်အောင်
မြုပ်ပြီး စာအုပ်တွေနဲ့ ကျွမ်းဝေးလို့ကတော့
အသိတရားနဲ့ နှလုံးသား ပေါင်းပြီး မြင့်ရတဲ့
ကမ္ဘာထဲမှာ
တို့ လူငယ်တွေ မြုပ်သွားမှာ စိုးပါတယ်။
... ပြောသလို
ကိုယ့်ကိုယ်ကိုယ် မညံ့အောင် ကာကွယ်ကြ။

(... / ...)

26.9.14

စာဖတ်ခြင်း ဆိုတာ
...
...
...

...





လူငယ်များ စာဖတ်ကြခြင်းဖြင့် ပညာမြင့်၍
နှလုံးလှ ... များ ... ရှိသော နိုင်ငံသားကောင်း
များ ဖြစ်နိုင်ကြပါစေ။

...

လူငယ်တွေကို
စာဖတ်ဖို့ ... တိုက်တွန်းပါရစေ..."

ဒါပေမယ့်
စိတ်အားငယ်နေတဲ့ အခါ
စိတ်ညစ်နေတဲ့ အခါ
ဝမ်းနည်းနေတဲ့ အခါ
စိတ်ဓာတ်ကျနေတဲ့ အခါ
‘စာဖတ်’ မှ ‘စိတ်အားဖြည့်’
နိုင်ပါတယ် ကို ... နှိုးနှိုးကားကား
မှာချင်ပါတယ်။

(...)
1.10.2014



[illegible]



[illegible]



[illegible]

[illegible]



[illegible]



[illegible]





We must work together...
We must build our nation...





## အကြည်တော်

ခရီးတွေသွားတိုင်း သတိထားမိတယ်။ နိုင်ငံခြားသားအတော်များများဟာ သူတို့ခရီးထွက်တိုင်း မဖြစ်မနေဆောင်သွားကြတာ စာအုပ်ပါပဲ။

သူတို့ရဲ့ ရည်ရွယ်ချက်ကိုက ရှုခင်းကောင်းကောင်း ပြင်ပလေလတ်လတ်ဆတ်ဆတ်ရတဲ့ နေရာမှာ ဇိမ်နဲ့ စာအုပ်ဖတ်ချင်တယ်ဆိုတဲ့ ဆန္ဒပါပဲ။

ခရီးထွက်တိုင်း လေဆိပ်မှာဖြစ်ဖြစ်၊ ပင်လယ်ကမ်းခြေမှာဖြစ်ဖြစ်၊ ရှုခင်းကောင်းတဲ့ဟိုတယ်လို နေရာမှာဖြစ်ဖြစ် နိုင်ငံခြားသားတွေဟာ ခြေကို အသေအချာချိတ်လို့ စာအုပ်တစ်အုပ်နဲ့ ငြိမ့်နေ တာ အမြဲတွေ့ရပါတယ်။

ကျွန်တော်တို့လူမျိုးတွေက အဲလိုမဟုတ်ပါဘူး။ တစ်ချိန်လုံး ငေးငိုင်နေတော့တာပါပဲ။ စာအုပ်ကို လူကြားသူကြားဖတ်ဖို့ မပြောနဲ့၊ သူတို့ တယ်လီဖုန်းကို သူတို့ပွတ်နေတာနဲ့တင် မအားပါဘူး။ စာမဖတ်ဘူးလားဆိုတော့ ဖတ်တယ်။ ဘာဖတ်သလဲဆိုရင်တော့ Facebook ဖတ်တယ်လို့ပဲ ပြောရမှာပါ။

Facebook မှာတော့ စာဖတ်ဖို့လောက် မပြောနဲ့။ လူတိုင်းနီးပါးကလည်း စာရေးဆရာကဗျာဆရာတွေချည်းပါပဲ။ ရေးလိုက်ကြတဲ့ စာ "အာ့လေ၊ ဟွာလေ၊ အဲဒါလာကျောတာ၊ ဒါမျိုးတော့ မြဝူး" စသည်ဖြင့်ဗျာ။ မြန်မာစာရေးထုံးကို ပြောင်းပြီးတော့ကို တီထွင်ရေးနေကြတာ။ ကျွန်တော်တို့ပီဘိစာရေးဆရာတွေတောင် မျက်စိလည်လောက်အောင် ရေးနေကြတာ တွေ့ရပါတယ်။ ဒီလိုစာဖတ်တာ၊ စာရေးနေတာတွေကလည်း ကောင်းတဲ့အလားအလာတွေတော့ မဟုတ်ပါဘူး ထင်ပါတယ်။

နောက်ပြီး ကျွန်တော်တို့ရဲ့စာတွေကိုလည်း ခွင့်ပြုချက်မယူဘဲ ဒီအတိုင်း Line ပေါ် တင်ထားတာတွေလည်း ရှိပါတယ်။ တင်တဲ့သူကတော့ စေတနာနဲ့တင်တာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ စာရေးသူတွေဘက်ကိုလည်း စာနာဖို့ ကောင်းပါတယ်။ စာရေးဆရာဆိုတာ စာရေးခြင်း တစ်ခုတည်းနဲ့ ရပ်တည်ရတာပါ။ ရှိုးပွဲလည်း လိုက်ဆိုလို့မရ၊ ကြော်ငြာလည်း ရိုက်လို့မရတဲ့ လူတန်းစားတစ်ရပ်ပါ။ ဒါတွေကို ခွင့်ပြုချက်မယူဘဲ ဒီအတိုင်းပဲ စေတနာနဲ့တင်လိုက်တာကလည်း ဒါဟာ စာပေအတွက် နစ်နာမှုတစ်ခုပါပဲ။

ဘာပဲပြောပြော စာဖတ်တာ ကောင်းပါတယ်။ စာဖတ်တယ်ဆိုတာ ဦးနှောက်ကို အလုပ်ပေးတာပါပဲ။ စာရေးသူက စာကြောင်းတွေချည်း ရေးချလိုက်တာကို စာဖတ်သူက စာကြောင်းတွေဖတ်ပြီး ဦးနှောက်ထဲ ပုံဖော်ရတာမျိုးမို့၊ ဦးနှောက်ကို အလုပ်ပေးပြီးသားဖြစ်သွားပါပြီ။ အဲဒီအခါမှာ စဉ်းစားဉာဏ်တွေက သူ့အလိုလိုပေါ်ထွက်လာပါတယ်။ စဉ်းစားဉာဏ်ပေါ်ထွက်လာတဲ့အခါ ဆင်ခြင်တုံတရားလည်း သူ့အလိုလိုဖြစ်လာပါလိမ့်မယ်။ စာရေးဆရာမို့ တိုက်တွန်းတာမဟုတ်ပါဘူး။ စာဖတ်ခြင်းဆိုတာ ဘယ်သူ့ကိုမှ အကျိုးမယုတ်စေပါဘူး။ ဒါပေမဲ့ Facebook ပေါ်က "အာ့လေ၊ ဟွာလေ" တွေချည်း ဖတ်နေရင်တော့ ဦးနှောက်ထဲကလည်း "အာ့လေ၊ ဟွာလေ" တွေပဲ ပြန်ထွက်လာမှာပါ။

**ကျေးဇူးတင်ပါတယ်။**

**လေးစားစွာ ကြိုးစားလျက်**



## Young Readers Day နဲ့ပတ်သက်ပြီး ဆရာမပုညခင်ရဲ့ စကားလက်ဆောင်

Young Readers Day လို့ ဆိုလိုက်တာနဲ့ ကျွန်မငယ်ငယ်က စာဖတ်ခဲ့တဲ့ အချိန်တွေကို သွားသတိရမိပါတယ်။ ကျွန်မစာဖတ်တတ်စအချိန် ကတည်းက ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်း စာစောင်တွေကို စောင့်မျှော်ဖတ်ရှုခဲ့ရတယ်။ အဲ့ဒီ နောက်တော့ ကာတွန်း၊ ရုပ်ပြတွေ ဖတ်တတ်လာ တယ်၊ နောက်တော့ လုံးချင်းဝတ္ထုတွေ၊ အချစ်၊ ဟာသ၊ စုံထောက် အစုံဖတ်ခဲ့တယ်။ မဂ္ဂဇင်းတွေလည်း ဖတ်ခဲ့တယ်။ နောက်တော့မှ ဂန္ထဝင်ဝတ္ထုကြီးတွေကို စွဲလမ်းနှစ်သက်တတ်လာတယ်။ စာဖတ်တယ်ဆို တာ တစ်ဆင့်ချင်းတက်ပြီး ဖတ်ရပါတယ်။ သူ့ အရွယ်နဲ့သူ နှစ်သက်တဲ့ စာအုပ်တွေရှိကြတယ်။ လှေကားကို တစ်ဆင့်ချင်း တက်ရသလိုမျိုး အသက် အရွယ်၊ စိတ်ခံစားမှု၊ အနုအရင့်အလိုက်၊ ဖြတ်သန်း ကြုံတွေ့ရတဲ့ ဘဝအတွေ့အကြုံအလိုက် ကြိုက် နှစ်သက်တဲ့ စာပေအမျိုးအစားတွေ ပြောင်းလဲလာ တတ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်တွေမှာ လည်း လူငယ်တွေကို ဆွဲဆောင်နိုင်မယ့် စာပေမျိုး တွေ ရှိဖို့လိုအပ်တယ်။ စာဖတ်ခါစ လူငယ်ကို စာဖတ်ချင်လာအောင် ဆွဲဆောင်နိုင်စွမ်းမရှိရင် လူငယ်တွေဟာ ဂန္ထဝင်စာပေကြီးတွေကို ဖတ်နိုင် လောက်တဲ့ အခြေအနေထိ တက်လှမ်းလာနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် လူငယ်ကြိုက်ရုပ်ပြ၊ ကာတွန်း၊ အပျော်ဖတ်စာပေဆိုတာလည်း လိုအပ် တယ်၊ အဆိပ်အတောက်ဖြစ်မယ့် စာပေမျိုးမဖြစ် အောင်တော့ ဂရုတစိုက် ရွေးချယ်တတ်ရမယ်။

ကျွန်မတို့ရဲ့ လူငယ်ဘဝက ညနေ ညနေဆို စာအုပ်အငှားဆိုင်လေးတွေကို စက်ဘီးကလေး တွေနဲ့ သွားကြတယ်။ ရသစာပေတွေ အများကြီး ဖတ်ခဲ့ကြတယ်။ ရသစာပေဖတ်ရှုရင်းနဲ့ပဲ လူ့ဘဝ ထဲက လူတန်းစားအမျိုးမျိုးရဲ့ စိတ်အခြေအနေတွေ၊ လူမှုရေးတွေ၊ စာနာထောက်ထားငဲ့ညှာမှုတွေ၊ ဒါတွေကို တဖြည်းဖြည်းနားလည်ခံစားတတ်လာ တယ်။ လက်တွေ့ဘဝနဲ့ နှိုင်းယှဉ်စဉ်းစားတတ်လာ တယ်။ ကိစ္စတစ်ခုကို စဉ်းစားတွေးခေါ် ဆုံးဖြတ်တဲ့ နေရာမှာပဲဖြစ်ဖြစ်၊ လူအချင်းချင်း ဆက်ဆံရေး မှာပဲဖြစ်ဖြစ် ဦးနှောက်က စက်ရုပ်ဆန်ဆန် ဆုံးဖြတ်တာမျိုး၊ ပေါင်းသင်းဆက်ဆံတာမျိုး မဟုတ်တော့ဘဲ ကိုယ့်စိတ်ရင်းစေတနာလေးနဲ့ လိုက်လှဲအသက်ဝင်စွာ မေတ္တာစေတနာပါပါ အလုပ်လုပ်တတ်လာတယ်။ ပေါင်းသင်းဆက်ဆံ တတ်လာတယ်။

ဒါတွေဟာ ရသစာပေ၊ ဖတ်ရှုခြင်းရဲ့ အကျိုး ကျေးဇူးတွေပါ။ ရသစာပေဖတ်ရှုသူဟာ နွေးထွေး သော နှလုံးသားနဲ့ အရာရာကို ကြည့်တတ်မြင် တတ်လာနိုင်ပါတယ်။ ခုခေတ်လူငယ်တွေမှာတော့ ရသစာပေဖတ်ရှုမှု အားနည်းလာကြတယ်။ စာအုပ်အငှားဆိုင်တွေ တဖြည်းဖြည်း လျော့ပါး ပျောက်ကွယ်လာကြတယ်။ Facebook သုံးစွဲခြင်း မှာ အချိန်ကုန်လာကြတယ်။ စာတစ်အုပ်ကို အစအဆုံးခံစားဖတ်ရှုခြင်းထက် facebook ပေါ်က status တွေ၊ သတင်းတွေ၊ ဓာတ်ပုံတွေ နောက်ကို စိတ်အာရုံစီးမျောလိုက်ပါလာကြတယ်။ တိုင်းရေးပြည်ရေးအပြောင်းအလဲမှာ အရင်က ပိတ်ပင်ခံထားရတဲ့ နိုင်ငံရေးစာပေတွေ အင်တိုက် အားတိုက်ထွက်လာပြီး ရသစာပေကို လွှမ်းမိုးပစ် လိုက်သလို ဖြစ်သွားတယ်။ လူတွေဟာ ရှေ့ဆက်ရ မယ့် အနာဂတ်အတွက် အင်နဲ့အားနဲ့ ရုန်းကန် ကြိုးစားကြရမယ့်အစား အတိတ်က နိုင်ငံရေးဆိုင် ရာ နာကြည်းချက်တွေထဲမှာ ဝဲလည်လှည့်ပြီး ရုန်းမထွက်နိုင်ဘဲ မှိုင်းမိသွားကြတယ်။

စာပေဟောပြောပွဲတွေ အများကြီးပေါ် ပေါက်လာကြတယ်။ စာပေဟောပြောပွဲစင်မြင့် တချို့ဟာ လူငယ်တွေအပါအဝင် ပြည်သူလူထု ကို စာဖတ်ချင်လာအောင်၊ အသိအမြင်လမ်းပွင့်လာ အောင် အကျိုးပြုတာမျိုးမဟုတ်တော့ဘူး။ နိုင်ငံ ရေး မျက်စိဖွင့်ပေးရုံဆိုတာမျိုးဆိုရင် လက်ခံနိုင် ဖွယ်ရှိပေမဲ့ အတိတ်က နာကြည်းမှုတွေကို လှောင် ပြောင်ပျက်ရယ်ပြုသော စကားများနဲ့ လူရွှင်တော် ဆန်ဆန် ပျက်လုံးထုတ်ရင်း ပရိသတ်တွေဆီက လက်ခုပ်သံကိုချူယူကြတယ်။ ပရိသတ်ကို အမုန်း တရားတွေသာ များပြားလာအောင် လှုံ့ဆော်မှိုင်း တိုက်တာမျိုးတွေအထိ ရှိလာတယ်။ စာရေးဆရာ အမည်ခံပြီး စာများများရေးဖို့ထက် စင်မြင့်တွေပေါ် မှာ ပျော်ပိုက်ရင်း အများပြည်သူရဲ့ လက်ခုပ်သံကို သာယာလာကြတယ်။ မသိနားမလည်သော ပြည်သူ တွေရဲ့ မခံချင်စိတ်ကိုဆွပြီး လက်ခုပ်သံကို ချူယူ တာမျိုးတွေ တွေ့လာရတယ်။ စာပေဟောပြောပွဲ အားလုံးကိုတော့ ဆိုလိုတာ မဟုတ်ပါဘူး။ အများ ပြည်သူကို အသိဉာဏ်တံခါး ဖွင့်ပေးတဲ့၊ နိုင်ငံရေး အသိအမြင်ရှိလာစေတဲ့ လူငယ်တွေကို စိတ်ဓာတ် တက်ကြွပြီး အောင်မြင်လိုစိတ်မြင့်မားအောင် ဟောပြောနေကြတဲ့ စာရေးဆရာများလည်းရှိပါတယ်။

ပြီးတော့ ကျွန်မတို့တိုင်းပြည်က လူတော် တော်များများဟာ စားဝတ်နေရေးအတွက် ရုန်းကန်နေကြရတဲ့အတွက် ရသစာပေကို အရင် လို ဖတ်ရှုခံစားဖို့ အချိန်မရ၊ အာရုံမရတာမျိုးတွေ လည်း ရှိပါတယ်။ နည်းပညာတွေ တိုးတက်လာ တယ်၊ ဖျော်ဖြေစရာတွေ များလာတယ်။ စာရေး ဆရာက စာရေးဖို့ထက် ဟောပြောဖို့ ပိုအားသန် လာတယ်။ ဒီလိုအကြောင်းတရာများစွာနဲ့ပဲ စာအုပ်စာပေဖတ်ရှုသူ နည်းလာတယ်။ လူငယ် တွေ စာဖတ်တဲ့အလေ့အကျင့်မရှိကြတော့ဘူး။

စာရေးသူတွေဘက်က ပြန်စဉ်းစားကြည့်ရင် လည်း စာရေးသားခြင်းနဲ့ ရပ်တည်နိုင်သူ ရှားလာ တယ်။ စာရေးသားခြင်းက ရရှိတဲ့ ငွေကြေးနဲ့ ရပ်တည်သုံးစွဲသူဆိုရင် စာရေးဖို့အတွက် ကုန်ကြမ်း ရှာဖွေဖို့၊ စာအုပ်စာတမ်း ဝယ်ယူတာကအစ ခရီး ထွက်လေ့လာတာအဆုံး ငွေကြေးသုံးစွဲနိုင်မယ်။ အချိန်ပေးနိုင်မယ်။ ကိုယ့်စာရေးသားခြင်းကို အထောက်အကူပြုဖို့ ဆောင်ရွက်နိုင်တာနဲ့အမျှ စာပေရဲ့ quality လည်း ပိုတိုးတက်လာနိုင်မယ်၊ ခေတ်နဲ့တစ်ပြေးညီ လူတွေကို ဆွဲဆောင်နိုင်တဲ့ စာပေတွေ ရေးထုတ်နိုင်မယ်၊ စာရေးသူက စာဖတ် သူထက် ပိုသိ၊ ပိုတွေးခေါ်၊ ပိုခေတ်မီမှ စာဖတ်သူ ကို ဆွဲဆောင်နိုင်မယ်။ စာရေးသူက နောက်ကျ ကျန်ခဲ့ရင် စာဖတ်သူကလည်း စိတ်ဝင်စားတော့မှာ မဟုတ်ဘူး။

စာပေရေးသားခြင်းနဲ့ မရပ်တည်တဲ့သူတွေ ကျတော့ တခြားအလုပ်များလုပ်ကိုင်ဖို့ အချိန်ပေး ရတဲ့အတွက် စာရေးသားခြင်းကို အပျော်တမ်း ဝါသနာအရလုပ်သလိုဖြစ်ပြီး တစ်စိုက်မတ်မတ် မရေးဖြစ်ကြပြန်ဘူး။

အများပြည်သူစာဖတ်ချင်စိတ်ရှိဖို့ဆိုတာ စာဖတ်သူမှာသာမက စာရေးသူမှာလည်း တာဝန်ရှိ တယ်၊ တိုင်းပြည်အခြေအနေနဲ့လည်း သက်ဆိုင်တယ်။

လက်ရှိထုတ်ဝေနေတဲ့ မဂ္ဂဇင်းအများစုဟာ လည်း ကြော်ငြာတွေအပေါ်မှာ ရပ်တည်မှီခိုရတဲ့ အတွက် ဖတ်စရာကို ကြော်ငြာထဲက ရှာဖတ်ရ တယ်။ လေးလံထူထဲတဲ့စာအုပ်တွေကို လှန်လှော ကြည့်ဖို့လောက်ပဲ စိတ်ဝင်စားသူတွေ များလာ တယ်။ ကြော်ငြာကို မမှီခိုတဲ့ စာပေမဂ္ဂဇင်းတွေကျ ပြန်တော့လည်း ရေရှည်ရပ်တည်ဖို့ ခက်ခဲကြတယ်။

စာပေပျောက်ရင် လူမျိုးပျောက်တယ်ဆိုတဲ့ စကားလည်းရှိတဲ့အတွက် စာဖတ်ခြင်းဟာ၊ စာပေ ဖွံ့ဖြိုးခြင်းဟာ နိုင်ငံတိုင်းအတွက် အရေးပါပါ တယ်။ လူငယ်တွေဟာလည်း တိုင်းပြည်ရဲ့ အနာဂတ်အတွက် အရေးကြီးပါတယ်။

လူကြီးတွေက ဖြစ်ခဲ့ပြီးသမျှ နိုင်ငံရေးကိစ္စ တွေအတွက် နာကြည်းချင်နာကြည်းပါ။ အတိတ် ကို မမေ့ချင်မမေ့ပါနဲ့။ လူငယ်တွေကတော့ ရှေ့ ဆက်ရမယ့် အနာဂတ်အတွက် စိတ်ခွန်အားတွေ၊ အသိဉာဏ်ပညာတွေ၊ ဆင်ခြင်တွေးခေါ်မှုတွေ စိတ်ယဉ်ကျေးမှုတွေ မြင့်မားဖို့၊ ရသသုတစာပေ တွေ အများကြီးဖတ်ဖို့ လိုအပ်တယ်။ နိုင်ငံရေးစာပေ ဖွံ့ဖြိုးအားကောင်းလာသလို လူငယ်တွေအတွက် စာကောင်းပေမွန်တွေ အားကောင်းစွာထွက်ရှိလာ ဖို့လည်း အရေးကြီးတယ်။ ရသစာပေမပျောက်ပျက် ဖို့လည်း အရေးကြီးတယ်။

လူကြီးတွေအတွက် အတိတ်ဟာ အရေးကြီး သလို လူငယ်တွေအတွက် အနာဂတ်ဟာလည်း အရေးကြီးပါတယ်။

# ရတီ စာအုပ်စင်

## ရီနေနိုင်    ၈၈ဆင်သေ ဆိတ်သားရေနဲ့ဖုံးဆဲလူပျက်





ဆရာမောင်လွင်မွန်(ကသာ)၏ အခြား ဖြစ်သော မျက်နှာစာတွင် ဝေဖန်ရေးစာပေများကို ရေးသားလျက်ရှိသော ဆရာရီနေနိုင်၏ နိုင်ငံရေးသရော်စာ ဆောင်းပါးများ စုစည်းထားခြင်း ဖြစ်သည်။ ရသစာပေများကို ပီပြင်ခံ့ထည်စွာမွေးထုတ်နိုင်သလို သရော်စာများတွင်လည်း ပြောင်မြောက်စွာရေးသားနိုင်သော ဆရာသည် ယခုစာအုပ်တွင် မြန်မာ့လူမှု အဆောက်အဦအတွင်း ၈၈ အမြစ်တည်သော အကိုင်းအခက်များကို သရော်လိုသောအကြည့်ဖြင့် ကြည့်မြင်ကာ ရေးသားထားသဖြင့် သမိုင်းကိုအရင်းတည်သော ဝေဖန်ရေးသရော်စာဟု ဆိုရမည်ဖြစ်သည်။မြန်မာ့နိုင်ငံရေး အခင်းအကျင်းအတွင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း လွှဲချော်နေပြီး ကိုယ်ကျင့်တရား၊ စိတ်ဓာတ်နှင့် ယဉ်ကျေးမှုများကို စွန်းထင်းစေမည့် အကြောင်းအရာများကို ကိုယ်တိုင်တွေ့မြင်ခံစားရသည်များအပေါ် အရင်းခံထားသောကြောင့်ထိမိပေါ်လွင်သော ဝေဖန်ချက်များ ဖြစ်သည်။ 'လူပျက်တွေလက်ထဲ လူ့အဖွဲ့အစည်း ရောက်သွားတဲ့အခါ ကမောက်ကမဖြစ်ပုံကို လူပြက်တွေကမြင်တော့ ပြက်လုံးတွေ ဖြစ်သွားတတ်စမြဲပါ'ဟု ဆရာရီနေနိုင်က ဆိုသည်။ ဤစာအုပ်နှင့်စပ်လျဉ်း၍ 'လူပြက်မဟုတ်သော လူပျက်များအကြောင်း နိုင်ငံရေးသရော်စာများ'ဟု မျက်နှာဖုံးအောက်ခြေတွင် ဖော်ပြထားသည်။ ဤစာအုပ်ကိုဝတ်ရည်စာပေမှ တန်ဖိုး ၂၀၀၀ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။




## ကလောင်စုံ    အက္ခရာငါးစင်းဝတ္ထုတိုစုစည်းမှု

အက္ခရာ ငါးစင်းဟု ဆန်းပြားစွာ အမည်ပေးထားသော ယခုစာအုပ်ပါ ကလောင်ရှင်များကို ထက်ရှသောရသမြားများကို ပစ်လွှတ် လိုက်သည့် လေးညို့ရှင် ငါးစင်းဟု ဆိုရမည်။ ဆရာစိုးညွန့်ဝေ(လှိုင်ကော်)၊ ဆရာသော်ဇင် (လှိုင်ကော်)၊ ဆရာမကြယ်စင်သစ်(လှိုင်ကော်)၊ ဆရာမမုဒိတာ(လှိုင်ကော်)၊ ဆရာမ မေလေး (ကန္တာရဝတီ) တို့ရေးသားထားသော ဝတ္ထုတိုများ အနက်မှ ၃ပုဒ်စီကို စုစည်းထားသဖြင့် စုစုပေါင်း ၁၅ပုဒ် ပါဝင်သည်။ ဆရာ၊ ဆရာမငါးဦး တို့သည် လူငယ်ကလောင်ရှင်များဖြစ်ကြပြီး မတူညီသောနယ်ပယ်စုံမှာ ကျင်လည်ရှင်သန်နေကြသည်။ ထို့အတွက်ပင် ပေါက်ဖွားသီးပွင့်လာသည့် စာများမှာလည်း အသွေးအရောင် စုံလင်လှသည်။ ဤစာအုပ်တွင် ရွှေခေလေ့ကာလသားများ၏ သဘာဝများ၊ မိန်းမသားတစ်ယောက်၏ စိတ်ခံစားချက်နှင့် ကျားတို့၏သဘာဝများသာမက ဘဝစာမျက်နှာစုံမှ အနိမ့်ဆုံး အောက်ခြေလူတန်းစားများ အကြောင်းများပါ စုံလင်စွာဖတ်ရှုနိုင်မည်ဖြစ်သည်။ ဆရာမ မိုးပန်းမွန် (ရာမည)၊ မေရှူးနှင့် ဆရာ သက်ဦးမောင်တို့က အမှာစာရေးသားထားကြပြီး တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဝယ်ယူဖတ်ရှုနိုင်မည် ဖြစ်သည်။

## မြတ်မင်းလှိုင် - သစ္စာလေးပါးမြတ်တရားပုံရိပ်များ




ကြာငါးဆူပွင့်တော်မူမည့်ဘဒ္ဒကမ္ဘာဖြစ်သော ဇမ္ဗူဒိပ်ပါတောင်ကျွန်းတွင် လေးဆူမြောက်သော ဂေါတမ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ထွန်းလင်းတော်မူခဲ့ပေပြီ။ ထိုနေရာသည် မဇ္ဈိမဒေသဖြစ်ပြီး နှစ်ပေါင်း နှစ်ထောင်ကျော်အတွင်း ဘုရားရှင်ကိုယ်တော်၏ ဘုန်းတန်ခိုးတေဇော်အငွေ့အသက်တော်များ ကျန်ရှိနေရစ်သေးသည်။ ထိုအငွေ့အရိပ်တော်ကိုခိုလှုံကာ ဘုရားရှင်ကို သက်တော်ထင်ရှားကဲ့သို့ ဖူးမြော်လို သူများအပါအဝင် ဗုဒ္ဓဝင်ဖြစ်တော်စဉ်များကို လေ့လာလိုသူများအတွက် ကိုယ်တိုင်သွားရောက်ဖူးမြော်ခွင့်ရသလို ခံစားရစေလိုသော စေတနာဖြင့် စာရေးဆရာ မြတ်မင်းလှိုင်က ယခု စာအုပ်ကို ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ဤ စာအုပ်တွင် သံဝေဇနိယလေးဌာနဖြစ်သော ဖွား၊ ပွင့်၊ ဟော၊ စံဟူသည့် မယ်တော်မဟာ မာယာဒေဝီ၏ ဝမ်းကြာတိုက်မှ ဖွားမြင်တော်မူသော လုမ္ဗိနီဥယျာဉ်တော်၊ သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိတော်မူသည့် မဟာဗောဓိပင်နှင့် ပလ္လင်တော်၊ တရားဦးဓမ္မစကြာတရားတော်ဟောတော် မူရာဌာနဖြစ်သည့် မိဂဒါဝုန် ဓမ္မရာဇိကစေတီကုန်း၊ ပရိနိဗ္ဗာန်ပြုတော်မူရာဖြစ်သော ညောင်စောင်းတော်ခြေရာဌာနတို့ကို အသေးစိတ် ရှင်းလင်းဖော်ပြထားသည်။ မျက်မှောက်ခေတ် အိန္ဒိယနိုင်ငံတွင်းမှ မည်သည့်ပြည်နယ်၊ မည်သည့်ဒေသဖြစ်ကြောင်း အထောက်အထားများနှင့်တကွ ကိုယ်တိုင်သွားရောက်ခဲ့သော ရက်စွဲမှတ်တမ်းများနှင့်ပါ တင်ပြထားသောကြောင့် ပြည့်စုံသော ခရီးသွားမှတ်တမ်းတစ်စောင်ဖြစ်သည်ဟု ဆိုရမည်။ ထို့ကြောင့်ပင် ဗုဒ္ဓဂယာသို့ သွားရောက် ဖူးမြော်ကြမည့် ဝေနေယျများအနေဖြင့် ကြိုတင်ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်အဖြစ်ညွှန်ပြလိုပါသည်။ ဤစာအုပ်ကို မဇ္ဈိမစာပေမှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

## တက္ကသိုလ်စိုးမိုးနိုင် - လက်ဝါးပြင်ရဲ့အချစ်ပုံပြင်




လက်ဖဝါးပြင်ပေါ်မှ အရေးအကြောင်းများနှင့်စပ်လျဉ်း၍ လူသည်သူ့အကြောင်းကို ဖုံးကွယ်ရန်အတွက် သူ၏မျက်နှာပြင်ထက်တွင် ကြိုးစား၍ရနိုင်သော်လည်း လက်ဖဝါးပြင်တွင်မူ ကြိုးစား၍မရနိုင်ဟု ပြောစမှတ်ပြုခဲ့ကြသည်။ လက်ဖဝါးပြင်ထက်မှ လက္ခဏာများသည် သူ့စိတ်အကြောင်းကိုပြောပြနိုင်သည်သာမက ကံကြမ္မာကိုပါ ဖန်တီးနိုင်သည်။ ယခုစာအုပ်တွင် လက်ဖဝါးပြင်မှနှလုံးလမ်းကြောင်းကိုအခြေခံကာ အခြားလမ်းကြောင်းများ၏ ပါဝင်ပံ့ပိုးမှုများကိုပါ ထည့်သွင်းစဉ်းစားတတ်ရန် ဖော်ပြထားသည်။ လက်ဖဝါးပြင်နှင့် ထိုလက်ဝါးပြင်ပိုင်ရှင်၏ ကံဇာတာကို ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းအဖြစ်အပျက်များပြသ၍ ရှင်းလင်းထားသည်။ လူတစ်ဦးချင်းစီ၏ အချစ်ရေးကံဇာတာသည် သူ၏လက်ဝါးပြင်တွင် ပါလာပြီးသားဖြစ်သည်။ ထိုအတိုင်း သူ့ဘဝသည် ဖြစ်ပျက်သွားသည်ကို ၁၉ရာစုက အလှဘုရင်မ မွန်ဂလျှန်မင်းသမီး၏ ဘဝအကြောင်း ဖော်ပြထားသည်တွင် တွေ့မြင်ရမည်ဖြစ်သလို ဆရာတက္ကသိုလ်စိုးမိုးနိုင်ကိုယ်တိုင် တွေ့မြင်ခဲ့ဖူးသော လက္ခဏာရှင်များအကြောင်းများလည်း ပါဝင်သည်။ ဤစာအုပ်ကို မြန်မာစတား စာပေမှတန်ဖိုး ၁၈၀၀ကျပ်နှင့် ဖြန့်ချိလိုက် ပြီဖြစ်သည်။

## ဉာဏ်ခမ်း - နတ်ပြည်မှာအောင်ပွဲခံချင်သူများအတွက်




စာရေးသူအရှင်ဉာဏ်ခမ်း၏ ယခု စာအုပ်သည်တတိယအကြိမ်မြောက် ထုတ်ဝေခြင်းဖြစ်သည်။ နိဗ္ဗာန်ချမ်းသာကို ရရှိရာရရှိကြောင်း နည်းလမ်းများဟုဆိုသော်လည်း လောကီချမ်းသာရရာရကြောင်း နည်းလမ်းများလည်း ပါဝင်သည်။ ဘဝတွင် ရှုံးနိမ့်ရခြင်းအကြောင်းများ မှတ်သားဖွယ်ရာများ ပါဝင်သကဲ့သို့ နတ်ပြည်ရောက်ကြောင်းတရားများကိုလည်း ဖော်ပြထားသည်။ ဟောပြရာအကြောင်းအချက်များ အားလုံးတွင်လည်း သာဓကဇာတ်လမ်းများ ပါဝင်သည်။ ဤစာအုပ်ကို ဗုဒ္ဓဘာသာဝင် လူသားတို့၏ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ရွှေပြည်မြတ်ကြီးကို ပါရမီကုသိုလ် နုငယ်နည်းပါးနေသေးသည့် အတွက်ကြောင့် မဝင်ရသေးခင်မှာ ဘဝသံသရာ ကျင်လည်ရာဝယ် ဘဝဆက်တိုင်း၊ ဆက်တိုင်း ဆင်းရဲဒုက္ခများပြားလှသည့် အပါယ်လေးပါးကျရောက်ခြင်းမှ ကင်းလွတ်ပြီး ချမ်းသာသုခမျိုးစုံနှင့် ပြည့်စုံသည့် နတ်ပြည်ရောက်ဖို့ရန် နည်းညွှန်လမ်းပြ ပညာပေးသည့် ဓမ္မစာပေစာအုပ် တစ်အုပ်ဖြစ်သည်ဟု အရှင်မဟာ သဓာလင်္ကာရာဘိဝံသ၏ အမှာစာတွင် ချီးကျူးညွှန်းဆိုထားသည်။ ပါရမီစာပေမှ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။




ဒီကောင်လေးရဲ့အမူအရာကို စရောက်ကတည်းက ကျွန်တော် ထူးထူးခြားခြား သတိထားမိသည်။ ၇ နှစ်ကျော်ကျော်အရွယ်ရှိ ကောင်လေးရဲ့မျက်နှာကျပုံက ချစ်မွေးပါသလောက် ဂျစ်ကန်ကန်နိုင်လှသည်။ ကျွန်တော်နှင့်အရွယ်တူလောက်ရှိမည့် ကောင်လေးရဲ့ဦးလေးဆိုသူက ကုပ်ကိုဆွဲပြီးခေါ်လာကာ ကောင်လေးက တရွတ်တိုက်လိုက်ပါလာခြင်းဖြစ်သည်။ ထိုနေ့က ကျွန်တော့်အိမ်ရှေ့တံခါးဝကို ရုတ်တရက်တွန်းဖွင့်လိုက်ခြင်းကြောင့် ကျွန်တော်ပင် အလန့်တကြားဖြစ်သွားခဲ့ရသည်။ မျက်နှာထားတင်းတင်းဖြင့် ဝင်လာသည့် ကောင်လေးရဲ့ဦးလေးက အိမ်ထဲဝင်ဝင်လာခြင်းပဲ

"ဆရာရေ. . . ကျုရှင်ကိုသတိထားမိတာကြာပါပြီ။ ဒီကောင် ဂျစ်တိုက်ပြီး မလာဘူးလုပ်နေတာနဲ့ မအပ်ဖြစ်ဘဲ ကြာနေတာ။ ပြောမရရင်တော့ ဆော်သာဆော်ပစ်၊ ကျွန်တော်တို့ကို ဘာမှအကြောင်းကြားနေစရာ မလိုဘူး"

ပြောပြောဆိုဆိုနဲ့ ကောင်လေးရဲ့ဦးလေးတော်စပ်သူအဖြစ် သူ့ကိုယ်သူရော၊ ကောင်လေးနဲ့



ရော စတင်မိတ်ဆက်ရင်း ကောင်လေးနှင့်ကျွန်တော် ရေစက်စဆုံခဲ့ကြသည်။

"Stars & Sky မူလတန်းတန်းစုံ စာသင်ဝိုင်း"

အဖြူရောင် သဘော်ာဆေးသုတ်လိမ်းထားသော နောက်ခံသစ်သားပြားပေါ်တွင် အပြာရောင် စာလုံးများဖြင့် ဖောက်ထားသော ကျွန်တော့်ရဲ့ ကျူရှင်ဆိုင်းဘုတ်ကလေးသည် ဒီရပ်ကွက်ကလေးအတွင်းတွင် လူမသိ သူမသိရှိနေခဲ့ရာမှ တစ်လခန့်အကြာတွင် ပထမဆုံးဈေးဦးပေါက်ကလေး တစ်ယောက်ရောက်ရှိလာခြင်း ဖြစ်သည်။ ကျောင်းပြီးစ ဘွဲ့ရအလုပ် လက်မဲ့ကျွန်တော့်အဖို့ ကုသိုလ်လည်းရဝမ်းလည်းဝသည့် အလုပ်ကို ရွေးချယ်မိခြင်းဟုပင် ကိုယ့်ကိုယ်ကိုယ် ကြံဖန်ဂုဏ်ယူနေမိသည်ကိုလည်း ဆိုင်းဘုတ်ကလေး စတင်ချိတ်ဆွဲသည့်နေ့က ဖြစ်ပေါ်မိသေးသည်။

တကယ်တမ်း လက်တွေ့မှာ စိတ်ကူးယဉ်သလောက် မလွယ်မှန်း ကျွန်တော် သိလာရသည်။ ဒီရပ်ကွက်ကလေးရဲ့ သူစိမ်းပြင်ပြင် ကျူရှင်ဆရာတစ်ဦးအဖို့ မိဘများ အနေနှင့် အခြေအနေကို စူးစမ်းနေသေးတာလည်း ဖြစ်နိုင်သေးတာပဲလေဆိုသည့် အားပေးစိတ်က စိတ်ပျက်သိမ်ငယ်စိတ်ကို တွန်းလှန်တိုက်ဖျက်ရင်း ပထမဆုံး ဈေးဦးပေါက်ကလေးတစ်ယောက် ရရှိသည့်နေ့က ဆိုလျှင် ပျော်ရွှင်လွန်းလို့ မြေကြီးနှင့် ခြေထောက်ပင် လွတ်ချင်သလိုလို။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ခြေတစ်လှမ်းကို အချိန်ကာလတိုအတွင်း လှပစွာ စိုက်ထူလျှောက်လှမ်းနိုင်ခဲ့ပါသည်။

ရပ်ကွက်အတွင်း ဂျစ်တစ်တစ်ပုံစံ တတိယတန်းကျောင်းသား ကောင်လေးတစ်ဦးဖြင့် စတင်ဈေးဦးပေါက်ခဲ့သော ကျွန်တော်သည် နာမည်အရင်းပါ ပျောက်ပြီး ကောင်လေးရဲ့ အိမ်နာမည် 'လုံးလုံး' ကို အစွဲပြုပြီး 'လုံးလုံးရဲ့ ဆရာ' ဟု လူသိများလာရသည့် အထိပင်။ ကျွန်တော့် ကျူရှင်ရောက်ပြီးမှ ကောင်လေးရဲ့ အခြေအနေကလည်း သိသိသာသာ ထူးခြားလာသည်။ ကျောင်းစာတွေ မှန်မှန်လိုက်လုပ်သည်။ ပြောစကားလည်း နားထောင်လာသည်။ အရင်လိုလည်း ဂျစ်တိုက်

# ကြယ်လပ် သံ့ခွဲကို

စီးပွားရေးတက္ကသိုလ်

ဝတ္ထုတိုရသ

တာတွေ သိပ်မရှိတော့။ သူ့အိမ်မှာ ဆိုးသလောက် ကျွန်တော့်ဆီရောက် လျှင် ချစ်စဖွယ် စကားတွေပြောပြီး ကျွန်တော်နှင့် ခဏတတ်ည့်နေပေ တော့သည်။ ပိုပြီးထူးခြားသည်မှာ သူ့တွင် ပန်းချီအနုပညာအရည်အသွေး ကောင်းကောင်းရှိနေခြင်းပင်။

ပုံနှိပ်စာအုပ်ထဲက အရုပ် ကလေးများကို တစ်ထပ်တည်းတူ အောင် ဆွဲနိုင်သည်။ ကျွန်တော် ကိုယ်တိုင်လည်း ပန်းချီဆွဲဝါသနာ ပါသည်မို့ တိုက်တိုက်တွန်းတွန်း အားပေးဖြစ်သည်။ ကျွန်တော့်ရဲ့ အားပေးမှု ကောင်လေးရဲ့ကြိုးစားမှု တို့ဖြင့် ကျွန်တော့်ရဲ့စာသင်ခန်းလေး ၏ နံရံလေးဖက်စလုံးသည် ကောင် လေးရဲ့အသက်ဝင်လှသည့် ခဲရောင် စုံခြစ် စုတ်ချက်ပေါင်းများစွာဖြင့် နေရာယူအလှဆင်ထားသည်မှာ စိတ်ချမ်းမြေ့စရာ။ ကောင်လေး၏ လက်ရာကလေးများသည် ကျွန်တော့် စာသင်ခန်းမှ တစ်ဆင့်၊ ကျောင်း အဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ ဗဟိုအဆင့်ထိ တက် လှမ်းနိုင်ခဲ့သဖြင့် ဂျစ်ကန်ကန် ကလေး၏ အောင်မြင်မှုသည် ကျွန်တော့်ရဲ့ အောင်မြင်မှုအဖြစ် တိုက်ရိုက်အချိုးကျ ဆက်စပ်ခဲ့နိုင် ခြင်းပင်။ ရပ်ကွက်အတွင်း မျက်နှာ ပန်းလှခဲ့ခြင်းပင်။

ထိုနေ့ကိုတော့ ကျွန်တော့်ဘဝ ရဲ့ သက်တမ်းတစ်လျှောက်တွင် ဘယ်လိုမှ မေ့ဖျောက်လို့ ရမည် မထင်ပေ။ ဒဏ်ရာကျန်ခဲ့ခြင်းလား၊ တစ်ခုခု ပျောက်ဆုံးခြင်းလား၊ ဒါမှ မဟုတ် တစ်စုံတစ်ရာကို ဖြည့်ဆည်း ပေးနိုင်ခဲ့ခြင်းလား ဆိုတာကိုတော့ ကျွန်တော် မဝေခွဲနိုင်သေးပေ။ မှတ်မှတ်ရရ ကောင်လေးရော၊ ကျွန်တော်ရော နှစ်ဦးစလုံးစိတ်ရော၊ ကိုယ်ပါ ပင်ပန်းလွန်းခဲ့ကြခြင်းပင်။ ကမ္ဘာ့အထိမ်းအမှတ်နေ့တစ်နေ့ အတွက် ပန်းချီပြိုင်ပွဲဝင်ရန် ကျောင်းမှ ကောင်လေးကို ရွေးချယ် လိုက်ခြင်းမှ အစပြုခဲ့ခြင်းဖြစ်သည်။ အအိပ်ပျက်၊ အစားပျက်ဖြင့် စိတ် ကူးပုံဖော်ရမည့် ပြိုင်ပွဲဝင်စုတ်ချက် လှလှကိုကောင်လေးရော ကျွန်တော် ပါ အတော်ခေါင်းစားခံပြီး ကြိုးစား ပမ်းစား ဖန်တီးခဲ့ကြသည်။

ပြိုင်ပွဲပြီးသည့်နေ့က ပန်းချီ ပြိုင်ပွဲခန်းမအတွင်းမှ အပြေးကလေး ပြေးထွက်လာသော ကောင်လေးရဲ့ ပေါ့ပေါ့ပါးပါး ပျော်ရွှင်နေသည့် ပုံရိပ်သည် ပီတိအပြစ်ကင်းစင်လွန်း လှသည်။ ပင်ပန်းလွန်းလို့ ထင်ပါ သည်။ အငှားကားစီးရင်း ကျွန်တော့် ပေါင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ် ပျော်လာသည်။ အိမ်ရောက်သည့် အခါ လှုပ်နှိုးလို့ပင်မရတော့သဖြင့် ကျွန်တော့်ပွေ့ချီပြီး မယူရသည် အထိပင်။ ထိုနေ့က ကောင်လေး တစ်ယောက် သူ့အိမ်မပြန်ဖြစ်ဘဲ ကျွန်တော့်အိမ်မှာပင် အိပ်ဖြစ် သည်။

ဝဝဖြိုးဖြိုးလုံးလုံးနှင့် နာမည်နှင့် လိုက်သည့် ဂျစ်ကန်ကန်ကလေးငယ် သည် ကျွန်တော့်ပုံသွင်းမှုအောက် တွင် ယခုလောက်အထိ ထူးချွန် လာလိမ့်မည်ဟု ကျွန်တော်ကိုယ်တိုင် ပင် မထင်မိခဲ့ပေ။ ကောင်လေးရဲ့ ဦးလေးပြောပြချက်အရ ကောင် လေးတွင် အဖေမရှိတော့။ သိပ်ချမ်း သာသောအဖေဘက်က ကောင် လေးအမေကို သဘောမတူသဖြင့် လသားအရွယ်ကပင် လျော်ကြေး ပေးပြီး အတင်းခွဲကွာပစ်လိုက်သည် ဟု ဆိုသည်။ ကောင်လေးအမေကို တော့ တစ်ခါတစ်ခါမှသာ တွေ့မိ သည်။ ပညာရေးကို အားပေးသော ကောင်လေးတို့အမေဘက်ကလည်း ကျောင်းမပြီးခင် ငယ်ငယ်ရွယ်ရွယ် ဖြင့် အိမ်ထောင်ပြုပြီး၊ တစ်ခုလပ် သားသည်အရွယ် ကောင်လေးရဲ့ အမေအပေါ်တွင်လည်း သိပ်ပြီး ကြည်လင်ပုံမရချေ။ ကြင်ကြင်နာနာ ဆက်ဆံပုံမရချေ။ ရှက်တာလည်း ပါမည်ထင်ပါသည်။

ဘာကြောင့်လဲ သေသေချာချာ မသိသော်လည်း ကောင်လေးနှင့် ပတ်သက်သည့် အရေးကိစ္စများ အတွက်ကိုမူ ကောင်လေးအိမ်က လှိုက်လှိုက်လှဲလှဲ သိပ်မရှိလှသည်ကို တော့ ကျွန်တော် သတိထားမိသည်။ ကျွန်တော့်စိတ်ကပဲ ထင်နေသည် လားတော့ မပြောတတ်ပါ။ မေတ္တာ ဆိုသည်မှာ အကောင်အထည်ဖြင့် ပြလို့မရသော်ငြား အသွားအပြန်ရှိ နေသည်မှာ သေချာသည်။ ကောင် လေးအဖေရဲ့ လုပ်ရပ်ကို မုန်းလို့

ကောင်လေးရဲ့အမေကိုပါ ပစ်ပယ် သည်။ ကောင်လေးကိုလည်း နှစ်နှစ် ကာကာမရှိတော့။ တန်ပြန်သက် ရောက်မှုတွေလားတော့ မသိချေ။

ကောင်လေးကလည်း သူ့အိမ် မှာဆို တစ်ခုမဟုတ်တစ်ခု ပြဿနာ အမြဲရှာသည်။ ကျွန်တော့်ဆီရောက် လျှင်တော့ အားလုံးအိုကေ။ အထွေ အထူးပြောစရာပင် မရှိချေ။ ကြာ တော့ သံယောဇဉ်က ပိုတွယ်လာ သည်။ နယ်ကလာသူကျွန်တော် သည်လည်း အဖော်မရှိသဖြင့်



ကောင်လေးသည် ကျွန်တော့် အတွက် ကျောင်းအိပ်ကျောင်းစား တပည့်ငယ်၊ ကစားဖက်၊ ပန်းချီ ဆွဲဖော်ပင်။ အထူးသဖြင့် ညညဆို လျှင်ညဉ့်နက်မှအိပ်တတ်ပြီး အရွယ် နှင့်မလိုက်အောင် စကားကြီးစကား ကျယ်တွေပြောသော ကောင်လေး နှင့်ကျွန်တော် အတွဲ့ကျနေစမြဲပင်။ အခြားကလေးများက ကျွန်တော့်ကို 'ဆရာ' ဟုခေါ်သည့် တိုင် ကောင် လေးကတော့ 'ဦးဦး' ဟုသာခေါ် သည်။

"လုံးလုံးရဲ့ဆရာ ဖုန်းလာနေ ပါတယ်ခင်ဗျ"

ရပ်ကွက်တွင်းမှ အခပေးဖုန်း ခေါ်ပေးသည့် အိမ်မှဖုန်းခေါ်ပေး

သံ။ ကောင်လေးရဲ့ဦးလေးထံမှ ဖုန်း ဆက်ခြင်းဖြစ်သည်။ ကျွန်တော့် စိတ်ထဲထင့်ခနဲဖြစ်သွားသည်။ ထင်သည့်အတိုင်းပင်။ ကောင်လေး ဆေးရုံတက်ရသည့်သတင်း။ ပြိုင်ပွဲ ဒဏ်ကြောင့် ထင်ပါသည်။ ပင်ပန်း ပြီးကောင်လေးဖျားချေပြီ။ နာခေါင်း သံလေးပါ ကိုယ်လေးနွေးနေပြီး နေသိပ်မကောင်းချင် ဖြစ်နေမှန်း သိသဖြင့် ကျွန်တော်ကိုယ်တိုင်ပင် ကောင်လေးရဲ့ ဦးလေးကို ဆေးခန်း သွားပြပေးဖို့ တိုက်တွန်းလိုက်ခြင်း

ပင်။ မိုးရာသီတွင် ကလေးများအဖြစ် များတတ်သည့် သွေးလွန်တုပ်ကွေး သည် ကြောက်စရာကောင်းလွန်းလှ သည်လေ။ ကျွန်တော်ထင်သည့် အတိုင်းပင် ကောင်လေးကို ဆရာ ဝန်က သွေးလွန်တုပ်ကွေးဟု သံသယဖြစ်ပြီး ဆေးရုံချက်ချင်း တက်နိုင်းတော့သည်။

ဆေးရုံရောက်တော့ ငှက်ဖျား ဟု သံသယထပ်ဝင်ပြန်သည်။ သွေးလွန်တုပ်ကွေးလိုလို၊ ငှက်ဖျား လိုလိုမို့ သွေးဖောက်ပြီး စစ်ထား သည်။ အဖြေက ထွက်မလာသေး။ ဆေးရုံတင်လိုက်ရသော နှစ်ရက် အတွင်းမှာပင် ကောင်လေး တစ်ယောက် အရေးပေါ်ဌာနရောက်

> ဝဝဖြိုးဖြိုးလုံးလုံးနှင့် နာမည်နှင့်လိုက်သည့် ဂျစ်ကန်ကန်ကလေးငယ် သည် ကျွန်တော့်ပုံသွင်းမှုအောက်တွင် ယခုလောက်အထိ ထူးချွန် လာလိမ့်မည်ဟု ကျွန်တော်ကိုယ်တိုင်ပင် မထင်မိခဲ့ပေ။

သွားတော့သည်။ လက္ခဏာတွေက သွေးလွန်တုပ်ကွေးဟု သိသိသာသာပြချိန်တွင် ကောင်လေးမှာသွေးသွင်းရမည့် အခြေအနေရောက်လာတော့သည်။ ကျွန်တော့်ဆီ ဖုန်းဆက်တော့ ကောင်လေးဆေးရုံတက်သည်မှာ ၃ ရက်သာရှိသေးသည်။ သွေး ၆ ပုလင်းလိုသဖြင့် အရေးပေါ်သွေးလှူရှင်ရှာရင်း ကျွန်တော့်ကိုလည်း ကောင်လေးက မေးနေသဖြင့် ဖုန်းဆက်ခေါ်ခြင်းဟု ကောင်လေးရဲ့ဦးလေးက ရှင်းပြသည်။ ကောင်လေးရဲ့ အခြေအနေမှာ မြန်ဆန်လွန်းလှသဖြင့် ကျွန်တော်မှင်တက်နေမိသည်။

အခြားအတန်းက ကလေးများ စာမေးပွဲရှိနေသဖြင့် ကောင်လေးကို ကျွန်တော် လျစ်လျူရှုမိသလို ဖြစ်သွားမိခြင်းကိုလည်း စိတ်မကောင်းဖြစ်မိရပြန်သည်။ သွေးလှူရှင်ရှာဖို့ အမြန်ထွက်လာခဲ့ရင်း အသိမိတ်ဆွေတွေကို အကူအညီတောင်းခဲ့ရသည်။ ကံကောင်းစွာဖြင့်ပင် ကောင်လေးအတွက် သွေးလှူမည့်သူများ၊ သွေး အမျိုးအစားတူသူများကို အလွယ်တကူပင် ရှာဖွေနိုင်ခဲ့သည်။ ဆေးရုံသို့ ရောက်ချိန်တွင် အရေးပေါ်အခန်း ရောက်နေသဖြင့် ကျွန်တော်တို့ ရုတ်တရက် ဝင်ခွင့်မရချေ။ ဝင်ခွင့်ရချိန်တွင် အလှည့်ဖြင့်ဝင်ရသဖြင့် ကျွန်တော့်ကို ကောင်လေး၏ မိသားစုများက အရင်ဆုံးဝင်စေသည်။

ကျွန်တော်ရောက်သွားတော့ ကောင်လေးမျက်ဝန်းမှာ အပျော်ရိပ်ကလေးတွေကို သိသိသာသာ တွေ့လိုက်ရသည်။ မျက်နှာလေးတော့ တော်တော်ချောင်ကျသွားသည်။ ရောဂါအခြေအနေမှာ ချက်ချင်းဆိုသလို မြင့်တက်နေသဖြင့် ဆရာဝန်က ရေကိုလည်း ချိန်ဆပြီးတော့သာ တိုက်စေသည်။ အအေးကြိုက်သည့် ကလေးမို့ ကျွန်တော့်ကိုမြင်တော့ အအေးကို အတင်းပူဆာတော့သည်။ ကျွန်တော့်ဆီစာလာသင်လျှင် ကျွန်တော်က ကောင်လေးကို အအေးအမြဲတိုက်နေကျပင်။ အထူးသဖြင့် ကျွန်တော်ကိုယ်တိုင်ဖျော်တိုက်သော သံပရာရည်ကို သိပ်ကြိုက်သည်။

"ဦးဦး . . . သား ဆေးရုံက ဘယ်တော့ ဆင်းရမှာလဲ။ သား . . . ဦးဦးဖျော်ပေးတဲ့ သံပရာရည်ကို သောက်ချင်လှပြီ။ ဆေးရုံမှာလည်း မနေချင်တော့ဘူး။ ပန်းချီကားတွေလည်း မပြီးသေးဘူး။ ပန်းချီကားတစ်ချပ်က ဆွဲလက်စကြီး ဖြစ်နေတုန်း ဆေးရုံတက်လိုက်ရတာ ဦးဦးရဲ့"

အားယူပြီးပြောနေသော အသံများသည် တော်တော်လေး မောနေမှန်းသိသာလှသည်။ ကျွန်တော် စိတ်မကောင်းလွန်းလို့ မျက်ရည်မကျအောင် မနည်းထိန်းထားရသည်။ သတိထားမိသည်မှာ ကောင်လေးရဲ့အမေ မျက်နှာအမူအရာကိုပင်။ ရုပ်သေမျက်နှာမျိုးပင်။ ဘာခံစားချက်မှ သိပ်မရှိသလိုပင်။ လောကကြီးထဲက လူတစ်ယောက်ကို စိတ်နာလွန်းသဖြင့် မြေစာပင်လေး ကောင်လေးကိုပါ ရောပြီး မုန်းတီးလေရော့လား။ မဆီမဆိုင်တွေးဖြစ်လိုက်သေးသည်။ ကျွန်တော့်စိတ်ကပဲ ထင်နေသည်လားတော့ မသိချေ။

"အေးပါကွာ၊ ဆေးရုံက ဆင်းတာနဲ့ ဦးဦးနဲ့အတူတူ ပန်းချီကားတွေ အများကြီး ဆွဲကြမယ်။ သံပရာရည်တွေလည်း အားရပါးရ သောက်ကြမယ်နော်"

ကျွန်တော်က ကောင်လေးရဲ့ခေါင်းကလေးကို ပွတ်သပ်ပြီး နှစ်သိမ့်ပေးနေမိသည်။ လူနာလာကြည့်သူများ ပြန်ထွက်ရမည်ဟု ဆိုသဖြင့် ကောင်လေးက ကျွန်တော့်လက်ကို အတင်းဆွဲထားသည်။ ချော့မော့ပြောသော်လည်း မရသဖြင့် နောက်ဆုံးတော့ ခြွင်းချက်အနေဖြင့် ကျွန်တော်နေခွင့်ရသည်။ ညနေပိုင်း ရောက်လာချိန်တွင် သွေး ၃ ပုလင်းသွင်းရသည်။ အခြေအနေက သိသိသာသာကို စိတ်မချချင်စရာ။ ညပိုင်းတွင် နောက်ထပ် သွေး ၃ ပုလင်း ထပ်သွင်းရပြန်သည်။ အခြေအနေက တော်တော်ဆိုးလာသည်။ မျက်လုံးကလေးတွေက သတိလစ်ချင်သလို ဖြစ်နေပြီ။ ဆေးရော၊ သွေးပါ မနားတမ်းသွင်းရသည်။ သွေးလွန်တုပ်ကွေးရောဂါ၏ ပြုစားချက်သည် တော်တော်ကြောက်စရာကောင်းချေသည်။ ကြည့်နေရင်းမှ ဝမ်းမည်းမည်းတွေသွားသည်။ အန်ချသည်။ သတိက သိပ်မလည်ချင်တော့။ ကျွန်တော့်လက်ကိုတော့ မလွှတ်တမ်းဆွဲထားသည်။ သတိတစ်ချက် ပြန်လည်ချိန်တွင်

"သား လွယ်အိတ်ထဲမှာ ပန်းချီကားတစ်ချပ် ဆွဲထားတာ မပြီးသေးဘူး။ အခု သွားယူပေး၊ ဦးဦးနဲ့အတူတူ ဆွဲမလို့"

ဗလုံးဗထွေးဖြင့် အားယူပြီးပြောနေသဖြင့် တော်တော်လေး မောနေသည်။ လူနာစောင့်တစ်ယောက် အမြန် ပြန်ယူပေးရသည်။ ပန်းချီကားကို သေသေချာချာပင် ထုပ်ပိုးပြီး တိပ်ဖြင့် ကပ်ထားသည်။ "တော်တော်စေ့စပ်တဲ့ ကလေးပါလား" လို့ မှတ်ချက်ပြုမိသေးသည်။ ပန်းချီကားရောက်လာချိန်တွင် သတိတစ်ချက် ပြန်လည်လာပြန်သည်။ ဘုရား . . . ဘုရား ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းနေရင်းမှပင် အခြေအနေက မရတော့မှန်းမှန်းဆမိနေသည်။ လူးလိမ့်နေရာမှ မျက်လုံးလေးဖွင့်လာချိန်တွင် ဆေးခြယ်ခဲတံကို အတင်းတောင်းနေသည်။

လက်တွေကတော့ မြဲမြဲမကိုင်နိုင်တော့။ ၆ လက်မသာသာ ကတ်ထူစက္ကူ ပန်းချီကားကို ဖွင့်ဖောက်လိုက်ပြီး ကောင်လေးရဲ့ ခုတင်ဘေးတွင် ချထားပေးရင်း လက်ကလေးတွေကို ခဲတံကိုင်နိုင်အောင် ထိန်းထားပေးမိသည်။ တုန်ယင်နေသော လက်ချောင်းကလေးများမှာ သတိမလစ်တစ်ချက်၊ လစ်တစ်ချက်တွင် ခဲတံကို လုံးဝမကိုင်နိုင်တော့ဘဲ ကျွန်တော့်လက်မှ လွတ်ထွက်သွားသည်။ နှုတ်ခမ်းမှ အသံဖျော့ဖျော့လေး တိုးတိုးဟဟ ထွက်ပေါ်လာသည်။

''သားကို အဖေနေရာမှာ ဖြည့်ဆွဲပေးနော် ဖေဖေ"

ကောင်လေးရဲ့ပန်းချီကားကို ကျွန်တော် အခုမှ သေချာကြည့်မိသည်။ မပီမပြင်ဆွဲထားသော ခဲခြစ်ပန်းချီကားမှာ မိသားစုသုံးယောက်ပုံပန်းချီကားလေး။ အဖေရယ်၊ အမေရယ်၊ ကလေးလေးရယ်။ ပန်းချီကားနောက်ဘက်ကို ယောင်ယောင်နနဖြင့် လှန်ကြည့်မိသည်။ ကောင်လေးရဲ့ ပန်းချီဆန်ဆန် လက်ရေးကလေးဖြင့် ရေးထားသည့် စာကလေးတစ်ကြောင်းကို တွေ့ရသည်။

''ဦးဦးကို တစ်ခါလောက် ဖေဖေလို့ အကျယ်ကြီး ခေါ်ချင်တယ်"

ဩော် . . . ကလေးရယ်။ ကမ္ဘာလောကကြီးကို နှုတ်ဆက်ထွက်ခွာသွားသော ကောင်လေးရဲ့ အသံကို ပဲ့တင်ထပ်ကြားယောင်ရင်း ပါးပြင်နှစ်ဖက်ပေါ်သို့ ခပ်ကြမ်းကြမ်းလိမ့်ဆင်းလာသော မျက်ရည်စများကို လက်ဖမိုးနှစ်ဖက်ဖြင့် အဆီအငေါ်မတည့် ပွတ်သပ်လိုက်မိသည်။ ကျွန်တော့်ရင်တစ်ခုလုံး ပြုတ်ထွက်မတတ် လစ်ဟာသွားလေသည်။

လျှံဇွဲကို
(စီးပွားရေးတက္ကသိုလ်)

ဝတ္ထုတိုရသ

# မယ့်ရင်ဆင်သင့်ပြင်နင့်ပြီ

ဒီနေ့

မယ် (၂၉) နှစ်ပြည့်မွေးနေ့ လောကကြီးက 'မယ့်' အတွက် အမြတ်နိုးဆုံး အဖိုးတန်ဆုံးဆုလာဘ် တစ်ပါးချပေးခဲ့သည်။ 'မယ့်' ရဲ့ အသွေးအသားတွေကို အမှီပြုဖြစ်တည်ကြီးထွားလာသည့် ရင်သွေးလေး 'မယ့်' ဝမ်းကြာတိုက်ထဲမှာ ကိန်းအောင်းနေပြီဟု သိခဲ့ရသည့်နေ့ ခင်ပွန်းသည်နှင့် သူငယ်ချင်းတွေ ပေးသည့် လက်ဆောင်တွေနှင့် နှိုင်းယှဉ်လို့မရအောင် လောကကြီးက 'မယ့်' အတွက် အနှိုင်းမဲ့သီးသန့်ဆုလာဘ်ပေးခဲ့သည်။

သားတို့ရုပ်ရည် သီတာမည်သားတဲ့ 'မယ့်' အတွက်တော့ သားလေးရဲ့ ရုပ်ရည်ကိုမမြင်ရသေးဘဲနဲ့တောင် မယ့်ဗိုက်ထဲက ရေကြည်ချမ်းမြလေးသည် 'မယ့်' နှလုံးစိတ် ဝမ်းကို အကြားမလပ် ငြိမ်းချမ်းအေးမြစေခဲ့ပြီ။ 'မယ့်' ၏ရှင်သန်မှု မနက်ဖြန်ပေါင်းများစွာသည် ပို၍ပို၍ အဓိပ္ပာယ်ရှိစွာ လှပနေပေပြီ။ သည်ရေကြည်ချမ်းမြလေးအတွက် 'မယ်' ဘာတွေပဲ ပေးဆပ်ရပေးဆပ်ရ သားလေးရဲ့ ဘဝပြီးပြည့်စုံဖို့အတွက်ဆိုရင် 'မယ့်' ရဲ့ဘဝနဲ့အသက်ကိုပါ စွန့်လွှတ်ရဲတဲ့ ထူးခြားဆန်းပြားသည့် အားအင်တွေအလိုလိုဖြစ်တည်လာခဲ့သည်။ နံနက်ကိုယ်လက်သန့်စင်ပြီးတိုင်း မဂ်လသုတ်၊ မေတ္တာသုတ်၊ ဓာရဏပရိတ် ရွတ်နေကျ လုပ်ရိုးလုပ်စဉ်ထက် သည်ညမှစ၍ ငယ်စဉ်ကပင် ယုံကြည်စွဲမြဲစွာ ရွတ်ဆိုနေကျ သမ္ဗုဒ္ဓေဂါထာတော်ကို ၁၀၈ ခေါက် နေ့စဉ်အဓိဋ္ဌာန် ရွတ်ခဲ့သည်။ ညအိပ်ရာဝင်တိုင်း သက်တော်ထင်ရှား မြတ်ဘုရားပုံတော်ကို ပေါ်အောင်ဖူး၍ ဤကောင်းမှုကြောင့် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် သားလေးကို ရယူပိုင်ဆိုင်ပါရစေဟု သည်ဆုတစ်မျိုးတည်းကိုသာ 'မယ်' တောင်းခဲ့သည်။ အလုပ်တစ်ဖက် အိမ်ထောင့်တာဝန်တစ်ဖက်နှင့် ပင်ပန်းသော်လည်း 'မယ်' အဓိဋ္ဌာန်မပျက်ခဲ့ပါ။ နေ့စဉ်စိတ်ကို ကြည်ကြည်လင်လင်ထားပြီး အစားအသောက်၊ အနေအထိုင် ဂရုစိုက်ကာ မကြာခင် လူ့လောကကို ရောက်လာတော့မည့် သီတာရေစင်လေးအတွက် ချစ်ခြင်းမေတ္တာအပြည့် နှင့် ကြိုဆိုပြင်ဆင်မျှော်လင့်နေမိသည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့် နိုဝင်ဘာ ၁၉ ရက်နေ့ ည ၈ နာရီမှာဗိုက်စနာပြီး ၈ နာရီ ၄၅ မိနစ်မှာ ဖြူဖြူစင်စင်ဝကစ်ကစ် အပြစ်အနာအဆာကင်းသည့် သားလေးကို မယ်ပိုင်ဆိုင်ရသည်။ သားဦး၊ မြေးဦး၊ တူဦးလေးမို့ အားလုံးက ရင်ခုန်လှုပ်ရှားစွာ ကြိုဆိုခဲ့ကြသည်။ မယ်ဗိုက်နာလို့ ညည်းတိုင်း မောင်လေးအောင်အောင်နှင့်သူ့ရက ရေအိမ်ကို တစ်လှည့်စီ ပြေးကြရသည်တဲ့။ သားလေးမျက်နှာဝိုင်းဝိုင်းစက်စက်လေးနှင့် ကြာသပတေးသားလေးမို့ ဖိုးလပြည့်ဟု မေမေက ချက်ချင်းအမည်ပေးပြီး "လာခြင်း ကောင်းသောလူကလေး"ဟု စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုလေသံနှင့် ကင်ပွန်းတပ်ခဲ့သည်။

သားလေးက အေးချမ်းပေမဲ့ 'မယ်'က အရိပ်တကြည့်ကြည့်နှင့် အကဲပိုခဲ့သည်။ ရေချိုးပေးရင်လည်း ရာသီဥတုက အေးလှသည့်အတွက် အအေးမိမှာစိုး၍ ရွတ်လိုက်ရသည့် ဘုရားစာ တစ်ကိုယ်လုံး တုန်ယင်နေအောင် စိတ်ပူပန်ခဲ့မိသည်။ ချွေး ထွက်ရင်လည်း ချွေးအေးမှာစိုး၍ အဝတ်နုနုလေးနှင့် ချွေးလေးတွေ သုတ်ပေးရင်း 'မယ့်' မှာ မအိပ်ရ၊ အမေနို့ကို အားရပါးရစို့ရင်း 'မယ့်' မျက်နှာကို သားလေးက ကြည့်နေတော့ 'မယ်' မျက်တောင်ခတ်ဖို့ မေ့ခဲ့သည်။ နို့ကောင်းကောင်းထွက်သည့် 'မယ့်' ကို ခင်ပွန်းသည်က နွားဆိုရင်တော့ တော်တော်အဖိုးတန်မှာပဲဟုစခဲ့သေးသည်။ မေမေရဲ့ နို့ရည်ချိုချိုလေးတွေသည် မေမေ့၏ ချစ်ခြင်းမေတ္တာ သားလေးအတွက် အားအင်တွေအဖြစ် သားလေး၏ ကိုယ်ထဲကို ညွတ်နူးပျော်ဝင်စီးဆင်းနေချေပြီ။ သည်သားလေးအတွက် ရုပ်အာဟာရ၊ ခွန်အားဖွံ့ဖြိုးဖို့ အစားအသောက်၊ အနေအထိုင်၊ နွေးထွေးသောအသိုက်အဝန်းနှင့် စိတ်အာဟာရ စိတ်ဓာတ်ခွန်အား ဖွံ့ဖြိုးဖို့၊ ကိုယ်စိတ်လုံခြုံကာ မေတ္တာတရားနှင့် ကြီးပြင်းရှင်သန်စေဖို့ အိုသားလေးအတွက် လိုနေတယ်ဆိုတာ မရှိစေရလောက်အောင် 'မယ့်' ဘဝတစ်ခုလုံးကို ရင်းနှီးပေးဆပ်ချင်လှသည်။

'မယ်' ကိုယ်ဝန် ၆ လကတည်းက အလုပ်ထွက်ခဲ့သည့်အတွက် သားလေးမွေးဖွားလာသည့်အခါ ရင်အုပ်မကွာ ပြုစုစောင့်ရှောက်ခွင့် ရခဲ့သည်။ 'မယ့်' သူငယ်ချင်းများက အောင်မြင်ကျော်ကြားသည့် ရှေ့နေ ကြီးများ၊ တရားသူကြီးများ၊ ဥပဒေ ပညာရှင်ကြီးများ ဖြစ်နေကြသည်။ သူငယ်ချင်းတွေကို 'မယ်' အားကျပါ သည်။ ဒါပေမဲ့ 'မယ်' ဝမ်းမနည်းခဲ့ပါ။ 'မယ့်' သားလေးကို ကျောက်ကောင်းတစ်စေ့ဖြစ်အောင် သွေးပေးရမည့်တာဝန်ကို မယ်ထမ်း ဆောင်နိုင်ချင်သည်။ 'မယ့်' အရည်အချင်းပေါ်မှာ မူတည်မည်ဟုလည်း ယုံကြည်



> "မယ့်" အရိပ်အောက်မှာ မှီခိုပြီးတွယ်ပြီး "မယ်" လောကထဲမရှိတော့တဲ့ အချိန်မှာ မှီခိုမဲ့နွယ်ပင်လေးလို လဲပြိုပုံကျသွားလေမလား။ တစ်ချိန်ချိန်မှာတော့ အားကောင်းတဲ့ ရင့်ကျက်မှုတွေနဲ့ သားရဲ့ဘဝလေးကို ထူမတ်နေစေချင်ပါသည်။

ခဲ့သည်။ မိဘအတွက် သမီးကောင်း၊ ခင်ပွန်း သည်အတွက် ဇနီးကောင်း၊ သားလေးအတွက် မိခင်ကောင်း တစ်ယောက်ဖြစ်အောင် 'မယ်' ကြိုးစားချင်ပါသည်။

အချက်အပြုတ်မကျွမ်းကျင်သော 'မယ်' တစ်ယောက် ဟင်းချက်နည်းစာအုပ်ပေါင်းစုံဝယ်ပြီး ထဘီတိုတိုဝတ်လို့ မီးဖိုချောင်ဝင်ပြီး စမ်းချက်ကြည့်ခဲ့သည်။ သားလေး ထမင်းကျွေးလို့ရတဲ့အချိန် အဆင်သင့်ဖြစ်အောင်လို့ပါ။ သားလေးက အမေ့နို့ကိုလည်း ကောင်းကောင်း စို့သည်။ Nestle အာဟာရမှုန့်လည်း ကောင်းကောင်းစားသည်။ ၁ နှစ်နဲ့ ၈ လမှာနို့ဖြတ်တော့ 'မယ်' က နှုတ်ခမ်းနီရဲရဲကို တို့ထားကြည့်ပြီး မေမေ နာနာဖြစ်နေတယ်လို့ ပြောရသည်။ 'မယ့်' မျက်နှာလေးကို ကိုင်ပြီး စိတ်မကောင်းတဲ့ မျက်နှာလေးနဲ့ သူ အင်မတန်ကြိုက်တဲ့ နို့ချိုချိုလေး တွေကို ထပ်မကြည့်ခဲ့တော့။ ထမင်း ပျော့ပျော့လေးတွေနဲ့ ဟောလစ်ကို အစားထိုးခဲ့သည်။ လိမ္မာလိုက်တဲ့ သားလေး၊ ညအိပ်ရာ ဝင်ပုံပြင်လေး တွေမှာ စုံထောက်ကြီး 'ဖိုးလပြည့်' က ဇာတ်လိုက်ပေါ့။ ဒေါက်တာ မင်းတင်မွန်ရဲ့ ၃၈ ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာကဗျာလေးတွေ ပုံပြင်လေးတွေလည်း တစ်ညတစ်ပုံ မရိုးရအောင် ပြောပြဖြစ်သည်။ ဗိုက်ထဲမှာကတည်းက 'မယ်' ရွတ်ဖတ်ပွားများခဲ့သည့် တရားသံလေး တွေကို နားရည်ဝနေလို့လား သမ္ဗုဒ္ဓေအယူမှန်နဲ့ မြတ်ဘုရားကို ယုံယုံကြည်ကြည် ဦးနိုက်ဆုတောင်းခဲ့လို့လားမသိ။ သားလေးသည် ဆူဆူပူပူ၊ ငိုငိုယိုယိုမရှိ အေးချမ်းလှသည်။ ဘုရားစာတွေကိုလည်း မကြာတဲ့ အချိန်မှာ အလွတ်ရတတ်သည်။

Five Super Heroes ဂျပန် ကားလေးတွေ၊ Backstreet Boys. Tom & Jerry ကားလေးတွေနဲ့ စိုးသူသီချင်းလေးတွေ အမြဲလိုကြည့် တတ်သည်။ စိုးသူက နာမည်ကြီး ခါစ၊ စိုးသူကလေ သီချင်းအဆို ကောင်းတယ်၊ မင်းသားလေးလည်း ဖြစ်တယ်၊ ဆရာဝန်လည်း ဖြစ်တယ်၊ ဂစ်တာလည်း တီးတတ်တယ်၊ အားလုံးပြည့်စုံတဲ့ ကောင်လေးပေါ့ ဆိုတော့ လပြည့်ကြီးလာရင် စိုးသူပဲ လုပ်တော့မယ်တဲ့။ ဒီကောင် တော်တော် တော်တာပဲတဲ့၊ စိုးသူအကြောင်း ပြောပါများတော့ စိုးသူ Crazy ဖြစ် လာသည်။ တစ်ဖက်ခြံက ခ. ဝ. တ ဥက္ကဋ္ဌကြီးက 'ဖိုးလပြည့်ရေ' လို့ ခေါ်ရင်မထူး 'စိုးသူကြီးရေ' ဆိုမှ ဗျလို့ ထူးတတ်သည်။ လူမိုက်ဆိုရင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင် နေဆိုသည့် ၃၈ ဖြာမင်္ဂလာကဗျာကို တော်တော်များများထိ ရွတ်နိုင် သည်။ "ဘဘတောင် ဒီလောက်မရ ဘူး စိုးသူကြီးရာ" ဆိုရင် "မေမေ ဘဘက တကယ်မတတ်တာလား" လို့မေးသည်။ "ဟုတ်တယ် ဘဘ ထက် သားကပိုတော်တယ်" ဆိုလျှင် အရမ်းသဘောကျသည်။

သားလေး သုံးနှစ်သားမှာ 'မယ်' တို့ဇာတိမြို့လေးကို ပြောင်း မိန့်ကျသည်။ သားလေးကို မူကြိုပို့ ကြည့်တော့ တစ်မနက်ခင်းတောင် 'မယ်' မနေတတ်ခဲ့။ သားလေး ခြင်ကိုက်မလား၊ ဆိုးတဲ့ကလေးတွေ နဲ့ တွေ့မလားစိတ်ပူပြီး မူကြို ကျောင်းအပြင်ဘက်မှာ ထိုင်စောင့် နေခဲ့သည်။ နောက်ဆုံးတော့ သားလေးကို မခွဲနိုင်တာနဲ့ 'မယ့်'ရဲ့ မူကြိုကျောင်းမှာပဲ ကျောင်းအိပ် ကျောင်းစား ထားခဲ့ရသည်လေ။ ငါးနှစ်ပြည့်တော့ အကောင်းဆုံး မူလတန်းကျောင်း လေးကိုပို့ခဲ့သည်။ အမည်စာရင်းခေါ်တော့ သားလေး က သူ့ကျောင်းအမည် 'တေဇာ ဘုန်းဝေ' ကိုမသိလို့ ဆရာမက ရယ်ပွဲဖွဲ့ခဲ့သေးသည်။ လပတ်တိုင်း တွင် ပထမချည်းရသည့် သားလေး သည် ပညာရည်ချွန်ဆုပေးပွဲမှာ ဆုတက်ယူရတော့ သားလေး၏ ပထမဦးဆုံး အောင်မြင်မှုအဖြစ် ခင်ပွန်းသည်နှင့် 'မယ်' အားတက် ဂုဏ်ယူခဲ့ရသည်။ သားသည် ဖခင် နှင့်စာလျှင် အရိပ်တကြည့်ကြည့်နှင့် သား၏လိုအင်ဆန္ဒဟူသမျှကို ဖြည့် ဆည်းပေးခဲ့သည့် 'မယ့်' ရင်ခွင်ကို ပိုခင်တွယ်လွန်းသည်။ စာတော်ပေမဲ့ ကျောင်းမပျော်ခဲ့။ မေမေ လပြည့် ဒီနေ့ ကျောင်းပြေးမယ်ဆိုရင် 'မယ်' က "အေးအေး သားလေးပြေးပြေး" ဆိုပြီး ခွင့်တိုင်ပေးရတတ်သည်။ အနားမှာ သားလေးရှိနေရင် အရာရာပြည့်စုံသည်။ သည်ရေ ကြည်ချမ်းမြလေးသည် 'မယ်' ၏ နှလုံးစိတ်ဝမ်းကို အကြားမလပ် ငြိမ်းအေးမှုပေးခဲ့သလို ဘဝ၏ တင်းတိမ်အေးချမ်းမှုအလုံးစုံကို မယ် လက်ခံရရှိခဲ့ပေပြီ။

သားလေး၏ ငယ်စဉ်အချိန် များသည် လျှင်မြန်စွာ ကုန်ဆုံးကာ အတန်းပညာများ တဖြည်းဖြည်း မြင့်လာသည်။ မိဘများက သူတို့ ကလေးများကို ပထမရဖို့ နည်းမျိုးစုံ နှင့် တွန်းနေကြသည့်ခေတ်ကြီးမှာ 'မယ်' ကတော့ သားလေးကို သိပ် ဖိအားမပေးခဲ့။ နားနားနေနေနှင့် ဉာဏ်ရွှင်လန်းစေရန်သာ အလေး ထားဂရုစိုက်ခဲ့သည်။ မယ့်ချစ်ခြင်း မေတ္တာဖြင့် သားလေး၏ စိတ်ခွန် အားကို ဖြည့်တင်းပေးခဲ့သလို သားလေး၏ ရုပ်ခွန်အားဖွံ့ဖြိုး တိုးတက်ဖို့အတွက်လည်း အစား အသောက်၊ အနေအထိုင်၊ ကျန်းမာ ရေးကို စနစ်တကျ ပြုစုစောင့်ရှောက် နိုင်ခဲ့သည်။ တစ်နေကုန် ခင်ပွန်း သည်အတွက်၊ သားအတွက် ထိုင် ချိန်မရှိ၊ ညောင်းလိုက်ရသည့်ခြေ၊ ဆန့်လိုက်ရသည့်လက်၊ သို့ပေမဲ့ သည်ဘဝအမောလေးများသည် မယ့်အတွက် ပီတိအမောလေးများ သာ ဖြစ်ခဲ့ပါသည်။ ခင်ပွန်းသည် သည် လက်ယာဘက်က အားတစ် လက်၊ သားလေးသည် လက်ဝဲဘက် က အားတစ်လက်၊ သည်အားနှစ် လက်သည် မယ့်အတွက် အမောပြေ ဆေး ဖြစ်ခဲ့ပါသည်။

သူ့အဖေက အလုပ်တာဝန်တွေ နှင့် မအားလပ်သဖြင့် သားလေးကို 'မယ်' ကပဲ စက်ဘီးစီးသင်ပေးရ သည်။ ရေကူးသင်ပေးရသည်။ နွေကျောင်းပိတ်ရက်များတွင် အဘိုး အဘွားနှင့်အဒေါ်များရှိရာ ရန်ကုန် အိမ်သို့ သွားပို့ပေးရသည်။ ၃ တန်း အောင်သည့်နှစ်မှာပင် ကွန်ပျူတာ ကို ကောင်းစွာကိုင်တွယ်နိုင်ခဲ့သည်။ ကွန်ပျူတာပန်းချီနှင့် ပြက္ခဒိန်လေး တွေလုပ်ပြီး 'မယ့်' ဆီပို့ပေးသည်။ တစ်အိမ်လုံးတွင် အထက်မြက်ဆုံး ဖြစ်သည့် သူ့အဒေါ်အန်တီပထံမှ ကွန်ပျူတာပညာကို အရယူခဲ့သလို ဂစ်တာကို အသက်ထက်မြတ်နိုး သော အဒေါ်ဖြစ်သူအန်တီစုထံမှ

လည်း ဂစ်တာ Notes တွေကို စိတ်ဝင်တစားသင်ယူခဲ့သည်။ 'မယ်' က စည်သူလွင်တောင်မှ ၄ တန်း အောင်မှ ဂစ်တာစကိုင်တာ၊ သားလေးက ငယ်ပါသေးတယ်ဆိုပေမဲ့ လက်ထိပ်လေးတွေ အသားမာ အဖြစ်ခံပြီး 'တောင်ပံပါရင် မင်းဆီကို'၊ 'အချစ်ရေကိုယ့်ကြောင့်' သီချင်း လေးတွေ ဆိုတီးနိုင်ခဲ့သည်။ ဇော်ဝင်းထွဋ်၏ ကောင်းကင်မေမေ သီချင်းနှင့် ထူးအိမ်သင်၏ ကျေးဇူးပါမေမေ သီချင်းလေးတွေဆိုပြီးလည်း 'မယ့်' ကို အမောပြေစေခဲ့သည်။

'မယ်' ဘယ်မြို့ရောက်ရောက် သားလေး၏အတန်းပိုင်ဆရာမကို သွားဂါရဝပြုပြီး သားကို ကျွန်မ တစ်ခါမှ မရိုက်ဖူးလို့ ရိုက်တော့ မရိုက်ပါနဲ့ ဆရာမရယ်ဟု အမြဲတောင်းဆိုခဲ့သည်။ သား ၇ တန်းရောက်တော့ ရွှေဘို အ.ထ.က (၁) က အတန်းပိုင် ဆရာမဆီ သွားအပ်တော့ ဆရာမအခန်းမှာ ကျောင်းသားမိဘတွေ ရောက်နေသည်။ အပြင်က ကြားနေရသည်။ ဆရာမ ကျွန်တော့်သားကို များများရိုက်ပြီး ဆုံးမပါ၊ ကျိုးရင် ကျွန်တော် လာထမ်းပြီး ဆေးခန်းပို့မယ် စိတ်မဆိုးဘူးလို့ ပြောသံကြားတော့ 'မယ်' ဘုရားတမိပါသည်။ သူတို့ထွက်လာတော့ အံ့ဩထူးဆန်းစွာ ငေးကြည့်နေမိသည်။ 'မယ်' ကတော့ ဘယ်မြို့ရောက်ရောက် လက်အောက်ကအရာရှိ အရာခံ မိသားစုတွေကို ကလေးတွေကို ရိုက်နှက်မဆုံးမဖို့ တရားဟောရတာလည်း အမောပါပဲ။

၇ တန်း အတန်းတင်စာမေးပွဲကြီးမှာ 'မွေးမေမေ' အကြောင်း ရေးခိုင်းတော့ အတန်းပိုင်ဆရာမက သားရေးထားသည့် စာစီစာကုံးကို လာပြသည်။ 'မေမေသည် ငယ်စဉ်က အချက်အပြုတ်မတတ်ခဲ့ပေမဲ့ ကျွန်တော့်ကိုမွေးပြီး နောက်ပိုင်းတွင် ဟင်းချက်နည်းစာအုပ်များကို ဝယ်ဖတ်ပြီး ကျွန်တော့်အတွက် အကောင်းဆုံး ကြိုးစားချက်ပြုတ်ခဲ့သည်။ ယခုဆိုလျှင် မေမေ၏ လက်ရာသည် နာမည်ကြီးထမင်းဆိုင်များထက်သာပါသည်။ မေမေသည် ဟင်းချက်ရာတွင် ဖေဖေနှင့် ကျွန်တော့်အတွက် ချစ်ခြင်းမေတ္တာ စေတနာများပေါင်းထည့်၍ ချက်ပြုတ်ပေးခြင်းကြောင့် မေမေ၏ လက်ရာသည် အရသာပိုကောင်းနေခြင်းဖြစ်သည်ဟု ကျွန်တော် ခံစားမိပါသည်တဲ့။ မေမေသည် ဖေဖေ့အတွက် ပါရမီဖြည့်ဖက်ကောင်းတစ်ဦးဖြစ်သလို ကျွန်တော့်အတွက် မေမေ၏ရင်ခွင်သည် အနှိုင်းမဲ့ရင်ခွင်မေမေ၏ မေတ္တာသည် အနှိုင်းမဲ့မေတ္တာဖြစ်ပါသည်တဲ့။ 'မယ်' ၏ ရေကြည်ချမ်းမြလေးသည် မယ့်မေတ္တာကို နားလည်သိတတ်သော လာခြင်းကောင်းသည့် သားလေးအဖြစ် မယ် ယုံကြည်မျှော်လင့်မိပါသည်။

> မေမေသည်
> ဖေဖေ့အတွက်
> ပါရမီဖြည့်ဖက်ကောင်း
> တစ်ဦးဖြစ်သလို
> ကျွန်တော့်အတွက်
> မေမေ၏ရင်ခွင်သည်
> အနှိုင်းမဲ့ရင်ခွင်၊ မေမေ၏
> မေတ္တာသည်
> အနှိုင်းမဲ့မေတ္တာ
> ဖြစ်ပါသည်တဲ့။

စာနှင့်ပတ်သက်၍ သူများတကာနှင့် ယှဉ်ပြိုင်စေလိုသော ပူလောင်မှုများ၊ ဖိအားများမပေးခဲ့သော်လည်း သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်းထိ အတန်းစဉ်တိုင်းတွင် ပထမချည်းရခဲ့သော သားလေးသည် ၁၀ တန်းတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်ပြီး မန္တလေးဆေးတက္ကသိုလ် တက်နိုင်သည်။ ဆေးကျောင်းမတက်ခင် သားလေးထံမှ ထူးဆန်းသောစကားလေးတွေကြားခဲ့ရတော့ 'မယ်' တွေဝေသွားမိသေးသည်။ မေမေ သားက ဂစ်တာအတီးသမားဖြစ်ချင်တာ၊ သီချင်းတွေစပ်ချင်တာ၊ ဆရာဝန်ဖြစ်မှ လုပ်ရမယ်ဆိုရင် အရမ်းနောက်ကျသွားမယ်တဲ့။ 'မယ်' က အတိုက်အခံမလုပ်ဘဲ ဆေးကျောင်းမှာလည်း သားဝါသနာပါတာတွေလုပ်လို့ ရပါတယ်သားရယ်၊ ဆရာဝန်တွေ အနုပညာအလုပ်လုပ်နေကြတာ အများကြီးပဲလို့ မယုတ်မလွန် နှစ်သိမ့်ခဲ့ရသည်။ ဘာပဲပြောပြော သားလေးသည် ကျောင်းစာကိုလည်း ကြိုးစားရင်း၊ တစ်ခါတလေ ဂစ်တာလေးတီးရင်း၊ သီချင်းလေးတွေစပ်ရင်း ဟန်ချက်ညီညီ လှုပ်ရှားနေခဲ့သည်။ 'မယ်' ကတော့ ကျောင်းမှာ လူသေခွဲရင်း ဝတ်လာခဲ့သည့် သားလေးရဲ့ဂျူတီကုတ်က စူးခနဲထွက်လာသည့် ဖော်မလင်နံ့ကို အသက်အောင့်ပြီး ပိုးသတ်ဆေးစပ်ထားသော ရေနွေးအိုးထဲထည့်လျှော်ပေးလိုက်၊ သားတို့အဖွဲ့ယူလာသည့် လူခေါင်းခွံကြီးကို ရှောင်ရင်းတိမ်းရင်းနဲ့ သည်ကလေးတွေအတွက် စားစရာ သောက်စရာ လုပ်ပေးလိုက် သားလေးဂစ်တာတီးနေတဲ့အခါ ကော်ဖီလေး၊ လက်ဖက်သုပ်လေး လုပ်ပေးရင်းနဲ့ ပါရမီဖြည့်ပေးခဲ့သည်။ သား၏သူငယ်ချင်းများဖြစ်ကြသော ငြိမ်းချမ်းလှိုင်၊ တေဇာလင်း၊ စည်သူဆွေ၊ ပြည့်မြင့်မြတ်၊ မောင်မောင်စိုင်းဝမ်းခမ်း၊ ပြည့်စုံဌေး၊ ဇေယျာထွန်း၊ တင်ထွန်းဇော်တို့ဟာ မယ့်ရဲ့ချစ်စရာသားလေးတွေပါပဲ။ သည်သားတွေအတွက် မယ့်မှာ မောသည်ဟု မရှိခဲ့။

မမျှော်လင့်ဘဲ သားလေး ဆေးကျောင်းနောက်ဆုံးနှစ်မှာ ခင်ပွန်းသည်ကားအက်ဆီးဒင့်ဖြစ်၍ ကွယ်လွန်ခဲ့သည်။ ချစ်ဇနီးနှင့်ချစ်သားလေးကို နှုတ်ဆက်ချိန်တောင်မရဘဲ ရုတ်တရက်ထွက်သွားခဲ့သော ခင်ပွန်းသည်အတွက် ကုသိုလ်ကောင်းမှုလေးတွေလုပ်ရင်း မယ်နှင့်သား အပြန်အလှန်အားပေးရပ်တည်ခဲ့ရသည်။ ပူဆွေးသောကဟန်ပန်ကို စိုးစဉ်းမျှ မပြ၊ မထုတ်ဖော်ဘဲ ကံကံ၏အကျိုးကို ယုံကြည်သည့် အားလျော်စွာ မယ်တို့သားအမိ နှစ်ယောက်ရင်ကို တရားဖြင့်ဖြေသိမ့်ငြိမ်းအေးစေခဲ့သည်။ မယ့်ရဲ့နောက်ဆုံးထွက်သက်ထိ သားလေးဘဝကို ရပ်တည်ရိပ်မိုးခွင့်လေး ရချင်သည်။ မယ် လဲပြိုလို့မဖြစ်၊ စာမေးပွဲနီးမှ ဖခင်ဆုံးသွားသော်လည်း သားလေးနောက်ဆုံးနှစ်ကို အောင်မြင်ခဲ့ပါသည်။ ဆရာဝန်ဘွဲ့ရရင် ဂစ်တာကိုင်ပြီး ကိုယ်ပိုင်သံစဉ်သီချင်းလေးတွေဆိုချင်သည့် သားလေးသည် အလုပ်သင်ဆရာဝန်အဖြစ် ဆေးရုံကြီးတွေမှာ လက်တွေ့ဆင်းရတော့ ထမင်းစားပြန်လာတိုင်း တစ်နေ့တစ်မျိုး သူကြုံတွေ့ခဲ့ရသည့် လူနာတွေအကြောင်း ပြောပြတတ်သည်။ လူနာတွေကို ကရုဏာသက်စွာဖြင့် "တချို့ဆိုရင် အသားအရေတွေ ပိန်ချုံးချည့်နဲ့လို့၊ အသားဓာတ်မရလို့ ဖောသွပ်နေသူတွေရော၊ ဆေးရုံလာပြဖို့တောင် ပိုက်ဆံမရှိသူနဲ့ ဆေးဖိုးမရှိလို့ ရောဂါကျွမ်းနေသူတွေနဲ့ သနား



လိုက်တာ မေမေရာ"တဲ့၊ တစ်ခါတလေတော့လည်း မေမေရေ သာခုခေါ် ပေတော့ ဘယ်လူနာဖြင့်ဆေးဖိုးမရှိလို့ သား ဆေးဝယ်ပေးခဲ့တယ်။ ဘယ်လူနာတော့ဖြင့် ထမင်းမစားရသေးလို့ ထမင်းဖိုးပေးခဲ့တယ်။ သားသေသေချာချာ ဂရုစိုက်လုပ်ပေးခဲ့တယ်ဆိုတော့ ဪ 'မယ့်' သားလေးသည် မယ့်အတွက်သာမကပဲ လူနာပေါင်းများစွာအတွက် ရေကြည်ချမ်းမြေလေး ဖြစ်နေပါလားလို့တွေးကာ ကြည်နူးမိသည်။ အနည်းဆုံးတော့ စိတ်နှလုံးကောင်းသော ဆရာဝန်လေးတော့ဖြစ်နေပေပြီ။ နိုင်ငံတော်က သင်ပေးခဲ့သည့် ဆေးပညာနှင့် သားလေးရင်တွင်းက စေတနာမေတ္တာတွေပေါင်းစပ်ပြီး ကမ္ဘာကြီးကို ကျန်းမာစေသည့် သမားကောင်းကြီး တစ်ယောက်အဖြစ် 'မယ်' လောဘကြီးစွာ မျှော်လင့်မိသည်။

သားလေးသည် အလုပ်သင်ဆရာဝန်ဖြစ်နေပေမဲ့ မယ့်ကို ဖက်နွှယ်၊ ရစ်တွယ်မှီခိုလွန်းသည်။ ဆံပင် ညှပ်လျှင်လည်း မယ်လိုက်ရသည်။ အဝတ်စားဝယ်ရင်လည်း 'မယ်' ပါရသည်။ မယ်က သူ့ဘဝလေးကို ထာဝစဉ်ရပ်တည်ရိပ်မိုးခွင့်ရနိုင်ပါ့မလား။ 'မယ့်' အရိပ်အောက်မှာ မှီခိုငြိတွယ်ပြီး 'မယ်' လောကထဲမရှိတော့တဲ့အချိန်မှာ မှီခိုမဲ့ နွယ်ပင်လေးလို လဲပြိုပုံကျသွားလေမလား။ တစ်ချိန်ချိန်မှာတော့ အားကောင်းတဲ့ ရင့်ကျက်မှုတွေနဲ့ သားရဲ့ဘဝလေးကို ထူမတ်နေစေချင်ပါသည်။

အခုတော့ သားလေးသည် ဆရာဝန်ဘွဲ့ကိုလည်း ရခဲ့ပြီ။ ဆမလက်မှတ်လည်းရခဲ့ပြီ၊ နေပြည်တော်အိမ်မှာ အဘိုးဖြစ်သူရဲ့ ဆေးခန်းလေးကိုဆက်ထိုင်ပြီး အဘိုးအဘွားနဲ့ 'မယ့်' ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆရာဝန်လေးဖြစ်နေပေပြီ။ လူနာတွေကိုလည်း စိတ်ရှည်လက်ရှည် ကြည့်ရှုပေးခဲ့သည်။ အထီးကျန် 'မယ့်' ဘဝသည် သားလေးကြောင့် အကျည်းတန်ခြင်းကင်းခဲ့ပါသည်။ သားဝါသနာပါသည့် ကိုယ်ပိုင်သံစဉ်လေးတွေ ရေးစပ်သီဆိုမှုကိုလည်း မယ် အားပေးခဲ့ပါသည်။ သူ စပ်ထားသည့် သီချင်းတိုင်းကို ကွန်ပျူတာတစ်လုံးနှင့် သူ့ဦးဦးသူရ ဩစတြေးလျကပို့လိုက်သည့်စက်လေးနှင့် ကိုယ်တိုင်တီးလုံးထည့်သည်။ ဟာမိုနီလိုက်သည်။ အခွေကြမ်းဆိုပေမဲ့ သားရဲ့အသံ သံစဉ်စာသားလေးတွေကို 'မယ်' မချီးကျူးဘဲမနေနိုင်၊ သားလေးက 'ကံဆိုးလို့ ဆေးကျောင်းရောက်တာ' လို့ 'မယ့်' ကို စကားနာထိုးတတ်တော့ အခုလည်း ဆရာဝန်အဆိုတော် လုပ်ပေ့ါ။ မေမေကတော့ ကောင်းတာလုပ်တာကို အားပေးရမှာပေ့ါလို့ နှစ်သိမ့်ရသေးသည်။

သီချင်းလေးတွေစပ်ရင်း ဂစ်တာအတီးသမားဖြစ်ချင်သည့် သားလေးသည် အခုအချိန်မှာတော့ လက်ထောက်ဆရာဝန်ရာထူး အောင်မြင်၍ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် သင်တန်းတက်ရောက်နေပေပြီ။ ဖောင်ကြီးရောက်သည့်ညက "မေမေ ဟင်းတွေ လုပ်ပေးလိုက်လို့ တော်သေးတယ်၊ ရွှေဖရုံသီးလေးတုံးနဲ့ ထမင်းကျွေးတယ်" လို့ ပြောတော့ စိတ်မကောင်း၊ ဒါပေမဲ့ သားလေးက သင်တန်းမှာ ပျော်ပုံရပါသည်။ သူငယ်ချင်းတော်တော်များများလည်း အလုပ်ရကြသည်။ အသက်ကြီးတဲ့ အစ်ကိုကြီးတွေနဲ့လည်း ခင်တယ်။ ညနေဆို ဘောလုံးကန်တယ်၊ Tennis ရိုက်တယ်၊ Outpass ရရင် ရန်ကုန်သွားတယ်။ ကျိုက်ထီးရိုးလည်း အဖွဲ့လိုက်သွားကြတယ်ဆိုတော့ ဪ 'မယ့်' သားလေးက အစိုးရဝန်ထမ်း ဆရာဝန်တစ်ယောက်ဖြစ်နေပြီ၊ အရာရာ မိခင်ကို မှီခိုတွယ်တာလွန်းတဲ့ သားလေးဟာ သည်ဖောင်ကြီးသင်တန်းက ပြန်လာရင် အနည်းဆုံးတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ရင့်ကျက်မှု ကိုယ့်အားကိုယ်ကိုးလိုစိတ်နဲ့ မယ့်ရဲ့ ရေကြည်ချမ်းမြေလေး အဖြစ်ကနေ လူနာပေါင်းများစွာအတွက် ရေကြည်ချမ်းမြေလေး ဖြစ်ပါစေလို့ ဆန္ဒအခါခါပြုမိသည်။

သည်သား၊ သမီးတွေ၏ ဇီဇစရိုက်၊ ကိုယ်ကျင့်တရားကို မယ်တို့မိဘတွေက ဦးစွာသင်ပေးခဲ့သည်။ အရည်အချင်းရှိဖို့ အတန်းစဉ်အလိုက် ဆရာတွေက သင်ပေးခဲ့သည်။ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ဖို့ အမိဆေးတက္ကသိုလ်ကြီးက သင်ကြားပေးခဲ့သည်။ ဝန်ထမ်းကောင်းဖြစ်ဖို့ ဗဟိုဝန်ထမ်းတက္ကသိုလ်ကြီးက သင်ကြားပေးလိမ့်မည်။ လေ့ကျင့် ပျိုးထောင်ပေးလိမ့်မည်။ သည်တက္ကသိုလ်ကြီးသည် သားတို့အတွက် အမျိုးသားရေးအမြင်ရရှိဖို့၊ စိတ်ဓာတ်ကြံ့ခိုင်ဖို့၊ စည်းကမ်းနှင့် ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းတတ်သော ဝန်ထမ်းကောင်းလေးများအဖြစ် မွေးထုတ်ပေးလိမ့်မည်ဟု 'မယ်' ယုံကြည်ပါသည်။

'မယ်' ၏ သားလေးသည် မေတ္တာလက်ဖြင့် 'မယ့်' ဘဝကို နွေးထွေးစေလိမ့်မည်။ ဆေးပညာလက်ဖြင့် လူနာများ၏အသက်ပေါင်းများစွာကို ကယ်တင်ရှင်သန်စေလိမ့်မည်။ အနုပညာလက်ဖြင့် သာယာ နာပျော်ဖွယ် သံစဉ်တေးသွားလေးတွေ ရေးသီပေလိမ့်မည်။

သည်မျှော်လင့်ချက်များစွာ ယုံကြည်မှုများစွာနှင့် ဖောင်ကြီးတက္ကသိုလ်မှ သားလေးပြန်အလာကို 'မယ်' ရင်ဖွင့်လို့ စောင့်ကြိုနေပါမည်။ တစ်ချိန်တည်းမှာပင် ငယ်စဉ်က သင်ခဲ့ရသည့် မြန်မာစာသင်ရိုးညွှန်းတမ်းမှ ဆရာကြီးမင်းသုဝဏ်၏ ကဗျာလေးက 'မယ့်' အတွေးထဲကို အပြေးအလွှား တိုးဝင်လာခဲ့သည်။

ညောင်းရွက်လေချို၊ မြရွက်စိုနှင့် ရာသီနွေဦး မင်းလွင်မြူးက ရင့်ကျူးသံချို ဥဩပျိုလည်း မြိုင်သို့ခွာကွင်း၊ လူ့ရပ်ချဉ်း၍ ဧချင်းဓဲအံ သစ်သစ်ဖန်လျက်၊ လည်ပြန်တစ်နှစ် ဆန်းမည့်ခေတ်ဝယ် မြူညစ်မထင် ဘယာစင်၍ ကြည်ရွှင်စေသော၊ ရည်ရွယ်ပြောသို့ ဥဩဥဩမြိုင်သံနှောလျက် သံဩတစ်လှည့် သံလေးတွဲ့နှင့် ပျံ့ပျံ့တလီ၊ သဲ့သဲ့သီသော် သီဂီရောင်စွေး၊ မယ့်ရင်သွေးသည် ဆွေဝေးရပ်ခြား၊ ဆရာ့ပါးမှ မနားမဖင့်ပြန်ကြောင်းထင်သည် 'မယ့်ရင် ဆင်သင့်ပြင်နှင့်ပြီ'

လဝန်းဖြူစင်

(နိုဝင်ဘာ ၁၉ တွင်
ကျရောက်သော သားလေး
တေဇာဝေယံ၏ မွေးနေ့အတွက်
အမှတ်တရ)



ရတီအက်ဆေး

# နွေးထွေး ကျွန်မ၏မိတ်ဆွေ



မိတ်ဆွေမည်သော စာလုံးကို ဘယ်အချိန်ကစပြီး တွေးမိလေသလဲ ကျွန်မ မသိ။

သို့သော် သည်အရာကိုစတွေးမိကတည်းက ကျွန်မမိတ်ဆွေများ လိုအပ်နေခဲ့ပြီထင်သည်။

လူသည် တစ်ယောက်တည်း တစ်ထီးတည်းနေလို့မရသည်ကို လူတိုင်း ခံစားဖူးကြပေလိမ့်မည်။ သို့သော် အလုပ်ကြောင့် ကျွန်မသည် အိမ်နှင့် များစွာဝေးသောနေရာတွင် နေထိုင်ပါသည်။ ကျွန်မထံတွင် ကျွန်မငှားနေသော အိမ်တစ်လုံးရှိသည်။ ပစ္စည်းပစ္စယ အနည်းငယ်ရှိသည်။ စာအုပ်များစွာ ရှိသည်။ သီချင်းခွေတိပ်ပြားများစွာ ရှိသည်။ စာရေးသော၊ အင်တာနက်သုံးသော လက်ပ်တော့တစ်လုံးရှိ သည်။ ကျွန်မ စွဲစွဲမြဲမြဲသောက်လေ့ရှိသော ပရီမီယာ တူးပလပ်စ်ဝမ်းကော်ဖီထုပ်များ ရှိသည်။ အိမ်ကို သုံးလတစ်ခါတော့ ရောက်အောင်ပြန်လေ့ရှိသည်။ တစ်ပတ်ကိုတစ်ခါ ကြိုးစားပြီး ဖုန်းဆက်ပါသည်။

ကျွန်မထံတွင် အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များမရှိပါ။ သို့သော် အိမ်အနီးသို့ ရောက်လာတတ်သော လမ်းဘေးခွေးများကို ကျွန်မ အစာကျွေးတတ်သည်။ စပါးတွဲကလေးများ ချိတ်ထားသည့်အတွက် စာကလေးများလာရောက်လေ့ရှိသည်။ ကျွန်မဝယ်လာသော စာကလေးအိမ်ကလေးများသည် သူတို့အတွက် အဆင်ပြေလိမ့်မည်ထင်သည်။ ရံဖန်ရံခါ မိုးမရွာသော နေ့ခင်းများတွင် ကျွန်မ ခိုကလေးများကို အစာကျွေးတတ်သည်။ ကျွန်မအသက်အရွယ်သည် သုံးဆယ်ကျော်ခဲ့ပြီဖြစ်သော်လည်း ကျွန်မအနီးတွင် ကျွန်မနှင့်အတူ ရယ်မောပျော်ရွှင်ရင်း ငှက်ကလေးများကို အစာကျွေးနေသည့် ကလေးငယ်တစ်စုံတစ်ယောက်မရှိ။ ခြောက်သွေ့သောညနေခင်းများတွင် ကျွန်မနှင့်အတူရှိနေတတ်သည်မှာ ကျွန်မ၏ အတွေးများပင်ဖြစ်သည်။

ကျွန်မထံတွင် ဆူးအနည်းငယ်ပါသော ကန္တာရအနွယ်ဝင် ပန်းပင်ကလေးများရှိသည်။ အရွက်မပါဘဲ ငုံးတိတိနှင့် သူ့အတွက်အသက်ရှင်နိုင်ရန် ရေကို ပင်စည်တွင် သိမ်းဆည်းထားတတ်သော သည်အပင်များသည် ကျွန်မကို ဆွဲဆောင်နိုင်စွမ်းရှိကြသည်။ ရုပ်ဆိုးအကျည်းတန်သော အပင်သဏ္ဍာန်များမှ အလွန်လှပသောပန်းများပွင့်လာတတ်သည်မှာ အံ့ဩဖွယ်တစ်ခုဖြစ်သည်။ ရေလောင်းပြုစုရန်လည်း သိပ်မလိုလှဘဲ ငုံးတိတိနိုင်သောအပင်များသည် ခြံစည်းရိုးစပ်တွင် မတ်မတ်ကြီးရပ်ကာ ကျွန်မကို ကူညီစောင့်ရှောက်ပေးနေသယောင် ရပ်တည်နေကြသည်။ လသာသောညများတွင် လရိပ်အောက်ရှိ ၎င်းအပင်များ၏ အရိပ်မည်းမည်းများကို ကြည့်ရင်း သည်သို့နှယ် ကျွန်မ ခံစားရသည်။ သည်အခါတွင် ဂန္ထဝင်ရုပ်ရှင်ကားတစ်ကားကိုကြည့်ရင်း သူတို့ကို ကျွန်မ သတိတရ လှမ်းကြည့်မိတတ်သည်။ လရိပ်အောက်မှ ၎င်းအပင်များ၏ မိုးတိုးမတ်တတ်အရိပ်များသည် လေတိုက်လျှင် ယိမ်းသွားတတ်သော အခြားအပင်များလို မဟုတ်ဘဲ ငြိမ်သက်စွာ ရှိနေကြသည်မှာ တစ်မျိုးစိတ်ဝင်စားဖွယ်ကောင်းလှသည်။ သူတို့၏ပင်စည်တစ်နေရာမှ အနီရောင်အပွင့်သေးသေးလေးများ ပွင့်သည့်အခါ ကျွန်မကို ပျော်ရွှင်စေပါသည်။

ထို့နောက်တွင်မတော့ ကျွန်မ၏ စိတ်နှလုံးကို ညွတ်နူးအောင် ဆွဲဆောင်နိုင်စွမ်းသော၊ ကံ့ကော်ပန်းဖြူဖြူတွေ ပင်လုံးညွတ်မျှ ပွင့်နိုင်စွမ်းသော ကံ့ကော်ပင်ကြီးမှာ ကျွန်မ စာရေးသည့်စားပွဲနှင့် အနီးဆုံးဖြစ်သော ပြတင်းအပြင်ဘက်တွင် ရှိသည်။ ကံ့ကော်ပင်ကြီးမှ သူ့ရနံ့များပေးလေတိုင်း ကျွန်မ၏ အတွေးများကို လန်းဆန်းစေသည်။ ကျွန်မ စာရေးခြင်းအတွက် အကောင်းဆုံးသောရနံ့များကို ကံ့ကော်ပန်းများ ပွင့်ချိန်ရောက်လေတိုင်း မပျက်မကွက် ပေးလာတတ်သည်။ ရံဖန်ရံခါ သူ့ပုံမှန် ပန်းပွင့်ချိန်တွင်ပင်မကဘဲ မိုးတွင်းခေါင်ခေါင် ဇွန်လရောက်လေမှ ကံ့ကော်ပန်းများ ထပွင့်ပြန်လာလျှင် အံ့ဩတကြီး ပျော်ရွှင်ရလေသည်။ သည်ကံ့ကော်ပန်းများသည် မိုးရေတရွှဲရွှဲထဲမှာပင် ဖူးကြပွင့်ကြလျက် ကျွန်မအိပ်ရာနံဘေး သို့မဟုတ် စာရေးစားပွဲပေါ်တွင် နေရာယူလေ့ရှိသည်။

သည်သို့သော ပိုင်ဆိုင်မှုများနှင့် ကျွန်မတွင် သူငယ်ချင်းအပေါင်းအသင်းများစွာ မရှိတတ်ခဲ့။ ရုံးမှ လုပ်ဖော်ကိုင်ဖက်များမှလွဲ၍ ကျွန်မတွင် အဖော်များများစားစားမရှိခဲ့။ ကျောင်းတုန်းက သူငယ်ချင်းသုံးလေးယောက်သည်လည်း ဘယ်ဆီသို့ရောက်လေပြီ မသိ။ ဖေ့စ်ဘွတ်ခ်သုံးရန် ဝါသနာမပါလှသော ကျွန်မအတွက် အွန်လိုင်းသူငယ်ချင်းများလည်း မရနိုင်ပေ။ ထို့အပြင် စက်ဝိုင်းကလေးတလည်လည်နှင့် အင်တာနက်ကွန်နက်ရှင်ရရန် အလွန်နှေးကွေးလှသော သည်နေရာ၊ သည်ဒေသတွင် အီးမေးလ်လေးတစ်စောင်ပို့ရန်ကိုပင် အတော်ကလေး စောင့်စားရပါသည်။ သည်မြို့တွင် အင်တာနက်သုံးလိုလျှင် မနက်စောစော ငါးနာရီခန့်ကစပြီးသုံးလျှင်မှ အနည်းငယ် အဆင်ပြေနိုင်သည်။ သည်အချိန်တွင် ကွန်နက်ရှင် အနည်းငယ်ကောင်းသည်။ သို့သော် နံနက်ခုနစ်နာရီခန့်ရောက်လာလျှင် မည်သည့်လိုင်းမှမရှိတော့ပေ။ ကျွန်မလို ညဥ့်နက်သန်းခေါင် စာရေးပြီး မနက်ခုနစ်နာရီကျော် ရှစ်နာရီထိုးခါနီးမှ နိုးသောသူအတွက်တော့ မည်သို့မျှ အဆင်မပြေနိုင်။ သို့နှင့် ကျွန်မအင်တာနက် မှန်မှန် မသုံးနိုင်ခဲ့။

သို့နှင့် ဆိုခဲ့သလိုပင် သည်မြို့ကလေးတွင် ကျွန်မအတွက် အပေါင်းအသင်းမရှိခဲ့။ ကျွန်မသည် ကဗျာများ၊ စာများရေးရင်း၊ ငှက်ကလေးများ၏ တေးသံကလေးများကို နားဆင်ရင်း အချိန်ကုန်လွန်နေခဲ့သည်။ ငါးပေနှစ်လက်မခန့်အရပ်နှင့် အရပ်ပုသည်ဟု ဆိုနိုင်သော်လည်း ချစ်စရာကောင်းသော ရုပ်ရည်ကို ပိုင်ဆိုင်သည်ဟု အများကပြောကြသော ကျွန်မတွင် ချစ်သူတစ်ယောက် ဘာကြောင့်မရှိခဲ့လေသလဲဆိုတာ ကျွန်မမသိ။ အချစ်ဆိုသည်မှာ သူနှင့်ထိတွေ့နိုင်ရန်အတွက် မည်သည့်အရာများရှိနေရမည်ဟု မည်သည့်အချိန်တွင် ဖြစ်ရမည်ဟု သတ်မှတ်၍မရနိုင်ဟု ထင်သည်။ အချစ်ဆိုတာ သူ့ဘာသာသူဖြစ်တည်ချင်တဲ့အချိန်ဖြစ်တည်သည်ဟုသာ တွေးမိသည်။ သည့်အပြင် ကျွန်မအချစ်ကို မသိ။

စိတ်တူကိုယ်တူ မိတ်ဆွေ၊ သူငယ်ချင်းရရန် သည်လောက်ခက်ခဲလေသလား။ အထူးသဖြင့် မိန်းကလေးသူငယ်ချင်း အတော်များများသည် အိမ်ထောင်ကိုယ်စီကျကြပြီး ကိုယ့်အိမ်ထောင်၊ ကိုယ့်ယောက်ျားနှင့် ကိုယ့်ကလေးများလောက်သာ စိတ်ဝင်နေစားနေကြရ၍ စာဘက်ပေဘက် မလှည့်အားကြလေသည်လား။

ကျွန်မအတွက် ဘယ်အချိန် ဘယ်အခါမှာ ဘယ်နေရာမှပေါ်လာလေမှန်းမသိသော အချစ်ဆိုသည့်အရာကို စိတ်ဝင်စားနေသည်ထက် ကျွန်မလိုချင်သော အရာတစ်ခုရှိသည်။ ထိုအရာမှာ အသက်အရွယ်ကြောင့်ဖြစ်နိုင်သည်ဟု ပြောလို့ရလေမလားပဲ။ အသက်သုံးဆယ်ကျော်ကျော်ကျွန်မသည် သည်အချိန်မှာ မိတ်ဆွေများလိုချင်လာခြင်းဖြစ်သည်။ ကျွန်မနှင့်ဝါသနာတူသော သို့မဟုတ် စိတ်ဝင်စားမှုဇရိယာ အနည်းငယ်မျှဖြစ်ဖြစ် တူညီသော မိတ်ဆွေများကို ကျွန်မ မရနိုင်ဘူးလား။

ကျွန်မနှင့်အတူ စာအုပ်စာပေများကို ဆွေးနွေးရန် စိတ်ဝင်စားသော၊ စာဖတ်ရန်ရူးသွပ်သော၊ စာအုပ်အကြောင်းများကို ပြော

တတ်သော၊ ကော်ဖီတစ်ခွက်ရှေ့တွင် ချကာ အတွေးအခေါ်ဆိုင်ရာများကို ဆွေးနွေးတတ်သော၊ သဘာဝ ဝန်းကျင်ကို စိတ်ဝင်စားတတ်သော တန်ဖိုးထားတတ်သော၊ လက်ရှိ အခြေအနေ သတင်းအရပ်ရပ် အပေါ် စိတ်ဝင်တစားရှိတတ်သော စသည်ဖြင့် သောပေါင်းများစွာ ရှိနေတတ်သည့် မိတ်ဆွေမျိုးတွေ ကျွန်မ မရနိုင်ဘူးလား။ သည်သို့ ကျွန်မနှင့် ဘာသာစကားတူသောသူ များ အမျိုးသားဖြစ်ဖြစ် အမျိုးသမီး ဖြစ်ဖြစ် မရနိုင်ပေဘူးလား။

ကျွန်မထံတွင် အဝတ်အစား များအကြောင်း၊ ခေတ်ပေါ်ပစ္စည်း များအကြောင်း၊ လက်ဝတ်ရတနာ များအကြောင်း၊ နောက်ဆုံးပေါ် မိတ်ကပ် ဖိနပ်စသည့်အကြောင်းများ ပြောရန် စကားလုံးများမရှိ။ ထိုအကြောင်းအရာများကို စိတ်ဝင် စားတတ် ပြောတတ် ပြိုင်တတ် သူများ နှင့်အတူရှိနေချိန်များတွင် ကျွန်မသည် လူမှုရေးအရ အောင့် အည်း နားထောင်နေခဲ့ရသော်လည်း ထိုအချိန်တွင် ကုန်ဆုံးသွားသော အချိန်များကို စိတ်ထဲတွင် တွက်ဆ နှမြောနေတတ်သည်။ ဘယ်လောက် အထိ နှမြောစရာ ကောင်းလိုက်လေ သလဲ။ သည်အချိန်အိမ်မှာရှိလျှင် ကျွန်မ အနည်းဆုံး စာတစ်ပုဒ် အကြောင်း တွေးနိုင်သည်။ ကဗျာ တစ်ပုဒ်လောက် ကျွန်မရေးနိုင် သည်။ ကျွန်မအိမ်တွင် ဧည့်သည်ကို ဖိတ်ခေါ်လေ့မရှိ။ စကားပြော ညံ့ဖျင်းသော၊ ဧည့်သည်ကို ဧည့်မခံ တတ်သော ကျွန်မအတွက် အိမ်သို့ ရောက်လာသော ဧည့်သည်သည် အလွန်အားနာစရာ ကောင်းပေလိမ့် မည်။ ကျွန်မ၏အညံ့ဖျင်းဆုံးအချက် မှာ ဧည့်သည်ကို ရှေ့ထားပြီး ဘာအကြောင်း ပြောရမှာပါလိမ့်ဟု အသည်းအသန် တွေးနေရခြင်းဖြစ် သည်။

သည်သို့သော အခြေအနေများ ကြောင့်လည်း ကျွန်မသည် မိတ်ဆွေ ရနိုင်ရန် ခက်ခဲခြင်းဖြစ်နေပေလိမ့် မည်။ ကျွန်မ မိတ်ဆွေအများကြီးမလို ချင်ပါ။ ကျွန်မနှင့် ဘာသာစကား တူသော မိတ်ဆွေအနည်းငယ်မျှရ လျှင် ကျွန်မကျေနပ်နိုင်သည်။

ကျွန်မတွင် ထိုသို့သော မိတ်ဆွေများ ရှိခဲ့ဖူးသည် (ဟုထင်ခဲ့ဖူးသည်)။ ကျွန်မ၏ကျောင်းနေဖက် မိန်းကလေး သူငယ်ချင်းတချို့ ပင်ဖြစ်သည်။ သို့သော် ကျွန်မနှင့် ဝေးကွာသွားသော ကာလများ၏ နောက်ပိုင်း အကြောင်းသင့်၍ ပြန်ဆုံကြသည့် အခါ သူတို့ထံတွင် ထိုသို့သော အမှုအကျင့်များ မရှိ တော့ပြီကို အတန်ငယ်ရိပ်မိနိုင် ခဲ့လျှင် ထိုသူငယ်ချင်းများကို ကျွန်မ အလွန်ပင် အားနာခဲ့ရသည်။ ကျွန်မ နှင့် အတူရှိစဉ်ခါက ကျွန်မ သူတို့ကို ဘယ်လောက်များ နှိပ်စက်မိခဲ့လေ သလဲ။ ကျွန်မ ပြောခဲ့သော စာပေ အကြောင်းအရာများ၊ ကျွန်မဖတ် နိုင်းခဲ့သော စာအုပ်များကို ပြောခဲ့ ကြ၊ ဖတ်ခဲ့ကြသည်မှာ ကျွန်မအပေါ် ချစ်ခင်စိတ်နှင့်သာ ဖြစ်ခဲ့ပေမည်။ ထိုအခါ ကျွန်မအပေါ် ချစ်ခင်ခြင်း ဖြင့် လိုက်လျော နားလည်ခဲ့ကြသော သည်သူငယ်ချင်းများကို ကျွန်မ သည်လည်း ချစ်ခင်စိတ်နှင့် ကျေးဇူး တင်ရလေသည်။ အိုး . . . နောက် ဆိုလျှင် ကျွန်မ ဆင်ခြင်ရမည်မှန်း ကျွန်မ နားလည်နိုင်ခဲ့ပေပြီ။

စိတ်တူကိုယ်တူ မိတ်ဆွေ၊ သူငယ်ချင်းရရန် သည်လောက်ခက် ခဲလေသလား။ အထူးသဖြင့် မိန်းကလေးသူငယ်ချင်း အတော် များများသည် အိမ်ထောင်ကိုယ်စီ ကျကြပြီး ကိုယ့်အိမ်ထောင်၊ ကိုယ့် ယောကျ်ားနှင့် ကိုယ့်ကလေးများ လောက်သာ စိတ်ဝင်နေစားနေကြ ရ၍ စာဘက်ပေဘက် မလှည့်အား ကြလေသည်လား။ ကျွန်မသည်မူ ဘယ်လိုအခြေအနေကိုပဲ ရောက် ရောက် စာဖတ်ခြင်းနှင့် စာရေးခြင်း ကို ဘဝတွင် မစွန့်လွှတ်နိုင်တော့။ ဤအရာသည်သာလျှင် ကျွန်မ၏ ဖြစ်တည်မှုဖြစ်သည်။

သို့နှင့် ရုံဖန်ရံခါ မိတ်ဆွေတော် မိသောကျွန်မအတွက် မမျှော်လင့်ဘဲ မိတ်ဆွေတစ်ယောက်ရနိုင်ရန် အခြေအနေ ကြုံတွေ့လာခဲ့သည်။ ကျွန်မတို့ရုံးမှ မဂျီးစဗင်းသည် အသက်လေးဆယ်အရွယ် အစ်မ ကြီးဖြစ်ပြီး ရယ်မောပျော်ရွှင်တတ် သောစရိုက်ရှိသူဖြစ်သည်။ ကျွန်မတို့ က သူ့ကို မဂျီးဟုခေါ်ကြသည်။ ရုံးတွင် ရုံဖန်ရံခါ ပျင်းရိနေလျှင် မဂျီးနှင့်စကားပြောပြီး ရယ်မောကာ အပျင်းပြေရသည်။ မဂျီးက ငွေစာရင်း တာဝန်ယူရသူဖြစ်ပြီး ကျွန်မအတွက် လုပ်ဖော်ကိုင်ဖက် ကောင်းတစ်ဦးဖြစ်သည်။ မဂျီးသည် ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး တချို့ သော အားလပ်ရက်များတွင် ကျွန်မ မဂျီးနှင့်အတူ ဘုရားကျောင်းသို့ လိုက်သွားလေ့ရှိသည်။ ဘုရား ကျောင်းနံဘေးတွင် လိုင်ဘရ်ရီ တစ်ခုရှိပြီး ထိုလိုင်ဘရ်ရီမှ အင်္ဂလိပ် ဝတ္ထုစာအုပ်များ ငှားရမ်းဖတ်ရှုနိုင် သည်။ မဂျီးနှင့်ကျွန်မ ဘုရား ကျောင်းလိုက်ရခြင်း၏ ရည်ရွယ် ချက်မှာ စာအုပ်ငှားရန်ဖြစ်သည်။ ထို့နောက် မဂျီးတို့ ဘုရားရှိခိုး နေခိုက် နူးညံ့ညင်သာသော ဓမ္မတေးများကို နားထောင်ရင်း စာအုပ်ရွေးနေရ သည်ကို ကျွန်မ နှစ်သက်ပါသည်။

တစ်နေ့ ဘုရားကျောင်းမှအပြန် မဂျီးက ကျွန်မကို လူတစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ ကျွန်မနှစ်မြိုက် သော ဂီတလက်သံပိုင်ရှင်မှာ သည် တစ်ယောက်ဖြစ်ကြောင်း မဂျီးက ပြောပြသည်။ မျက်ဆံအနည်းငယ် ညိုကာ ဆံပင်အရောင်များမှာလည်း အနည်းငယ်ညိုချင်သော သည်လူ သည် ကျွန်မနှင့်အသက်မတိမ်း မယိမ်းရှိနိုင်သည်။ သူက ကျွန်မ အမည် စကားစိမ်းဆိုသည်ကို သဘောကျလို့နေသည်။ ဘာကြောင့် ရယ်မသိ ကျွန်မသူ့စိတ်ကို တစ်ခဏ အတွင်း အကဲခတ်နိုင်ခဲ့သည်။

> အိမ်ထောင်သည် အမျိုးသားတစ်ယောက်နှင့်
> အိမ်ထောင်မရှိသူ အမျိုးသမီးတစ်ယောက် ခင်မင်ရဖို့ရာ
> သည်လောက်ခက်ခဲသလား။
> သည်မျှ စိတ်ရှုပ်ထွေးခံစားလာရလျှင်
> ကျွန်မ မိတ်ဆွေတစ်ယောက် ဆုံးရှုံးရပေလိမ့်မည်။

သူ့ဘက်ကလည်း ထိုသို့ဖြစ်လိမ့်မည်ဟု ကျွန်မတွေးနေခဲ့သည်။ ကျွန်မ၏အဆိုအရ သူသည် ကျွန်မနှင့် ဘာသာစကားတူသူ တစ်ယောက်ဖြစ်နိုင်သည်ကို သူ့အပြောအဆို သူ့မျက်ဝန်းများမှ တစ်ဆင့် ကျွန်မခန့်မှန်းနိုင်ခဲ့သည်။

ခံစားဖူးကြမလား မသိ။ ရုပ်ဝတ္ထုဆိုင်ရာပိုင်းကို ပိုမိုအားသန်တတ်သူနှင့် စိတ်ပိုင်းဆိုင်ရာပိုင်းကို ပိုမိုအားသန်တတ်သူနှစ်မျိုး ရှိနိုင်ပြီး လူတစ်ယောက်ကိုတွေ့လျှင် သည်နှစ်မျိုးထဲမှ တစ်မျိုးကို စိတ်ထဲမှ ထိတွေ့ခံစားနိုင်သည်။ ကျွန်မအတွက်တော့ သည်လိုခံစားရသည်။ ကျွန်မသည် စိတ်ပိုင်းဆိုင်ရာပိုင်းကို အားသန်သူဖြစ်ပြီး ထိုသို့သော သူများနှင့်တွေ့လျှင် ကျွန်မနှင့် ပိုမိုနီးစပ်သည်ဟု ခံစားရသည်။

ယခုလည်း သည်တစ်ယောက်ကို ကျွန်မသည်နွယ်ခံစားရပါသည်။ သူနှင့်ကျွန်မ လိုင်ဘရ်ရီတွင် ဆုံတတ်သည်။ သူက အုံ့ဩဖွယ်ရာပင် အင်္ဂလိပ်ဝတ္ထုများကို ပိုင်ပိုင်နိုင်နိုင်ဖတ်နိုင်သည်။ သူ့အညွှန်းကြောင့် ကျွန်မသည် စာအုပ်ရွေးရာတွင် လွယ်ကူစွာ ရွေးချယ်နိုင်သည်။

သူသည် ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ပါသည်။ သူ့အားလပ်သောအချိန်တွင် ကျွန်မထံ လာလည်လေ့ရှိသည်။ ကျွန်မတို့ ရုံးကင်တင်းတွင် ကျွန်မ သူ့ကို ကော်ဖီနှင့် ဧည့်ခံလေ့ရှိသည်။ ပြင်ပတွင်တွေ့သော အချိန်များတွင် ကျွန်မတို့ ကော်ဖီဆိုင်ထိုင်လေ့ရှိသည်။ သူနှင့်ကျွန်မ၏ ခင်မင်မှုသည် လျင်မြန်စွာပင် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ရှည်သွယ်သော သွားကလေးများရှိသော သည်လူသည် ရယ်လိုက်လျှင် စိတ်သဘောကောင်းမွန်မှုက မျက်နှာတွင် ထင်ဟပ်လာတတ်ကာ တကယ်ပင် ခင်မင်နှစ်လိုဖွယ်ရာဖြစ်သည်။ ကျွန်မ သူနှင့် မိတ်ဆွေဖြစ်ရသည်ကို ကျေနပ်ကြည်နူးရပါသည်။ ကျွန်မမှာ သည်လိုမိတ်ဆွေတွေ အများကြီး ရှိသင့်သည်ဟုပင် တွေးမိရသည်။ သူနှင့်ကျွန်မသည့်ထက် အစောကြီးကပင် ခင်မင်သင့်သူများဟု ကျွန်မ တွေးမိပြန်သေးသည်။

တစ်နေ့ သူက သမီးကလေး ခေါ်လာသည့်အခါ သူ့အိမ်ထောင်သည်ဖြစ်မှန်း ကျွန်မ သိရသည်။ သို့သော် မိတ်ဆွေတွေအတွက် တစ်ယောက်အကြောင်း တစ်ယောက် ပြည့်ပြည့်ဝဝသိရသည်မှာ ကြည်နူး ဖွယ်ပင်ဖြစ်သည်။ မိန်းကလေးက အသက်လေးနှစ်အရွယ်ခန့်ရှိကာ သူမသွားကလေးတွေက ပိုးစားပြီး မည်းမည်းချိုချိုကလေး ဖြစ်နေသည်။ ရယ်မောလိုက်သောအခါ အဖေဖြစ်သူနှင့် ပုံဆင်တူသွားလျက် မျက်နှာချိုကလေးဖြစ်သည်။ ပန်းရောင်ဖဲစည်းကြိုးကလေးနှင့် အပြိုင် သူမပါးပြင်လေးမှာ ပန်းရောင်သန်းနေလေသည်။ သမီး အပေါ် စိတ်ရှည်တတ်သော သူ့အပြုံးကို ကြည့်ရင်း ကျွန်မဖေဖေကို သတိရမိသည်။ ဖေဖေ့လို သားသမီးများအပေါ် စိတ်ရှည်တတ်ဟန်တူသော သူ့ကို ကျွန်မ ပိုမိုခင်မင်ရပါသည်။

သူ့အမျိုးသမီးသည် ကျောင်းဆရာမတစ်ယောက်ဖြစ်ပြီး သူနှင့် ကိုးကွယ်သည့် ဘာသာမတူသောကြောင့် ဘုရားကျောင်းသို့ လိုက်ပါလေ့မရှိကြောင်း သိရသည်။ သူ့ဇနီးအကြောင်းပြောသောအခါ သူ့မျက်လုံးများက နွေးထွေးနေတတ်သည်။ သည်အမျိုးသမီးကံကောင်းတာပဲဟု သူ့ဇနီးကိုမမြင်ဖူးဘဲ ကျွန်မ တွေးနေခဲ့သည်။ မိန်းမတစ်ယောက်ရဲ့ဘဝမှာ ယောကျ်ားကောင်းကောင်း တစ်ယောက်ရတာက ဘဝမှာ ထီးကောင်းကောင်းတစ်လက် ရသလိုပဲ၊ အရာရာလုံခြုံမှုရှိတယ်ဟု အမေက ကျွန်မကို ပြောဖူးသည်။ ကျွန်တော်တို့နှစ်ယောက်က အထက်တန်းကျောင်းကတည်းက သူငယ်ချင်းတွေလေ၊ ကျွန်တော်က ဆရာမကို ကြောက်ရတယ်ဟု သူက ရယ်ဖွဖွပြောသည်။ သူတို့၏ အိမ်ထောင်ရေးက နွေးထွေးခိုင်မြဲမည်ဖြစ်မှန်း ကျွန်မ မှန်းဆမိပါသည်။

တစ်နေ့တော့ သူ ကျွန်မကို သူ့အမျိုးသမီးနှင့် မိတ်ဆက်ပေးပါသည်။ သူ့အမျိုးသမီးသည် မျက်ခုံးထူထူ၊ မျက်လုံးတောက်တောက်ကလေးနှင့် အသားညိုချောဖြစ်



သည်။ ကျွန်မသည် အမျိုးသမီး၏ မျက်ဝန်းတောက်တောက်ကလေးများ၏ အကြည့်ကို မသိစိတ်တစ်နေရာမှ အကဲခတ်မိသည်ဟုထင်သည်။ သူမမျက်ဝန်းများအထဲ သံသယတစ်စုံတစ်ရာ မတွေ့ရပါ။ ကျွန်မ အမျိုးသမီးအတော်များများ၏ မျက်ကန်းအချစ်ကို ကြောက်သည်။ ကျွန်မ မပတ်သက်လိုပါ။

သူနှင့်ကျွန်မတို့ဆက်ဆံရေး မပြောင်းလဲပါ။ ခင်မင်မြဲခင်မင်လျက် သူနှင့်ကျွန်မ တွေ့ဆုံမြဲဖြစ်သည်။ သူလာလျှင် တစ်ခါတစ်ရံ သူ့အမျိုးသမီးကို၊ သူ့သမီးကလေးကို ခေါ်လာတတ်သည်။ သူ့အမျိုးသမီးသည် သူနှင့်ကွာခြားပါသည်။ စာအုပ်များထက် ပန်းများကို စိတ်ဝင်စားသည်။ သူမပြောတတ်သော အဝတ်အထည်များကို ကျွန်မမသိပါ။ လော့ကတ် သေးသေးလေးဝတ်တတ်သော ကျွန်မကို စိန်လော့ကတ်ကြီးကြီး တစ်ခုအကြောင်းပြောလျှင် ကျွန်မ စိတ်ထဲမှ အားနာကာ အပြုံးဖြင့် နားထောင်ရပါသည်။ သူကတော့ စာအုပ်များကိုလှန်ရင်း ဘာမှဝင်မပြောဘဲ ခပ်ဆိတ်ဆိတ်နေခဲ့သည်။


သူနှင့်ကျွန်မသည် စိတ်ချင်းအတော်နီးစပ်သူများဖြစ်သည်။ သို့မို့ကြောင့်လည်း ကျွန်မတို့ ဆက်ဆံရေးသည် ခိုင်မြဲနေခဲ့သည်။ သို့သော် ဟုတ်တိုင်းမှန်ရာပြောရလျှင် သူသည် သူ့အမျိုးသမီးရှေ့တွင် သူ၏ခင်မင်မှုကို သိုသိုဝှက်ဝှက်ပင် ထားလေ့ရှိသည်ဟု ကျွန်မ မှန်းဆနိုင်ခဲ့သည်။ ကျွန်မသည်လည်း ထို့အတူပင် ဖြစ်လိမ့်မည်ထင်သည်။ ထိုအချိန်မျိုးတွင် ကျွန်မပြောချင်သော စကားများကို မပြောမိ ကျွန်မ အရင်တည်းဖြတ်စဉ်းစားခဲ့ရသည်။ မည်သို့သော အဓိပ္ပာယ်ဆောင်သော စကားမျိုး၊ အပြုအမူမျိုးနှင့်မှ ကျွန်မကို ထိခိုက်ခြင်းမရှိစေရ။ သူ့ဘက်မှဖြစ်စေ၊ ကျွန်မဘက်မှဖြစ်စေ ရိုးသားသောစိတ်အခံရှိကြသည်ကို ကျွန်မ အသေအချာပင် ယုံကြည်ပါသည်။ သို့သော် အမျိုးသမီးတွေဟာ ပိုပြီး သဝန်တိုတတ်တယ်မဟုတ်လား။ ကျွန်မမှာ တစ်ယောက်ယောက်ရှိလျှင်လည်း ထိုသို့မဖြစ်ဘူးဟု ကျွန်မ ကိုယ့်ကိုယ်ကိုယ် မသေချာပါ။ သို့ဖြစ်၍ အခြေအနေအရပ်ရပ်ကို ကျွန်မ နားလည်အောင်ကြိုးစားရမည်။

ဆရာမြသန်းတင့်ဘာသာပြန်သော ဘဝနေနည်းအနုပညာကို ဖတ်ရသောအခါ ကျွန်မအတွေးပိုများရသည်။ မိတ်ဆွေဆက်ဆံရေးမှာ သိပ်ရင်းနှီးလွန်းသွားရင် မိသားစုတွေက မနာလိုဝန်တိုတွေ ဖြစ်တတ်ကြပါသည်တဲ့။ သူ့ဇနီးသည်က ကျွန်မနှင့်သူ အမြဲတွေ့ဖြစ်ကြသော်လည်း ဟိုအမျိုးသမီးဆီ မသွားဘူးလားဟု ရံဖန်ရံခါ မပြောနိုင်ဘူးလား။

"ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ရဲ့ ဆက်ဆံရေးဟာ ယောကျ်ားအချင်းချင်း မိတ်ဆွေဆက်ဆံရေးအဆင့်မျိုးကို

ဘယ်တော့မှ မရောက်နိုင်ဘူးလို့ ပြောလေ့ရှိကြတယ်"

"မိန်းမနဲ့ယောကျ်ားတို့ရဲ့ မိတ်ဆွေဆက်ဆံရေးမှာ တဏှာပေမ စိတ် (ဖို - မစိတ်) လုံးဝပျောက်ကွယ်နေရင် အင်မတန်ဗိုင်းကောင်းကျောက်ဖိ ဖြစ်ပါတယ်ဆိုကတည်းက မိန်းမတစ်ယောက်သည် ပင်လျှင်နည်းနည်းပါးပါးတော့ ခံပြင်းစိတ်ပေါ်မှာ ပေါ့လို့လည်း ပြောကြသေးတယ်။ မိန်းမနဲ့ယောကျ်ားတို့ရဲ့ မိတ်ဆွေ ဆက်ဆံရေးမှာ ဘယ်လောက်ပဲ သန့်ရှင်းပါတယ်လို့ ပြောပြော တစ်ခါတစ်ရံတော့ စိတ်ထဲမှာဖြစ်စေ ဖောက်ပြားမိကြမှာပဲ။ ဒီလို ဖောက်ပြားခြင်းမရှိတာမျိုးဟာ နည်းနည်းကလေးမှ သဘာဝမကျဘူးလို့လည်း ပြောကြတယ်'' ဟု သည်စာအုပ်ထဲတွင် ဖတ်ရသည်။ သည်အပြောမှန်၊ မမှန် ကျွန်မ မသိပါ။



သဘာဝကျ သည်ဖြစ်စေ၊
သဘာဝမကျသည်ဖြစ်စေ
ကျွန်မအတွက် သေချာသည်မှာ
ကျွန်မတို့၏ ရိုးသားမှုဖြစ်သည်။
ကျွန်မစိတ်ထင်၍ပေလား သူ့ဇနီးထံမှ
ရိုးတိုးရိပ်တိတ်သဏ္ဌာန် တစ်စုံ
တစ်ရာတွေ့ရသလားဟု ကျွန်မ
ထင်မိသည့်အခါ ကျွန်မစိတ်ထဲ
အနှောင့်အယှက်ဖြစ်ရသည်။ ကျွန်မမှာ
ကြင်သူတစ်ယောက်ယောက်
ရှိလျှင်ကော သည်အဖြစ်အပျက်ဟာ
ဘယ်လိုဖြစ်နိုင်သလဲ။

သို့သော် မိတ်ဆွေ ဆက်ဆံရေးဆိုတာ တစ်ဦးနဲ့ တစ်ဦး အပြန်အလှန် ယုံကြည်မှု ရှိတာ ကိုခေါ်တာပါဟု ရေးသားထားသည်ကို တွေ့ရ သည်။ မိတ်ဆွေဆက်ဆံရေးဟာ လုံခြုံမှု၊ ကိုယ်နှုတ်စောင့်စည်းမှုနဲ့ လိမ္မာပါးနပ်မှုတို့အပေါ်မှာ မူတည်ပါတယ်ဟု ဖတ်ရသောအခါ ကျွန်မ အနည်းငယ် စိတ်အေးရပါသည်။ ၎င်းတွင် အမျိုးသမီး၊ အမျိုးသား ခွဲခြားမထားပါ။

သို့သော် သူ အဆင်ပြေရဲ့လားကျွန်မ တွေးရသည်။ သဘာဝကျသည်ဖြစ်စေ၊ သဘာဝမကျသည်ဖြစ်စေ ကျွန်မအတွက် သေချာသည်မှာ ကျွန်မတို့၏ ရိုးသားမှုဖြစ်သည်။ ကျွန်မစိတ်ထင်၍ပေလား သူ့ဇနီးထံမှ ရိုးတိုးရိပ်တိတ်သဏ္ဌာန် တစ်စုံတစ်ရာတွေ့ရသလားဟု ကျွန်မထင်မိသည့်အခါ ကျွန်မစိတ်ထဲ အနှောင့်အယှက်ဖြစ်ရသည်။ ကျွန်မမှာ ကြင်သူတစ်ယောက်ယောက်ရှိလျှင်ကော သည်အဖြစ်အပျက်ဟာ ဘယ်လိုဖြစ်နိုင်သလဲ။ သို့ဆိုလျှင် သူ့အမျိုးသမီး၏ ယုံကြည်မှုကို ပိုမိုရလာမှာလား။ ကျွန်မ၏ လူကကော ဘာပြောမှာလဲ။ အိမ်ထောင်သည် အမျိုးသားတစ်ယောက်နှင့် အိမ်ထောင်မရှိသူ အမျိုးသမီးတစ်ယောက် ခင်မင်ရဖို့ရာ သည်လောက်ခက်ခဲသလား။ သည်မျှစိတ်ရှုပ်ထွေးခံစားလာရလျှင် ကျွန်မ မိတ်ဆွေတစ်ယောက် ဆုံးရှုံးရပေလိမ့်မည်။

ထိုအတွေးများ တွေးမိလေတိုင်း ကျွန်မ သူ့ကို နှမြောမိပါသည်။ ကျွန်မနှင့်အတူ ကော်ဖီသောက်ကာ စာဆွေးနွေးဖော်ရသော၊ ပန်းများလက်ဆောင်ပေးတတ်သော၊ ကျွန်မစိတ်ဝင်စားသော ကန္တာရပန်းပင်များကို ကျွန်မနှင့်အတူ လိုက်ပါခံစားတတ်သော၊ ကျွန်မ၏ လူမှုရေးကိစ္စတချို့ကိုတိုင်ပင်ဖော်ရသော၊ ဂီတကို နားလည်ခံစားတတ်သော၊ အင်္ဂလိပ်ကဗျာတွေကို ရွတ်ဆိုတတ်သော သည်လိုမိတ်ဆွေမျိုး ကျွန်မနောက်တစ်ကြိမ်တွေ့ဆုံနိုင်ရန် ခက်ခဲပေလိမ့်မည်။

သို့သော် ကိုယ်ချစ်သောယောကျ်ားနှင့် တခြားအမျိုးသမီးတစ်ယောက်၏ခင်မင်မှုကို ခွင့်လွှတ်နားလည်တတ်တဲ့ မိန်းမမျိုးကတော့ တော်တော်ရှားသည်ဟု ကျွန်မသိရသောအခါ သည်အဖြစ်ကို ကျွန်မ တော်တော်တွေးရပြီဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်မမိတ်ဆွေ၏ ဘဝခရီးလမ်း၊ သို့မဟုတ် ကျွန်မ၏ဘဝခရီးလမ်းကို မည်သည်ကမှ အထိခိုက်ခံ အက်ကြောင်းအထင်ခံ၍မဖြစ်။ မိတ်ဆွေဆက်ဆံရေးဟူသည် လုံခြုံမှု၊ ကိုယ်နှုတ်စောင့်စည်းမှုနဲ့ လိမ္မာပါးနပ်မှုတို့အပေါ်မှာမူတည်ပါတယ်ဟု ဆိုထားသည် မဟုတ်လား။

ထို့ကြောင့် ကိုယ်နှုတ်စောင့်စည်းခြင်းကြောင့်ဖြစ်စေ၊ လိမ္မာပါးနပ်မှုကြောင့်ဖြစ်စေ ကျွန်မတို့ တွေးကြရလိမ့်မည်။ အမျိုးသမီးတစ်ယောက်ဖြစ်သော ကျွန်မသည် အမျိုးသမီးတစ်ယောက်၏ စိတ်ခံစားချက်ကို ပိုမိုနားလည်ရပါမည်။

မိသားစုဟူသည် သည်ခရီးလမ်းတစ်လျှောက် အမြဲပင် အတူလျှောက်ကြရမည့်သူများပေပဲ။ မိတ်ဆွေဟူသည် ကျွန်မတို့လျှောက်သော ဘဝခရီးလမ်းတစ်လျှောက် များစွာတွေ့နိုင်သည်ဟု ကျွန်မတို့တွေးကြမည်။ သို့သော် ကိုယ်နှင့်စိတ်တူသဘောတူသည့် မိတ်ဆွေများ တွေ့ခဲ့ရသည်ကို ကျွန်မတို့ဘဝ၏ မမေ့မလျော့ဖွယ်ရာနေ့ရက်များအဖြစ် ကျွန်မတို့ သတ်မှတ်နိုင်သည်။ နောက်ထပ် တစ်ကြိမ် ဆုံလျှင်ဖြစ်စေ၊ မဆုံလျှင်ဖြစ်စေ တမ်းတနေရန် မလို။

အပြာရောင်ပန်းများပွင့်သော မနက်ခင်းတစ်ခုတွင် သူနှင့်သူ့သမီးကလေး လာလည်ပါသည်။

သူက အဖြူရောင်ရှပ်လက်ရှည်နှင့် ဂျင်းဘောင်းဘီပြာလွင့်လွင့်ကို ဝတ်ဆင်ထားသည်။ သမီးကလေးသည်လည်း ဖဲကြိုးပြာကို ခေါင်းတွင် စည်းနှောင်ထားသည်။ အပြာရောင်ပန်းစည်းကို လက်ကမ်းလိုက်ရင်း ကျွန်မသူတို့သားအဖကို ကြိုနေခဲ့သည်။ နောင်ရက်သတ္တပတ်တွင် သည်မြို့ကလေးမှ ပြောင်းရွှေ့ရတော့မည်ဖြစ်သော ကျွန်မသည် သည်မြို့ကလေးတွင် ကျန်ရစ်သော သည်မိတ်ဆွေထံသို့ နောင်တွင် အဆက်အသွယ် နည်းပါးလာခဲ့လျှင်ဖြစ်စေ သို့မဟုတ် တစ်ခါမျှ မဆက်သွယ်တော့လျှင်ဖြစ်စေ သည်လူသည် သူ့မိတ်ဆွေမကလေးကို မည်သို့မျှ အပြစ်တင်လိမ့်မည်မဟုတ်ကြောင်း ကျွန်မ သေချာစွာနားလည်နေခဲ့ပါသည်။

နွေးထွေး



ဝတ္ထုတိုရသ

ဒီဝတ္ထုကို မတော်တဆ ဖတ်မိသူတစ်ယောက်ယောက်ဟာ ၁၉၇၅ ခုနှစ်ကတည်းက ရန်ကုန်မြို့ အနောက်ပိုင်းလမ်းမတော်မြို့နယ်မှာ ရှိခဲ့တဲ့ ဘုန်းကြီးလမ်းအရက်ဖြူဆိုင်ကို မှတ်မိကောင်းမှတ်မိနေလိမ့်မယ်လို့ စာရေးသူက မျှော်လင့်တယ်။ "ဘုန်းကြီးလမ်းအရက်ဖြူဆိုင်"လို့ သုံးနှုန်းရတဲ့အခါ စာရေးသူစိတ်ထဲမှာ မသိမသာ ကသိကအောက်တော့ဖြစ်မိရဲ့။ (ဘယ့်နှယ်) ဘုန်းကြီးလမ်းနဲ့ အရက်ဖြူဆိုင်ဆိုတာကိုမှ တွဲပြီး ခေါ်ရတယ်လို့။ အမြင်မတော်ဆင်တော်နဲ့ ခလောက်ဆိုတာမျိုးပါပဲ။ အမှန်က ဘုန်းကြီးလမ်းဆိုတာက ကိုလိုနီခေတ်ကတည်းက ရှိခဲ့တဲ့လမ်းပါ။ တောင်မြောက်တန်းနေပြီး ကမ်းနားလမ်းကနေ အထက်ကို ထောင်တက်သွားလိုက်တာ သရက်တော ဘုန်းကြီးကျောင်းတိုက်ကြီးရဲ့ အနောက်မြောက်ထောင့်နဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတို့ဆုံတဲ့နေရာမှာ ဆုံးတာပဲ။ ဘုန်းကြီးလမ်းကို ခါးလယ်နှစ်နေရာကနေ အရှေ့အနောက်ဖြတ်သွားကြတဲ့ လမ်းမကြီးနှစ်ခုကတော့ အများသိထားဖူးတဲ့ အတိုင်း မြောက်ဘက်က လမ်းမကြီးက ကျုံးကြီးလမ်း၊ တောင်ဘက်ကလမ်းက မဟာဗန္ဓုလလမ်း။ စာရေးသူ နိဒါန်းချီခဲ့တဲ့ အစိုးရအရက်ဖြူဆိုင်ကြီးဆိုတာက ကမ်းနားလမ်းနဲ့ မဟာဗန္ဓုလလမ်းကြား



ညစ်တီးညစ်ပတ်
နှုတ်ခမ်းပဲ့ ဖန်ခွက်နဲ့
ထည့်သောက်ရတဲ့
ချဉ်စုတ်စုတ်
ပူရှရှခါးသက်သက်
အရက်ဖြူဟာလည်း
လျှာပေါ်မှာ
စတော်ဘယ်ရီသီး
ဖျော်ရည်အရသာနဲ့
တူလာသလိုလို
ညစ်ပတ်နံစော်တဲ့
ပတ်ဝန်းကျင်ဟာလည်း
စိတ်ကူးယဉ်
နတ်ဘုံ နတ်နန်းတမျှ
ဝင်းပမွှေးသင်းလာနေ

က ဘုန်းကြီးလမ်းရဲ့ အရှေ့ဘက်အခြမ်းမှာ အထင်ကရတည်ရှိတဲ့ အဆောက်အအုံကြီး။ နှစ်ထပ်တိုက်ကြီးတစ်လုံးရဲ့ မြေညီထပ်အခန်းကျယ်ကြီးဟာ အစိုးရ အရက်ဖြူဆိုင်ပဲ။

အဲဒီ တိုက်ကြီးမှာ ပေါ်တီကိုအကျယ်ကြီးတစ်ခုပါတယ်။ ပေါ်တီကို ကြမ်းပြင်အောက်နေရာဟာ အမြည်းဆိုင်ကလေးတွေအတွက် မိုးလုံနေလို့ သမံတလင်းကြမ်းပြင်

သီးသန့်ကွက်လပ်ပဲ။ ဆိုင်ထဲက ခန်းမထဲမှာ အမြည်းဆိုင်တချို့ရှိကြသလို ပေါ်တီကိုအောက်မှာလည်း ပျံကျအမြည်းဆိုင်ကလေးတွေ ရှိကြတယ်။ ဘုန်းကြီးလမ်း အရက်ဆိုင်ဟာ ဝတ္ထုရေးတတ်သူတစ်ယောက်အတွက်တော့ဖြင့် ရောမ ကုန်ကြမ်းသိုလှောင်ရုံကြီးပါပဲ။

အဲဒီတုန်းက (မဆလ)လို့ခေါ်တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက အစိုးရခေတ်လေ။ အရက်ချက်လုပ်ငန်းနှင့် အရက်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကို အစိုးရက ချုပ်ကိုင်ထားတယ်။ အမှန်တော့ ဆိုရှယ်လစ်စနစ်ဆိုတာ commu nism လို့ခေါ်တဲ့ "ဘုံဝါဒ"ရဲ့ မိတ်ဘက်ညီတော်ပဲ မဟုတ်လား။ မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိက ပျော်ပွဲစားရုံတွေမှာလည်း အစိုးရထုတ်လုပ်ရောင်းချတဲ့ အရက်မျိုးစုံကိုပဲ အစိုးရသတ်မှတ်တဲ့ဈေးနဲ့ ရောင်းချရတယ်။ ဟိုတယ်ကြီးတွေမှာတော့ အစိုးရတင်သွင်းတဲ့ နိုင်ငံခြားအရက်မျိုးစုံ ရှိကြတာပေါ့။ အောက်ခြေ(ဒါမှမဟုတ်) ခုခေတ် အခေါ် အခြေခံလူတန်းစားတွေကတော့၊ အစိုးရအရက်ဖြူဆိုင်တွေမှာပဲ တစ်နိုင်တစ်ပိုင်အားပေး သောက်သုံးကြတယ်။

ဆိုရှယ်လစ်စနစ်မှာ အားနည်းချက်တွေအများကြီးရှိနေတယ်။ အားနည်းချက်တစ်ခုကတော့ မှောင်ခိုစီးပွားရေးကို မွေးထုတ်ပေးလိုက်တာပဲ။ ဥပမာ အစိုးရအရက်ဖြူဆိုင်တွေမှာ အရက်ဖြူကို ခွဲတမ်းနဲ့ရောင်းတယ်။ လူတစ်ယောက်တစ်ခါဝယ်ရင် ၄ ပက်ဖြင့် ၄ ပက်။ ၅ ပက်ဖြင့် ၅ ပက်ပဲရတယ်။ ဝယ်ယူတဲ့အခါမှာလည်း အရက်ကောင်တာမှာ ပုလင်းကလေးတွေကိုင်ပြီးတန်းစီကြရတယ်။ တန်းမစီချင်ရင် တော့ အရက်ဖြူဆိုင်နဲ့တွဲလျက်ရှိ ကြတဲ့ လိုင်စင်ကြေးပေးဆောင်ပြီး ရောင်းကြရတဲ့အမြည်းဆိုင်ကလေး တွေမှာ ဝယ်သောက်ကြပေါ့။ ဈေးနှုန်းကတော့ အစိုးရဈေးထက် တစ်ဆခွဲကနေ နှစ်ဆလောက်အထိ ပိုများတယ်။ ဒီတော့ စဉ်းစားကြည့်လိုက်။ မှောင်ခိုရောင်းတဲ့အရက်ဟာ ဘယ်ကထွက်လာသလဲ။အစိုးရ အရက်ဖြူ

ဆိုင်ကနေ ခေါင်းမြီးခြုံပြီး မှောင်ခိုထွက်လာတာပဲ။ မှောင်ခိုအရက်က အစိုးရဆိုင်နားမှာတင် ရှိနေတယ်။ ဆိုင်ဝန်ထမ်းနဲ့ မှောင်ခိုအရက်ရောင်းသူတို့ လက်ဝါးချင်း၊ ရိုက်ပြီး ပွပေါက်ကြတဲ့ ပြောင်လိမ်ပြောင်စားအယုတ်တမာ စနစ်ပဲ။

ခါးစည်းပြီးခံကြရတာက မသောက်ရမနေနိုင်ကြတဲ့ ယစ်ထုပ်တွေပေါ့။ သွားလေသူ နာမည်ကျော်စာရေးဆရာကြီး "သော်တာဆွေ" တောင်မှောင်ခိုအရက်ကို ခက်ခက်ခဲခဲ ဝယ်သောက်ခဲ့ရတာကို ခပ်ရွှင်ရွှင်ရေးသားမှတ်တမ်းတင်ဖူးတယ်။



အစိုးရက ဈေးချိုချိုနဲ့ ရောင်း ချပေးပေမဲ့ကုန်ထုတ်စွမ်းအား နည်းတော့ မှောင်ခိုဈေးကွက်မှာ ယစ်ထုပ်တွေက ဈေးကြီးပေး သောက်ရတယ်။ ဒါပဲ။

၁၉၇၅ ခုနှစ်တုန်းကဆိုရင် စာရေးသူဟာ အသက် ၂၅ နှစ်ရွယ် "အလုပ်သင်ယစ်ထုပ်" (ဝါ) အရက်သမားပေါက်စကလေးပေါ့။ အလုပ်သင်ဆိုတော့ ဝါရင့်ယစ်ထုပ်ကြီးတွေဆီမှာ တပည့်ခံရတယ်။

"ဈေးပေါပေါနဲ့ အမြည်းအစုံစားချင်ရင် ပုဇွန်တောင်ဘုံကြီးကို သွား၊ အရက်ဒီဂရီကောင်းကောင်း သောက်ချင်ရင်တော့ ဘုန်းကြီးလမ်း ဘုံကြီးကို သွား"လို့ ဝါရင့်ယစ်ထုပ်ကြီးတွေက နုတ်လမ်းညွှန်တတ်ကြတယ်။ (ဘုံကြီး) ဆိုတာ ဝါရင့်ယစ် ထုပ်ကြီးတွေက ဖန်တီးဉာဏ်ကွန့်မြူး ထားတဲ့ ဗန်းစကားတစ်မျိုးပါ။ အစိုးရအရက်ဖြူဆိုင်ကို (ဘုံဆိုင်) လို့မခေါ်ဘဲ (ဘုံကြီး) လို့ခေါ်လိုက် ကြတာ။ ဘုံကြီး. . . တဲ့ စာရေးသူ ကတော့ ဘုံကြီးလို့ခေါ်ရတာ ကဗျာနံ့သင်း သလိုလိုတောင် ထင်မိတယ်။ ဘုံဆိုင်ဆိုတာဟာလည်း မြန်မာ့ရိုးရာအစဉ်အလာ နာမည်တော့ ဟုတ်ဟန်မတူပါဘူး။ အရက်ဆိုင် ကို အင်္ဂလိပ်ဘာသာနဲ့ခေါ်တဲ့ Public House ကိုမြန်မာမှုပြုထားတာ ဖြစ်ပါလိမ့်မယ်။ အင်္ဂလိပ်ဘာသာမှာတော့ Pub-House ..၊Pub စသည်ဖြင့် ဘုံဆိုင်ကို အတိုကောက် ခေါ်ဝေါ်သုံးနှုန်းတာတွေရှိတာကို အများသိကြမှာပါ။

ဘုန်းကြီးလမ်းက ဘုံကြီးဟာ အစိုးရဆိုင်ကိုတော့ မနက် ၈ နာရီကနေ ည ၈နာရီအထိတောက်လျှောက်ဖွင့်ပြီး အရက်ရောင်းပါတယ်။ ဒါပေမဲ့ သူ့ကို အမှီပြုပြီး ရောင်းချကြတဲ့ အမြည်းဆိုင်ကလေးတွေကတော့ မနက်မိုးလင်းကတည်းက ညသန်းခေါင်လောက် အထိ ရောင်းတတ်ကြပါတယ်။ အမြည်းကိုဗန်းပြပြီး မှောင်ခိုအရက် ရောင်းတာဆိုတော့ အမြတ်အစွန်းများတယ်လေ။ အမြည်းဆိုင်ကလေးတစ်ဆိုင်ရဲ့ အသားတင်အမြတ်ငွေဟာ မိသားစုဝင် ၅ ယောက်လောက်ပါတဲ့ အိမ်ထောင်စုတစ်စုရဲ့ စားဝတ်နေရေးကိုတော့ ကောင်းကောင်း ထိန်းနိုင်တယ်လို့ ဆိုပါတယ်။

စာရေးသူဟာ အလုပ်သင်

> သူဟာ အသားမည်းမည်း၊
> သောက်ရှပ်ဆိုးဆိုး၊ သနပ်ခါး
> ဗျစ်ထူကြီးလိမ်းထားတဲ့
> မိန်းမတစ်ယောက်ပဲ
> ဒီထက်မပိုဘူး၊
> သာမန်အားဖြင့် သူ့ကိုမြင်ရုံနဲ့
> အရက်မမူးဘဲ
> အန်ချင်စိတ်ပေါက်သွားနိုင်တယ်။
> ဒါပေမဲ့ အရက်သောက်ရင်း
> သောက်ရင်းကနေ
> ငါ့မျက်စိထဲမှာ သူဟာ
> ဖြည်းဖြည်းချင်းလှလာတယ်၊
> ချစ်စရာကောင်းလာတယ်။

ယစ်ထုပ်ကလေးဆိုတော့ ရန်ကုန်မြို့လယ်က အရက်ဆိုင်တွေစုံအောင် မရောက်ဖူးခဲ့သေးဘူး။ ဘုန်းကြီးလမ်းဘုံကြီးနဲ့ စတင်မိတ်ဆက်ပေးခဲ့သူကတော့ သွားလေသူ စာပေသမားကြီး "ရွှေကျွန်းသောင်း" ပါ။ ရွှေကျွန်းသောင်းက ရန်ကုန်ညချမ်းတွေမှာ အရက်ဖြူနဲ့ လေလွင့်ရတာကို အရသာခံတတ်တဲ့ ထူးခြားတဲ့ ပါရမီရှိသူပါပဲ။

"မင်းမှာ မြန်မာငွေ တစ်ဆယ်ကျပ် တည်းပဲရှိ။ အဲဒီငွေတစ်ဆယ်တည်းနဲ့ ကမ္ဘာကြီးကို ဝယ်လို့ရတဲ့

နေရာရှိတယ်။ ဘယ်နေရာဆိုတာ မင်းသိသလား။ ငါပြောပြမယ်။ ဟောဒီ ဆူးလေဘုရားလမ်းကနေ အနောက် ဘက်ကို ၁ မိုင်လောက်ပဲ ဝေးတဲ့ ဘုန်းကြီးလမ်းက ဘုံကြီးပဲ" လို့သူကပြောတော့ စာရေးသူ က. . .

"အဲဒီဆိုင်က ရန်ကုန်ဆိပ်ကမ်းနဲ့နီးတော့ အဲဒီဆိုင်မှာ သူခိုးကြမ်းလုံးတွေ ကူလီတွေ အောက်တန်းစားတွေပဲ သောက်မှာပေါ့ဗျ" လို့ မှတ်ချက်ချတဲ့အခါ ရွှေကျွန်းသောင်းက ခေါင်းခါပြပြီး ကန့်ကွက်ပါတယ်။

"မင်းစကားကိုပြင်လိုက်ပါ။ ဘုန်းကြီးလမ်းဘုံကြီးမှာ ရုရှားမဟာ အောက်တိုဘာ တော်လှန်ရေးကြီးကို စာပေနဲ့မီးထိုးပေးခဲ့တဲ့ ပစ္စည်းမဲ့စာရေးဆရာကြီး မက္ကဇင်ဂေါ်ကီရဲ့ ဇာတ်ကောင်တွေ ကျက်စားတယ်ကွ ဂေါ်ကီ စာအုပ်တွေ အပြင်ဘက်က ဇာတ်ကောင်တွေကို လေ့လာချင်ရင် မင်းဘုန်းကြီးလမ်းက ဘုံကြီးကို သွားရလိမ့်မယ် ငါ့လူ"

ရွှေကျွန်းသောင်းနတ် လမ်းညွှန်မှုကြောင့် စာရေးသူဟာ 'ဘုံကြီးသူ' ဒေစီနဲ့ဆုံစည်းခွင့်ရခဲ့ပြီး နှစ်ပေါင်းများစွာကြာပြီးတဲ့နောက်မှာ ဒီဝတ္ထုကိုရေးနိုင်ခဲ့တာနဲ့ သွားလေသူမိတ်ဆွေကြီး ရွှေကျွန်းသောင်းကို ဒီနေရာကနေ အမှတ်တရ (အလေးနီပြု) လိုက်ရပါတယ်။ ရွှေကျွန်းသောင်းက မူးလာရင် (အလေးနီပြု) ဆိုပြီး အပေါင်းအသင်းတွေကို ဆလမ်ပေး နောက်ပြောင်တတ်တာကိုး။ တချို့ကတော့ ရွှေကျွန်း သောင်းတစ်ယောက် အဲသလို (အလေးနီပြု)လို့အော်တာကို မကြိုက်ကြပါဘူး။ (အလကားအရက်သမား) လို့ ဝိုင်းဆဲတတ်ကြပါတယ်။

ဘုန်းကြီးလမ်းဟာ လမ်းမတော်မြို့နယ်ထဲက ထင်ရှားတဲ့ မိန်းလမ်းမကြီးဖြစ်ပေမဲ့ ရန်ကုန်ဆိပ်ကမ်းနယ်မြေထဲက "ညောင်ပင်လေးသင်္ဘောဆိပ်" လို့ ခေါ်တဲ့ မြစ်ဝကျွန်းပေါ်သွား သင်္ဘောမျိုးစုံ ရာနဲ့ချီပြီး ဆိုက်တာပဲ။ ကုန်တင်ကုန်ချလုပ်တဲ့နေရာနဲ့နီးတော့ဘုန်းကြီးလမ်းက ဘုံကြီးမှာ အောက်အလွှာကယစ်ထုပ်မျိုးစုံ ခြေချင်းလိမ်နေတတ်တယ်။ ရိုးရိုးသားသားကူလီကအစ၊ အခြေအနေမဲ့ အလစ်သုတ်သမား ထောင်ထွက်တွေအဆုံး ဘဝအစုန်ရေမှာ မျောနေကြတဲ့ လူသွမ်းလူဖျက်တွေချည်းပဲ။

ဘုံကြီးကို စာရေးသူရောက်သွားတဲ့အချိန်က ညနေ ၆နာရီခွဲ ၇ နာရီလောက် နေဝင်ဖျိုးဖျမှောင်ရီစ အချိန်။ တိုက်ခန်းကြီးထဲမှာ လျှပ်စစ်မီးထိန်ထိန်လင်းနေပေမဲ့ ပေါ်တီကိုအောက်က အမြည်းဆိုင်ကလေးတွေဆီမှာတော့ ရေနံဆီ မီးခွက်ကလေးတွေပဲ ထွန်းထားကြတယ်။ အမြည်းဆိုင်ကလေးတွေဆိုတာ ခမ်းနားလှပအောင်ပြင်ဆင်ထားစရာမလိုဘူးလေ။ သူတို့က 'တရားမဝင်ပျံကျ' သည်တွေမဟုတ်လား။ အလျား ၄ ပေ၊ အနံ ၂ ပေ လောက်ရှိတဲ့ စားပွဲခုံကြမ်းကလေး တစ်လုံးရှိရင်ပဲ ဆိုင်ခင်းလို့ရပြီ။ စားပွဲပေါ်မှာ တိုလီမုတ်စ အမြည်းဇလုံကလေးတွေရှိမယ်။ သတ္တုပန်းကန်ပြားလေးတွေရှိမယ်။ အရက်ထည့် သောက်ဖို့ အရောင်အဆင်းမပေါ်တဲ့ အပေါစားဖန်ခွက် အဟောင်းကလေးတွေ ရှိမယ်။ ရေသောက်စရာ ခပ်ညစ်ညစ်ပလတ်စတစ်ခွက်ကလေးတွေရှိမယ်။ ဒါဆိုရင် အမြည်း ဆိုင်တစ်ဆိုင်ရဲ့ အင်္ဂါရပ်ပြည့်စုံပါပြီ။ ဈေးတင်ပြီး ပြောင်ရောင်းတဲ့မှောင်ခိုအရက်ကိုတော့ အမြည်းသည်က သူ့ဘေးမှာ ပလတ်စတစ်ပုံးနဲ့ ထည့်ထားတာ။ ဝယ်သူလာမှ ပုံးထဲကနေ ပုလင်းထဲ ကိုငှဲ့ပေးတာ။

စာရေးသူက ဖောက်သည် တစ်ယောက်မှ မရှိဘဲ မီးခွက်ကလေးထွန်းပြီးဖောက်သည်မျှော်နေတဲ့ အမြည်းဆိုင်ကလေးတစ်ဆိုင်ရှေ့မှာ ငုတ်တုတ်ဝင်ထိုင်လိုက်ပါတယ်။ အမြည်းသည်က သက်လတ်ပိုင်း အမျိုးသမီးတစ်ယောက်ပါ။ မီးရောင်အောက်မှာသနပ်ခါးထူလပျစ်ကြီး လိမ်းထားတဲ့ သူ့မျက်နှာပွပွကြီးဟာ ဖိုးဝရုပ်ကြီးလို ပြောင်တင်းနေပါတယ်။ သနပ်ခါးဖွေးဖွေးတွေကြားထဲကနေ သူ့မျက်လုံးဝိုင်းဝိုင်းကြီးတွေက ပြူးပြူးပြောင်ပြောင်ကြီးတွေမို့ ရုတ်တရက်ဆိုရင် ဘီလူးမမယ်ကုဝဏ်ရုပ်တုနဲ့တောင် တူသလိုလိုပဲ။ သူပြုံးလိုက်တော့ နှုတ်ခမ်းထူထူတွေ ပြဲသွားကြပြီး ကြီးမားဖြူဖွေးတဲ့ သွားတွေပေါ်လာကြတာကို တွေ့ရတယ်။ ဒါတွေက ပြဿနာမဟုတ်ပါဘူး။ ဘုံကြီးမှာရှိတဲ့ အမြည်းဆိုင်တွေဟာ အရက်ကိုရေ မထိုးဘဲ မူလဒီဂရီအတိုင်း ရောင်းတတ်ကြတယ်ဆိုတဲ့ နာမည်ကောင်း ဂုဏ်သတင်း Goodwill ရှိတယ်လေ။ အရက်ကြိုက်ပြီဟေ့ဆိုရင် လည်ချောင်းကွဲလောက်အောင် ပြင်းရှပူရှိမ်းနေပါစေ။ အဲဒီအရက်မျိုးကိုပဲ နှစ်သက် မြတ်နိုးတာသဘာဝပါပဲ။

"အစ်မကြီးက ဘယ်ကနေလာရောင်းတာလဲ ခင်ဗျ"

တစ်ခွက်နှစ်ခွက်ဝင်သွားတော့ စာရေးသူအာရွှင်လာပါပြီ။ သွေးပူပြီး အမျိုးသမီးရဲ့ မျက်နှာကို ရဲရဲတင်းတင်းကြည့်မိပါပြီ။

"ဒလ. . . အုံကြီးရပ်ကွက်ထဲက လာရောင်းတာ မောင်လေးရဲ့"

သူ့အသံက ချိုလွင်သာယာလွန်းပါတယ်။ ပုပုဝဝ မျက်နှာဝိုင်းဝိုင်း သူ့ခန္ဓာကိုယ်နဲ့တောင် မလိုက်ဖက်တဲ့အသံမျိုး။ စာရေးသူက သူ့အသံကြားတာနဲ့ "ရုပ်ရှင်မင်းသမီး ခင်သီတာထွန်းရဲ့ အသံမျိုးပါကလား။ နားဝင်ချိုလိုက်တာ" လို့တောင် ခံစားမိတယ်။ ညစ်တီးညစ်ပတ် နှုတ်ခမ်းပဲ့ ဖန်ခွက်နဲ့ထည့်သောက်ရတဲ့ ချဉ်စုတ်စုတ် ပူရှရှခါးသက်သက် အရက်ဖြူဟာလည်း လျှာပေါ်မှာ စတော်ဘယ်ရီသီးဖျော်ရည်အရသာနဲ့ တူလာသလိုလို ညစ်ပတ်နံစော်တဲ့ ပတ်ဝန်းကျင်ဟာလည်း စိတ်ကူးယဉ်နတ်ဘုံ နတ်နန်းတမျှ ဝင်းပမွှေးသင်းလာနေ ပါပြီ။ စာရေးသူ သောက်ဖွာလိုက်တဲ့ အပေါစား ဆေးပေါ့လိပ် မီးခိုးငွေ့တွေကြားမှာ အမြည်းရောင်းတဲ့ အမျိုးသမီးရဲ့မျက်နှာဟာ ဆေးဆိုးပန်းရိုက် ရောင်စုံမိတ်ကပ်အလှခြယ်ထားတဲ့ ရွှေမင်းသမီး မျက်နှာ ဖြစ်လာနေပါပြီ။ မူလက ထူထဲအိတွဲပြီး သားနံ့ရည် (သားငန်ရည်) စိုရွှဲနေတဲ့ ဟက်တက်ပြဲ အနာကြီးတစ်ခုနဲ့တူလှတဲ့ သူ့နှုတ်ခမ်းထူထူကြီးတွေ ပျောက်ကွယ်သွားပြီး နိုင်ငံခြားက လှပဒေမဂ္ဂဇင်း တစ်ခုက နှုတ်ခမ်းဆိုးဆေးကြော်ငြာတစ်ခုမှာ ကြော်ငြာလေ့ရှိတဲ့အရှုံးအမူးနမ်းစုပ်ချင်စရာ နီတျာတျာ ဖူးဖူးပြည့်ပြည့် နှုတ်ခမ်းမျိုးဖြစ်လာနေပါပြီ။

"အစ်မကြီးရဲ့ အမျိုးသားကော" စာရေးသူရဲ့ နှုတ်လျှာပေါ့ပါးရဲတင်းမှုက အလိုအလျောက် ချောချောမွေ့မွေ့ဖြစ်လာနေတာပါ။ အယ်ကိုဟောက နှိုးဆော်မောင်းနှင်လိုက်တဲ့ စာရေးသူရဲ့ သွေးပုပ်သွေးညစ်တွေ ဟာလည်း သွေးကြောတွေထဲမှာ အမြှုပ်တစီစီနဲ့ ပွက်ပွက်ထလာကြသလိုပါပဲ။

"ဟိုမယ်လေ သူ့အရက်သူရှာသောက်နေတာ"

အမျိုးသမီး မေးဆတ်ပြရာကို သူလှမ်းကြည့်လိုက်တော့ ဖျာစုတ်ပေါ်မှာ ပက်လက်ကြီးလှဲနေတဲ့ ယစ်ထုပ်တစ်ယောက်ကို ခြေ သလုံးတွေ နှိပ်ပေးနေတဲ့ ညှဉ်းသိုးသိုး ပိန်ညောင်ညောင် ဆံပင် ဘုက်သိုက်နဲ့ လူရွယ်တစ်ယောက်ကို တွေ့ရပါတယ်။

"နှိပ်တဲ့လူလား၊ အနှိပ်ခံနေတဲ့လူလား"

"နှိပ်နေတဲ့အကောင်ပေါ့၊ ဘာသောက်လုပ်မှမလုပ်ဘဲ အရက်ချည်းသောက်ချင်နေတော့ သူ့ဘာသာ ဖန်တီးရတော့တာပေါ့၊ အစ်မကတော့ သူ့ကို တစ်စက်မှ မတိုက်ဘူး။ သူ့အနှိပ်ခနဲ့ သူသောက်၊ တချို့ကလည်း ပိုက်ဆံမပေးဘဲ အရက်တိုက်တယ်။ အစ်မက သူ့ကိုထမင်းပဲကျွေးနိုင်မယ်။ အရက်တော့ မတိုက်နိုင်ဘူးကွဲ့။ အိမ်မှာက သား သမီးသုံးယောက်ရှိသေးတယ်။ တော်ပြီ နောက်ထပ်မွေးဖို့ မစဉ်းစားတော့ဘူး။ လုံးဝပဲ"

စာရေးသူ ရင်ထဲမှာ အမျိုးသမီးကို သနားသလိုလိုတောင်သိမ့်ခနဲ ခံစားလိုက်ရပါသေးတယ်။ အဲဒီ စိတ်ခံစားမှုက တဒင်္ဂပါ။ တကယ်စိုးမိုးနေတာက အမျိုးသမီးရဲ့ ဆွဲငင်အားပြင်းတဲ့ ဣတ္ထိယသဏ္ဌာန်ပါ ပဲ။ ရေနံဆီမီးခွက်ရဲ့ အလင်းရောင်ထဲမှာ အင်္ကျီလက် မောင်းပြတ်ဝတ်ထားတဲ့ အမျိုးသမီးရဲ့ လက်မောင်းအိုးအစုံဟာ ဝါဝင်းစိုပြည်နေတယ်။ လက်ချောင်းတုတ်တုတ် ဖွေးဖွေးတွေကိုလည်း စာရေးသူက ဆွဲယူပြီး

ကိုယ့်ပါးမှာ အသာအယာ ဖိကပ်ထားလိုက်ချင်တယ်။

အရက်ကို လိုတာထက်ပို သောက်မိသွားတာ စာရေးသူသတိမမူမိဘူး။ ခါးသက်သက် စပ်ရှားရှား ဆီစိမ်လက်ဖက်သား၊ အမြည်းဟာလည်း စာရေးသူရဲ့ လျှာပေါ်မှာ ဆီဦးထောပတ်တွေလို လျှောခနဲ လျှောခနဲ လူးလှိမ့်ဝမ်းခေါင်းထဲ လိမ့်ကျကုန်ကြတယ်။

"ကဲ. . . မင်းများနေပြီ။ ငွေရှင်းပြီး ပြန်တော့" မာကျောကြွပ်ဆတ်တဲ့အသံကို ကြားရပြီးတဲ့နောက် စာရေးသူဟာ ဘယ်လိုကဘယ်လို ဘတ်စ်ကားပေါ်ရောက် ဘယ်နည်းဘယ်ပုံနဲ့ ကိုယ့်အိမ်ကကိုယ့်အိပ်ရာပေါ် ပြန်ရောက်သွားတယ်ဆိုတာ စဉ်းစားပုံဖော်ကြည့်ဖို့ကို မတတ်နိုင်တော့ဘူး။ ဒါပေမဲ့ ဒေစီလို့ခေါ်တဲ့ အမြည်းရောင်းတဲ့ ဝဝ ပြည့်ပြည့်အမျိုးသမီးကတော့ စာရေးသူရဲ့ ကိုးရိုးကားရား အိပ်မက်တွေထဲအထိ သွားဖွေးဖွေးတွေကိုဖော်ပြီး ပြုံးရင်းလိုက်လာခဲ့ပါသော်ကော။

ဒီနည်းနဲ့ပဲ စာရေးသူဟာညနေတိုင်း ဘုန်းကြီးလမ်း အရက်ဖြူဆိုင်မှာ ရက်ပေါင်းများစွာ အရှူးထနေခဲ့မိတာ အသည်းရောင်ပြီးဆေးရုံပေါ်ရောက်သွားတဲ့ အထိပါပဲ။

"ဘုံကြီးသူရယ် ချစ်မိုးဆွေခဲ့တယ် အရက်ဖိုးပြတ်တဲ့ ကြာကူလီမျိုးနွယ်"

အဲသလို တွေ့ကရာ ပေါက်တတ်ကရ သီချင်းကို စာရေးသူယစ်မူးရူးနောက်တဲ့အခါများမှာ ဟစ်အော်လေ့ရှိခဲ့ပါတယ်။

သူငယ်ချင်းတွေက "ဘယ်သူ့ကိုရည်ညွှန်းတာလဲ"လို့မေးကြတဲ့အခါ စာရေးသူက ရင်ကွဲနာကျတဲ့အသံကြီးနဲ့ "တစ်ခါက စွဲမက်ခဲ့ရတဲ့ ဘုံကြီးသူတစ်ယောက်ကိုပေါ့ကွာ" လို့ဖြေတတ်တယ်။ ဘုံကြီးသူဆိုတာ ဘယ်သူရယ်လို့တော့ စာရေးသူဖွင့်မပြော ခဲ့ပါဘူး။ လူတစ်ယောက်ရဲ့ ထင်ယောင်ဝိုးဝါးကမ္ဘာထဲမှာ အင်မတန် ထူးခြားတဲ့ အလှနတ်သမီးတွေကို သေရည်ရဲ့ စွမ်းအင်နဲ့ သွေးပူဖိုလိုက်စွာ ဖန်တီးလို့ရတဲ့ အကြောင်း စာရေး သူက ပြောပြရင်း ယစ်ထုပ်အချင်းချင်း တောင်မှ ဟားတိုက်ရယ်မောကြမှာ အမှန်ပါပဲ။



"ဘုန်းကြီးလမ်း အစိုးရ အရက်ဖြူဆိုင်နားမှာ အမြည်းနဲ့ မှောင်ခိုအရက်ရောင်းတဲ့ ဒေစီဟာဝါကြန့်ကြန့် ရေနံ့ဆီမီးခွက်ရဲ့ အလင်းထဲမှာတော့ ရီဝေယစ်မူးကြောင် စီရူးနှမ်းနေတဲ့ သေရည် ကျွန်တစ်ယောက်အတွက် တကယ့်ဒေဝစ္ဆရာ တနတ်မယ်လျပါပဲ။ အဲဒီ အချက်ကို လက်တွေ့ စမ်းသပ်ကြည့်ခဲ့ကြတဲ့ စာရေးသူရဲ့ ယမကာရောင်းရင်း တချို့တောင် ရှိခဲ့ပါတယ်။

"ဟုတ်တယ်ကွ။ တွေ့တွေ့ချင်းမှာတော့ သူဟာ အသားမည်းမည်း၊ သောက်ရှုပ်ဆိုးဆိုး၊ သနပ်ခါးဗျစ်ထူကြီးလိမ်းထားတဲ့ မိန်းမတစ်ယောက်ပဲ။ ဒီထက်မပိုဘူး။ သာမန်အားဖြင့် သူ့ကိုမြင်ရုံနဲ့ အရက်မမူးဘဲ အန်ချင်စိတ်ပေါက်သွားနိုင်တယ်။ ဒါပေမဲ့ အရက်သောက်ရင်း သောက်ရင်းကနေ ငါ့မျက်စိထဲမှာ သူဟာ ဖြည်းဖြည်းချင်းလှလာတယ်၊ ချစ်စရာကောင်းလာတယ်။ တစ်ခါတလေ သူ့မျက်လုံးပြူးကြီးနဲ့ လှမ်းကြည့်လိုက်ပုံက (ကျွန်မပါးဖောင်းဖောင်းကလေးကို နမ်းချင်သလားအစ်ကို နမ်းချင်ရင်လာနမ်းလိုက်ပါလား)လို့ ပြောနေသလိုလိုပဲ။ သူ့ယောကျ်ားအရက်ချိုး အနှိပ်သည်ရှိနေလို့သာပဲကွ။ မရှိသာမရှိရင် ဒေစီ့ကို မူးမူးနဲ့ ရည်းစားစကားပြောမိမလား မဆိုနိုင်ဘူး"လို့ လူပျိုဘဝမှာပဲ အသည်းရောဂါနဲ့ ဆုံးပါးသွားရှာတဲ့ ရောင်းရင်းတစ်ယောက်က စာရေးသူကို ဖွင့်ဟဝန်ခံဖူးပါတယ်။

နာဂစ်မုန်တိုင်းဝင်တဲ့နှစ်၊ နှစ်နှောင်းပိုင်းတစ်ရက်မှာ စာရေးသူလမ်းသွားရင်း အလှူခံနဲ့တိုးပါတယ်။ ဆံပင်စုတ်ဖွား၊ ကော်ဖီမှုန့်ရောင် ဝတ်စုံညစ်ညစ် နီးခွက်ကလေးကိုင်ထားတဲ့ မည်းမည်းဝဝ မိန်းမကြီးတစ်ယောက်ပါ။

"ကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။ ရွှေမိုးငွေမိုးရွာနိုင်ကြပါစေ"လို့ ရေရွတ်နေတဲ့အသံဟာ ဟိုးလွန်ခဲ့တဲ့ နှစ်များစွာက

"ကဲမင်းများနေပြီ ငွေရှင်းပြီးပြန်တော့"လို့ စာရေးသူကို ယဉ်ယဉ်ကျေးကျေးနှင်လွှတ်နေခဲ့တဲ့ ဒေစီရဲ့အသံပါပဲ။ သူ့ရဲ့ နီးခွက်ထဲကို ငွေကျပ်တစ်ရာတန် စက္ကူတစ်ရွက်ထည့်လိုက်ရင်း သူ့ရဲ့ ပြုတ်ထအဆီပြန် မျက်နှာပြဲပြဲကြီး ကို အနီးကပ်ကြည့်လိုက်ပါတယ်။ မမှားပါဘူး။ ဒေစီမှ ဒေစီပါပဲ။

တစ်နေ့က ရန်ကုန်. . . လမ်းထဲလျှောက်သွားရင်း ဝိုက်ဆာလွန်းမက ဆာလာတာနဲ့ လမ်းဘေးထမင်းကြော်ဆိုင်ကလေး တစ်ဆိုင်မှာ ဝင်ထိုင်လိုက်တယ်။

"အန်တီဒေစီ ရေနွေးအိုးမဆူသေးဘူးလား"ဆိုတဲ့ ထမင်းဆိုင်ရှင်ဖြစ်ပုံရတဲ့ မိန်းမရဲ့ အသံဦးတည်ရာကို လှမ်းကြည့်လိုက်ရင်း စာရေးသူ မျက်တောင်မခတ်မိပါဘူး။

မီးသွေးသုံးမီးဖိုနားမှာ ထိုင်ပြီး ယပ်ခတ်ပေးနေတဲ့ ခေါင်းစုတ်ဖွားနဲ့ မည်းမည်းဝဝမိန်းမကြီးက စာရေးသူဘက်ကို မျက်နှာလှည့်လိုက်ရင်း "ဆူတော့မယ် ဆူတော့မယ်"လို့ အသံသေးသေး ကလေးနဲ့ ပြန်ပြောတယ်၊ လူမှားစရာမရှိပါဘူး။ ဘုံကြီးသူပါပဲ။ ကြူနှစ်

# Carlsberg မြန်မာကုမ္ပဏီ လုပ်ငန်းခွင်ထိခိုက်မှုမရှိဘဲ အလုပ်ချိန်လေလွင့်ဆုံးရှုံးမှုမရှိအောင် နာရီပေါင်းတစ်သန်းအထိ လုပ်ဆောင်နိုင်ခဲ့





Carlsberg မြန်မာကုမ္ပဏီ၏ စက်ရုံတွင် လုပ်ငန်းခွင်ထိခိုက်မှုမရှိဘဲ အလုပ်ချိန်လေလွင့်ဆုံးရှုံးမှုမရှိအောင် နာရီတစ်သန်းထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ Carlsberg မြန်မာဘီယာချက်စက်ရုံသည် ပဲခူးမြို့တွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ပထမဆုံးဖြစ်သော နိုင်ငံတကာ အဆင့်မီစက်ရုံဖြစ်သည်။ အဆိုပါစက်ရုံကို ၂၀၁၃တွင် ညောင်အင်းရွာတွင် မြေဧက ၅၄ ဧကအကျယ်တွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ယင်းစက်ရုံတွင် ပျှမ်းမျှ အလုပ်သမားပေါင်း ၄၀၀ ကျော်ကို လေ့ကျင့်မှုများလုံလောက်စွာကို နာရီပေါင်း ၅၃၀၀ ကျော် ပြုလုပ်သင်ကြားပေးပြီးမှ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် သတိပြုဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်လုံခြုံရေးစိစစ်ခြင်းတို့ဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းခွင်တွင် ထိခိုက်မှုမရှိဘဲ အလုပ်ချိန်နာရီပေါင်းတစ်သန်းအထိ လုပ်ဆောင်နိုင်ခြင်းသည် နိုင်ငံတကာမှ သတ်မှတ်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေးစံသတ်မှတ်ချက်တစ်ခုဖြစ်သည်။ Carlsberg မြန်မာဘီယာကုမ္ပဏီမှ နိုင်ငံကျော်အမှတ်တံဆိပ်များဖြစ်သည့် Carlsberg နှင့် Tubog တို့အပြင် ယခုအခါ မြန်မာနိုင်ငံသားများ နှစ်သက်စွာ ခံစားသောက်သုံးနိုင်မည့် ရိုးမဘီယာကိုလည်း ထုတ်လုပ်ရန်စီစဉ်နေကြောင်း သိရသည်။




yati

# HOROSCOPE

ဒေါက်တာ **မြတ်သစ်** (မန္တလေး)

# Daily Astrology for November

တက္ကသိုလ်

**စိုးမိုးနိုင်**

**1**

| ၁ နိုဝင်ဘာ (စနေနေ့) | |
|---|---|
| တနင်္ဂနွေ | ညက်ကွန့်မြူးထားသော အတွေးကို ပုံဖော်ရမည့်နေ့။ ပေါ့ပေါ့ပါးပါးပြုံးရမည်။ |
| တနင်္လာ | ပူပင်သောကကင်းဝေးနေမည့်နေ့။ အခက်အခဲများကို ဖြတ်ကျော်နိုင်မည်။ |
| အင်္ဂါ | ထည်ဝါခန့်ညားမည့်နေ့။ မိမိ၏ စွမ်းရည်ထူးများကို ပြသခွင့်ရရှိပေလိမ့်မည်။ |
| ဗုဒ္ဓဟူး | ဘာသာတရားကိုင်းရှိုင်းနေမည့်နေ့။ စိတ်တည်ကြည်မှုကို ရရှိပေလိမ့်မည်။ |
| ကြာသပတေး | ဘဝအတွေ့အကြုံသစ်များကို ရရှိမည့်နေ့။ စိတ်ဓာတ်တက်ကြွနေလိမ့်မည်။ |
| သောကြာ | လက်ရှိချစ်သူအပြင် နောက်ထပ်တစ်ယောက်ကိုပါ ချစ်မိမည့်နေ့။ စန်းပွင့်နေမည်။ |
| စနေ | စိတ်ဝင်စားဖွယ်ကောင်းသော အပြောင်းအလဲများ ကြုံရမည့်နေ့။ ကံကောင်းမည်။ |

**2**

| ၂ နိုဝင်ဘာ (တနင်္ဂနွေနေ့) | |
|---|---|
| တနင်္ဂနွေ | အနာခံပြီးမှ အသာစံရမည့်နေ့။ ဝီရိယရှိမှ တိုးတက်မှု ကြုံရလိမ့်မည်။ |
| တနင်္လာ | အားပြိုင်ခြင်း၊ ယှဉ်ပြိုင်ခြင်းများ ကြုံတွေ့ရမည့်နေ့။ ငြင်းခုံမှုအစား သည်းခံပါ။ |
| အင်္ဂါ | ပျော်စရာ ရွှင်စရာ သတင်းစကားကြားရမည့်နေ့။ |
| ဗုဒ္ဓဟူး | အတ္တနှင့်ပရမျှတနေမည့်နေ့။ ပင်ကိုစိတ်ရင်းကောင်းရှိနေလိမ့်မည်။ |
| ကြာသပတေး | ခေါင်းတမော့မော့မော်ကြွားခွင့်ရမည့်နေ့။ ဆင့်ကဲဆင့်ကဲအောင်မြင်မည်။ |
| သောကြာ | ကျွမ်းကျင်လိမ္မာသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရမည့်နေ့။ |
| စနေ | စနေထောင့်မှာ ပန်းများများ လှူရမည့်နေ့။ဆုံးဖြတ်ချက်မှန်ကန်မည်။ |

**3**

| ၃ နိုဝင်ဘာ (တနင်္လာနေ့) | |
|---|---|
| တနင်္ဂနွေ | စူစမ်းလေ့လာမှု အားကောင်းနေမည့်နေ့။မိမိကိုယ်မိမိ ယုံကြည်မှု ပြည့်ဝနေမည်။ |
| တနင်္လာ | စိန်နားကပ်ရောင်ကြောင့် ပါးပြောင်နေမည့်နေ့။ဖွဲ၏ အကျိုးကို ခံစားရမည်။ |
| အင်္ဂါ | ရပ်ဝေးခရီးသွားရမည့်နေ့။ခရီးသွားပြီး ကြီးပွားချမ်းသာလိမ့်မည်။ |
| ဗုဒ္ဓဟူး | မိမိကျန်းမာရေးကို ဂရုစိုက်ရမည့်နေ့။အဆီ၊အစိမ့်နှင့် အချိုကို ရှောင်။ |
| ကြာသပတေး | ရတနာ၊စိန်၊ရွှေကျောက်ဝင်မည့်နေ့။ ဥစ္စာပစ္စည်းတိုးပွားမည်။ |
| သောကြာ | အပြောနှင့်အလုပ်ညီမည့်နေ့။ တိကျမှန်ကန်နေလိမ့်မည်။ |
| စနေ | မိုးမမြင်၊ လေမမြင်ပျော်ရွှင်နေမည့်နေ့။ အခက်အခဲကြားမှ လွတ်မြောက်မည်။ |

**4**

| ၄ နိုဝင်ဘာ (အင်္ဂါနေ့) | |
|---|---|
| တနင်္ဂနွေ | အမွှေကိစ္စ၊ မြေကိစ္စ စကားပြောဆိုရမည့်နေ့။ ကတိတည်ရန် အထူးလိုအပ်၏။ |
| တနင်္လာ | စိတ်ကူးယဉ်အိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်ခွင့်ရမည့်နေ့။ |
| အင်္ဂါ | ဆုံးရှုံးထားသော ငွေကြေးများပြန်လည်ရရှိမည့်နေ့။ ငွေကံကောင်းနေလိမ့်မည်။ |
| ဗုဒ္ဓဟူး | ချမ်းသာကြွယ်ဝစေမည့် သော့ချက်ကို တွေ့ရှိရမည့်နေ့။ ပရိယာယ်ကြွယ်ဝနေမည်။ |
| ကြာသပတေး | မိတ်ဆွေသစ်ကို အလိမ္မာသုံးပြီး ရှောင်ရမည့်နေ့။ကျန်းမာရေးသင့်သည်။ |
| သောကြာ | အံ့သြစရာကောင်းသော ကမ်းလှမ်းချက်ကို ရရှိမည့်နေ့။ ဝမ်းသာရမည်။ |
| စနေ | လေးလေးနက်နက် စကားပြောဆိုနေမည့်နေ့။ ပြတ်သားနေလိမ့်မည်။ |

**5**

| ၅ နိုဝင်ဘာ (ဗုဒ္ဓဟူးနေ့) | |
|---|---|
| တနင်္ဂနွေ | စိတ်မြန်လက်မြန် လက်တွေ့ဆန်နေမည့်နေ့။ ဟိတ်ဟန်များနေလိမ့်မည်။ |
| တနင်္လာ | နားစွန်နားဖျားကြားရသော ဘေးစကားများကို မယုံကြည်သင့်သောနေ့။ ချင့်ယုံပါ။ |
| အင်္ဂါ | ဆူးခင်းလမ်းမှ ပန်းခင်းလမ်းကို လျှောက်လှမ်းရမည့်နေ့။ ပြောင်းလဲမှုကြုံမည်။ |
| ဗုဒ္ဓဟူး | မိုးကောင်းကင်မှ စွမ်းပကားများကို ရရှိမည့်နေ့။ ရာထူးတိုးမည်။ ဂုဏ်တက်မည်။ |
| ကြာသပတေး | အကြောင်းကောင်းပြီး အကျိုးကောင်းမည့်နေ့။ မှန်ကန်သောဝီရိယရှိနေမည်။ |
| သောကြာ | ပျော်ရွှင်မှုများ ပွဲတင်ရိုက်ခတ်နေမည့်နေ့။ ထူးထူးခြားခြားအောင်မြင်မည်။ |
| စနေ | စိတ်သွားတိုင်းကိုယ်ပါနေမည့်နေ့။ ကျန်းမာရေးဒေါင်ဒေါင်မြည်ကောင်းနေမည်။ |

**6**

| ၆ နိုဝင်ဘာ (ကြာသပတေးနေ့) | |
|---|---|
| တနင်္ဂနွေ | ကြွက်သေတစ်ခုကို အရင်းပြုရမည့်နေ့။ အခွင့်အရေးရမည်။ |
| တနင်္လာ | ဖြစ်ပျက်ပြောင်းလဲမှု မြန်ဆန်နေမည့်နေ့။ ပြောင်းလဲပြီး တိုးတက်မှုကြုံမည်။ |
| အင်္ဂါ | ကံတက်လမ်းပွင့်လန်းနေမည့်နေ့။ ဝင်ငွေကောင်းပြီး လာဘ်ရွှင်မည်။ |
| ဗုဒ္ဓဟူး | မျှော်လင့်ချက်ရောင်ခြည်တောက်ပနေမည့်နေ့။ ရဲရဲရင့်ရင့်လုပ်ဆောင်ပါ။ |
| ကြာသပတေး | မရှိမဖြစ်အစဉ်ချစ်ရမည့်သူနှင့်ဆုံရမည့်နေ့။ အချစ်ကံ လန်းနေသည်။ |
| သောကြာ | ပျော်ရွှင်မှုများ ပွဲတင်ရိုက်ခတ်နေမည့်နေ့။ ထူးထူးခြားခြားအောင်မြင်မည်။ |
| စနေ | စိတ်သွားတိုင်းကိုယ်ပါနေမည့်နေ့။ ကျန်းမာရေးဒေါင်ဒေါင်မြည်ကောင်းနေမည်။ |

**7**

| ၇ နိုဝင်ဘာ (သောကြာနေ့) | |
|---|---|
| တနင်္ဂနွေ | ကုသိုလ်ကံ အဆိုး၊အကောင်းရောထွေးနေမည့်နေ့။ ဝေဖန်မှုကို ဥပေက္ခာပြုပါ။ |
| တနင်္လာ | ပုံပြင်ထဲမှ လိပ်ကဲ့သို့ဝီရိယထူးနေမည့်နေ့။ ဖြည်းဖြည်းမှန်မှန်အောင်ပွဲရမည်။ |
| အင်္ဂါ | မနိုင်ဝန်ကို ထမ်းဆောင်နေမည့်နေ့။ ဝန်နှင့်အား၊ လေးနှင့်မြားမျှသင့်သည်။ |
| ဗုဒ္ဓဟူး | ကြိုးစားမှုများ အရာထင်လာမည့်နေ့။ တာဝန်ယူရဲသော စိတ်ဓာတ်ရှိနေမည်။ |
| ကြာသပတေး | အကွက်စေ့၊ ထောင့်စေ့လုပ်ဆောင်နေမည့်နေ့။ ချီးကျူးသံများကြားမှာပျော်ရမည်။ |
| သောကြာ | ပြိုင်ဘက်တို့ထက် ကွက်ကျော်မြင်နေမည့်နေ့။ ခြေလှမ်းသွက်နေလိမ့်မည်။ |
| စနေ | မီးစင်ကြည့်ပြီး ကနေမည့်နေ့။ လိုရာအခြေအနေသို့ ရောက်ရှိမည်။ |

**8**

| ၈ နိုဝင်ဘာ (စနေနေ့) | |
|---|---|
| တနင်္ဂနွေ | သမာဓိခိုင်နေမည့်နေ့။ ပညာပြည့်ဝနေလိမ့်မည်။ အမြော်အမြင်ရှိမည်။ |
| တနင်္လာ | သတိတမံ၊ ဉာဏ်မြေကတုတ်၊ပညာကို ချွန်းကဲ့သို့အုပ်နေမည့်နေ့။ |
| အင်္ဂါ | အခက်အခဲများစွာကြားမှာ တိုးတက်မှုကြုံရမည့်နေ့။ ရဲဝံ့ပြောင်မြောက်နေမည်။ |
| ဗုဒ္ဓဟူး | ကြိုးစားသည်ထက်မက တိုးပွားမှုကြုံရမည့်နေ့။ ဖန်တီးတီထွင်မှုအားကောင်းမည်။ |
| ကြာသပတေး | အောင်မြင်ခြင်းလေအဟုန်မှာ ပျော်မြူးခွင့်ရရှိမည့်နေ့။ သည်းခံမှုရှိနေမည်။ |
| သောကြာ | မပြိုင်ဘဲ အနိုင်ပွဲများ နွှဲရမည့်နေ့။ ဘာသာတရားကို မမေ့မလျော့လုပ်နေမည်။ |
| စနေ | နာမည်ဂုဏ်သတင်းကျော်ကြားနေမည့်နေ့။ မျက်နှာပွင့်လန်းနေလိမ့်မည်။ |

**9**

| ၉ နိုဝင်ဘာ (တနင်္ဂနွေနေ့) | |
|---|---|
| တနင်္ဂနွေ | အတွေးများပြီး အရွေးမှားမည့်နေ့။ မိမိစိတ်ကို တည်ငြိမ်အောင် ကြိုးစားပါ။ |
| တနင်္လာ | သတိတမံ၊ ဉာဏ်မြေကတုတ်၊ပညာကို ချွန်းကဲ့သို့အုပ်နေမည့်နေ့။ |
| အင်္ဂါ | သာယာစိုပြည်သော ဘဝခရီးကို လျှောက်လှမ်းရမည့်နေ့။ ပြုံးပျော်ကြည်နူးရမည်။ |
| ဗုဒ္ဓဟူး | တွေ့လွဲတွေ့လွဲကိစ္စရပ်များ ကြုံရမည့်နေ့။ စိတ်မပျက်ပါနှင့်။ |
| ကြာသပတေး | အနှစ်နှစ်အလလက မက်ခဲ့သော အိပ်မက်ကလေးကို ပိုင်ဆိုင်နိုင်မည့်နေ့။ |
| သောကြာ | အမှီကောင်းကြုံပြီး တိုးတက်မည်နေ့။ စိတ်ရွှင်လန်းတက်ကြွနေမည်။ |
| စနေ | လောဘကင်းပြီး သောကရှင်းနေမည့်နေ့။ ဘာသာတရားကိုင်းရှိုင်းနေမည်။ |

**10**

| ၁၀ နိုဝင်ဘာ (တနင်္လာနေ့) | |
|---|---|
| တနင်္ဂနွေ | ပန်းတိုင်မရောက်ခင် တာက်မမြောက်သင့်သောနေ့။ မဖြစ်မနေလုပ်ဆောင်ပါ။ |
| တနင်္လာ | ငွေကြေးသောကကင်းဝေးမည့်နေ့။ ရာထူးတိုးမည်။နေရာကောင်းရမည်။ |
| အင်္ဂါ | ရတနာသိုက်ကို ရှာဖွေတွေ့ရှိမည့်နေ့။ စိန်ဆင်ခွင့်ရရှိမည်။ |
| ဗုဒ္ဓဟူး | တီထွင်ကြံဆဉာဏ်ကောင်းနေမည့်နေ့။ ဆန္ဒအားလုံးပြည့်ဝအောင်မြင်မည်။ |
| ကြာသပတေး | လိမ္မာပါးနပ်နေမည့်နေ့။ မှန်းချက်နှင့် နှမ်းထွက်ကိုက်ညီနေမည်။ |
| သောကြာ | မုန်တိုင်းပြယ်ပြီး မိုးစဲမည့်နေ့။ အချိန်ရှိခိုက် လုံ့လစိုက်ပါ။ |
| စနေ | ကြိုးစားမှု၏ ဆုလာဘ်များကို ရရှိမည့်နေ့။ နာမည်ဂုဏ်သတင်းကျော်ကြားမည်။ |

## 11

| ၁၁ နိုဝင်ဘာ (အင်္ဂါနေ့) | |
|---|---|
| တနင်္ဂနွေ | မျက်နှာပွင့်ပြီး လူချစ်လူခင်ပေါများနေမည့်နေ့။ အလှူအတန်းပြုခွင့်ကြုံရလိမ့်မည်။ |
| တနင်္လာ | ကြောက်ရွံ့ပြီး နောက်မဆုတ်သင့်သောနေ့။ သတ္တိမွေးပါ။ |
| အင်္ဂါ | ပွဲလယ်တင့်နေမည့်နေ့။ အကြီးအကဲကျေးဇူးကြောင့် စည်းစိမ်တိုးပွားမည်။ |
| ဗုဒ္ဓဟူး | ကျက်သရေမင်္ဂလာပြည့်ဝနေသောနေ့။ ကောင်းကံဆင့်နေလိမ့်မည်။ |
| ကြာသပတေး | အောင်မြင်မှုနှစ်ထပ်ကွမ်းရမည့်နေ့။ ယာဉ်၊ စက်ပစ္စည်းနှင့် အကျိုးပေးသည်။ |
| သောကြာ | ပျော်စရာ ရွှင်စရာ ကြည်နူးစရာ သတင်းစကားကြားရမည့်နေ့။ မင်္ဂလာရှိနေမည်။ |
| စနေ | စည်းရုံးရေစွမ်းရည်ပြည့်ဝနေမည့်နေ့။ စီမံခန့်ခွဲမှုကောင်းမွန်နေမည်။ |

## 12

| ၁၂ နိုဝင်ဘာ (ဗုဒ္ဓဟူးနေ့) | |
|---|---|
| တနင်္ဂနွေ | အမှတ်တရ ထူးခြားမှု ကြုံရမည့်နေ့။ လိုရာဆန္ဒပြည့်ဝအောင်မြင်မည်။ |
| တနင်္လာ | လရောင်အောက်မှာ အိပ်ပျော်ခွင့်ရမည့်နေ့။ အေးဆေးနေမည်။ |
| အင်္ဂါ | ဟိုယောင်ယောင်ဒီယောင်ယောင်ဖြစ်နေမည့်နေ့။ စိတ်အကြံအစည်များနေမည်။ |
| ဗုဒ္ဓဟူး | အကြံကောင်းတစ်ချက်ကြောင့် ကြီးပွားမည့်နေ့။ ဇွဲရှိရန် အထူးလိုအပ်သည်။ |
| ကြာသပတေး | ရပ်ဝေးမှ စာနှင့် လက်ဆောင်ကို ရရှိမည့်နေ့။ ငွေကြေးအခက်အခဲပြေလည်မည်။ |
| သောကြာ | ဆန်းကြယ်သော တိုက်ဆိုင်မှုများနှင့် ကြုံရမည့်နေ့။ အကောင်းမြင်၊အပြုတွေးပါ။ |
| စနေ | ဆင်ခြင်တုံတရားများစွာ ထားရှိနေမည့်နေ့။ အသိဉာဏ်ရင့်ကျက်နေလိမ့်မည်။ |

## 13

| ၁၃ နိုဝင်ဘာ (ကြာသာပတေးနေ့) | |
|---|---|
| တနင်္ဂနွေ | ကူညီသူပေါများနေမည့်နေ့။ စကားပြောချိုသာသိမ်မွေ့နေလိမ့်မည်။ |
| တနင်္လာ | ကံစမ်းမဲတစ်ပြားကို နှိုက်ယူခွင့်ရမည့်နေ့။ စိတ်လှုပ်ရှားရင်ခုန်ရမည်။ |
| အင်္ဂါ | မင်္ဂလာအပေါင်းနှင့်ပြည့်ဝနေမည့်နေ့။ အိမ်တွင်းရေးသာယာမည်။ |
| ဗုဒ္ဓဟူး | ဂုဏ်သိက္ခာမြင့်မားမှုကြုံရမည့်နေ့။ လူကြီးမိဘထံမှ အကူအညီရမည်။ |
| ကြာသပတေး | လိုတရဘဝမျိုးကို ပိုင်ဆိုင်ခွင့်ရရှိမည့်နေ့။ ကျကျနနစီစဉ်ပြီး မဆိုင်းမတွလုပ်ပါ။ |
| သောကြာ | ဂုဏ်သိက္ခာတက်ပြီး ပြုံးပျော်ရမည့်နေ့။ လုပ်ဆောင်ချက်မှန်ကန်နေမည်။ |
| စနေ | ဆန္ဒနှင့် ဘဝတစ်သားတည်းကျနေမည့်နေ့။ လေးစားမှု၊ ယုံကြည်မှုရရှိမည်။ |

## 14

| ၁၄ နိုဝင်ဘာ (သောကြာနေ့) | |
|---|---|
| တနင်္ဂနွေ | လှေခွက်ချည်းကျန်အလံမလှဲကြိုးစားနေမည့်နေ့။ ဇွဲစိတ်ထက်သန်နေလိမ့်မည်။ |
| တနင်္လာ | ဝီရိယရှေ့ဆောင်ပြီး ပွဲတိုင်းအောင်မြင်မည့်နေ့။ ဗုဒ္ဓဟူးနံနှင့်အကျိုးပေးကောင်း၏။ |
| အင်္ဂါ | လမ်းသစ်တီထွင်လျှောက်လှမ်းနေမည့်နေ့။ ခေတ်သစ်အမြင်ရှိနေလိမ့်မည်။ |
| ဗုဒ္ဓဟူး | ဆင်ဖြူတော်မိုပြီး ကြံစုပ်ရမည့်နေ့။ အမိုကောင်းကြံပြီး ကြီးပွားလမ်းပွင့်မည်။ |
| ကြာသပတေး | ရည်မှန်းချက်အလီလီအောင်မြင်မည့်နေ့။ တွေးခေါ်မှု မှန်ကန်နေမည်။ |
| သောကြာ | စိတ်ထားဖြူစင်ရှင်းသန့်နေမည့်နေ့။ ပြောသမျှ အဆင်ပြေနေလိမ့်မည်။ |
| စနေ | ကြံတိုင်းအောင် ဆောင်တိုင်းမြောက်နေမည့်နေ့။ ဘာသာတရားမြဲနေမည်။ |

## 15

| ၁၅ နိုဝင်ဘာ (စနေနေ့) | |
|---|---|
| တနင်္ဂနွေ | တိမ်မြုပ်နေသော အစွမ်းအစများကို ထုတ်ဖော်ခွင့်ရမည့်နေ့။ |
| တနင်္လာ | ယုံကြည်မှုစွမ်းပကားဖြင့် ဘဝကို မြှင့်တင်ခွင့်ရမည့်နေ့။ ရွှေဝင်မည်။ |
| အင်္ဂါ | စေတနာလွန်၊ အားနာလွယ်မှုကို သတိပြုရမည့်နေ့။ သတိ၊ အသိရှိပါ။ |
| ဗုဒ္ဓဟူး | ဘဝအဆင့်အခြေမြင့်ခွင့်ရမည့်နေ့။ လန်းဆန်းတက်ကြွနေလိမ့်မည်။ |
| ကြာသပတေး | လူမှုရေးကူညီမှုများ ပြုလုပ်ရမည့်နေ့။ အများအကျိုးဆောင်ခွင့်ရမည်။ |
| သောကြာ | ပြိုင်ဘက်များ အားကျလောက်သော အောင်မြင်မှုများရရှိမည့်နေ့။ |
| စနေ | ကိုယ်ရည်ကိုယ်သွေးတောက်ပနေသောနေ့။ ဆုလာဘ်များရမည်။ |

## 16

| ၁၆ နိုဝင်ဘာ (တနင်္ဂနွေနေ့) | |
|---|---|
| တနင်္ဂနွေ | စွန့်စားမှုများ ပြုလုပ်ရမည့်နေ့။ တက်ကြွလန်းဆန်းနေလိမ့်မည်။ |
| တနင်္လာ | ဘဝ၏အတွေးသစ်များစတင်ဖူးပွင့်မည့်နေ့။ ချမ်းသာကြွယ်ဝဖို့ရန်အခွင့်ပေါ်မည်။ |
| အင်္ဂါ | မှန်ကန်ထက်မြက်မြန်ဆန်သွက်လက်နေမည့်နေ့။ လမ်းဟောင်းမှခွဲထွက်မည်။ |
| ဗုဒ္ဓဟူး | အလုပ်နှင့်လက်မပြတ်အောင် လှုပ်ရှားနေမည့်နေ့။ အကြံအစည်အောင်မည်။ |
| ကြာသပတေး | အံ့ဩခြင်း၊ဝမ်းသာခြင်းများနှင့်တွေ့ကြုံရမည့်နေ့။ အလှူအတန်းပြုရမည်။ |
| သောကြာ | လျှို့ဝှက်မှု၊ ဟန်ဆောင်မှု များနေမည့်နေ့။ မာယာ၊ ဗျူဟာကြွယ်နေမည်။ |
| စနေ | ဉာဏ်နှင့် ယှဉ်ပြီး ကြိုးစားနေမည့်နေ့။ ဘဝပန်းတိုင်ကို ရောက်ရှိမည်။ |

## 17

| ၁၇ နိုဝင်ဘာ (တနင်္လာနေ့) | |
|---|---|
| တနင်္ဂနွေ | ဘဝအောင်ပန်းပွင့်လန်းမည့်နေ့။ အနှောင့်အယှက်ကင်းဝေးမည်။ |
| တနင်္လာ | ဝေဖန်မှုအချို့ကို ဥပေက္ခာပြုရမည့်နေ့။ ကိုယ်ကျိုးရှာသောမိတ်ဆွေကိုသတိထားပါ။ |
| အင်္ဂါ | ချစ်သူခင်သူဝိုင်းဝိုင်းလည်နေမည့်နေ့။ သြဇာရှိသော အကြီးအကဲကူညီမည်။ |
| ဗုဒ္ဓဟူး | စိတ်နှစ်ခွ၊ စိတ်နှစ်မျိုးဖြစ်နေမည့်နေ့။ မခံချင်စိတ်ကို ထိန်းချုပ်ပါ။ |
| ကြာသပတေး | စပ်တူလုပ်ငန်းနှင့် အကျိုးပေးသောနေ့။ မွေးနေ့တူနှင့် ထိစပ်တူထိုးပါ။ |
| သောကြာ | တိမ်စင်လပမာ ရှင်လန်းတက်ကြွမည့်နေ့။ စိတ်ကူးအတွေးဆန်းနေမည်။ |
| စနေ | အကြောင်းသင့်ပြီး ထနောင်းပွင့်မည့်နေ့။ အခွင့်ကောင်းကြုံမည်။ |

## 18

| ၁၈ နိုဝင်ဘာ (အင်္ဂါနေ့) | |
|---|---|
| တနင်္ဂနွေ | နွံ့ကိုင်လျှင်ပင် ရွှေဖြစ်မည့်နေ့။ လုပ်ငန်းကိစ္စအားလုံးအဆင်ပြေမည်။ |
| တနင်္လာ | အတွေးအခေါ်ကြည်လင်ပြတ်သားနေမည့်နေ့။ ကျန်းမာမည်။ |
| အင်္ဂါ | ခေါင်းတုံးပေါ်ထိပ်ကွက်ချင်သူများနှင့် ယှဉ်ပြိုင်ရမည့်နေ့။ သတိရှိပါ။ |
| ဗုဒ္ဓဟူး | စိတ်ကူးသစ်ကြောင့် ပျော်မြူးရမည့်နေ့။ အကြံကောင်းကြောင့် ကြီးပွားမည်။ |
| ကြာသပတေး | ဘဝ၏ အတွေးသစ်များ စတင်ပွင့်ဖူးလာမည့်နေ့။ အောင်မြင်မှုကြုံမည်။ |
| သောကြာ | ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် အောင်မြင်မှုကြုံရမည့်နေ့။ အလှူပြုပါ။ |
| စနေ | ကံထက် ဉာဏ်ကို အားကိုးရမည့်နေ့။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ရမည်။ |

## 19

| ၁၉ နိုဝင်ဘာ (ဗုဒ္ဓဟူးနေ့) | |
|---|---|
| တနင်္ဂနွေ | ဘဝအဆင့်မြင့်မားထည်ဝါခွင့်ကြုံရမည့်နေ့။ တာဝန်များနေမည်။ |
| တနင်္လာ | အနှောင့်အယှက်အန္တရာယ်ကင်းဝေးနေမည့်နေ့။ ဆန္ဒများပြည့်ဝအောင်မြင်မည်။ |
| အင်္ဂါ | လေးနက်သော အတွေးအခေါ် ရရှိမည့်နေ့။ တည်ငြိမ်နေမည်။ |
| ဗုဒ္ဓဟူး | ဘဝပြဿနာပုစ္ဆာများကို ဖြေရှင်းရမည့်နေ့။ ဝီရိယရှိရန်လိုသည်။ |
| ကြာသပတေး | ကြိုးစားမှုဆုလာဘ်များက စောင့်နေမည့်နေ့။အခက်အခဲမှ လွတ်မြောက်မည်။ |
| သောကြာ | ဒွိဟသံသယများနေမည့်နေ့။ ခံစားမှုတစ်ဝက်၊အိပ်မက်တစ်ဝက်ဖြစ်နေမည်။ |
| စနေ | ရွှေငွေဝင်မည့်နေ့။ မပြိုင်ဘဲ အနိုင်ပွဲများ ဆက်နေလိမ့်မည်။ |

## 20

| ၂၀ နိုဝင်ဘာ (ကြာသပတေးနေ့) | |
|---|---|
| တနင်္ဂနွေ | အချိုရှာစဉ် သကာတွေ့မည့်နေ့။ အင်္ဂါသား၊သမီးထံမှ အကြံဉာဏ်ရရှိမည်။ |
| တနင်္လာ | သိသိသာသာကြီးပွားမည့်နေ့။ ကံအားမကိုး ဉာဏ်အားကိုးနေလိမ့်မည်။ |
| အင်္ဂါ | စိတ်ဓာတ်မြင့်မားတက်ကြွနေမည့်နေ့။ အလိုလိုနေရင်း ပိုမိုအဆင်ပြေမည်။ |
| ဗုဒ္ဓဟူး | ဒုက္ခနှင့်သုခကြားမှာ ရုန်းကန်နေရမည့်နေ့။ လောဘကို လျှော့။မေတ္တာထားပါ။ |
| ကြာသပတေး | ပြေးနေရင်းမှ ပျော်ရွှင်ရမည့်နေ့။ ကံတရား၏ မျက်လှည့်ပြမှုနှင့် ကြုံရမည်။ |
| သောကြာ | ချီးကျူးသံများကြားမှာ ပျော်မြူးရမည့်နေ့။ ဌာ၊လုံ့လဝီရိယရှိနေလိမ့်မည်။ |
| စနေ | ချီတုံချတုံကိစ္စရပ်များနှင့် ကြုံတွေ့ရမည့်နေ့။တွေဝေနေလိမ့်မည်။ |

# 21

| ၂၁ နိုဝင်ဘာ (သောကြာနေ့) | |
|---|---|
| တနင်္ဂနွေ | မှတ်မှတ်ရရအစွမ်းပြခွင့်ရမည့်နေ့။ အကြံကောင်းတစ်ချက်ကြောင့်ကြီးပွားမည်။ |
| တနင်္လာ | စွန့်စားမှုများကို ရှောင်ရမည့်နေ့။လောင်းကစားမှုကို ရှောင်ပါ။ |
| အင်္ဂါ | လိုရာဆန္ဒပြည့်စုံနေမည့်နေ့။ ဒီနေ့ပြီးရမည့်အလုပ်ကို ဒီနေ့လုပ်ပါ။ |
| ဗုဒ္ဓဟူး | တပည့်အခြွေအရံများနေမည့်နေ့။ ခြေလှမ်းသစ်အတွက် ကူညီသူကြုံရမည်။ |
| ကြာသပတေး | နှင်းဆီတစ်ပွင့်ကို ပိုင်ဆိုင်ခွင့်ရမည့်နေ့။ အခွင့်ထူးကြီးကြီးမားမားကြုံမည်။ |
| သောကြာ | မာန်ဟုန်ပြင်းပြင်းလှုပ်ရှားနေရမည့်နေ့။ မိတ်သစ်ဆွေသစ်ရရှိမည်။ |
| စနေ | ကောင်းကင်ပြာကို မော့ကြည့်နေမည့်နေ့။ သတင်းကောင်းကြားရမည်။ |

# 22

| ၂၂ နိုဝင်ဘာ (စနေနေ့) | |
|---|---|
| တနင်္ဂနွေ | ခေါက်ရှာငှက်ပျံလောကစံနှင့် ကြုံတွေ့ရမည့်နေ့။ ပစ္စည်းအထားမှားတတ်သည်။ |
| တနင်္လာ | ရေရှည်မှာ အကျိုးရှိမည့် လုပ်ငန်းနယ်ပယ်သစ်သို့ခြေစုံပစ်ဝင်ခွင့်ရမည့်နေ့။ |
| အင်္ဂါ | လှပသော ဘဝပုံရိပ်ထင်ဟပ်လာသောနေ့။ ရတနာသုံးပါးကို ကိုင်းရှိုင်းပါ။ |
| ဗုဒ္ဓဟူး | ဆရာကောင်း၊ ဆရာမြတ်နှင့် တွေ့ကြုံရမည့်နေ့။ ပညာတိုးမည်။ |
| ကြာသပတေး | ကွက်ရက်ထဲမှ ငါးကဲ့သို့လှုပ်ရှား၍ မရနိုင်သောနေ့။ ဇွတ်မလုပ်သင့်ပါ။ |
| သောကြာ | ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမည့်နေ့။ ပြုံးပျော်ကြည်နူးရမည်။ |
| စနေ | ဥစ္စာရင်လို ဥစ္စာရင်ခဲ ကြိုးစားရမည့်နေ့။ နာမည်ကောင်းရမည်။ |

# 23

| ၂၃ နိုဝင်ဘာ (တနင်္ဂနွေနေ့) | |
|---|---|
| တနင်္ဂနွေ | စိန်နားကပ်ရောင်ကြောင့် ပါးပြောင်ရမည့်နေ့။ အားပေးသူနှင့် ကြုံရမည်။ |
| တနင်္လာ | ပညာမျက်စိကိုဖွင့်ကာ ဇွဲခတ်ကြိုးစားရမည့်နေ့။ ခက်ခဲမှုကြားမှ အောင်မြင်မည်။ |
| အင်္ဂါ | လုပ်ငန်းနှစ်မျိုး၊ သုံးမျိုးလုပ်ဆောင်နေမည့်နေ့။ စွမ်းအားမြင့်မားနေမည်။ |
| ဗုဒ္ဓဟူး | ပျော်ရွှင်မှုများ ပဲ့တင်ရိုက်ခတ်နေမည့်နေ့။ ရည်မှန်းချက်အောင်မည်။ |
| ကြာသပတေး | အရုဏ်ဦးမှာ နံနက်ခင်းနေမင်းကြီးကို မင်္ဂလာရှိစွာ မြင်တွေ့ရမည့်နေ့။ ကံပွင့်၏။ |
| သောကြာ | အစကောင်းပြီး အနှောင်းသေချာမည့်နေ့။ သွက်လက်ထက်မြက်နေမည်။ |
| စနေ | အမှတ်တမဲ့မှ အမှတ်တရဖြစ်ရမည့်နေ့။ ကြိုးစားမှုပုံရိပ်ထင်ဟပ်လာမည်။ |

# 24

| ၂၄ နိုဝင်ဘာ (တနင်္လာနေ့) | |
|---|---|
| တနင်္ဂနွေ | ကိုယ်ရော စိတ်ပါ ရွှင်လန်းကျန်းမာနေမည့်နေ့။ ပီတိဖြစ်ရမည်။ |
| တနင်္လာ | သမင်ပျို၏ ခြေလှမ်းကဲ့သို့သွက်လက်နေမည့်နေ့။ ကြိုတင်ပြင်ဆင်မှုကောင်းမည်။ |
| အင်္ဂါ | ရေဆန်ကို လှော်ခတ်ရသည့်လှေသမားကဲ့သို့ပင်ပန်းနေမည့်နေ့။ ခက်ခဲမည်။ |
| ဗုဒ္ဓဟူး | မြင်သမျှ ၊ကြားသမျှ ဘဝင်ကျစရာကြုံရမည့်နေ့။ ကောင်းသတင်းကြားရမည်။ |
| ကြာသပတေး | မနားမနေကြိုးစားအားထုတ်ရမည့်နေ့။ ဝီရိယအကျိုးကို ခံစားရမည်။ |
| သောကြာ | ကျားကုတ်ကျားခဲကြိုးစားနေမည့်နေ့။ အများတကာထက် တစ်ပန်းသာနေမည်။ |
| စနေ | ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားရမည့်နေ့။ တခြားသူထံမှ အကူအညီမရနိုင်ပါ။ |

# 25

| ၂၅ နိုဝင်ဘာ (အင်္ဂါနေ့) | |
|---|---|
| တနင်္ဂနွေ | အညံ့ကုန်ပြီး အကောင်းဆုံမည့်နေ့။ အခွင့်အရေးကို အသုံးချနိုင်လိမ့်မည်။ |
| တနင်္လာ | ရင်ခုန်သံများမြန်ဆန်ရမည့်နေ့။ မျှော်လင့်မထားသော ကိစ္စရပ်များနှင့်ကြုံရမည်။ |
| အင်္ဂါ | သားရွှေအိုးထမ်းလာသည်ကို မြင်တွေ့ခွင့်ရရှိမည့်နေ့။ ရွေးချယ်မှုမှန်ကန်မည်။ |
| ဗုဒ္ဓဟူး | ကံတရားအခြေအနေအပြောင်းအလဲကြုံရမည့်နေ့။ ခေါင်းအေးအေးထားပါ။ |
| ကြာသပတေး | ပန်းခင်းလမ်းကို လျှောက်လှမ်းရမည့်နေ့။ အစွမ်းအစများကို ထုတ်ဖော်ခွင့်ရမည်။ |
| သောကြာ | ကံ၊ဉာဏ်၊ဇာတာစန်းလင်္ဂတက်နေမည့်နေ့။ စုတ်ရော လာဘ်ပါဝင်မည်။ |
| စနေ | နေရာဟောင်းမှ နေရာကောင်းသို့ ပြောင်းရွှေ့ရမည့်နေ့။ လုပ်သမျှဟုတ်မည်။ |

## 26

| ၂၆ နိုဝင်ဘာ (ဗုဒ္ဓဟူးနေ့) | |
|---|---|
| တနင်္ဂနွေ | ဟိတ်ဟန်စတိုင်အပြည့်ရှိနေမည့်နေ့။ ဆွဲဆောင်မှုပိုနေမည်။ |
| တနင်္လာ | စိတ်သဘောထားနူးညံ့နေသောနေ့။ အများအကျိုးဆောင်ရွက်ရမည်။ |
| အင်္ဂါ | ရင်တွင်းစကားများကို ရင်ဖွင့်ရမည့်နေ့။ ခံစားချက်ကို အလေးပေးနေမည်။ |
| ဗုဒ္ဓဟူး | ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဆက်ဆံနေမည့်နေ့။ သာယာမည်။ |
| ကြာသပတေး | ဘဝအတွက် ဆုံးဖြတ်ချက်ချရမည့်နေ့။ တိုင်ပင်သင့်သူနှင့်တိုင်ပင်ပါ။ |
| သောကြာ | အခွင့်အလမ်း၏ တံခါးခေါက်သံကို ကြားခွင့်ရမည့်နေ့။ အသိသတိရှိပါ။ |
| စနေ | ရိုးရိုးကျင့် မြင့်မြင့်ကြံနေမည့်နေ့။ ပင်ကိုစိတ်ရင်းကောင်းရှိနေမည်။ |

## 27

| ၂၇ နိုဝင်ဘာ (ကြာသပတေးနေ့) | |
|---|---|
| တနင်္ဂနွေ | ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရမည့်နေ့။ ဖြစ်နိုင်တာကို လုပ်ပါ။ |
| တနင်္လာ | ဆန်းသစ်တီထွင်မှုများနှင့် အကျိုးပေးမည့်နေ့။ ဉာဏ်ကွန့်မြူးနေမည်။ |
| အင်္ဂါ | လေ့လာဆည်းပူးထားသော ပညာရပ်ကို အသုံးချခွင့်ရမည့်နေ့။ ပညာကံပွင့်၏။ |
| ဗုဒ္ဓဟူး | ဆန္ဒကို သိက္ခာဖြင့် ထိန်းသိမ်းမည့်နေ့။ ချင့်ချိန်လုပ်ဆောင်နေမည်။ |
| ကြာသပတေး | ပြောင်းရွှေ့မှု၊ တိုးချဲ့မှု၊ ပြင်ဆင်မှုများ ပြုလုပ်ရမည့်နေ့။ တိတိကျကျလုပ်ပါ။ |
| သောကြာ | ကေသရာဇာခြင်္သေ့မင်းကဲ့သို့ အားမာန်ရှိနေမည့်နေ့။ ကြိုးစားမှုအရာထင်မည်။ |
| စနေ | လာဘ်ရွှင်ပြီး စန်းပွင့်နေမည့်နေ့။ သွားလေရာ လာလေရာမှာချစ်ခင်သူများမည်။ |

## 28

| ၂၈ နိုဝင်ဘာ (သောကြာနေ့) | |
|---|---|
| တနင်္ဂနွေ | ခရောင်းလမ်းကို ဖြတ်ကျော်နေရမည့်နေ့။ ဘာသာတရားကို ပိုလုပ်ပါ။ |
| တနင်္လာ | အောင်မြင်ခြင်းကြယ်ထွန်းလင်းတောက်ပနေမည့်နေ့။ စီးပွားတိုးချဲ့ခွင့်ကြုံမည်။ |
| အင်္ဂါ | ကုသိုလ်လည်းရ၊ ဝမ်းလည်းဝမည့်အလုပ်များကို လုပ်ခွင့်ရမည့်နေ့။ |
| ဗုဒ္ဓဟူး | အခက်အခဲအနည်းငယ်ကြုံရမည့်နေ့။ အားမလျှော့ဘဲ ကြိုးစားပါ။ |
| ကြာသပတေး | သီလစင်ကြယ်လေလေ အောင်မြင်လေလေ ဖြစ်မည့်နေ့။ သီလစောင့်တည်ပါ။ |
| သောကြာ | အသက်မွေးဝမ်းကျောင်းပညာရပ်ကို သင်ကြားရမည့်နေ့။ ဇွဲရှိပါ။ |
| စနေ | ကာယသုခ၊ စိတ္တသုခနှင့် ပြည့်စုံမည့်နေ့။ ချမ်းသာကြွယ်ဝမှုကြုံမည်။ |

## 29

| ၂၉ နိုဝင်ဘာ (စနေနေ့) | |
|---|---|
| တနင်္ဂနွေ | အလုပ်နှင့်လက်မပြတ်အောင်လုပ်ရမည့်နေ့။ ရလဒ်ကောင်းထွက်ပေါ်မည်။ |
| တနင်္လာ | ဝင်ငွေကောင်းများ ရရှိမည့်နေ့။ ကြည်ပြာရောင်လေးက ကံကောင်းစေလိမ့်မည်။ |
| အင်္ဂါ | ဆန္ဒနှင့်ဘဝတစ်သားတည်းကျမည့်နေ့။ ချီးမွမ်းသံများကြားမှာ ပြုံးပျော်ရမည်။ |
| ဗုဒ္ဓဟူး | ကမ်းလှမ်းချက်တစ်ခုကိုလက်ခံရရှိမည့်နေ့။ ဝေဖန်ဆုံးဖြတ်ပါ။ |
| ကြာသပတေး | အောင်မြင်သင့်သရွေ့အောင်မြင်မည့်နေ့။ မွေးနံထောင့်မှာ ပန်းလှူပါ။ |
| သောကြာ | ကြည်နူးပျော်ရွှင်မည့်နေ့။ ကူညီသူ၊ အကြံပေးသူပေါ်မည်။ |
| စနေ | မှန်းချက်နှင့် နှမ်းထွက်ကိုက်ညီမည့်နေ့။ ပျော်ရွှင်မှုများ ပဲ့တင်ထပ်နေမည်။ |

## 30

| ၃၀ နိုဝင်ဘာ (တနင်္ဂနွေနေ့) | |
|---|---|
| တနင်္ဂနွေ | ဝေဟင်ထက်မှာ လွတ်လပ်စွာ ပျံသန်းခွင့်ရမည့်နေ့။ ဆန္ဒပြည့်မည်။ |
| တနင်္လာ | ဖြည်းဖြည်းမှန်မှန်အောင်ပွဲခံရမည့်နေ့။ အပြောကောင်းသူကို သတိထားပါ။ |
| အင်္ဂါ | ခံစားမှုတစ်ဝက်၊ အိပ်မက်တစ်ဝက်မက်နေမည့်နေ့။ လူယုံကို သတိထားပါ။ |
| ဗုဒ္ဓဟူး | ရပ်ဝေးပြည်ပခရီးသွားလာရမည့်နေ့။ လက်ဖျားမှာ ဒေါ်လာသီးမည်။ |
| ကြာသပတေး | လိပ်ကဲ့သို့ ဝီရိယပိုနေမည့်နေ့။ ကြီးပွားလမ်းပွင့်မည်။ |
| သောကြာ | သြဇာအာဏာရှိနေမည့်နေ့။ ပြိုင်ဘက်တို့ကို ဖြတ်ကျော်ခွင့်ရမည်။ |
| စနေ | မေတ္တာစိတ်ကြောင့် အောင်ပွဲခံရမည့်နေ့။ နူးညံ့သိမ်မွေ့နေမည်။ |

တက္ကသိုလ်စိုးမိုးနိုင်

# YATI HOROSCOPE

## ဒေါက်တာမြတ်သစ်(မန္တလေး)




### ပြိဿာရာသီဖွား
### (Scorpio)

**အောက်တိုဘာ (၂၃) ရက်မှနိုဝင်ဘာ (၂၂) ရက်**

အရှိန်အဝါပိုမိုကြီးမားလာစေသည်။ ဝင်ငွေပို၍ ကောင်းသည်။ လူရောစိတ်ပါ ပင်ပန်းစေသည်။ တာဝန်ကြီးလာ၍ သတိထားလုပ်ကိုင်ပါ။ အတိုက်အခိုက် အထူးများသော ကာလဖြစ်မည်။ လက်မှတ်ထိုးမှားတတ်၍ ဂရုပြုပါ။ ပညာရေးကောင်းမွန်မည်။ မျက်လုံး ဂရုစိုက်ပေးပါ။ အချစ်ရေး ပျော်ရွှင်မှုရရှိမည်။ အိမ်ထောင်ရေး နှစ်ပင်သုံးပင်လိမ်ရှုပ်ထွေးတတ်သည်။

**ယတြာ။ ။ ပရွတ်ဆီ သံဃာကို လှူပါ။**



### ဓနုရာသီဖွား
### (Sagittarius)

**နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၀) ရက်**

အမွေအနှစ် ကိစ္စတို့ ရင်ဆိုင်ဖြေရှင်းရတတ်၏။ ရသင့် ရထိုက်သောအခွင့် အလမ်းတို့ကို ရရှိလာစေတတ်ပေသည်။ မြေ၊ အဆောက်အဦကိစ္စ သေချာဖြေရှင်းသင့်ပေသည်။ ကားစီးသတိထားသင့်ပေသည်။ ရစရာငွေရရန် အချိန်တစ်ခု စောင့်ရမည်။ ခေါင်းခိုက်မိတတ်၍ သတိထားသင့်ပေသည်။ အချစ်ရေးအဆင်ပြေမည်။ ရင်ခုန်မှုတို့ ရှိစေမည်။ ကလေးပညာရေးတိုးတက်ကောင်းမွန်ပေမည်။ မိခင် ကျန်းမာရေးဂရုစိုက်သင့်ပေသည်။

**ယတြာ။ ။ ပန်းတိမ်ငိုပန်းလှူပါ။**



### မကာရရာသီဖွား
### (Capricorn)

**ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၀) ရက်**

သူငယ်ချင်းနှင့်လက်တွဲရန် အခြေအနေ ပေးလာလိမ့်မည်။ စုတ်လာဘ်ဝင်စေသည်။ ရင်းနှီးသူနှင့်အချစ် ရေးနီးစပ်မှုကြောင့် ဆုံတွေ့ရတတ်သည်။ လက်ရှိအလုပ်စိတ်ပျော်ရွှင်မှုပြန်ရမည်။ ပြည်ပခရီးရှည် အကျိုးပေးတတ်ပါသည်။ မိဘနှင့်ဆက်ဆံရေး အဆင်မချောတတ်ပါ။ ပညာရေးပိုမိုကောင်းမွန်လိမ့်မည်။ ကလေးငယ်တို့ ကျန်းမာရေး အထူးသတိထားသင့်သည်။

**ယတြာ။ ။ ဝိန်းပန်း လှူပါ။**



### ကုမ်ရာသီဖွား
### (Aquarius)

**ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၀၈) ရက်**

စဉ်းစားတွေးခေါ်ချိန်ဆ၍ လုပ်ဆောင်ရမည်။ လူများဖြီးပွဲမစည် ဖြစ်နေတတ်သည်။ အကျိုးအမြတ် ခံစားရရှိမှုတို့ နည်းပါးမည်။ သီးခြား စီးပွားအကျိုးရှိသည်။ ချေးငွေလုပ်ငန်း အကျိုးပေးပါသည်။ အိမ်ထောင်ဖက် အလုပ်အကိုင်အပြောင်းအလဲ ကြုံတတ်သည်။ နိုင်ငံခြားသားနှင့်စပ်တူ၊ အကျိုးတူ အလုပ်သေချာ စဉ်းစားလုပ်သင့်သည်။ အချစ်ရေး စန်းပွင့်မည်။ မြေ၊ အဆောက်အဦ တချို့ ရောင်းစွံမည်။ ငွေတချို့ ကျန်တတ်သည်။

**ယတြာ။ ။ ဩဇာညွန့်လှူပါ။**



# YATI HOROSCOPE

## ဒေါက်တာမြတ်သစ်(မန္တလေး)



### မိန်ရာသီဖွား (Pisces)

**ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

ဝင်ငွေ၊ သုံးငွေခက်ခဲသော ကာလတွင် သားသမီး ရတနာထပ်ရတတ်သည်။ စီးပွားရေး အတွက် ခေါင်းခဲရတတ်သည်။ အိမ် ထောင်ဖက် အသိုင်းအဝိုင်းကို တာဝန်ပိုယူရလိမ့်မည်။ ပညာရေးကောင်းမွန်ပေသည်။ အချစ်ရေး အထူးမျက်နှာပွင့်လန်းပါသည်။ လူမှုရေး တာဝန်ကျေပွန်ပါသည်။ ကုသိုလ်ရေး သာသာရေး ပိုမိုလုပ်ဆောင်လာမည်။ သမီးရတနာကောင်း ရရှိစေသည်။

**ယတြာ။ ။ ရွှေဖရုံလှူပါ။**



### မိဿရာသီဖွား (Aries)

**မတ် (၂၀) ရက်မှ ဧပြီ (၂၀) ရက်**

သင့်အတွက် အပေါင်းအသင်း မိတ်ဆွေကောင်း၏ အကူအညီ ရရှိမည်။ အိမ်တွင်းရေးသာယာမည်။ နေရာတိုက်ခန်းကိစ္စ အခက်အခဲကြားမှ အဆင်ပြေမည်။ ပညာရေးဖြေဆိုမှု အောင်မြင်မည်။ အရောင်းအဝယ် အခြေအနေကောင်းကို ဖန်တီးနိုင်လိမ့်မည်။ မိခင်ကျန်းမာရေးချူချာစေတတ်သည်။ ရေလမ်းခရီးအန္တရာယ် အထူးများမည်။ ပြည်ပခရီး အစီအစဉ် အဆင်ပြေမည်၊ အချစ်ရေး မမျှော်လင့်ဘဲ ကြားအနှောင့်အယှက်ကြုံတတ်သည်။ လုပ်ဆောင်ထားသော အလုပ်အောင်မြင်မည်။ လက်ရှိအလုပ်နေရာမမြဲတတ်ပါ။

**ယတြာ။ ။ အလင်းတိုင် ၃ တိုင် ထွန်းလှူပါ။**



### ပြိဿရာသီဖွား (Taurus)

**ဧပြီ (၂၀) ရက်မှ မေ (၂၀) ရက်**

မှန်းချက်မကိုက်သော ငွေအကုန်အကျများသည့် ခရီးဖြစ်နေတတ်သည်။ အရေးကြီး စာရွက်စာတမ်းပျောက်တတ်သည်။ ပြည်ပအလုပ်အကိုင် အစီအစဉ် အဆင်ချောသည်။ လူမှုရေးတာဝန် ကျေပွန်တတ်သည်။ အတွေးအခေါ် ပညာဉာဏ်မြင့်မားပြီး အလုပ်စာမေးပွဲ ဘွဲ့လွန်တို့အတွက် အခြေအနေကောင်းကို ဖန်တီးနိုင်မည်။ ဝင်ငွေပိုင်းပြန်လည်ကောင်းမွန်မည်။ အချစ်ရေးမပွင့်လင်းမှုကြောင့် ထင်သလိုအဆင်မချောပါ။ အိမ်ထောင်ရှင်တို့ လူသိရှင်ကြား ပြဿနာများကြုံတတ်ပါတယ်။

**ယတြာ။ ။ ရေတုသိုလ်ပြုပါ။**



### မေထုန်ရာသီဖွား (Gemini)

**မေ (၂၂) ရက်မှ ဇွန် (၂၀) ရက်**


လျှို့ဝှက်ကြံစည်မှု ခံရတတ်သည်။ ဝိုင်း၍ ညစ်ပတ်မှုကို လူကြီးတချို့နှင့် ပူးပေါင်း ကြံစည်ခြင်းဆက်တိုက်ခံရတတ်သည်။ အလုပ်အကိုင် အဆင်ပြေစေမည်။ အရှိန်အဝါပိုမိုတောက်ပ ကံကောင်းလာစေမည်။ ပညာရေး အထူးတိုးတက်လာစေမည်။ ရပ်ဝေးမိသားစုနှင့် ခွဲခွာ၍ နေထိုင်မှုတို့ ဆက်လက်ကြုံတွေ့မည်။ အကြံအစည်သစ် အလုပ်သစ် ပေါ်စေမည်။ အိမ်ထောင်ရေး အပြင်ပန်းသာ ကောင်းမွန်စေတတ်ပေသည်။ အချစ်ရေးဖြောင့်ဖြူးမည်။

**ယတြာ။ ။ မေတ္တာသုတ် နေ့စဉ်ကြားနာပါ။**



# YATI HOROSCOPE

## ဒေါက်တာမြတ်သစ်(မန္တလေး)



### ကရကင့်ရာသီဖွား
### (Cancer)

**နွှန် (၂၂)ရက်မှ ဇူလိုင် (၂၂) ရက်**

သင့်အတွက် စကားများ များပြော၍ လုပ်ကိုင်ရတတ်ပေသည်။ ဦးဆောင်မှု ပြုဆောင်ရွက်ခြင်းတို့အောင်မြင်မည်။ အတိုက်အခံအထူးများပေလိမ့်မည်။ ပညာရေးအခြေခံကောင်းမွန်စေမည်။ လုပ်ငန်းအဆင်ပြေစေသည်။ အရောင်းအဝယ်အခြေအနေ အထူးကောင်းမွန်စေမည်။ လုပ်ငန်းအဆင်ပြေစေတတ်ပေသည်။ ထိထိုးပေးပါ။ ရပ်ဝေးအဆက်အသွယ်ကောင်းကို ရရှိလာစေပြီး ငွေစုဆောင်းခြင်း အဆင်ပြေမည်။ ယာဉ်အသစ်အပြောင်းအလဲဖြစ်ပေါ်စေတတ်ပေသည်။ အချစ်ရေးကံကောင်းစေတတ်သည်။

ယတြာ။ ။အမွှေးတိုင်ထွန်းလှူပါ။



### သိဟ်ရာသီဖွား
### (Leo)

**ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**

သင့်အတွက် စိတ်ချမ်းသာစရာကောင်းသောခရီးသွားရတတ်ပါသည်။ သတင်းစကားကောင်းလည်းကြားသိရတတ်သည်။ ကြွေးငွေဟောင်း ရရှိစေတတ်ပေသည်။ အမှုအခင်းကြုံ တွေ့နိုင်ပေသည်။ ပညာရေးကောင်းမွန်လာသော်လည်း ဆရာများနှင့် အဆင်မပြေတတ်ပါ။ ကလေးငယ်တို့၏ ကျန်းမာရေးအထူးသတိထားသင့်ပေသည်။ နိုင်ငံခြားအလုပ်ကိစ္စအဆင်ပြေပါလိမ့်မည်။ အိမ်ထောင်ရေးခွဲခွာနေရတတ်ပေသည်။ အချစ်ရေးတည်ငြိမ်မှုမရှိ တတ်ပေ။ အစားမှားဆေးမှားတတ်၍ သတိထားပါ။

ယတြာ။ ။ဆမင်း ၃ ပုံလှူပါ။




### ကန်ရာသီဖွား
### (Virgo)

**ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

သင့်အတွက်အမှားအမှန်ဝေဖန်နိုင်စွမ်းနည်းပါးလာစေတတ်ပေသည်။ ရပ်ဝေးတွင်စွန့်စားလုပ်ကိုင်မှုအကျိုးရှိပေမည်။ ဝင်ငွေပိုင်းကောင်းမွန်စေတတ် ပေသည်။ မိခင် ဘက်မှပစ္စည်း ရရှိစေ တတ်သည်။ စားသောက်ဆိုင် လုပ်ငန်းအနုပညာအလုပ်၊ စာရေးခြင်းတို့အကျိုးရှိစေလိမ့်မည်။ အချစ်ရေးကံကောင်းလာစေတတ်သည်။ အဆင့်မြင့်ပညာရေး အထူး ကောင်းမွန်ပေလိမ့်မည်။ အိမ်ထောင်ရေးကံခေတတ်သည်။

ယတြာ။ ။သပြေ ၇ ညွန့်လှူပါ။



### တူရာသီဖွား
### (Libra)

**စက်တင်ဘာ (၂၄) ရက်မှ အောက်တိုဘာ (၂၂) ရက်**

သင့်အတွက် ခရီးယာယီများပေလိမ့်မည်။ စာချုပ်ကိစ္စတို့အဆင်ပြေစေတတ်ပေသည်။ လူမှုရေးနာမည်ကောင်းကို ရရှိလာပေလိမ့်မည်။ ပညာရေး သင်တန်းအကျိုးဖြစ်ထွန်းသောကာလတစ်ခုဖြစ်လိမ့်မည်။ ကားဝယ်ရောင်း စီစဉ်အဆင်ပြေစေလိမ့်မည်။ ဝင်ငွေပိုင်းအထူးကောင်းမွန်စေတတ်ပေသည်။ ထိထိုးပေးပါ။ အဆောက်အဦကိစ္စသတိထားဆောင်ရွက်စေလိုပါသည်။ ကျန်းမာရေး ခဏခဏ ညံ့စေ တတ်သည်။ အချစ်ရေးပို၍ကံကောင်းလိမ့်မည်။

ယတြာ။ ။မွေးနေ့တွင် သားသတ်လွှတ်စားပါ။



ငွေနီဒါန်း

# စကားပြောသောနေ့စွဲများ

## November

Novem ဆိုတဲ့ စကားလုံးဟာ လက်တင်ဘာသာစကားဖြစ်ပြီး ကိုး (Nine) လို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမဲ့ ရိုမန်ပြက္ခဒိန်ဟာ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလကို ထပ်ပေါင်းထည့်ချိန်ထားပြီး နိုဝင်ဘာလဟာ ၁၁ လမြောက် ဖြစ်ခဲ့ရတယ်။ နိုဝင်ဘာလဟာ ကမ္ဘာ့တောင်ခြမ်းအတွက်တော့ နွေဦးရာသီဖြစ်ပြီး ကမ္ဘာ့မြောက်ခြမ်းမှာတော့ ဆောင်းဦးရာသီဖြစ်နေပါတယ်။

### အဆောင်ကျောက်၊ အဆောင်ပန်း

နိုဝင်ဘာဖွားများအတွက် ကံကောင်းစေသော မွေးနေ့အဆောင်ကျောက်မှာ အဝါရောင်ရှိသော စလင်းဝါ (သို့) သလင်းဝါကျောက် (Citrine) နှင့် ဥဿဖရားကျောက်တို့ ဖြစ်ပါတယ်။


မွေးနေ့အဆောင်ပန်းကတော့ ဂန္ဓာမာပန်း (Chrysanthemum) ဖြစ်ပါတယ်။

### နိုဝင်ဘာလ ထူးခြားသောနေ့ရက်များ

| ရက်စွဲ | အထိမ်းအမှတ်နေ့ |
|---|---|
| ၁ ရက် | သူတော်စင်များနေ့၊ စာအုပ်ချစ်သူများနေ့ |
| ၃ ရက် | အိမ်ရှင်မများနေ့၊ Sandwich နေ့ |
| ၆ ရက် | ဆက်ဆိုဖုန်း (Saxophone) နေ့ |
| ၁၀ ရက် | Forget - Me - Not နေ့ |
| ၁၁ ရက် | စစ်ပြန်ကြီးများနေ့ လူငယ်စာဖတ်သူများနေ့ (လ၏ဒုတိယမြောက်အင်္ဂါနေ့) |
| ၁၂ ရက် | နှလုံးသားအာဟာရနေ့ (Chicken Soup For the Soul) |
| ၁၃ ရက် | ကမ္ဘာ့ကြင်နာမှုနေ့ |
| ၁၅ ရက် | အမျိုးသားပရဟိတနေ့ |
| ၁၇ ရက် | ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ |
| ၁၈ ရက် | ဂန္ဓာရီနေ့ (Occult Day) |
| ၁၉ ရက် | World Toilet Day |
| ၂၀ ရက် | စကြဝဠာကလေးများနေ့ |
| ၂၁ ရက် | World Hello နေ့ |
| ၂၇ ရက် | ကျေးဇူးတော်နေ့ (Thanksgiving) |
| ၂၈ ရက် | အင်္ဂါဂြိုဟ်နေ့ (Red Planet) |
| ၃၀ ရက် | Stay at Home နေ့ |

### နိုဝင်ဘာအထိမ်းအမှတ်နေ့စွဲများ

နိုဝင်ဘာလမှာ Aviation History ၊ Child Safety Profection ၊ National epilepsy (ဝက်ရူးပြန်ရောဂါ)၊ Novel Novel Writing ၊ Real Jewelry နှင့် National Sleep Comfort Month ဖြစ်သလို Chemistry Week နှင့် Game and Puzzle Week တို့လည်း ရှိပါတယ်။



## Book Lovers Day

စာအုပ်ချစ်သူများနေ့အဖြစ် သတ်မှတ်ထားသော နေ့နှစ်မျိုးရှိပါတယ်။ ဩဂုတ်လ ၉ ရက်နေ့အဖြစ် သတ်မှတ်ကြသလို နိုဝင်ဘာလရဲ့ ပထမ ပတ်စနေနေ့ကိုလည်း သတ်မှတ်ကြပါတယ်။ စာဖတ်ဝါသနာပါသူတွေကတော့ နှစ်ရက်စလုံးမှာ စာနဲ့ပတ်သက်တဲ့ အမှတ်တရလေးတွေကို ပြုလုပ်လေ့ရှိကြပါတယ်။ စာအုပ်ချစ်သူများနေ့မှာ စာကြည့်တိုက်များသို့ အလည်သွားခြင်း၊ စာအုပ်ဟောင်းများကို ပြန်ဖတ်ခြင်း၊ စာအုပ်များဝယ်ယူခြင်း၊ စာအုပ်စင်အသစ်ဝယ်ယူခြင်း၊ ပြုလုပ်ခြင်း၊ သူငယ်ချင်းမိတ်ဆွေများနှင့်အတူ စာဖတ်ခြင်း၊ စာအုပ်လက်ဆောင်ပေးခြင်း၊ စာဖတ်အသင်းတည်ထောင်ခြင်း၊ မိမိနှစ်သက်သော စာရေးဆရာများထံ ဆက်သွယ်ခြင်း၊ စာအုပ်လှူဒါန်းခြင်းစတာတွေကို ပြုလုပ်သင့်ပါတယ်။

## Housewife's Day

နိုဝင်ဘာလ ၃ ရက်နေ့ဟာ အိမ်ရှင်မများနေ့ ဖြစ်ပါတယ်။ ကမ္ဘာကျော်ဝက်ဘ်စတာ အဘိဓာန်ကြီးကတော့ အိမ်ရှင်မဆိုတာ အိမ်ထောင်တစ်ခုကို ကြီးကြပ်စီမံတဲ့ လက်ထပ်ပြီးသားအမျိုးသမီးလို့ ဖွင့်ဆိုထားပါတယ်။ အိမ်ရှင်မကို တစ်ခါတစ်ရံမှာ Carrer Woman နဲ့ မှားတတ်ကြပါတယ်။ အိမ်ရှင်မတစ်ယောက်ဟာ ချက်ပြုတ်ခြင်း၊ လျှော်ဖွပ်ခြင်း၊ အိမ်သန့်ရှင်းခြင်း၊ စာရင်းဇယားရေးဆွဲခြင်း၊ သားသမီးခင်ပွန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရခြင်းတို့အပြင် အခြားမရေမတွက်နိုင်သော တာဝန်ဝတ္တရားများကို လုပ်ဆောင်နေရပါတယ်။ ကမ္ဘာကျော်အဆိုတော် Celine Dion က ကျွန်မအိမ်ရှင်မတစ်ယောက်ဖြစ်လာပါပြီ။ ဒီထက်ကောင်းတဲ့အလုပ်ဆိုတာ မရှိတော့ပါဘူး။ (There is no better job) လို့ ပြောဖူးပါတယ်။





## Young Readers Day

နိုဝင်ဘာလရဲ့ ဒုတိယမြောက်အင်္ဂါနေ့ဟာ လူငယ်စာဖတ်သူများနေ့ ဖြစ်ပါတယ်။ National Young Readers Week အဖြစ် နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ သတ်မှတ်ကြပါတယ်။ လူငယ်စာဖတ်သူများနေ့ကို ၁၉၈၉ ခုနှစ်မှာ အမေရိကန်နိုင်ငံ ကွန်ဂရက်စာကြည့်တိုက်မှာ PizzaHut ဆိုသူနဲ့ Center For the Book တို့ ပူးတွဲသတ်မှတ်ကျင်းပခဲ့တာပါ။ ကလေးငယ်များ၊ လူငယ်လူရွယ်များ စာဖတ်စွမ်းရည်တိုးတက်စေရန် ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်သည်။ လူငယ်များဖတ်သင့်သော ထိပ်တန်းစာအုပ် ၁၀ အုပ်အဖြစ် Paub Coelho ရဲ့ 'The Alchemist' နှင့် 'The Pilgrimage' စာအုပ်၊ Jostein Goarder ရဲ့ Sophie's World စာအုပ်၊ Rolf Potts ရဲ့ Vagabonding စာအုပ်၊ Dale Carnegie ရဲ့ How to Win Friends စာအုပ်၊ Robert Greene ရဲ့ The 48 Laws of Power စာအုပ်၊ Josh Kaufman ရဲ့ The Personal MBA စာအုပ်၊ Robert Greene ရဲ့ Mastery စာအုပ်၊ Michael Ellsberg ရဲ့ The Education of Millionaires စာအုပ်တို့ သတ်မှတ်ကြသည်။

## Forget - Me - Not Day

နိုဝင်ဘာလ ၁၀ ရက်နေ့မှာ Forget - Me - Not Day ကို ကျင်းပကြပါတယ်။ မိသားစုဝင်တွေ၊ သူငယ်ချင်းမိတ်ဆွေတွေ၊ ချစ်ခင်သူတွေကြား အမှတ်တရဖြစ်စေရန် လုပ်ကြတာပါ။ အဲဒီနေ့မှာ တစ်ဦးနဲ့တစ်ဦး အီးမေးလ် (သို့) စာပို့ခြင်း၊ ပန်းလက်ဆောင်ပေးခြင်း၊ ဖုန်း (သို့) မက်ဆေ့ချ်များပေးပို့ပြီး နှုတ်ဆက်ဆုမွန်စကားများ ပေးပို့ပြောဆိုခြင်း စတာတွေကို လုပ်လေ့ရှိကြပါတယ်။





## Thankgiving Day

နိုဝင်ဘာလ နောက်ဆုံးရက်သတ္တပတ် ကြာသပတေးနေ့ဟာ ကျေးဇူးတော်နေ့ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံအလိုက် ကွဲပြားမှုရှိပါတယ်။ ၂၀၁၄ ခုနှစ်အတွက်တော့ အမေရိကန်နိုင်ငံမှာ နိုဝင်ဘာလ ၂၇ ရက်နေ့ကို ကျေးဇူးတော်များနေ့အဖြစ် သတ်မှတ်ပေမဲ့ ကနေဒါနိုင်ငံမှာတော့ အောက်တိုဘာလ ၁၂ ရက်လို့ သတ်မှတ်ထားပါတယ်။ ဂျပန်နိုင်ငံမှာတော့ နိုဝင်ဘာလ ၂၃ ရက်နေ့ ဖြစ်ပါတယ်။ ကျေးဇူးတော်နေ့ကို အမေရိကန်နိုင်ငံမှာ ၁၆၂၁ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ကနေဒါနိုင်ငံမှာတော့ ၁၉၅၇ ခုနှစ်က စတင်ကျင်းပခဲ့ပါတယ်။ ကျေးဇူးတော်နေ့ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ကုန်လွန်ခဲ့တဲ့နှစ်တွေအတွင်းက ကောက်ပဲသီးနှံဖြစ်ထွန်းမှုနဲ့ အခြားကောင်းချီးမင်္ဂလာတွေကို ကျေးဇူးဆပ်ချင်လို့ပဲ ဖြစ်ပါတယ်။

နှင်းနီပါန်း

ဖူးနုသစ်လွင်

# ကဗျာဥယျာဉ်



## အဖြေမဲ့ပုစ္ဆာ

ချန်ပစ်ခဲ့တော့လည်း
ကျန်ရစ်ခဲ့တယ်လေ။
သွားပြီဆိုတော့လည်း
မတားရက်ခဲ့ပါဘူး။
အချစ်နယ်ရောက်မှတော့
အပစ်ပယ်ခံရတာ မဆန်းပါ
ဒါပေမဲ့ အလှမ်းကွာ
မလွမ်းပါနဲ့လို့ တားမရ
နှလုံးသားက လာတာလေ။
အချစ်နယ်မှာ
အနိုင်အရှုံးဆိုတာ မရှိ
ဒိုင်လူကြီးဆိုတာ မရှိ
ပကတိအဖြူထည်ပေ့ါ။
သောကဝေဒနာကို မကြောက်လို့
လောကမြေကမ္ဘာကို ရောက်လာမှတော့
အဖြေရှာနေစရာ မလို
အချစ်ဟာ အချစ်ပါပဲလေ။

သိင်္ဂါနဒီ

## ထုဆစ်သောလက်များ (သို့မဟုတ်)

ခံယူချက်တွေက
သွားတက်ကလေးတစ်ခုလိုပဲ
စကားပြောတိုင်း ဇာတိပြလက်ခနဲ . . . တဝင့်ဝင့်။

စွယ်ကလေးချွန်ထက်သကို
ပွတ်ခါသပ်ခါညှိပေးတတ်ရင် . . .
ဘဝဟာ . . . ပိုလှသွားမှာ . . . မြင်ယောင်။

တယုတယဆိုရင် . . .
သစ်ပင်တောင် ပျော်ရွှင်တယ်
နဂိုအရှိက . . . နဂိုရ်းထွက်ပြီပေ့ါ။
“တောက်” . . .
ကြည့်စမ်း . . . လက်လွှတ်စပယ်
ချိုးပစ်ကြတယ်. . . အရုပ်ဆိုးပြီ. . . သွေးသံရဲရဲနဲ့ ငိုပွဲ။

နေဦးသစ် (အထက်၊ မင်းလှ)





## မာယာ

မျက်လုံးက စိတ်ရဲ့ခြေရာ
တစ်ခါတလေ
တံခါးပေါက်တစ်ခုလည်း ဖြစ်တတ်တယ်။
အတွေးက မဆုံးသေးခင်
မနက်ဖြန်မှလာမယ့် ဧည့်သည်
အဲဒီကားပေါ်မှာ ပါမလာခဲ့ဘူး။
စိတ်နာတာကလွဲရင်
ကျန်တာတွေအားလုံး
အမှိုက်ခြင်းထဲ ထိုးသိပ်ထည့်လိုက်တယ်။
စံပယ်တွေတောင် ပွင့်နေပြီ
အိပ်မက်တချို့ကတော့
လွမ်းလို့ကောင်းနေတုန်း
ဒါနဲ့ပဲ . . .
အမေ့အိမ်ပြန်ရောက်တော့မှ
လောကဟာ ခါးမှန်းသိတော့တယ်။

ချိုချို (အရိန္ဒမာ)

## စိမ်းစိုရှင်သန်ခွင့်

လွှတ်ချလိုက်ရင် ကျကွဲမယ်
အသိရှိလျက်က
သတိလက်လွှတ် ကျကွဲရတယ်လို့။

ဖြစ်ချင်တဲ့အရာ မဟုတ်လို့
မဖြစ်သင့်ဘူး ယောင်ယမ်းနေလည်း
ဖြစ်ပြီးခဲ့သမျှတွေဟာ
ကျောက်သင်ပုန်းပေါ်က စာလုံးတွေလို
ဖျက်ပစ်လို့မှ မရတာ
ဘယ်လိုမှ လက်မခံချင်လည်း
ခဲခဲယဉ်းယဉ်း လက်ခံရပါပြီ။

ဘဝဟာ ငိုချင်းရှည်တစ်ပုဒ်ဆိုရင်
ဒီထိခိုက်ရှနာဟာ
တစ်ဘဝစာ မဖြစ်ပါစေနဲ့
အဲဒီလို ကိုယ့်အနာဂတ်ကို
မယုံမရဲ ဖြစ်နေရတာတောင်
မာယာတွေ ချိုမြိန်ဆဲမို့
ငါ့ရင်ထဲမှာလည်း ရှင်သန်မြဲပဲလေ။

ဇော်ဝင်းအောင်



ဖူးနုသစ်လွင်

# ကဗျာဥယျာဉ်



## ဗွံ

မြင်စရာလည်း မရှိ
ကြင်စရာလည်း မရှိ
ဘာဆိုဘာမှမရှိ . . .၊
ငေးရင်းမောရင်း လျှောက်ရင်း
ပွိုင့်တွေကတစ်ခုပြီးတစ်ခု
ဖြတ်လိုက် ကျော်လိုက် ရောက်လိုက်
နောက်တစ်ခါ လျှောက်လိုက်. . .၊
မဆုံးတဲ့ သံသရာ
မညီတဲ့ ကံကြမ္မာ . . .၊
ပိုင်နက်တဲ့
တကယ်ကော ပိုင်ကြလို့လား . . .၊
ဘာအတွက်လဲ ဘယ်သူ့အတွက်လဲ
သေချာအဖြေရှာကြည့်တော့
'ငါ' နဲ့ ထပ်တူကျနေတဲ့
'အတ္တ' အတွက်တဲ့. . .။

လင်းဆုကြယ်

## အလှမ်းဝေးလွန်းတဲ့ မိုး

ချစ်အာရုံကပ်
တပ်မက်မှုတစ်ခု
ငါ့ကိုယ်ပေါ် ပြုဆင်းလာ
တိုးတိုးတိတ်တိတ်လွမ်းနေခွင့်လေးတောင် မပေးဘူး။
အတွေးမပီ စကားလုံးမစီရဲသေးတဲ့ ကဗျာတစ်ပုဒ်ကို
အမြတ်တနိုးကြည့်နေတုန်း
အလွမ်းက ထစ်ချုန်းသံမပေးဘဲလာတယ်
သူ့စိတ်နဲ့ညို့တက်လာတဲ့ မိုးသားတွေရယ်
ရွာမယ် မရွာဘူးဆိုတာ
နှလုံးသားနဲ့ပဲ ဆိုင်ပါတယ်
အစွဲအလမ်းက
အချစ်ကို မဖြားယောင်းပါဘူး
လူသူမသိတဲ့ သက်ပြင်းလေးက
ငါ့ရင်မှာ ရိုးရိုးသားသားနဲ့မို့
မဖွင့်ဖြစ်သေးတဲ့ ထီးကလေးမှာ
မင်းနာမည်လေးကို မြတ်နိုးစွာ
ငါ ရေးချလိုက်မိပါတော့တယ်။

မဥ္ဇူမေလေး





## တေးဆို ငှက်ကလေးရဲ့ နိဒါန်း

ငြင်းဆန်မှုတွေ မလုပ်ချင်ဘူး
စပြီး . . .
ပန္နက်ရိုက်ကတည်းကိုက
သံစဉ်အနိမ့်၊ အမြင့်မကိုက်ညီခဲ့
မျှော်လင့်ချက်တံခါးတွေဖွင့်လို့
ရင့်ကျက်တဲ့အသိတရား
အတွေးအခေါ်ကို အန်ဆေးတိုက်ပြီး
ပုံကြီးမချဲ့ချင်ဘူး
ခြေလှမ်းတိုင်းမှာ
အချိန်တွေ ချိတ်ဆွဲထားခဲ့
ပစ်စလက်ခတ်
အရမ်းကို နှမြောဖို့ကောင်းလိုက်တာ
အားမနာတမ်းပြောရမယ်ဆိုရင်
အမှားဆိုတဲ့ 'အခါး' ကို
အချိုဖုံးလို့ မျိုမချချင်ဘူး
တလွဲတချော်
ဖောက်ပြန်တတ်တဲ့ နာရီလက်တံတွေနဲ့
ရာသီဥတုအော့နှလုံးနာတယ်. . .
ပြီးတော့
ခါးသီးလွန်းတဲ့ နာတာရှည်အိပ်မက်ဆိုးတွေ
ပျူပျူငှာငှာ
ဘယ်သူမိတ်ဆွေဖွဲ့ချင်နေမလဲ
မိုးတိမ်အတုနဲ့ ဖွတ်မရွာပေးဘူး
ကဗျာ အလင်္ကာပန်းခင်းဘေး
စီးဆင်းနေတဲ့
ငါးလိုက်ချောင်းရေသံတွေလို . . .
သံစဉ်တေးတွေ သီဆိုကျူးရင့်တတ်တဲ့
အလွမ်းငှက်ကလေး အိပ်မောကျတဲ့ည
ပြောင်းလဲခြင်းနိယာမကို . . .
တပ်မက်ရင်ခုန်နေဆဲ . . .
နွေးထွေးတဲ့ သူမရဲ့ကြင်နာယုယမှုက ရှင်သန်ကြီးထွား
လေပြေ (ပြည်) လေညင်းလေးတွေနဲ့အတူ
အဝါရောင်၊ အနီရောင်၊ အဖြူရောင်
ပြိုင်တူပွင့်တဲ့ပန်းပွင့်လေးတွေရယ်
ပန်းပွင့်တွေသခင်
ပန်းသခင်မရဲ့ သူ့နှုတ်ခမ်း
အားလုံးရဲ့ . . .
မေတ္တာတရားကို . . . ယုံကြည်တယ်
ဒါကြောင့် . . .
လွတ်လပ်စွာ ပျံသန်းခဲ့ချင်တာ
သူ့ဆီကို . . .၊
ပြီးတော့ . . .၊
သူ့ဆီသို့ . . .၊

မျိုးကိုကိုထက် (ပျဉ်းမနား)

## လက်ခ

ရင်တွင်းအနိဋ္ဌာရုံတွေ လေးညို့အလွတ်မှာ
သိမ့်ခနဲ ဖြာခနဲ
မချိတင်ကဲ ရေရွတ်မှုတွေ တမျှော်တခေါ်နဲ့
စားဝတ်နေရေးက လူမှုရေးထက်
အကုသိုလ်က ကုသိုလ်ထက်
ဖက်ရှင်က ယဉ်ကျေးမှုထက်
စစ်ပွဲက ငြိမ်းချမ်းရေးထက်
ငတ်မှု၊ ခေါင်းပါးမှုက ကိုယ်ချင်းစာတရားထက်
တပ်မက်မှုက ကိုယ်ကျင့်တရားထက်
အနုပညာသမားက အနုပညာထက်
ဒီလိုနဲ့ပဲ
တန်ဖိုးဆိုတာထက် လက်ခတွေမြင့်မားကုန်ပေါ့။

မော်ခ



# လျက်ကွမ်းကြိုက်ကျွန်း
# လက်မြိုင့်မျှလာသော အဝေဆောင်



(တစ်)

လက်ဆောင်ဟူသော စကားကို သပ္ပုရိသ အနွယ်ဝင် သူတော်စင်အပေါင်းတို့ ကြားဖူးကြအံ့ လတ္တံ့ဟု ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း၊ အခိုင်အမာ ယုံကြည်ပါ၏။ ကျွန်ုပ်တို့ကား၊ သူငယ်ချင်းမိတ်ဆွေ အချင်းချင်း၊ လက်ဆောင်နှင်းကြ၏။ လုပ်ဖော် ကိုင်ဖက်အချင်းချင်း၊ လက်ဆောင်နှင်းကြ၏။ သားသမီးနှင့် မိဘ၊ အပြန်ပြန်အလှန်လှန် တုံ့ပြန် ဝင်ထွက် လက်ဆောင်အပ်နှင်းတတ်ကြသည်မှာ လောကတဲ့ထွာ ဓမ္မတာတစ်ရပ်ပင်။

ဘာသာစကားပညာရှင်တို့က လက်ဖြင့် ဆောင်ယူ အပ်နှင်းရသည်ဖြစ်ပါသောကြောင့် လက်ဆောင်မည်ကြောင်း ဝေါဟာရဏ္ဍပကာသနီ အကျယ်ဖွင့်ဆိုခဲ့ကြပါ၏။ မှန်ပေစွ။ လက်ဆောင် ကို ခြေထောက်နှင့်ပေး၍ မရစကောင်းပေ။

ဤနေရာ၌ စကားမစပ် အိန္ဒိယသမ္မတ ဟောင်း အဗ္ဗဒူကလာမ်ကို သွားအမှတ်ရမိပါ၏။ Abdul Kalam ၁၁ ဆက်မြောက် သမ္မတ။ ၂၀၀၂ ခုနှစ်မှသည် ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၅ အထိ အိန္ဒိယသမ္မတ တာဝန်ထမ်းဆောင်သွားသူ။ သူက တော့ သူ့ဖခင် ကုတိုသူကြီး၏ ဆိုဆုံးမမှုကို ကိုးကားကာ 'ဘာလက်ဆောင်ကိုမှ လက်မခံနဲ့' ဟူချေသတည်း။ ဩော် လက်ဆောင်မုန်းသူ။ ထား။

ပသို့ဆိုစေကာမူ ကျွန်ုပ်တို့ကား Social Animal ဟုဆိုသလို လူမှုဆက်ဆံရေး သတ္တဝါ များ ဖြစ်ကြဘိလေရာ လူအချင်းချင်း ဆက်ဆံ သမှုပြုကြရသည်၏ သကာလ တစ်ဦးနှင့် တစ်ဦး လက်ဆောင် ကူးသန်းသမှုပြုကြရသည်မှာ အဆန်းတော့လည်း မဟုတ်ပါပေ တမုံ့တကား။

(နှစ်)

ကျွန်ုပ်သည်ကား၊ စာရေးဆရာဖြစ်ပါ၏။ သို့ဖြစ်မူ၍ ဟိုကသည်က လာရောက်ဖိတ်ကြား သမျှ ဟောပြောပွဲအဝဝသို့ ကြွရောက်ချီးမြှင့် ဟောပြောသမှုပြုရလေ့ရှိသည်မှာ ဓမ္မတာ သဘာဝတ္တပင်။ ဤ၌ ဟောပြောပွဲကအပြန် လက်ဆောင် အပ်နှင်းတတ်ကြသည်မှာလည်း၊ အစဉ်အလာ မင်္ဂလာတစ်ပါးပင်။

အနို့သော် အချို့သော စာပေချစ်သူတို့ သည်ကား ကျွန်ုပ်တို့ကို ငွေအသပြာလက်ဆောင် မပေး။ ဒေသထွက်ပစ္စည်းဥစ္စာ ဘာညာသာရကာ တို့ကိုသာ လက်ဆောင်အပ်နှင်းလေ့ရှိကြပါ၏။ ကျွန်ုပ်တို့ကလည်း ကြည်ဖြူစွာပင် လက်ခံခဲ့ကြ သည်ဖြစ်ပါ၏။ အနို့သော်။

(သုံး)

တစ်ခါသော် ကျွန်ုပ်တို့ စာပေရေးသားသူ တစ်သိုက်သည် ဘဲအလွန်မွေးသော မြို့ကလေး တစ်မြို့သို့ ဆိုက်ရောက်ကြချေ၏။ ထုံးစံအတိုင်း သန်းခေါင်ကျွံသည်အထိ ဟောပြောကြချေ၏။ နံနက်လင်း၊သော် ရန်ကုန်မြို့နှင့် မလှမ်းမကမ်း၊က မြို့ကလေးဖြစ်သည်ကြောင့် ကျွန်ုပ်တို့အား လိုင်း ကားနှင့် တင်ပေးလိုက်ပါ၏။ လက်ဆောင်မှာကား ဒေသထွက် ဘဲဥများပေတည်း။ ထို့ပြင်တစ်ဝ ဖရဲသီး ကြီးတစ်လုံးစီကိုလည်း ပေးအပ်လိုက်ပါချေ သေး၏။ တဝုန်းဝုန်းဆောင့် နေသည့် ကားလမ်းတစ် လျှောက်ဝယ် စာရေးဆရာမ ကြီးတစ်ဦးသည် သူ၏ဘဲဥ ဆွဲခြင်းကြီးကို ပွေ့ပိုက်ကာ တတွတ်တွတ် ရွတ်နေသည် မှာကား

'ပြုတ်ပြီးသားကလေး တွေဆို ကောင်းမကွဲ့၊ ပြုတ်ပြီးသားကလေးတွေဆို ကောင်းမကွဲ့' ဟူသတည်း။

(လေး)

တစ်ခါသားသော် မြေလတ်မြို့ကလေး တစ်မြို့ သို့ ကျွန်ုပ်တို့ ဆိုက်ရောက်၏။ ကြက်သွန်နီ လှိုင်လှိုင်ထွက်သော အရပ်ဒေသ ဖြစ်ဘိချေ ရာ စာပေဟော ပြောပွဲအပြီး နောက်တစ်နေ့နံနက် ကား ပေါ်အတက် လက်ဆောင် နှင်းအပ်လာသည်မှာ ကြက်သွန်နီတစ်အိတ်စီသာ တည်း။ အနို့နှင့် ရန်ကုန်မြို့ အဝေးပြေးကားဂိတ်သို့အရောက် စာရေးဆရာ တစ်ဦး နှုတ်မြွက်စကားမိန့်ဆိုပုံမှာ -

'သည်မောင်တွေ တကူစီခကလေးတော့ ပေးအပ်လိုက်ဖို့ ကောင်းသမင့်ဟာ' ဟူလို။

(ငါး)

တစ်ခုသောနှစ် ဆောင်းနှောင်းရာသီ၊ တော် တော့ဆို တော်တော်ကြီးကိုမှ နှောင်းသွားပြီ ဖြစ်သော ဆောင်းရာသီ၏ ရက်ကလေး တစ်ရက် ဝယ် ရန်ကုန်မြို့၊ အနော်ရထာလမ်းမကြီး တစ် နေရာ၌ အနှီအကြင် လူသားတစ်စုကို ကျွန်ုပ် တွေ့ရှိခဲ့ရခြင်း ဖြစ်ပါ၏။ စုစုပေါင်းလေးယောက်။ ကုလားထိုင်ကြီးတွေကို ထမ်းလို့။

ရိုးရိုးကုလားထိုင်၊ တစ်နည်းအားဖြင့် ခက်ခဲ သော ကုလားထိုင် Hard Chair မဟုတ်ချေ။ Easy Chair ခေါ် လွယ်ကူသော ကုလား ထိုင်သာဖြစ်ပါ၏။ ဤနေရာ၌ လွယ်ကူသော မှာလည်း သစ်သားဖြင့် လွယ်ကူသည်မဟုတ်။ သံဖြင့်လွယ်ကူထားခြင်းသာ ဖြစ်ပါ၏။ သံ ပက်လက်ကုလားထိုင်။ အနှီစာရေး ဆရာလေးဦး တို့သည်ကား ချွေးများဖြင့် ရွှဲနစ်ကာ နွမ်းဖတ်သော မျက်နှာကိုယ်စီနှင့်။ ခရီးဝေးက ပြန်လာရဟန် အိတ်ကြီး တွေကို ကိုယ်စီလွယ်၍ ထားသည့်ကြား က ယင်း၊ရင်း၊သံပက်လက် ကုလား ထိုင်ကြီးတွေ တစ်ယောက် တစ်လုံးရွက်ကာ လျှောက်လာနေခဲ့ ကြခြင်းပင်ဖြစ်ရာ ကျွန်ုပ်က နှုတ်ဆက်သမှု ပြုရ ပြန်ပေသည်။

> ဟောပြောပွဲလာရောက်
> ဖိတ်ကြားပြီ ဆိုကတည်းက
> ဘဲဥပေးခြင်း သည်းခံပါ
> ဖရဲသီးပေးခြင်း သည်းခံပါ
> ပိန္နဲသီးပေးခြင်း သည်းခံပါ
> ပက်လက်ကုလားထိုင်
> အဟောင်းပေးခြင်း သည်းခံပါ
> ကြက်သွန်နီပေးခြင်းသည်းခံပါ
> စသည် စသည်ဖြင့်
> စည်းကမ်းများ
> ထုတ်ပြန်ထားရန်
> လိုအပ်လှပါ၏။

'ပသို့ဖြစ်လာရချေ သတုန်း ဗျာ'

'ဟောပြောပွဲ ပေါ့လ ဗျာ . . .၊ သည် မောင်တွေကို ကျုပ် က သတ်ချင်သပေါ့'

"အနို့ အဘယ်မြို့က ပြန်ခဲ့ ချေသတုံး ဆရာတို့ရဲ့'

လေးယောက်သား ပြိုင်တူ ဆိုသလို မြွက်ဟလာသော မြို့၏ အမည်မှာ မြန်မာ့မြို့တော် ဟောင်းများထဲမှ တစ်မြို့ဖြစ် သည်ကို ကျွန်ုပ်သတိပြုမိလိုက် ပါ၏။ စီးပွားရေးလည်း ကောင်း ပါလျက်နှင့်။

"ဟောသည့် ပက်လက် ကုလားထိုင်ကြီးတွေ လက် ဆောင်ပေးလိုက်သတဲ့၊ ဆရာကြီး ဂျက်ရယ် ဟောပြောပွဲကော်မတီ ဝင် တစ်ယောက်က စတိုးဆိုင်နဲ့ တဲ့ဗျာရဲ့၊ သူ့ဆိုင်ကသံချေးကိုက် နေတဲ့ ရောင်းမစွံ့သံကုလားထိုင် တွေကို စာပေလက်ဆောင် ဆိုပြီး ထိုးထည့်ပေးလိုက်တာပါပဲ ဆရာကြီးဂျက်ရယ်"

"သယ် ရာဇဝင်ရိုင်းလို့"

ကျွန်ုပ်ကား သယ်ရာဇဝင်ရိုင်းလို့ ဟူသည့် စကားတစ်ခွန်းမျှကိုသာ စစ်သူကြီးမဟာဗန္ဓုလ စတိုင် ပြောလိုက်နိုင်ပြီး ဘယ့်နှာစကားဆက်ရမည် မပြောတတ်နိုင်ချေ။ စင်စစ် ကျွန်ုပ်တို့ကိုယ်တိုင်က ပင်လျှင် ဟောပြောပွဲ လာရောက်ဖိတ်ကြားပြီ ဆိုကတည်းက

ဘဲဥပေးခြင်း၊ သည်း၊ခံပါ

ဖရဲသီးပေးခြင်း သည်း၊ခံပါ

ပိန္နဲသီးပေးခြင်း သည်း၊ခံပါ

ပက်လက်ကုလား ထိုင်အဟောင်း၊ပေးခြင်း သည်း၊ခံပါ

ကြက်သွန်နီပေးခြင်း၊သည်း၊ခံပါ စသည် စသည်ဖြင့် စည်း၊ကမ်းများ ထုတ်ပြန်ထားရန် လိုအပ်လှပါ၏။

လက်ဆောင်ဟုဆိုသည့်တိုင် လက်နှင့် ဆောင်ယူသွားရန်မှာ ရံခါရံခါ ခက်ခဲလှပါချေ သည် တမုံ့တကား။

**ဂျက်တွမ်းခြံကုန်း**



## ကမ်းလင့်မှုယိုလက်များ

ဝတ္ထုတိုရသ

ဘာမှမလိုပါဘူး. . .
ဘာမှမလိုအပ်ဘူး. . .
နွေးထွေးတဲ့ မျက်ဝန်းတစ်စုံ
. . .
နွေးထွေးတဲ့ လက်တစ်စုံ. . .
နားလည်နိုင်တဲ့ နှလုံးသား
. . .
သင်နဲ့ သူတို့အတွက်. . .
လူသားချင်းစာနာမှု. . .။
(ကျော်စွာအောင်)

ရှိက်ကြီးတငင်ငိုနေတဲ့ ချာတိတ်ကို ကျွန်တော်ကြည့်ရင်း သက်ပြင်းတစ်ချက်မှုတ်မိ၏။ ငို. . . ငို. . . ဝအောင်သာငိုဟု ထိုချာတိတ်အား ကျွန်တော်ပြောနေမိသည်။ ကျွန်တော့်ထံသို့ ရောက်လာသူအားလုံးလိုလိုပင် ဝမ်းပန်းတနည်း (သို့) ရှိုက်ကြီးတငင် ငိုကြွေးမြဲဖြစ်သည်။ ကျွန်တော့်ထံသို့ ရောက်လာချိန်တွင် ကျွန်တော်သည် သူတို့

နှင့် တစ်သားတည်းဖြစ်သွားအောင် ပြုလုပ်ရစမြဲဖြစ်သည်။ ငိုနေသော ချာတိတ်အား ကျွန်တော်သိုင်းဖက်ကာ ကျောပြင်အားပုတ်၍ နှစ်သိမ့်ပေးလိုက်သည်။

"မစိုးရိမ်ပါနဲ့ ညီလေးရာ၊ ညီ ကောင်းကောင်းမွန်မွန် နေထိုင်သွားမယ်ဆိုရင် သက်တမ်းစေ့နေနိုင်မယ့် ရောဂါမျိုးပဲလေ၊ အသည်းရောင် (ဘီ) တို့ (စီ)တို့သာ ပိုကြောက်ဖို့ကောင်းတာ . . . ကွ. ."

ကျွန်တော်ကြည့်လိုက်တော့လည်း ဒီချာတိတ်က အသက် ၂၀၊ အသားဖြူဖြူ ခပ်ဖြောင့်ဖြောင့်ဟုပြောရမည့်ရုပ်ရည်ထဲကပင်။ ဒီရောဂါ ဘယ်လိုနည်းနဲ့ ရခဲ့တယ်ဆိုတာကို သူ့ဘာသာတောင် စဉ်းစားမရနိုင်ဖြစ်နေသည်ဟုဆိုသည်။ ဒါမှမဟုတ် ကျွန်တော့်အား ရှက်၍ တစ်ခုခုလည်း သိုဝှက်ထားပုံရသည်။ ကံကောင်းသည့်အချက်မှာ သည်ကောင်လေးအသိ စောနေခြင်းဖြစ်သည်။ အလွန်ကံကောင်းသည်ဟုပင်ဆိုရမည်။ ကျွန်တော် ချာတိတ်အား counselling (နှစ်သိမ့်ဆွေးနွေး) ပြောပြီးသော အခါ ချာတိတ်ပုံစံ လာခါစနှင့် မတူတော့ချေ။ တော်တော်လေး တည်ငြိမ်သွားလေသည်။ အားလုံးပြီး ဆုံးသွားသောအခါ ချာတိတ်ပုံစံ ပုံမှန်ပြန်လည်ဖြစ်သွားသည်။ ချာတိတ်ပြန်ခါနီးတွင် ချာတိတ်အား နောက်တစ်ခါ သိုင်းဖက်ကာ ကျွန်တော်နှုတ်ဆက်လိုက်သည်။

♦

ဒီနေ့ ချာတိတ်သည် နောက်ဆုံးတစ်ယောက်ပင်ဖြစ်သည်။ တစ်ရက်. . . တစ်ရက် counselling (နှစ်သိမ့်ဆွေးနွေး) ပေးရသောလူနာ ၁၀ ယောက်ထက်မနည်းရှိသည်။ ကျွန်တော်၏အလုပ်မှာ NGO တစ်ခုတွင် HIV ပိုးတွေ့ရှိသူများနှင့် HIV ပိုးသွေးမစစ်ခင်တွင် counselling (နှစ်သိမ့်ဆွေးနွေး) ပေးရသောအလုပ်ဖြစ်သည်။ လွယ်ကူသော အလုပ်မဟုတ်သော်လည်း ကျွန်တော့်စိတ်ထဲတွင် လူသားချင်းစာနာမှုဟူသော စိတ်တစ်ခုနှင့်ပင် လုပ်ဆောင်နေခြင်းဖြစ်သည်။ အိမ်ပြန်ချိန်လည်း ရောက်ပြီမို့ အားလုံးသိမ်းဆည်းကာ ရုံးခန်းမှ မထွက်ခင်

"ဆရာ. . . ကျော်စွာအောင်"

ခေါ်သံတစ်ခုကြောင့် ကျွန်တော်လှမ်းကြည့်လိုက်သည်။ ရုံးခန်းထဲသို့မဝင်ဘဲ ကျွန်တော့်ရုံးခန်း၊ အပေါက်ဝအကွယ်တွင် ရပ်နေသော ကောင်မလေး တစ်ယောက်. . .။

"counselling လုပ်ချင်လို့လား သမီး"

"မဟုတ်ပါဘူး ဆရာ"

တည်ငြိမ်သောမျက်ဝန်းနှင့် အသက် ၂၃ နှစ်သာသာလောက်သာရှိသော ကောင်မလေး တစ်ယောက်၊ counselling မလုပ်ဘူး ဟုဆိုသော်လည်း သူမ၏ မျက်နှာပေါ်တွင် စိုးရိမ်မှုများစွာအား ကျွန်တော်တွေ့လိုက်ရ၏။



"ဒါဆို သမီးက"

ကျွန်တော့်အသက်အရွယ်နှင့် ဆိုလျှင် ကျွန်တော့် ညီမလေးသာသာ အရွယ်သာ ရှိသော်လည်း၊ ကျွန်တော် လုပ်ကိုင်နေသော အလုပ်နှင့် သား၊ သမီးဟုသာ တစ်ခါတစ်ရံ သုံးနှုန်းရ၏။

"တိုင်ပင်စရာရှိလို့ပါဆရာ၊ဖြစ်နိုင်ရင်. . . "

ကျွန်တော်သဘောပေါက်လိုက်သည်။ သူမ ရုံးခန်းမှာပြောမပြချင်ပုံပေါ်သည်။

"ရုံးမှာ မတိုင်ပင်ချင်ရင် တစ်နေရာရာမှာ တိုင်ပင်လို့ရပါတယ် သမီး"

"ဟုတ်ကဲ့ ဆရာ'

ကျွန်တော့်ရုံးနားမှ တိတ်ဆိတ်ငြိမ်သက်သော အအေးဆိုင်လေး တစ်ဆိုင်ကို ကျွန်တော်ရွေးချယ်လိုက်သည်။ ကျွန်တော် သံပရာရည် တစ်ခွက်မှာ၍ သူမက ဘာမှ မသောက်ဟုပြောသော်လည်း ကျွန်တော် သူမအတွက် လိမ္မော်ရည်တစ်ခွက်မှာလိုက်သည်။ ကောင်မလေး ခဏတာ ငြိမ်သက်နေသေးသည်။ အအေးများလာချပေးသောအခါ ကျွန်တော်သံပရာရည်အား တစ်ငုံသောက်နေချိန်တွင် ထိုကောင်မလေး အအေးခွက်အား မထိသေးပါ။

"ကျွန်မနာမည် ဝေနှင်းပါ ဆရာ"အချိန် အတော် အတန်ကြာသော အခါ ကောင်မလေး နှုတ်ဖျားမှ ဇာတ်လမ်း သဖွယ် စကားလုံးများ ထွက်ကျလာလေတော့သည်။

♦

ကျွန်မတို့ မိသားစုက ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံး ရပ်ကွက်လေး တစ်ခုမှာ နေထိုင်ပါတယ်ဆရာ။ ကျွန်မတို့မှာ အားလုံးပေါင်း မောင်နှမလေးယောက် ရှိပါတယ်။ ကျွန်မက သုံးယောက်မြောက်ပေါ့၊ အကြီးဆုံး နှစ်ယောက်က ယောကျ်ားလေးပါ ဆရာ၊ အငယ်ဆုံးက မိန်းကလေးပေါ့။ ဆရာ့ဆီကို တိုင်ပင်ဖို့လာတယ်ဆိုတာ ကျွန်မ အစ်ကိုကြီးအတွက်ရော ကျွန်မတို့ တစ်မိသားစုလုံးအတွက်ပါဆရာ"

စကားပြောရင်းပင် မသောက်ရသေးသော အအေးအား ကောင်မလေးတစ်ငုံယူသောက်လိုက်သည်။ ထို့နောက် သူမဇာတ်လမ်းအား ဆက်လက်ပြောဆိုတော့သည်။

"ကံကြမ္မာက တစ်ခါတလေ မတရားဘူးလို့ ထင်မိတယ်ဆရာ . . . ကျွန်မတို့မိသားစုအပေါ်မှာပေါ့. . . "

ပြောရင်းနှင့်ပင် သူမမျက်ဝန်းမှာ အရည်တစ်ခုလဲ့သွားသည်ကို ကျွန်တော်တွေ့လိုက်ရသည်။

"သမီးအစ်ကိုအကြီးဆုံး

နာမည်က ကိုရဲဇော်လို့ခေါ်ပါတယ်၊ သူ့မှာ မိသားစုလည်းရှိပါတယ်၊ သမီးလေးတစ်ယောက် ရှိပါတယ် ဆရာ၊ အရင်ကမလေးရှားမှာ အလုပ်သွားလုပ်ဖူးပါတယ်၊ လွန်ခဲ့တဲ့ သုံးလက အသည်းရောင် (ဘီ) ပိုး တွေ့တယ်ဆိုပြီး ပြန်လာရပါတယ် ဆရာ၊ ခုလည်း သူ့အမျိုးသမီးရဲ့ အလုပ်နဲ့ နေပြည်တော်မှာ နေပါ တယ်။ လွန်ခဲ့တဲ့တစ်ပတ်က ရန်ကုန် အိမ်ကိုရောက်လာတယ်၊ သူကြည့်ရ တာ သမီးတော့ သိပ်မသက်သာဘူး၊ တော်တော်လေးလည်း ပိန်သွားတယ် အသားအရေတွေလည်း ခြောက် သွားတယ် (ဘီ) ပိုးမှ ဟုတ်ရဲ့လား လို့လည်း ထင်မိတယ်၊ မျက်နှာလည်း မကောင်းဘူး ဆရာ။ ဒါနဲ့ ကျွန်မ လည်း သွေးတွေ ဘာတွေ စစ်ကြည့် ဦးလို့ ပြောလိုက်သေးတယ်။ သူက စစ်ပြီးပြီတဲ့။ ဒီလိုနဲ့ သူအခု နေပြည် တော် ပြန်သွားပြီ ဆရာ။ သမီးတော့ သူ့ကို သွေးထပ်စစ်ခိုင်းချင်တယ်၊ သေချာအောင်ပေါ့။ နောက်တစ်ခု ကတော့ သမီးကိစ္စပါဆရာ"

ကျွန်တော်မျက်ခုံးတစ်ချက်ပင့် ကာ သူ့အားကြည့်လိုက်မိသည်။ ကောင်မလေးကတော့ မောသွားဟန် တူသည်။ အအေးခွက်ကို ယူ၍ ထပ်မံသောက်လိုက်၏။ သူမပြော သောစကားအား ကျွန်တော်သိချင် နေသောကြောင့် ထပ်မံစကားဆက် လိုက်၏။

"သမီးကိစ္စဆိုတာက. . . "

"ဒီလိုပါဆရာ. . . သမီးမှာ လွန်ခဲ့တဲ့ ၁ နှစ်ခွဲလောက်က ချစ်သူ ရှိခဲ့ဖူးပါတယ်။ သမီးမရှက်တော့ပါ ဘူးဆရာ။ ဒီအချိန်မှာ ရှက်နေလို့ လည်း ဘာမှ မထူးဘူးဆိုတာ သမီး သိနေပြီ ဆရာ"

ကောင်မလေးမျက်နှာတွင် ခိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခုအား ရှိသည်ဟု ကျွန်တော် မြင်နေရသည်။ ပြောနေရင်းပင် ကောင်မလေးမျက် ဝန်းမှ မျက်ရည်များ တစ်စက်ချင်း ကျလာလေသည်။ ကျွန်တော်မြင်နေ ကျ ရှိုက်ကြီးတငင်မဟုတ်ဘဲ တင်းခံ ထားရင်းပင် ကျလာသော မျက်ရည် စက်များနှင့် တူလှသည်။ ကျလာ သော မျက်ရည်များကို ထိန်းရင်း ကောင်မလေးသည် စကားကို

"ဆရာ..."
နံနက်စောစော
ပင်ရှုံးခန်းအဝမှ
ကြားလိုက်ရသော
အသံကြောင့်
ကျွန်တော်
အခန်းဝကို မကြည့်ဘဲ
ထိုအသံရှင်ကို
သိလိုက်၏။
"ဪ...သမီးအစ်ကို
ရော..."

ထပ်မံဆက်ပြောလေသည်။

"အဲသည်ချစ်သူနဲ့ သမီး ချစ်နယ်ကျွံခဲ့ပါတယ်"

"အလို. . . ဘုရားရေ. . . "

မထင်မှတ်ထားသော စကား တစ်ခုကို ကြားလိုက်ရသည့် ကျွန် တော်. . . ကျွန်တော်နှစ်သက်သော ဆရာမဂျူး၏ဇာတ်ကောင် သုံးသည့် အတိုင်း စကားတစ်ခွန်းသည် အမူမဲ့ အမှတ်မဲ့ ယောင်ယမ်းကာ နှုတ်မှ 'လွှတ်ခနဲ' ထွက်သွားမိသည်။

"ဟုတ်ပါတယ် ဆရာ၊ အဲသည် ကတည်းက သူ သမီးကို အဆက် ဖြတ်ထားပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်ပတ်ကျော်ကျော်က သမီးသူ့ကို မထင်မှတ်ဘဲ တွေ့ခဲ့တယ်။ သူအရင် ကနဲ့ မတူတော့ဘူး၊ တော်တော်လေး ပိန်သွားတယ်၊ နောက်ပြီး နောက် မကျစေနဲ့ သမီးကို သွေးစစ်ကြည့်ဦး လို့ ပြောသွားတယ်"

"အို"

အံ့သြတကြီးဖြစ်ရမိသူက ကျွန် တော်၊ ကောင်မလေးကြည့်ရတာ မျက်ရည်တွေရစ်ဝိုင်းနေပေမဲ့ မကျ အောင်ထိန်းထားနိုင်တာ သိပ်တည် ငြိမ်လွန်းနေတယ်။ ဒီခေတ်လူငယ် တွေ အရမ်းပွင့်လန်းလာတာကို ကျွန်တော်အံ့သြနေမိသည်။

"အခု သမီးဖြစ်စေချင်တာက . . . "

"သမီးအစ်ကိုကို ဒီမှာပဲလာပြီး သွေးစစ်စေချင်တယ်၊ ပြီးတော့ ဆရာ. . သမီးကို ကူညီပေးပါ၊ သမီး လည်းစစ်မယ်၊ သမီး counselling မလုပ်တော့ဘူးဆရာ၊ သမီး ခံနိုင် ရည်ရှိပါတယ်"

"သမီးရယ်. . . "

ကျွန်တော်နှုတ်ဖျားမှ စကား တစ်ခွန်းသာ ထွက်ကျသွားသည်။ အတိတ်က ပုံရိပ်များသည် မစဉ်းစား ဘဲ ကျွန်တော့်အာရုံတွင် တရိပ်ရိပ် ပေါ်လာတော့သည်။

♦

"ရဲထွန်းသာ ငါ့အနားမှာရှိရင် အဲလိုဖြစ်လာမှာမဟုတ်ဘူး။ သူ မန္တလေးမှာ ဂရုမစိုက်လို့ အဲသည်လို ဖြစ်သွားတာ"

သတိရတိုင်းတဖွဖွပြောနေတဲ့ စကားတစ်ခွန်းကြားတိုင်း ကျွန်တော် နှင့်မကြီး နောက်ကျောမလုံသလိုလို ခံစားရသလို ရင်ဘတ်ထဲတွင်လည်း ဆို့နစ်နစ်ကြီးခံစားရစမြဲ ဖြစ်သည်။


"အမေရယ်. . . ကိုကြီး အဆုတ်က ကျွမ်းနေလို့ ဖြစ်မှာပေါ့ ရောဂါက ချက်ချင်းထပြီး ဆုံးသွား တာကို. . . "

နှုတ်ကသာဖွင့်ပြောလိုက် သော်လည်း အစ်ကိုဆုံးသွားတာ ဟိုရောဂါဆိုးနဲ့ ဆိုတာ ကျွန်တော်၊ မကြီးနှင့်အစ်ကိုမိန်းမသာ သိသည်။ မန္တလေးသို့ရောက်သွားပြီး အစ်ကို့ မိန်းမ ချုံးပွဲချဝိုမှပဲ အဲသည်ရောဂါ ဆိုတာ သိခဲ့ရသည်။ ကံကောင်း သည့်အချက်က ကိုကြီးသားလေး ဆီမှာ ရောဂါမရှိတာပဲ။ ဆေးထိုး အပ်သုံးတတ်တဲ့ ကိုကြီးရဲ့အဖြစ်တွေ ကိုလည်း သိထားသည်ဆိုတော့ အဖြစ်က ရှင်းနေ၏။ ကျွန်တော် နားမလည်နိုင်တာ ကိုကြီးဘယ် အချိန်ကစပြီး ဒီရောဂါရသည်ကို မသိ၊ အစ်ကို့မိန်းမမှာ ဘာမှမသိဘဲ ရောဂါကြီးကူးစက်ခံလိုက်ရတာကို စိတ်မကောင်း။ ကိုကြီး ဒီရောဂါ ကြီးနှင့် ဆုံးပါးသွားခဲ့သည်ကို ကျွန်တော်ကိုယ်တိုင် ရှက်လွန်းအား ကြီး၍ မည်သူ့ကိုမျှမပြောမိခဲ့ချေ။ ဒီလိုနှင့်ပင် counseller (နှစ်သိမ့် ဆွေးနွေးသူ) တစ်ယောက် ကျွန် တော်ဖြစ်ခဲ့၏။ တစ်ခါတစ်ရံ စိတ် ထဲလိပ်ပြာမလုံ ဖြစ်သေး၏။ ဒီ ရောဂါကြီးနှင့် ဆုံးပါးသွားရသည် ကို ယခုထိ ပြောမထွက်ခဲ့ပေ။ အမေရွှတ်ရွတ်နေသော ထိုစကား ကြားတိုင်း စိတ်မကောင်းဖြစ်ခဲ့ရ သည်။ အမေကိုယ်တိုင် သူ့သား ဘာရောဂါနှင့် ဆုံးပါးသွားသည်ကို အမှန်အကန်မသိရပေ။ စဉ်းစားရင်း ပင် မျက်ဝန်းထောင့်မှ မျက်ရည်တချို့ စို့စွတ်လာ၏။

"ဆရာ. . . ကျွန်မပြောတာ သဘောတူရဲ့လား"

"ဪ. . . ဆောရီးသမီးရယ် အတွေးလွန်သွားလို့၊ တူတာပေါ့. . မနက်ဖြန် သမီးသွေးလာစစ်လိုက် ပါ၊ သမီးအစ်ကိုကိုတော့ ရန်ကုန် ကနေ လှမ်းခေါ်လိုက်ပေါ့"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါ တယ်ဆရာ၊ သမီးမနက်ဖြန်လာ ခဲ့ပါမယ်"



ကောင်မလေးထွက်သွားသည်ကို ကြည့်ရင်း ကျွန်တော်သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်မိသည်။ အသက်နှင့်မလိုက်အောင် တည်ငြိမ်သည့် ကောင်မလေးပင်။

♦

ရုံးရောက်သည်နှင့် နံနက်စောစောပင် ကောင်မလေးရောက်လာသည်။ သူမသွေးအားယူပြီးသည်နှင့် အဖြေကို နောက်တစ်ပတ်မှ သူမအစ်ကိုအားခေါ်လာရင်း လာယူမည်ဖြစ်ကြောင်း ကျွန်တော့်ကို ပြောသွားရှာသည်။ သူမသည် ကျွန်တော့်အား သင်ခန်းစာတစ်ခု ပေးခဲ့သည်။ Counseller (နှစ်သိမ့်ဆွေးနွေးသူ) တစ်ယောက်ဖြစ်ပြီး မိမိအစ်ကို ထိုရောဂါနှင့် ဆုံးပါးသွားသည်ကို မပြောရဲခြင်းပင်။ ဒီနေ့အိမ်ပြန်ရောက်သည်နှင့် အမေ့အား ဖွင့်ပြောမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်၏။

ညဘက်အိမ်ပြန်ရောက်သည်နှင့် အမေ့ကို တွေ့နေကျနေရာမှာပင် တွေ့ရမြဲဖြစ်သည်။ အမေ ဘုရားခန်းထဲမှ ပုတီးစိပ်ပြီး ပြန်ထွက်အလာ . . .

"အမေ. . ."

ကျွန်တော်ပြောလိုက်သောစကားအပြီးတွင် အမေ့မျက်နှာတွင် ခံစားမှုအရောင်တစ်ခု ဖြတ်ပြေးသွားသည်။ ကျွန်တော့်ဘက်သို့လှည့်၍ အမေပြောလိုက်သော စကားတစ်ခွန်းကြောင့် ကျွန်တော့်ရင်ဘတ်တစ်ခုလုံး 'ဝုန်းခနဲ' ဖြစ်သွားစေသည်။

"ဒီစကားကြားရပေမဲ့ အမေခံနိုင်ပါတယ်သားရယ်၊ အမေလည်း တရားနဲ့ဖြေတတ်ပြီပဲ နောက်ပြီး အမေ့သားက counseller (နှစ်သိမ့်ဆွေးနွေးသူ) တစ်ယောက်ပဲလေ"

ကျွန်တော်အမေ့အား နွေးထွေးစွာသိုင်းဖက်လိုက်သည်။ ကျွန်တော့်မျက်ဝန်းမှ ထိန်းမရတဲ့ မျက်ရည်တစ်ပေါက်(သို့) ကျွန်တော့် ရင်တွင်းခံစားချက်တစ်ခု အမေ့ပခုံးပေါ်သို့ ခုန်ထွက်သွားသည်။

♦

"ဆရာ. . ."

နံနက်စောစောပင် ရုံးခန်းအဝမှ ကြားလိုက်ရသောအသံကြောင့် ကျွန်တော်အခန်းဝကို မကြည့်ဘဲ ထိုအသံရှင်ကို သိလိုက်၏။

"ဪ. . . သမီးအစ်ကိုရော . . ."

ကျွန်တော့်အမေးကို သူမမဖြေသေးဘဲ ထိုင်ခုံတွင် ဝင်ထိုင်ကာ သူမထံမှ ကျွန်တော်မမြင်ဖူးသည့် မျက်ရည်တစ်ပေါက်. . . မဟုတ်ဘူး . . . တစ်ပေါက်ပြီး တစ်ပေါက်ပဲ ကျလာတော့သည်။

"သမီး. . . ဆရာ့ကို ပြောပါဦး"

"အစ်ကို ဆုံးပြီဆရာ၊ မနေ့ကပဲ . . . သူ့မိန်းမဖုန်းဆက်ပြောတယ် ဆရာ၊ AIDS နဲ့တဲ့. . ."

ပြောလည်းပြော ငိုလည်းငိုသည့် ကောင်မလေးအဖြစ်ကို ကျွန်တော်ကြည့်ရင်း ကျွန်တော့်ရင်ဘတ်ထဲက တစ်ခါမှမဖြစ်သေးဖူးတဲ့ ခံစားချက်က တဒိန်းဒိန်း ဖြစ်နေတယ်။

"အမေ့ကိုတော့ အဲသည်ရောဂါဆိုတာ မပြောလိုက်ဘူးဆရာ၊ သူ့မိန်းမကတော့ ငိုနေတာ တအားပဲ . . ."

"အို. . ."

"ဆရာသမီးရဲ့ အဖြေလွှာ . . ."

သူမပြောမှပင် ကျွန်တော်သတိရမိသည်။ သူမဆေးစစ်ချက်အဖြေလွှာ ကျွန်တော့်စားပွဲပေါ်တွင် ရောက်နေပြီပဲ။ စာအိတ်ကလေးနှင့်ပင်. . .။ ကျွန်တော် သူမအားကြည့်ရင်း . . .

"သမီး. . . counselling လုပ်ဦးမလား"

"ရတယ်ဆရာ. . . သမီးခံနိုင်ရည်ရှိပါတယ်၊ သမီးဘာကိုမှလည်း မမှုတော့ဘူး နောက်ပြီး သမီးလည်း ပညာတတ်တစ်ယောက်ပဲ"

ထိုစကားတစ်ခွန်းကြောင့်ပင် သူမသတ္တိကို ကျွန်တော်ချီးကျူးမိသည်။ ကျွန်တော့်လက်ထဲက သူမဆေးစစ်ချက်အဖြေလွှာကို သူမအားကမ်းပေးလိုက်သည်။ စာအိတ်ကို သူမယူကာ ဖောက်ကြည့်ဖို့ ပြင်စဉ်. . .

"သမီး. . . မဖောက်နဲ့သမီး တစ်ယောက်တည်းသာသိပါစေ၊ အပြင်ရောက်မှ တစ်ယောက်တည်း ကြည့်လည်း ရပါတယ်"

"ရပါတယ်ဆရာ၊ သမီးမှာရှိခဲ့ရင်လည်း ဆရာတစ်ယောက်လုံး ရှိတာပဲ၊ သမီးဘဝကိုရင်ဆိုင်ပြီး ဆေးသောက်ဖို့ ဆရာပဲ အကူအညီပေးပါ"

ကျွန်တော့်ရှေ့မှာပင် သူမစာအိတ်အား ဖွင့်ဖောက်လိုက်သည်။ သူမလက်ဖျားကလေးများ အနည်းငယ်တုန်ယင်နေသည်ကို ကျွန်တော် တွေ့လိုက်ရသည်။ သူမ မဆိုထားနှင့် ကျွန်တော်ကိုယ်တိုင်ပင် လက်ဖျားများအေးစက်လာ၏။ သူမစာအိတ်အားဖွင့်၍ အထဲမှ အဖြေလွှာခေါက်ကလေးအား လှန်ကြည့်လိုက်သည်။ သူမမျက်နှာ မည်သို့ပြောင်းလဲသွားသနည်း၊ ကျွန်တော် အသေအချာ သူမမျက်နှာအား အကဲခတ်ကြည့်နေမိသည်။

"ဆရာ. . ."

သူမမျက်ဝန်းထဲမှာ မိုးများသည်းထန်စွာရွာနေသည်ကို ကျွန်တော်မြင်လိုက်ရသည်။ သူမပါးပြင်ပေါ်တွင် ရေစီးကြောင်းအကြီးစားတစ်ခု ဖြစ်ပေါ်သွားသည်။ သူမမျက်ဝန်းထဲမှမိုးသည် ကျွန်တော့်ရင်ဘတ်ထဲသို့ လာရောက်ရိုက်ခတ်လေသည်။ သို့ပေမဲ့ သူမ၏နှုတ်ခမ်းထောင့်စွန်းလေးများသည် အပေါ်သို့ ကွေးညွတ်တက်လျက် . . .

"ဆရာ. . . ဆရာ. . . Negative (နဂ္ဂတစ်)တဲ့"

ထိုအပြုံးအား ကျွန်တော်ယခင်က မမြင်ဖူးပါ၊ ထိုကောင်မလေးမျိုးအား ကျွန်တော်မတွေ့ဖူးပါ။ သို့ပေမဲ့ . . . ထိုသို့ရင်ဆိုင်ရဲသောသူမကို ကျွန်တော်လေးစားမိသည်။ သူမအပြုံး၊ သူမ ကျွန်တော့်ဆီရောက်လာကတည်းက ယခုမြင်ဖူးသည့် သူမအပြုံး။ သူမအပြုံးသည် ဘဝတစ်ခုလုံးသူမ ပိုင်ဆိုင်သွားသည့် အပြုံးဖြစ်သည်။

၁ နှစ်ခန့်ကြာသောအခါ. . .

"စိတ်ဓာတ်မကျပါနဲ့ မောင်လေးရယ်၊ မောင်လေးဘေးမှာ မမတို့ရှိတယ်၊ မောင်လေးဘဝကို သက်တမ်းစေ့အောင် နေထိုင်နိုင်စေရမယ်"

counselling လုပ်နေသော ကောင်မလေးအား ကျွန်တော်တစ်ချက်လှမ်းကြည့်မိလိုက်သည်။ ကျွန်တော့်ရင်ထဲတွင် လှိုင်းတစ်ခု ရိုက်ခတ်သွားသည်၊ အဲသည်လှိုင်းသည်. . .။

ဘာမှမလိုပါဘူး. . .

ဘာမှမလိုအပ်ဘူး. . .

နွေးထွေးတဲ့ မျက်ဝန်းတစ်စုံ . . .

နွေးထွေးတဲ့ လက်တစ်စုံ. . .

နားလည်နိုင်တဲ့ နှလုံးသား . . .

သင်နဲ့ သူတို့အတွက်. . .

လူသားချင်းစာနာမှု. . .။

(ကျော်စွာအောင်)

ရင်နှင့်ရင်း၍

**အောင်မိုးသူ**

ကမ္ဘာမြေပေါ်ရောက်လာတဲ့ ကမ္ဘာအပြင်ဘက်က

# ဂြိုဟ်တစ်လုံး သို့မဟုတ်

# EXO

YATI KOREA

ဇင်မြင့်စံ



EXO လို့ဆိုရင် လက်ရှိကမ္ဘာမှာ အောင်မြင်မှုအရဆုံး ကိုရီးယားယောကျ်ားလေးအဖွဲ့တွေထဲမှာ တစ်ဖွဲ့လို့ သိမှာပါ။ EXO ဆိုတာကတော့ Exoplanet ဆိုတဲ့ စကားလုံးက ယူထားတာဖြစ်ပါတယ် ။ ကိုရီးယားမှာလည်း ၁၂ နှစ်တာအတွင်း အယ်လ်ဘမ်ရောင်းအားအမြင့်ဆုံး K-pop artist အဖြစ် XOXO, EXO အယ်လ်ဘမ်ရဲ့ Wolf နဲ့ Growl သီချင်းများနဲ့ နံပါတ်တစ်ရခဲ့ပါတယ်။ "Billboard 200" မှာ ပထမဆုံးဖော်ပြခံရတဲ့ ကိုရီးယား ယောကျ်ားလေးအဖွဲ့လည်း ဖြစ်ပါတယ်။ သုံးနှစ်ဆိုတဲ့ အဖွဲ့သက်တမ်းအတွင်းမှာ များပြားလှတဲ့ ကိုရီးယားက ယောကျ်ားလေး၊ မိန်းကလေးအဆိုတော်အဖွဲ့တွေကို ထိုးဖောက်ပြီး အောင်မြင်မှု တစ်ဟုန်ထိုးရလာခဲ့တဲ့အဖွဲ့ ဖြစ်ပါတယ်။





## ပါဝင်သူတွေ

သူတို့အဖွဲ့က ပေါ့ပ်၊ R & B တွေ သီဆိုကြပြီး အကမှာလည်း ပြောင်မြောက်လှပါတယ်။ EXO ကို EXO-K နဲ့ EXO-M ရယ်လို့ ၂ ဖွဲ့ ထပ်ခွဲထားပါသေးတယ်။ K ကတော့ ကိုရီးယား - M က မန်ဒရိန်း - တရုတ်ကို ကိုယ်စားပြုပါတယ်။တစ်ဖွဲ့စီမှာတော့ သွက်လက်တက်ကြွတဲ့လူငယ် ၆ ဦးစီပါဝင်ပေမဲ့ EXO-M က ခရစ်နဲ့ ကုမ္ပဏီတို့ ပြဿနာဖြစ်ပြီး ထုတ်ပယ်လိုက်တာကြောင့် စုစုပေါင်း ၁၁ ဦးဖြစ်ပါတယ်။ ကိုရီးယားအဖွဲ့ထဲမှာတော့ ဆူဟို၊ ဘက်ဟွန်း၊ ချိန်ယို၊ D.O ၊ ကိုင်း၊ ဆီဟွန်နဲ့ မန်ဒရိန်းအဖွဲ့မှာတော့ ရှူမင်၊ လူဟန်၊ လေး၊ ချင်နဲ့ Tao တို့ပါဝင်ကြပါတယ်။ ဘာသာစကားနှစ်မျိုးနဲ့ အဖွဲ့တွေကို ပိုင်ဆိုင်ထားလို့လည်း သူတို့ရဲ့ပရိသတ်အင်အားဟာ ပိုတောင့်လာရတယ်လို့ ထင်ရဖွယ်ရှိပါတယ်။





KRIS WU

SEHUN

SUHO

LUHAN

ZHANG YIXING

XIUMIN

## ကြော်ငြာမော်ဒယ်နဲ့သံတမန်

တရုတ်နဲ့ ကိုရီးယားမှာ သူတို့ရရှိခဲ့တဲ့ ဆုတွေများလွန်းတာကြောင့် သူတို့စတင်ထွက်ပေါ်လာတဲ့ ၂၀၁၂ ခုနှစ်ကတည်းက ကာလတိုလေးအတွင်း ယခုအထိ ဆုပေါင်း ၅၀ ကျော်သွားပြီဖြစ်ပါတယ်။ သူတို့ဟာ အဆိုအကအပိုင်းမှာတင်မက သရုပ်ဆောင်ခြင်းကိုလည်း အခွင့်ရသလို ကြိုးစားကြတဲ့အပြင် အဝတ်အထည် တံဆိပ်များစွာရဲ့ မော်ဒယ်လည်းဖြစ်ပါတယ်။ CK ဂျင်းရဲ့ မော်ဒယ်အဖွဲ့ဖြစ်သလို တောင်ကိုရီးယား ကျောင်းယူနီဖောင်း ၂၀၁၃ ခုနှစ်အတွက် Ivy club ရဲ့ သံတမန်များဖြစ်သလို Face Shop အလှကုန်ရဲ့ Chia seed ကြော်ငြာကို သရုပ်ဆောင်ခဲ့ရသူများဖြစ်ပါတယ်။ အဖွဲ့လိုက်တင်မက တစ်ဦးချင်းဟာလည်း ကိုကာကိုလာ၊ ဆမ်ဆောင်းပီစီ၊ ဟွန်ဒိုင်းမော်တာစတဲ့ လုပ်ငန်းကြီးများအတွက် ကြော်ငြာမော်ဒယ်လုပ်ပေးရသူများဖြစ်ပါတယ်။ ၂၀၁၃ - ၂၀၁၄ အစောပိုင်းမှာတော့ သူတို့အဖွဲ့ဟာ တောင်ကိုရီးယားရဲ့ လူကြိုက်များတဲ့ အဝတ်တံဆိပ်ဖြစ်တဲ့ Kolon Sport အရောင်းမြှင့်တင်ကြော်ငြာများ ရိုက်ကူးခဲ့ပါတယ်။ EXO - K ဟာ တောင်ကိုရီးယား ကြက်ခြေနီလူငယ်အဖွဲ့ရဲ့ သံတမန်များလည်းဖြစ်ပြီး ဂန်နမ်ခရိုင်ရဲ့ ဂုဏ်ပြုထိုက်တဲ့ သံတမန်များအဖြစ် သတ်မှတ်ခံရသူများလည်း ဖြစ်ပါတယ်။

## သူတို့က ဂေးတွေလား

EXO ထဲမှာ ဂေးတွေပါနေတယ်လို့ ကောလာဟလတွေကလည်း ၂၀၁၃ ခုနှစ်လောက်ကတည်းက ထွက်ပေါ်လာခဲ့ပါတယ်။ တစ်ယောက်ကိုတစ်ယောက် ကျား၊ မ အကြားမှာ မြင်ရလေ့ရှိတဲ့ ကြင်နာမှုမျိုးတွေ၊ အပြုအမူတွေ၊ လက်ချိတ်သွားမှုတွေစတဲ့ ရင်းနှီးလွန်းတဲ့လှုပ်ရှားမှုတွေကို ထောက်ပြပြီး သူတို့ကို အဲဒီလိုပြောခဲ့တာဖြစ်ပါတယ်။ အောင်မြင်တဲ့ ယောကျ်ားလေးအဖွဲ့၊ မိန်းကလေးအဖွဲ့တွေဖြစ်ပေါ်လာဖို့ ဖျော်ဖြေရေးကုမ္ပဏီကြီးတွေဟာ သူတို့ကို ငယ်ရွယ်လွန်းသေးတဲ့အချိန်ကတည်းကစပြီး ကာလတစ်ခုယူကာ လေ့ကျင့်ပေးပြီးမှ ပွဲထုတ်ကြတာဖြစ်လို့ အဖွဲ့သားတွေဟာ သာမန်ထက် ရင်းနှီးတတ်၊ ကလေးဆန်တတ်ကြပါတယ်။ နောက်ပြီး ကိုရီးယားက အနုပညာရှင်တွေဟာ ကျား၊ မ မရွေးမိတ်ကပ်ကို တအားသုံးစွဲကြပြီး ယောကျ်ားလေးများရဲ့ ဆံပင်စတိုင်အရောင်၊ အသားအရေနဲ့ အပြင်အဆင်ခြယ်မှုန်းမှုမှာလည်း မိန်းကလေးများထက် နောက်မကျန်ခဲ့ရလောက အောင် လိုင်နာ၊ နှုတ်ခမ်းနီနဲ့ လက်သည်းဆိုးဆေးတွေ မကျန်သုံးကြပါတယ်။ ဒီအကြောင်းအရင်းတွေက သူတို့ရဲ့ အပြုအမူတွေဟာ ယောကျ်ားလေးချင်းဆက်ဆံပြောဆိုမှုတွေမှာတောင် သိမ်မွေ့လွန်း၊ ရင်းနှီးလွန်းနေစေတာဖြစ်နိုင်သလို၊ သူတို့ရဲ့ စိတ်တွေကိုလည်း သက်ရောက်ကောင်း သက်ရောက် စေနိုင်ပါတယ်။ ဒါကြောင့် ဘယ်သူက EXO ထဲ မှာ ဂေးလည်းလို့ တိကျအောင်မပြောနိုင်ပေမဲ့ သူတို့ကို အဲဒီလိုထင်မြင်စရာ မြင်ကွင်းတွေကိုတော့ http://k-passion.tumblr.com/post/73886745260/so-which-members-of-exo-are-secretly-gay မှာ လှုပ်ရှားမှုနှင့်တကွ ကြည့်ရှုပြီး လေ့လာအကဲခတ် ကြည့်နိုင်ပါတယ်။ ဒါပေမဲ့ ခုထိတော့ ဘယ်သူမှတပ်အပ်မစွပ်စွဲနိုင်ကြသေးပါဘူး။

## ပရိသတ်ရဲ့ EXO

EXO ရဲ့ ပရိသတ်များဟာ ပြည်တွင်းရော ပြည်ပနိုင်ငံများမှာပါ အားပေးမှုများပြားပြီး သူတို့ကို ဘယ်လိုဝေဖန်မှုတွေပဲပြုနေနေ ၊ သံယောဇဉ်ရှိလှပါတယ်။ ဒါ့အပြင် သူတို့ဟာ ခရစ်အဖွဲ့က ထွက်သွားရမှုနဲ့ပတ်သက်ပြီး SM Entertainment ကို သိပ်မကျေနပ်လှပါဘူး။ နောက်ပြီး EXO ကို ဆက်လက်အားပေးမှုနဲ့ အတူ အနုပညာခရီးလမ်းကို ဆက်လက်လျှောက်နေတဲ့ ခရစ်ကိုလည်း အားပေးနေကြပါတယ်။ သူတို့အဖွဲ့ရဲ့ ပရိသတ်အင်အားကြောင့် ထိပ်တန်းတောင်ကိုရီးယား ယောကျ်ားလေးအဖွဲ့ဖြစ်တဲ့ စူပါဂျူနီယာရဲ့ ပြိုင်ဘက်ဖြစ်လာမလာလို့ စိုးရိမ်ရပေမဲ့ စူပါ ဂျူနီယာကတော့ သူတို့က EXO ကို ပြိုင်ဘက်လို့ မထင်ပါဘူးလို့ ဆိုခဲ့ပါတယ်။



EXO - K အဖွဲ့သားများ




EXO - M အဖွဲ့သားများ

## အင်တာဗျူးကောက်နုတ်ချက်

သူတို့ရဲ့နှုတ်က စကားလုံးများဟာ EXO အဖွဲ့သားတွေရဲ့ ခံစားမှုတွေ ထင်ဟပ်နေမှာဖြစ်လို့ ဒီလို အောင်မြင်မှုကိုအချိန်တိုတိုနဲ့ရခဲ့ပြီး လက်ရှိ အရှိန်အဟုန်မြင့်မားနေတဲ့ EXO ရဲ့အဖွဲ့သား EXO-K က Kai နဲ့ အင်တာဗျူးက ကောက်နုတ်ချက်ကိုလည်း ခံစားကြည့်ပေးပါဦး။

## EXO မှ Kai နှင့် အင်တာဗျူးတစ်ခုမှ

**မေး - EXO ဆိုတာတ နေစကြဝဠာစနစ်ရဲ့ အပြင်ဘက်က အဖွဲ့တစ်ဖွဲ့လို့ ညွှန်းတာမဟုတ်လား။သင့်ကိုယ်သင် ဒီကမ္ဘာရဲ့အပြင်ဘက်က လူလို့ ခံစားခဲ့ရဖူးတဲ့နောက်ဆုံးအချိန်က . . .**

ဖြေ - ကလေးတစ်ယောက်အနေနဲ့တုန်းတော့ သူများတွေကစားချင်တဲ့အချိန်မှာ ကျွန်တော်က ကနေ ဆိုနေချင်တာပဲ။ ဒါက ကျွန်တော်က ဒီကမ္ဘာကမဟုတ်တဲ့လူတစ်ယောက်လို ပုံစံထင်တယ်။

**မေး - အဖွဲ့သားတွေက တစ်ယောက်ကို အသွင်တစ်မျိုးနဲ့ ပြဿနာတွေရော . . .**

ဖြေ - EXO က ၁၂ ယောက်ရှိခဲ့တယ်။ ၂ ဖွဲ့ထပ်ခွဲတယ်။ အဲဒီကမှ ကျွန်တော်ပါတဲ့ အဖွဲ့ဘက်ဆိုရင် ခေါင်းဆောင်ဖြစ်တဲ့ ဆူဟိုက တာဝန်ရှိဆုံး။ Chanyeol က ရပ်ပ်ပါ၊ ဘက်ဟွန်နစ်က အားလုံးထဲမှာ သီချင်းအတော်များများကို ပါဝင်သီဆိုချင်တဲ့သူ၊ ကျန်တဲ့ ၂ ယောက်က ပျော်တတ်တယ်။ မတူတာတွေရှိပေမဲ့ အပြန်အလှန်လေးစားမှုရှိတယ်။ ဒါက အရေးကြီးဆုံးပဲလေ။

**မေး - EXO-K နဲ့ EXO-M အတူတွဲဖျော်ဖြေမှုတွေလုပ်နေမှာလား။**

ဖြေ- ဒါပေါ့ တစ်ခါတလေ ဘာသာစကားနှစ်မျိုးနဲ့ ဖျော်ဖြေကြတယ်လေ။

**မေး- Kai ရဲ့ဆမ်ဆောင်းကြော်ငြာသစ်ရဲ့ Mama သီချင်းရယ်ကြည့်ရတယ်၊ တော်တတတ်တယ်နော်၊ ဘယ်လိုလေ့ကျင့်ခဲ့လဲ၊**

ဖြေ - ၉ နှစ်သားမှာ စကပါတယ်။ ဂျွန်ဝင်ကနေ ဂျက်ဇ်အထိနဲ့ ဟစ်ပ်ပေါ့မကျန် ဂီတမျိုးစုံအတွက် စတိုင်မျိုးစုံနဲ့အကကိုသင်ယူရတာ အရမ်းအသုံးဝင်ပါတယ်။ နေ့တိုင်းလည်း လေ့ကျင့်ပါတယ်။ တိုးတက်ချင်ပါတယ်။

**မေး- ပေါ့ပ်စတားတစ်ယောက်အနေနဲ့ စိန်ခေါ်မှုအဖြစ်ဆုံးက . . .**

ဖြေ - အရမ်းကိုလှုပ်ရှားကြိုးစားရတဲ့ ရှိုးပွဲတွေဖျော်ဖြေရလို့ ကျန်းမာကြံ့ခိုင်ဖို့ အရေးကြီးဆုံးပါပဲ။ ဟာသဉာဏ်ရွှင်ဖို့နဲ့ အကောင်းမြင်တဲ့အတွေးရှိဖို့ အရေးကြီးသလို ပုံမှန်ပျော်ပျော်နေဖို့ပေါ့။

**မေး- ဘယ်အခါမှာ စိတ်သတ်သောင့်သတ်သာအဖြစ်ဆုံးလဲ၊**

ဖြေ- မိသားစုနဲ့ အတူရှိတဲ့အခါပေါ့။

**မေး- မရှိလို့မဖြစ်တဲ့ အရာ ၃ ခု၊**

ဖြေ - မိဘတွေပေးထားတဲ့ လက်ကောက်တွေနဲ့ MP3. ဂီတမရှိရင် ကျွန်တော်မနေတတ်လို့၊ နောက်တစ်ခုက နားကြပ်၊

ဖင်မြင့်စံ

# Bollywood NEWS

AKM

# လူကြိုက်အများဆုံးဘောလီးဝုဒ် ကြော်ငြာမင်းသမီးများ






## Sunny Leone (1981)


အင်ဒို - ကနေဒီယံနွယ်ဖွား Sunny Leone ဟာ ဘောလီးဝုဒ်ရုပ်ရှင်လောကမှာသာမက အိန္ဒိယကြော်ငြာလောကမှာပါ ရေပန်းစားနေသူပါ။ သူမဟာ ကမ္ဘာကျော်အဖော်အချွတ်လုပ်ငန်းစုကြီး တစ်ခုဖြစ်တဲ့ အမေရိကန်အခြေစိုက် Vivid Entertainment နဲ့ စာချုပ် ချုပ်ဆိုထားသူလည်း ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ရုံတင်ပြသခဲ့တဲ့ Jism 2 ဇာတ်ကားကြောင့် ပိုပြီးလူသိများခဲ့ပါတယ်။ Mankind ဆေးကုမ္ပဏီရဲ့ Manforce ကွန်ဒုံး ကြော်ငြာအတွက် အိန္ဒိယရှုပီ သန်း သုံးသောင်းကျော် ရရှိခဲ့ပါတယ်။






## BIPASHA BASU (1979)

အသက် ၃၅ နှစ်ကျော်ပေမဲ့ ဆွဲဆောင်မှုရှိဆဲ လှပနေဆဲ ဟိန္ဒူမင်းသမီး တစ်ဦးဖြစ်ပါတယ်။ သူမရဲ့ အအောင်မြင်ဆုံးဇာတ်ကားတွေထဲမှာ Razz (2002) , Jism (2003), No Entry (2005), Dhoom 2 (2006) စတဲ့ ဇာတ်ကားတွေ ပါပါတယ်။ သူမကို 'Sex Symbol' အဖြစ် မီဒီယာတွေမှာ မကြာခဏဖော်ပြကြပါတယ်။ ၂၀၁၃ ခုနှစ်ထုတ် The Times of India မဂ္ဂဇင်းကြီးရဲ့ 'So Most Desirable Women' မှာ အဆင့် ၇ ရရှိပါတယ်။ ၁၉၉၇ ခုနှစ်က ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Calida အတွင်းခံ ကြော်ငြာဟာလည်း လူပြောများခဲ့ပါတယ်။






## Ameesha Patel (1976)

အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပါတဲလ်ဟာ လိင်ဆွဲဆောင်မှုအရှိဆုံး ဘောလီးဝုဒ်မင်းသမီး တစ်ဦးဖြစ်ပါတယ်။ အိန္ဒိယနာမည်ကျော်မီဒီယာကြီးတစ်ခုဖြစ်သော Rediff က 2008's Sexiest Magazine Cover Girls တစ်ဦးအဖြစ် သတ်မှတ်ခဲ့သည်။ ကမ္ဘာကျော်ဇာတ်ကားများဖြစ်သော Om Shanti Om (2007)၊ Race (2013) နှင့် Shortcut Romen (2013) များတွင် ပါဝင်ထားပါတယ်။ သူမရဲ့ Komak Sahani ဘီကီနီကြော်ငြာဟာ လူသိများပါတယ်။





## (4) Katrina Kaif (1983)

အနုပညာကြေးအမြင့်ဆုံးရနေတဲ့ ဗြိတိသျှနွယ်ဖွား မင်းသမီးချောကိတ်ဖ်ဟာ ဆွဲဆောင်မှုအရှိဆုံး မင်းသမီး တစ်ဦး ဖြစ်ပါတယ်။ မော်ဒယ်မင်းသမီးဖြစ်တဲ့ ကိတ်ဖ်ဟာ Boom (2003)၊ Race (2003)၊ Blue (2009)၊ Bodyguard(2011)၊ Ek Tha Tiger (2012)၊ Dhoom 3 (2013) နှင့် Bang Bang! (2014) ဇာတ်လမ်းတွေမှာ အထူးပါဝင်သရုပ်ဆောင်ထားပါတယ်။






## Deepti Bhatnagar (1967)

အသက် ၄၆ နှစ်ရှိပြီဖြစ်တဲ့ ဒီပတီဟာ အိန္ဒိယနိုင်ငံမှာသာမက အခြားနိုင်ငံများမှာ ပြုလုပ်ကျင်းပတဲ့ ဖက်ရှင်ပြိုင်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုများစွာရရှိခဲ့ပါတယ်။ ချစ်ခင်နှစ်သက်ဖွယ်ကောင်းတဲ့ မျက်နှာအလှကို ပိုင်ဆိုင်ထားတဲ့ ဒီပတီဟာ ကြော်ငြာများစွာ ရိုက်ကူးခဲ့ပြီး ဖြစ်ပါတယ်။ အလှဘုရင်မအဖြစ် တင်စားခံရတဲ့ ဒီပတီဟာ ကွန်ဒုံးကြော်ငြာ တစ်ခုကြောင့် နာမည် ထိခိုက်ခဲ့ရပါတယ်။



## Padma Lakshmi (1970)

အမေရိကန်နွယ်ဖွား လက်ရှိမီးဟာ ဟင်းချက်နည်းစာအုပ်ရေးသူတစ်ဦးဖြစ်သလို အမေရိကန်နိုင်ငံမှာ Top Chef ထိပ်တန်းစားဖိုမှူး အစီအစဉ်ကိုဦးဆောင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူမဟာ ၂၀၀၉ ခုနှစ်မှာ Allure မဂ္ဂဇင်းကြီးအတွက် ဝတ်လစ်စလစ်ဓာတ်ပုံများ ရိုက်ကူးပေးခဲ့ပါတယ်။ Hardee အမှတ်တံဆိပ် ဘာဂါကြော်ငြာပါ သူမရဲ့သရုပ်ဆောင်ကွက်တွေဟာ ဝေဖန်ခံခဲ့ရပါတယ်။

## Pooja Bedi (1970)

မင်းသားကြီး Kabir Bedi နှင့် မင်းသမီးကြီး Protima Bedi တို့ရဲ့သမီးဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်မှာ အိန္ဒိယနိုင်ငံရဲ့ ဒုတိယအကြီးဆုံးကွန်ဒုံးအမှတ်တံဆိပ်ဖြစ်သော Kama Sutra ဈေးကွက်ဖြန့်ချိရာမှာ မင်းသား Marc Robinson နဲ့အတူ ပါဝင်ခဲ့သူဖြစ်ပြီး သူမကိုလည်း Kamasutra အမျိုးသမီးလေးအဖြစ် လူသိများခဲ့ပါတယ်။






# မင်းသမီးကြီးအာဇမီ ISA ဂျူရီအဖွဲ့ဝင်ဖြစ်

အကယ်ဒမီငါးဆုရှင် မင်းသမီးကြီး Shabana Azmi သည် Isa ဆုရွေးချယ်ရေးအဖွဲ့တွင်ဂျူရီလူကြီးအဖြစ် ဆောင်ရွက်ရန် ဘာရိန်းနိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၉ ရက်နေ့ကထုတ်ဖော်ပြောကြားခဲ့သည်။

ယင်း Isa ဆုကို ဘာရိန်းဘုရင်ကြီး Hamad bin Isa Ai Khalifa က ၂၀၀၉ ခုနှစ်က စတင်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ လူသားအကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းများကို ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။ နှစ်နှစ်တစ်ကြိမ် ပေးအပ်ချီးမြှင့်သော Isa ဆုအဖြစ် ဂုဏ်ပြုလွှာတစ်စောင်၊ ရွှေတံဆိပ်တစ်ခုနှင့် အမေရိကန်ဒေါ်လာ တစ်သန်း ပါဝင်ပါသည်။

ဘောလီးဝုဒ်မင်းသမီးကြီး Shabna Azmi ကို ၁၉၅၀ ခုနှစ်မှာ မွေးဖွားခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ရုပ်ရှင်လောကသို့ စတင်ဝင်ရောက်ခဲ့သည်။ သူမကို အတော်ဆုံးမင်းသမီးတစ်ဦးအဖြစ် သတ်မှတ်ကြသည်။ Azmi သည် အမျိုးသမီးအခွင့်အရေးနှင့် လူမှုရေးတက်ကြွလှုပ်ရှားသူတစ်ဦး ဖြစ်သလို ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ စေတနာ့သံတမန်တစ်ဦးလည်း ဖြစ်သည်။ အိန္ဒိယအထက်လွှတ်တော် (Rajya Sabba) အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

# ကရီနာကပူးရဲ့ ကြော်ငြာအသစ်

ဘောလီးဝုဒ်မင်းသမီးချော Kareena Kapoor သည် စက်တင်ဘာ ၂၄ ရက်နေ့တွင် ကမ္ဘာကျော် Head Shoulders ၏ Brand Ambassador အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ကပူးသည် Head & Shoulders ခေါင်းလျှော်ရည်အတွက် Pyaor Mein No Side Effects လှုပ်ရှားမှုကို မွန်ဘိုင်းမြို့တွင် ပြုလုပ်ပေးခဲ့သည်။

အသက် ၃၄ နှစ်ရှိပြီဖြစ်သော ကရီနာကပူးသည် ဘောလီးဝုဒ်၏ အနုပညာကြေးအမြင့်ဆုံး ရရှိသူဖြစ်ပြီး Asoka (2001)၊ Jab We Met (2007)၊ 3 Idiots (2009)၊ Heroine (2012) စသည့် ဇာတ်ကားများတွင် လူကြိုက်များခဲ့သူ ဖြစ်သည်။

ကရီနာကပူးသည် ကမ္ဘာကျော်ကုန်ပစ္စည်း အမှတ်တံဆိပ်များဖြစ်ကြသော Anne French၊ Citizen Eco-Drive Watches၊ Dulux Velvet Paint၊ Garnier၊ Globus၊ Lux၊ Vivel၊ Pepsi၊ Airtel၊ Boro Plus၊ Mahindra & Mahindra၊ Geetanjali Jewels တို့ရဲ့ Brand Ambassador လည်း ဖြစ်သည်။







# သမီးဦးလေးရိုစ်နဲ့ပျံ့ပျော်ကြည်နူးနေတဲ့
# ညှို့မှင်းသမီးချော
# စကားလက်ဂျိုဟန်ဆင်

ရဲသစ်

Playboy မဂ္ဂဇင်းမျက်နှာဖုံးမှာ ရင်ခုန်စရာ အလှအပတွေကို လှစ်ဟပြရဲခဲ့တဲ့ ညှို့မင်းသမီး တွေအကြောင်း ပြောမယ်ဆိုရင် လောလောဆယ် ဟောလိဝုဒ်ဝင်ငွေအကောင်းဆုံး မင်းသမီးစာရင်း မှာ ပါဝင်ဆဲဖြစ်တဲ့ စကားလက်ဂျိုဟန်ဆင်ကို ချန်လှပ်ထားလို့ မရနိုင်တာ အားလုံးအသိပါပဲလို့ Sugar က ကောင်းချီးပေးလာတာဟာ အကြောင်း ရင်းတော့ ရှိပါတယ်။ Maxim Hottest Star အဖြစ်နဲ့ပွဲလယ်တင့် နေသူ စကားလက်တစ်ယောက် အနုပညာ နယ်ပယ်မှာ အောင်မြင်ဆဲဆိုတာကို အသိ ပေးလိုခြင်းဖြစ်သလိုအတူနေချစ်သူ ရိုမီ ယန်နဲ့ စကားလက်တို့ဘဝထဲကို သမီး ငယ်လေး Rose Dorothy အလည်အပတ် ရောက် ရှိတဲ့ သတင်းကိုပါ ဖွင့်ပေးလိုခြင်း ဖြစ်ပါတယ်။ အချစ်များတဲ့ အလှနတ်သမီး တစ်ပါးပါလို့ ပါပရာဇီတွေတင်စားရတဲ့ စကားလက်ဟာ ပထမ အိမ်ထောင် ကနေ ဒါမင်းသားရိုင်ယန်ရေးနိုးလ်နဲ့ရင်သွေး တစ်ဦးမှမရရှိခဲ့တာကြောင့် အခုဒုတိယ အိမ်ထောင်ဖက်နဲ့ သမီးဦးလေးရှိခွင့်ရခဲ့တဲ့ သတင်းဟာ ရောင်းရင်းတွေအတွက်ရော လောလောဆယ်လူကြိုက်များနေတဲ့ Lucy ပရိသတ်တွေ အတွက်ရော ကြည်နူး ချမ်းမြေ့စရာ မင်္ဂလာသတင်း တစ်ပုဒ်ဖြစ်ခဲ့ ရတာ အမှန်ပါပဲ။

ပြင်သစ်ဒါရိုက်တာ လမ်ဘင်ဆင်ရဲ့

> “ရင်သွေးလေးရလာပေမဲ့
> ရိုက်ကွင်းကို ကျောခိုင်းသွားဖို့တော့
> စိတ်ကူးမရှိပါဘူး
> နှစ်သစ်အတွက်
> ကားသစ် **Avengers**
> အသင့်ရှိနေတော့
> လောလောဆယ် ခဏနားလိုက်တာပါ
> ရိုမီယန်ကလည်း ကလေးရှူးဆိုတော့
> သမီးကို လက်ကမချဖြစ်နေတာလေ ●
> ဖြစ်နိုင်ရင်
> သားသားလေးတစ်ယောက်တော့
> ထပ်လိုချင်ပါသေးတယ် . . .



ရင်တွင်းဖြစ် အက်ရှင်ဇာတ်ကြမ်း Lucy ဟာ တကယ်လည်း လျှို့ဝှက်သည်းဖို ပရိသတ်တွေကြားမှာ အောင် မြင်မှု မှတ်တိုင်စိုက်ထူနိုင်ခဲ့ပါတယ်။ ထိုင်ဝမ်မှာ လာရောက်ပညာသင်ကြားနေသူအမေရိကန် တက္ကသိုလ်ကျောင်းသူချောလေး လူစီတစ်ယောက် boy - firend နဲ့ ပတ်သက်ပြီး အာရှမြေအောက် ဒုစရိုက်ဂိုဏ်းရာဇာတွေနဲ့ ထိတွေ့ပတ်သက်ရပုံတွေကို ရိုက်ချက်ဆန်းဆန်းတင်ပြပုံလန်းလန်းနဲ့ ပွဲထွက်ခဲ့တာကြောင့် ကုန်ကျစရိတ် ဒေါ်လာသန်း ၇၀ သာရှိခဲ့ပေမဲ့ လောလောဆယ်ပြသငွေ ဒေါ်လာ သန်း ၃၀၀ နီးပါးရနေတာက သက်သေပြနေခြင်းပါပဲလို့ Total က Lucy ရဲ့ ကောင်းသတင်းကို ရည်ညွှန်းထားပါတယ်။ ဂန္ထဝင်ဒါရိုက်တာ ဟစ်ချ်ကော့ရဲ့ ဇာတ်ကားဟောင်းကို ပြန်လည် ဆန်းသစ်ခဲ့တဲ့ Hitchcock ဟာထင်သလောက် အောင်မြင်မှုမရခဲ့ပေမဲ့ မာဗယ်ကာတွန်းဇာတ်လမ်း တစ်ပုဒ်ဖြစ်တဲ့ Captain America ဟာတော့ ပေါက်ချက်ပြင်းခဲ့ပြီး စကားလက်ဟာ ဇာတ်ကားတစ်ကား ဒေါ်လာသန်း ၂၀ ပေးရတဲ့ စူပါစတားမင်းသမီးတစ်လက်ဘဝမှာ ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့တာ အတုယူအားကျစရာလို့ ဆိုရဦးမှာပဲ မဟုတ်ပါလား။ မကြာခင်ရောက်ရှိလာမယ့် ၂၀၁၅ နှစ်သစ်အတွက်လည်း စကားလက်ဟာ Avengers; Age of Ultron ရိုက်ကူး ပြီးစီးခဲ့ပြီ ဖြစ်တာကြောင့် ဇာတ်ကားတွေ မနားတမ်းရိုက်နေတဲ့ ဟောလိဝုဒ်ငွေကြယ်ပွင့်တစ်ပွင့်ပါလို့ တင်စား နေကြရခြင်းပါပဲ။

နယူးယောက်မြို့ကြီးမှာ မွေးဖွားကြီးပြင်းခဲ့သူ စကားလက်ဟာ ဒိန်းမတ်ဗိသုကာပညာရှင် ဖခင်နဲ့ ဇာတ်ညွှန်း ရေးဆရာမမိခင်တို့ကနေ ပေါက်ဖွား လာသူဖြစ်ပြီး မိခင်ဖြစ်သူရဲ့ အနုပညာသွေးက သူမဆီမှာ





အပြည့်အဝပါရှိလာတာလို့ ဆိုရမယ့် သူပါပဲ။ ဘိုးဘွားတွေက ပိုလန်ကနေ ပြောင်းရွှေ့

“

မွေးချင်းမောင်နှမ
၄ ဦးထဲမှာ အစ်မကြီးဖြစ်သူ
ဗင်နက်ဆာကလည်း
သရုပ်ဆောင်တစ်ယောက်ဘဝကို
ရွေးချယ်ခဲ့ပြီး
စကားလက်ကတော့
ကမ္ဘာကျော်တစ်ယောက်ဘဝကို
လှမ်းတက်ခွင့်ရခဲ့တာကိုလည်း
တစ်မိပေါက်
တစ်ယောက်ထွန်းစကားလိုပါပဲလို့







အခြေချလာသူ ဂျူးတွေဖြစ်ကြပြီး ဖခင်ရဲ့ဥရောပသွေးနဲ့ ဂျူးသွေးစပ်တာကြောင့် စကားလက်ရဲ့ အလှဟာ ရင်ဖို စရာကောင်းတာပါလို့ဆိုသူက ဆိုကြပါတယ်။ မွေးချင်း မောင်နှမ ၄ ဦးထဲမှာ အစ်မကြီးဖြစ်သူ ဗင်နက်ဆာ ကလည်း သရုပ်ဆောင်တစ်ယောက်ဘဝကို ရွေးချယ် ခဲ့ပြီးစကားလက်ကတော့ ကမ္ဘာကျော်တစ်ယောက် ဘဝကို လှမ်းတက်ခွင့်ရခဲ့တာကိုလည်း တစ်မိပေါက် တစ်ယောက်ထွန်းစကားလိုပါပဲလို့ OK က ဆိုလာပါတယ်။ ပြည့်စုံကြွယ်ဝတဲ့အသိုင်းအဝိုင်းက ဆင်းသက်လာသူဖြစ် တာကြောင့် ထိပ်တန်းသရုပ်ဆောင်အများစုလို အောင်မြင် မှုစင်မြင့်ထက်ကို သိပ်ကြီးခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း အားမစိုက်ခဲ့ရပဲ အချိန်ကာလတိုတစ်ခုအတွင်း ငွေကြယ်ပွင့် သစ်တစ်ယောက်ဘဝကို ပိုင်ဆိုင်ခွင့်ရခဲ့တာကိုတော့ ဇာတ် ဆရာအလိုကျ ဖြစ်လာရတာပါလို့ နားလည်ပေးရဦးမှာပဲ မဟုတ်ပါလား။

မော်ဒယ်သစ်တစ်ယောက်အဖြစ်နဲ့ အနုပညာနယ်ပယ် ကို စတင်ခြေချလာခဲ့သူ စကားလက်ဟာ နာမည်ကြီး

Esguire မဂ္ဂဇင်းရဲ့ Sexiest Woman Alive အဖြစ် ရွေးချယ်ခံရ အပြီးမှာတော့ သရုပ်ဆောင်လိုင်းကို ဝင်ဆံ့ဖို့ အကြောင်းဖန်လာခဲ့တာကလည်း တကယ့်ကို မယုံကြည်နိုင်စရာပါလို့ ဆိုရဦးမှာပါပဲ။ North ဇာတ်ကားဟာ မင်းသမီးသစ်လေး စကားလက်ရဲ့ ပွဲဦးထွက်ဇာတ်ကားဖြစ်ပြီး Manny & Lo နဲ့ Home Alones ဇာတ်ကားတွေကတော့ ခပ်လန်းလန်းမင်းသမီးသစ်ကို ပရိသတ်တွေအ သိအမှတ် ပြုခဲ့ရတဲ့ကားတွေပါပဲ။ နာမည်ကြီး Lost In Translation ကတော့ အလန်းဇယားစကားလက်ကို ဟောလီးဝုဒ်အသိုင်းအဝိုင်းက နေရာပေးခဲ့ရတဲ့ အနုပညာမြောက်ဇာတ်ကားဖြစ်ပြီး နောက်ပိုင်းရိုက်ခဲ့တဲ့ The Island တို့၊ The Black Dahlia Iron Man 2 Vicky Chrislina Bareelona တို့ကတော့ ထိပ်တန်းမင်းသမီးဘဝကို ပိုင်ဆိုင်ခွင့်ပေးခဲ့တဲ့ ပေါက်ဇာတ်ကားတွေပဲ မဟုတ်ပါလားလို့ ဟယ်လိုက မေးခွန်းထုတ်လာပါတယ်။ အဲလို ဝါသနာပါပေမဲ့





အကြောင်းကြောင်းကြောင့် အသံ သွင်းစတူဒီယိုနဲ့ ဝေးကွာခဲ့ရသူ ဟောလီးဝုဒ်နှင်းဆီ စကားလက်ဟာ Vanity Fair နဲ့ တွေ့ဆုံခန်းမှာ သူမပရိသတ်တွေကို အခုလို ရင်ဖွင့်စကားဆိုသွားပါတယ်။ "ရင်သွေးလေးရလာပေမဲ့ ရိုက်ကွင်းကို ကျောခိုင်းသွားဖို့တော့ စိတ်ကူးမရှိပါဘူး။ နှစ်သစ်အတွက် ကားသစ် Avengers အသင့်ရှိ နေတော့ လောလောဆယ် ခဏနားလိုက်တာပါ။ ရိုမီယန်ကလည်း ကလေးရှုးဆိုတော့ သမီးကို လက်ကမချဖြစ်နေတာလေ။ ဖြစ်နိုင်ရင် သားသားလေးတစ်ယောက်တော့ ထပ်လိုချင်ပါသေးတယ်။ ဘဝခရီးရှည်ကို နားလည်မှုပြည့်ဝတဲ့ လက်တွဲဖော်နဲ့ လျှောက်လှမ်းခွင့်ရတာဟာ ကံကောင်းခြင်း တစ်ပါးပါပဲ။ ပရိသတ်တွေရဲ့ အားပေးမှုမရှိခဲ့ရင် အခုလိုဘဝကို ပိုင်ဆိုင်ခွင့်ရမှာမဟုတ်ဘူးလို့ပဲ ယုံကြည်ပါတယ်" လို့ ပွင့်ပွင့်လင်းလင်း ကျေးဇူးစကားဆိုသွားပါတယ်။ တစ်သားမွေး တစ်သွေးလှသူလို့ တင်စားခံရသူစကားလက်ရဲ့ မင်္ဂလာသတင်းကို နားစွင့်ရင်း Age of Ultron ဇာတ်ကားကို စောင့်မျှော်အားပေးကြပါစို့လား။

ရဲသစ်

# Profile

| | |
|---|---|
| အမည် | စကားလက်ဂျိုဟန်ဆင် |
| ဇာတိ | နယူးယောက် |
| သက္ကရာဇ် | ၂၂ ၊ ၁၁ ၊ ၈၄ |
| အရပ် | ၅ ပေ ၅ လက်မ |
| ဆံပင် | နီညို |
| မျက်လုံး | ပြာ |
| အိမ်ထောင် | ၂ ဆက် |
| ရင်သွေး | ၁ ယောက် |
| ပေါက်ဇာတ်ကား | Lucy |
| လက်ရှိနေထိုင် | ပါရီ |
| ဇာတ်ကားသစ် | ထယ်နညါနမျ |
| ထူးခြားချက် | Global Ambassador for Oxfam |

# INT'L MUSIC NEWS

PHYO PHYO

## Dating ဟာ စိတ်ကူးထဲမှာ နောက်ဆုံးအရာဆိုတဲ့ တေလာဆွစ်ဖ်




တေလာဆွစ်ဖ်မှာ တအံ့တသြဖြစ်စရာလေးရှိနေပါပြီ။ သူမဆိုတဲ့ အသည်းကွဲသီချင်းလေးတွေကြောင့် လွမ်းတေးသီသူလို့ နာမည်ရနေခဲ့ပေမဲ့ အခု တစ်ကိုယ်တည်းပျော်ရွှင်မြူးထူးနေတဲ့ ပေါ့ပ်စတားလေးဖြစ်နေပါတယ်။ Shake it Off သီချင်းရှင်လေးမှာ ကိုယ်ပိုင်ဟန်လေးနဲ့ပဲ မြူးကြွလှုပ်ရှားတယ်။ ယိမ်းနွဲ့ကခုန်နေပါတယ်။ အင်္ဂလိပ်သတင်းစာ Vogue ရဲ့ မျက်နှာဖုံး နိုဝင်ဘာလမျက်နှာဖုံးအသစ်မှာ ဆွဲဆောင်မှုပြည့်ဝတဲ့အကြည့်၊ ပြုံးယောင်ယောင်နှုတ်ခမ်းလေးနဲ့ လန်းဆန်းလှတဲ့ ကမ်းထရီး-ပေါ့ပ်အဆိုရှင်လေးကို မြင်တွေ့ရဦးမယ်။ မဂ္ဂဇင်းထဲမှာ သူမ ဘာကြောင့် အဲဒီလို ပျော်ပျော်ရွှင်ရွှင် တစ်ကိုယ်တည်းဘဝကို ပိုင်ဆိုင်ထားသလဲဆိုတာ ရှင်းပြထားပါသေးတယ်။ “dating ဒါမှမဟုတ် တစ်ဦးတစ်ယောက်ကိုဖွေရှာခြင်းဆိုတာတွေဟာ ကျွန်မစိတ်ထဲမှာ နောက်ဆုံးမှာရှိနေတဲ့အရာပါ။ ဘာကြောင့်လဲဆိုတော့ ကိုယ်ပိုင်ပုံစံနဲ့နေထိုင်တဲ့ ကျွန်မဘဝမှာ သူတို့ ဘယ်လိုမွမ်းမံခြယ်လှယ်မလဲ၊ ကျွန်မ ပုံဖော်ကြည့်လို့မရနိုင်ဘူး”တဲ့။ ဆွစ်ဖ်ရဲ့ အချစ်ဟောင်းတွေမှာဆိုရင် Jake Gyllenhaal, Joe Jonas, Taylor Lautner နဲ့ Harry Styles တို့လို ကျော်ကြားသူတွေအပြင် တခြားဆုံတွေ့တဲ့သူတွေအများကြီးရှိခဲ့ပေမဲ့ အခုထိ ဆွစ်ဖ်ဟာ တစ်ကိုယ်တည်းဘဝမှာပဲ ပေါ့ပေါ့ပါးပါး ပျော်ရွှင်နေဆဲပါ။

ကင်မရာတွေလွယ်ထားကြတဲ့ အမျိုးသား ၂၀ ဦးအရှေ့မှာ အဲဒီအမျိုးသား ဘယ်လိုလျှောက်လှမ်းမလဲ။ သူ့ရဲ့ မိန်းကလေးကို သူ မကာကွယ်နိုင်ဘူး။ ဒါ သူမရွေးချယ်ထားခဲ့တဲ့ဘဝပါလို့ ဆွစ်ဖ်ကပြောပါတယ်။ အချစ်ကို လက်မြှောက် အရှုံးပေးလိုက်ပြီလို့တော့ မတွေးထင်လိုက်ပါနဲ့ဦးလို့လည်း ဆိုတယ်။ Shake it Of စင်ဂယ်လ်သီချင်းအပါအဝင် အသစ်ထွက်ရှိမယ့်အယ်လ်ဘမ်အတွက် ပြောင်းလဲမှုတွေ အများကြီးနဲ့ သူမကြိုးစားထားတယ်။ ဒီနေ့ထက်ထိ သူမ ပုံဖော်ထုဆစ်ခဲ့ဖူးတဲ့သီချင်းအမျိုးအစားအားလုံးနဲ့ မတူဘဲ၊ လုံးဝပြောင်းလဲပြီး ဖန်တီးထားတယ်။ အယ်လ်ဘမ်အသစ်ကြောင့် ကန်းထရီးသီချင်းအမျိုးအစားကနေ ပေါ့ပ်ဂီတအမျိုးအစားကို ကူးပြောင်းတော့မယ်လို့ ဆွစ်ဖ်ရဲ့ကန်းထရီးပရိသတ်တွေက ညည်းညူနေကြပေမဲ့ ဆွစ်ဖ်ကတော့ ဒီလိုပြောပါတယ်။ “ပရိသတ်တွေရဲ့ အကြိုက်၊ ခံစားချက်တွေကို အနာတရမဖြစ်စေချင်ပါဘူး။ ၁၄ နှစ်အရွယ်ကတည်းက နေထိုင်ခဲ့တဲ့ Nashville ကိုလည်း ဘယ်တော့မှ သစ္စာမဖောက်ဘူး။ ဒါပေမဲ့ ဒါဟာ အနုပညာရှင်တစ်ဦး စိန်ခေါ်မှုတစ်ရပ်ဆီ လက်ကမ်းလိုက်တာပါ”တဲ့။ ဆွစ်ဖ်ရဲ့ ၅ ခုမြောက်အယ်လ်ဘမ်အသစ် ၁၉၈၉ ဟာ အောက်တိုဘာ ၂၇ မှာ ထွက်ရှိပါလိမ့်မယ်။ Shake it Off ကို ဆွစ်ဖ်၊ မက်စ်မာတင်နဲ့ ရှဲလ်ဘက်ခ်တို့ အတူရေးသားခဲ့ပါတယ်။




## ဒေါက်တာဇီဗားဂိုး ဘရော့ဒ်ဝေးကဇာတ်ရုံကို ခြေလှမ်းပြင်နေပြီ

စင်ဒရဲလား နောက်ဆုံး version ဟာ ဘရော့ဒ်ဝေးကဇာတ်ရုံမှာ မကြာမီ တင်ဆက်ပြသ ပါလိမ့်မယ်။ ဒါပေမဲ့ ပြဇာတ်သီချင်းဖျော်ဖြေတင်ဆက်ပုံတွေ ကြိုက်နှစ်သက်ကြတဲ့ပရိသတ်ရဲ့ စိတ်ဝင်စားမှုအားလုံးကို သိမ်းကျုံးယူဆောင်နိုင်မယ့် တခြား ဂီတပြဇာတ်တစ်ခုကလည်း အဆင်သင့်ဖြစ်နေပါပြီ။ အဲဒီဂီတပြဇာတ်ကတော့ ၁၉၆၅ ခုနှစ်က နာမည်ကျော်ကြားလှတဲ့ ရုပ်ရှင် Doctor Zhivago ကို ပြဇာတ်အသွင်ပြောင်း တင်ဆက်မယ့်ပြဇာတ်ပါ။ ၁၉၄၀ နှောင်းပိုင်း ၁၉၅၀ အစပိုင်းကာလ၊ ဒုတိယကမ္ဘာစစ်နဲ့ ရုရှား တော်လှန်ရေးနောက်ခံထားတဲ့ ရုပ်ရှင် Doctor Zhivago ကို musical version



အဖြစ် ပြောင်းလဲပြီး ဘရော့ဒ်ဝေးကဇာတ်ရုံမှာ ကပြမှာ ဖြစ်ပါတယ်။ ပြဇာတ်မှာ ပါဝင်သီဆိုသရုပ်ဆောင်မယ့်သူတွေကို မကြာမီကြေညာပါလိမ့်မယ်။ Doctor Zhivago ၁၀စုနှစ်များစွာ လက်ရှိခေတ်ကာလတိုင်အောင် ပေါ်ပြူလာဖြစ်နေဆဲ ရုပ်ရှင်ပါ။ အကယ်ဒမီဆု ၅ ဆုနဲ့ တခြားဆု ၅ ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ပါတယ်။ ရုပ်ရှင်ရိုက်ကူးခဲ့တဲ့ ဇာတ်လမ်း၊ မူရင်းဝတ္ထုကို စာပေနိုဘယ်လ်ဆုရှင် ရုရှားကဗျာဆရာ ဘောရစ် ပါစတာနက်ခ် ရေးသားခဲ့ပြီး အဲဒီ Doctor Zhivago ဝတ္ထုကို ၁၉၅၇ မှာ ထုတ်ဝေခဲ့ပါတယ်။

## မိုက်ကယ်ဂျက်ဆင်ရဲ့ Thriller တွေ 3-D အဖြစ် အသက်ဝင်တော့မယ်




Jackson Estate နဲ့ ဒါရိုက်တာ ဂျွန်လန်ဒစ်တို့ အငြင်းပွားမှုဟာ ကျေအေးပြီးပြတ်သွားတာကြောင့် ဗီဒီယိုရိုက်ကူးဖြန့်ချိဖို့ကိစ္စတွေ ရှေ့ဆက်နိုင်ပါပြီ။ လာမယ့်နှစ်မှာ ပြသနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ မိုက်ကယ်ဂျက်ဆင်ရဲ့ အဲဒီနှစ်တွေက ဈေးအကြီးမြင့်ဆုံး clip ဖြစ်ခဲ့တဲ့ ၁၄ မိနစ်စာ Thriller ဗီဒီယိုကို Blu-ray နဲ့ ထုတ်လုပ်ဖို့မျှော်လင့်ထားပြီး ရုပ်ရှင်ရုံတွေမှာပါ ပြသဖို့ စီစဉ်ညှိနှိုင်းမှုတွေ အသေးစိတ်လုပ်နေတုန်းပဲလို့ ဒါရိုက်တာ ဂျွန်လန်ဒစ်က New York Daily News သတင်းစာကို ပြောပါတယ်။ ၂၀၀၉ ခုနှစ် ဂျက်ဆင်မသေဆုံးခင် ခြောက်လခန့်မှာ လန်ဒစ်ဟာ Thriller ဗီဒီယိုနဲ့ ပတ်သက်ပြီး ဂျက်ဆင်တစ်ယောက် မရိုးမသား၊ အငြိုးထားပြီး ကြမ်းတမ်းဆိုးရွားတဲ့အပြုအမူမျိုးတွေနဲ့ စီစဉ်ခဲ့တယ် ဆိုတဲ့ စွပ်စွဲချက်တွေကိုင်စွဲပြီး တရားစွဲဆိုခဲ့တယ်။ လန်ဒစ်ဟာ အဲဒီဗီဒီယိုရဲ့ အသားတင်အမြတ် ၅၀ ရာခိုင်နှုန်း၊ ဒေါ်လာ ၁ သန်းဝန်းကျင် ရယူခဲ့တယ်ဆိုတဲ့ ကောလာဟလတွေလည်း ထွက်ခဲ့ပါတယ်။ "အမှုအခင်းကိစ္စဟာ နှစ်တွေ တော်တော်ကြာသွားခဲ့တယ်။ ဒါပေမဲ့ အခုပြီးပြတ်ခဲ့ပြီ။ နောက်ဆုံးတော့ သူတို့ ကျွန်တော့်ကို အပြည့်အဝပေးကြပါပြီ။ အဲဒီတော့ Thriller နဲ့အတူ တစ်ခုခု စလုပ်တော့မယ်။ Thriller ကို အရည်အသွေးမြင့်မြင့်ဖြစ်အောင်ပြန်ပြီးအရောင်တင်မယ်။ 3-D နဲ့ ကြီးမားတဲ့ screen မှာ မြင်တွေ့ရမှာ အင်မတန် စိတ်လှုပ်ရှားစရာပါ" လို့ လန်ဒစ်က ပြောပါတယ်။ ဂျက်ဆင်ကိုယ်တိုင်ကလည်း Thriller ကို 3-D အဖြစ် This is It မှာ ပါဝင်စေချင်ခဲ့တယ်လို့ Daily News က သတင်းမှာဖော်ပြခဲ့တယ်။ အဲဒီသတင်းမှာပဲ Thriller ဗီဒီယိုဂိမ်းထုတ်လုပ်ဖို့လည်း Estate က ဆုံးဖြတ်ထားတယ်လို့ ရေးထားပါတယ်။ Michael Jackson's Moonwalker အမည်ရှိတဲ့ ဗီဒီယိုဂိမ်းတွေကို U.S. Gold ဂိမ်းကုမ္ပဏီက ၁၉၈၉ ခုနှစ်မှာ ထုတ်ဝေခဲ့ပါသေးတယ်။

## အိပ်မက်ကျောင်းမှာ ဆရာလုပ်မယ့် 50 Cent

"ဒါဟာ သင့်ရဲ့ ထင်ရှားကျော်ကြားမှုကို မှန်ကန်တဲ့နည်းလမ်းနဲ့ အသုံးချဖို့ အခွင့်အရေးပါ" အမေရိကန် ရက်ပ်အဆိုတော် 50 Cent က ပြောပါတယ်။ 50 Cent ဟာ ပြီးခဲ့တဲ့ ၄ နှစ်က လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်မယ့် ပူးပေါင်းပါဝင်မှုအဖြစ် ခရစ်ယာန်ပွဲတော်တစ်ခုမှာ ပါဝင်ခဲ့ပါတယ်။ "ကျွန်တော်ရဲ့ အရည်အသွေးကို စတင်တန်ဖိုးဖြတ်လိုက်တယ်။ ပြီးတော့ လူတွေ ကျွန်တော့်ကို ဘယ်လိုနည်းနဲ့ သတိရစေနေချင်လဲ။ အမိုက်စားသီချင်းတွေ ခပ်များများဖန်တီးတဲ့ ငနဲအဖြစ်လည်းမဟုတ်ဘူး။ ရုပ်ရှင်၊ တီဗီဇာတ်လမ်းတွဲတွေမှာ အပျံစားဇာတ်ကောင်နေရာတွေ သရုပ်ဆောင်နေတဲ့ ငနဲအဖြစ်လည်း မဟုတ်သေးဘူး။ ဒါပေမဲ့ တခြားသူတွေကို အကောင်းဆုံး အကူအညီပေးနေတဲ့လူတစ်ဦးလို သတိရနေစေချင်တယ်။ ၂၀၀၉ ခုနှစ်က ထွက်ရှိခဲ့တဲ့ Before I self Destruct အတွက် ဂီတနဲ့ စီးပွားရှာဖို့ အချိန်တွေတော်တော်ဖြုန်းခဲ့ပြီးပြီ။ အဲဒါကပဲ ကျွန်တော်ဘာဖြစ်ချင်သလဲဆိုတာ သိလိုက်ရဖို့ လုံလောက်တဲ့အချိန်ပေးခဲ့တာပါပဲ" လို့ ရက်ပ်ဂီတသမား၊ စီးပွားရေးသမားကြီးက ပြောပါတယ်။ 50 Cent ဟာ ၂၀၁၁ ခုနှစ်က လွှင့်ခဲ့တဲ့ ဂျေမီအိုလီဗာရဲ့ အင်္ဂလိပ် reality show "Dream School" ကိုကြည့်လိုက်ရတဲ့အခါ ယူအက်စ်မှာလည်း ဒီလို



တီဗီဇာတ်လမ်းတွဲမျိုး ပြသဖို့ ပါဝင်ချင်တယ်ဆိုတာ သူ ချက်ချင်းသိလိုက်ပါတယ်။ Dream School မှာ ထင်ရှားကျော်ကြားသူတွေဟာ ဆိုးဆိုးပေ့ပေ့ ကလေးတွေကို ကျောင်းသင်ခန်းစာတွေ သင်ကြားပေးကြတယ်။ ပြီးခဲ့တဲ့နှစ်က လော့စ်အင်ဂျလိစ်မှာ အမေရိကန် version "Dream School" ကို SundanceTV က အစမ်းပွဲပြသခဲ့ပါတယ်။ အဲဒီတီဗီဇာတ်လမ်းတွဲမှာ 50 Cent ဟာ သီဆိုသူ၊ ထုတ်လုပ်သူနဲ့ ကျောင်းဆရာတစ်ဦး အဖြစ်ပါ ပူးပေါင်းပါဝင်ထားတယ်။ season two အတွက် ကျောင်းကထုတ်ပယ်ခံလိုက်ရတဲ့ ကျောင်းသား ၁၅ ဦးကိုလည်း ရှာဖွေတွေ့ရှိထားကြပါပြီ။ အဲဒီ လူငယ်လေးတွေဟာ ဘွဲ့ရပညာတတ်ဖြစ်လာနိုင်ဖို့ အခွင့်အရေးရနိုင်ကြလိမ့်မယ်။ "ယူအက်စ်မှာ နှစ်စဉ် ကျောင်းသား ၃ သန်းကျော် ကျောင်းကနေ ထုတ်ပယ်ခံနေရတယ်"လို့ အရပ်သားအခွင့်အရေး ရှေ့နေ ဂလော်ရီယာ အဲရက်ဒ်က ပြောပါတယ်။ "ကျွန်တော်ကံမကောင်းပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်သူငယ်ချင်းတွေ အများကြီးပဲ အသတ်ခံရတယ်။ ဒါပေမဲ့ ကျွန်တော် ကံကောင်းနေသေးတယ်။ ဘာကြောင့်လဲ။ သူငယ်ချင်းတချို့တော့ ကျွန်တော့်မှာ ကျန်နေသေးတယ်"လို့ ဆိုးဆိုးပေ့ပေ့ကျောင်းသားတစ်ဦးကပြောတယ်။ အဲဒါကိုပဲရည်ညွှန်းပြီး 50 Cent က ပြောပါတယ်။ "ကျွန်တော် ကံမကောင်းဘူး။ ဘာကြောင့်လဲဆိုတော့ အဆိုးကိုပဲ ဝေဖန်တတ်တဲ့စရိုက်ရှိနေတယ်။ ဒါပေမဲ့ ကျွန်တော် ကံကောင်းတယ်။ ဘာကြောင့်လဲဆိုရရင် ကျွန်တော့်ရဲ့အဆိုးကို သတိပြုမိတယ်။ အဲဒါကြောင့် လူတွေနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်တွေကို ပြန်ပြီးတန်ဖိုးမြှင့်လိုက်တယ်။ ပြီးတော့ ရှေ့ဆက်တယ်။ ကျွန်တော့်ရဲ့ အောင်မြင်မှုဆီ ခရီးဆက်ပါတယ်"

## AC/DC ဂစ်တာသမား Young ဂီတလောကထဲကို ပြန်မလာနိုင်တော့ပါ



ဩစတြေးလျ Hard Rock ဂီတအဖွဲ့ AC/DC ရဲ့ ရစ်သမ်ဂစ်တာသမား မဲလ်ကမ်ယောင်းဟာ dementia ဦးနှောက်အသိဉာဏ်ချို့ယွင်းတဲ့ရောဂါ ခံစားနေရတယ်လို့ မိသားစုက အတည်ပြုခဲ့ပါတယ်။ အသက် ၆၁ နှစ်ရှိပြီဖြစ်တဲ့ ဂစ်တာသမားကြီး ရော့ခ်အဖွဲ့ဆီပြန်မလာနိုင်တော့ဘူးဆိုတာကို စက်တင်ဘာနောက်ဆုံးရက်သတ္တပတ်မှာ ကြေညာခဲ့တယ်။ ၂၀၁၄ နှစ်ဆန်းပိုင်းလောက်ကစပြီး အဖွဲ့ကနေ အနားယူခဲ့တာပါ။ "မဲလ်ကမ် dementia ရောဂါခံစားနေရတဲ့ သတင်းကို ထိန်းသိမ်းပေးထားတဲ့အတွက် ကျေးဇူးတင်ရပါတယ်" လို့ မဲလ်ကမ်ယောင်းမိသားစုက People မဂ္ဂဇင်းကိုပြောပါတယ်။ AC/DC ရဲ့ အယ်လ်ဘမ်အသစ် Rock or Bust ဟာ ဒီဇင်ဘာမှာ ထွက်ရှိလိမ့်မယ်။ မဲလ်ကမ်ရဲ့ ရောဂါအခြေအနေကြောင့် သီချင်းသစ်တွေ အသံဖမ်းတဲ့အခါနဲ့ tour ခရီးစဉ်တွေလှည့်လည်ကြတဲ့အခါ မဲလ်ကမ် ပါဝင်တီးခတ်နိုင်တော့မှာမဟုတ်ပါဘူးလို့ AC/DC အဖွဲ့ကပြောပါတယ်။ မဲလ်ကမ်ရဲ့တူ စတီဗ်ယောင်းက အယ်လ်ဘမ်အသစ်မှာ ပါဝင်တီးခတ်မှာပါ။ တချို့သတင်းတွေ ရေးသားကြတာက မဲလ်ကမ်ရဲ့ ရောဂါအခြေအနေကြောင့် ဆစ်ဒနီက Nursing Home မှာ အချိန်ပြည့်စောင့်ရှောက်ကုသမှုယူနေရတယ်လို့ဆိုတယ်။ မိသားစုရဲ့မိတ်ဆွေတစ်ဦးက ဂစ်တာသမားကြီးဟာ AC/DC သီချင်းတွေကို ဘယ်လိုတီးခတ်ရမယ်ဆိုတာကို သတိမရနိုင်တော့ပါဘူးလို့ ပြောပါတယ်။ မိတ်ဆွေတွေကိုလည်း မမှတ်မိနိုင်တော့ပါဘူး။ စကော့တစ်ရှ်ဖွား ညီအစ်ကိုနှစ်ဦးဖြစ်တဲ့ မဲလ်ကမ်နဲ့ အန်းဂတ်စ်ယောင်းတို့ဟာ AC/DC ကို ၁၉၇၃ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ကြတယ်။ သူတို့ရဲ့ ၁၉၈၀ ခုနှစ်ကထွက်ရှိခဲ့တဲ့ အယ်လ်ဘမ် Black in Black ဟာ အရောင်းရဆုံးစာရင်းဝင်ခဲ့ပြီး အယ်လ်ဘမ်ပေါင်း သန်း ၂၀ ကျော်ရောင်းချနိုင်ခဲ့ပါတယ်။ Hard Rock ပရိသတ်တွေအတွက်တော့ မဲလ်ကမ်တစ်ယောက် သူချစ်တဲ့ AC/DC အဖွဲ့၊ Hard Rock သီချင်းတွေနဲ့ ဂီတပရိသတ်တွေအားလုံးကို မေ့သွားခဲ့တာကိုပဲ စိတ်ထိခိုက်ဝမ်းနည်းနေခဲ့ကြတယ်။









# Slipknot ရဲ့ ပြိုင်ဘက်ကင်းရန့်ဆိုတာဟာ

အမေရိကန် Heavy Metal အဖွဲ့ဟာ Knotfest ပွဲမှာ သူတို့ရဲ့ အမှတ်အသားကိုယ်ပိုင်ရန့်တစ်ခုထုတ်လွှတ်ပေးဖို့အတွက် ကုလားအုတ်ချေးကို မီးရှို့လောင်ကျွမ်းစေဖို့ စီစဉ်ထားတယ်လို့ သတင်းထုတ်ပြန်လိုက်ပါတယ်။ Slipknot အဖွဲ့သား ရှောန်ကရာဟန်က "စွန့်ပစ်ပစ္စည်းကို မီးရှို့တဲ့အခါ အင်မတန်ကွဲပြားထင်ရှားတဲ့အနံ့ရတယ်"လို့ ဆိုတယ်။ အောက်တိုဘာ ၂၄ ရက်နေ့ကနေစတင်ပြီး ကယ်လီဖိုးနီးယား ပြည်နယ်၊ မြစ်ကမ်းခြေက San Bernardino (Inland Empire) မှာ Knotfest ပွဲတော်ကို ၃ ရက်ကြာကျင်းပပါလိမ့်မယ်။ Knotfest ပွဲမှာဆူဆူညံညံ မြူးထူးသောင်းကျန်းနိုင်ပြီး တရားဝင်အနံ့တစ်မျိုးထုတ်လွှတ်ပေးတဲ့ ပထမဆုံး ရော့ခ်ဂီတပွဲတော်အဖြစ် နာမည်ကျော်သွားဦးမှာပါ။ Slipknot တွေဟာ ပလက်တီနမ် မျက်နှာဖုံးတွေ စွပ်ထားကြပါလိမ့်ဦးမယ်။ "Knotfest မှာရှိတဲ့ ကိုယ်ပိုင်ရန့်ကြီးဟာ ပွဲတော်ပြီးသွားတဲ့တိုင်အောင် ဦးနှောက်၊ ကိုယ်ခန္ဓာနဲ့အဝတ်အစားတွေမှာ စွဲထင်ကပ်ငြိနေပါလိမ့်မယ်။ ဆီဖြည့်ထားတဲ့ စည်ထဲမှာ ကုလားအုတ်ချေးအပြည့်ထည့်ထားပြီး ပွဲတော် ၃ ရက်လုံးလောင်ကျွမ်းစေမှာပါ။ Feature Performance အဖြစ် metal ပုဂ္ဂိုလ်ကြီးတွေဖြစ်တဲ့ Danzig, Anthran, Testament, Carcass, Napalm Death, Fear Factory နဲ့ Pronglike အဖွဲ့တွေနဲ့ မျက်နှာသစ် Five Finger Death Punch နဲ့ Of Mice and Men အဖွဲ့တွေပါဝင် သီဆိုကြလိမ့်မယ်။ Rapper Tech N9ne ရဲ့ အဖွဲ့ လိုက်သီဆိုမှုကိုလည်း ပွဲဦးထွက်မြင်တွေ့ရဦးမယ်။ ထူးထူးခြားခြား ဖျော်ဖြေမှုတွေမှာ Mad Max စတိုင်လျှပ်စီးအမိုးခုံးနဲ့ အဖွဲ့သားတွေ၊ ဆိတ်တွေအပြည့်နဲ့ တိရစ္ဆာန်ရုံ၊ စွန့်ပစ်ကားအိုကားဟောင်းတွေပေါ်က လူအစုလိုက်တီးကြတဲ့ Drum Set ၊ Fitz Army ဆိုင်ကယ်ပြပွဲနဲ့ တခြားလှုပ်ရှားမှုတွေလည်း ပါဝင်ကြတယ်။ Heavy Meatal မိတ်ဆွေကြီးတွေ၊ Slipknot ပရိသတ်တွေအတွက် ထူးခြားတဲ့ ပွဲတော်တစ်ခုဖြစ်နေတာကြောင့် ပွဲတော်မှာ ဆူညံမြူးထူးကြဖို့ စိတ်လှုပ်ရှားရင်ခုန်စွာ စောင့်မျှော်နေကြပါပြီ။

ဖြိုးဖြိုး

# ကမ္ဘာ့ရှေးအကျဆုံးဘုရင့်နိုင်ငံတော်လို့ ဂုဏ်ယူဝံ့ကြွားနေတဲ့ ဒိန်းမတ်နိုင်ငံ

နန်းစံမဒီ

ဒိန်းမတ်နိုင်ငံဟာ သူတို့ရဲ့ဘုရင်စနစ်ကို ကမ္ဘာပေါ်မှာ ရှေးအကျဆုံးလို့ ပြောကြပါတယ်။ သူတို့ရဲ့ ပထမဆုံးသက်ဦးဆံပိုင်ဘုရင်စနစ်ဟာ ၁၀ ရာစုကတည်းကစတင်ခဲ့ပြီး ဘုရင့်နာမည်က 'Gorm the Old' ဖြစ်ပါတယ်။ ဒါကြောင့် သူတို့နိုင်ငံရဲ့မြို့တော် ကိုပင်ဟေဂင်မြို့ကို ကမ္ဘာ့ ရှေးအကျဆုံးဘုရင်စနစ်ပေါ်ထွန်းရာနိုင်ငံရဲ့ ပထမဆုံးမြို့တော်အဖြစ် ခေါ်ကြပါတယ်။ ကိုပင်ဟေဂင်မှာ ဒီအချက်ကို သက်သေပြနေတဲ့ သင်္ကေတတွေဖြစ်တဲ့ နတ်သမီးပုံပြင်ထဲကလို အဆောက်အဦတွေ၊ ရှေးဘုရင်ရုပ်တုကြီးတွေနဲ့ အင်မတန်စိတ်ဝင်စားစရာကောင်းတဲ့ ပန်းပုနဲ့ကြေးသွန်းရုပ်တုတွေ များစွာ ရှိနေပါတယ်။ ဒါကြောင့် ကမ္ဘာလှည့်ခရီးသွားတွေဟာ ကိုပင်ဟေဂင်မြို့ကို အမြဲသွားဖို့ဆန္ဒရှိကြပြီး မြို့မှာလမ်းလျှောက်ပြီး ကြည့်ရမယ့်နေရာတွေ များစွာရှိတာကြောင့် အများဆုံးပြောကြတဲ့ စကားက 'Click me, click me' ဆိုတဲ့ ဓာတ်ပုံရိုက်ပေးပါဦးဆိုတာပဲ ဖြစ်ပါတယ်။

ဒိန်းလူမျိုးတွေအားလုံးဟာ ရင်းနှီးဖော်ရွေပြီး ကူညီလိုစိတ်များတာကြောင့် ကမ္ဘာလှည့်ခရီးသည်တွေကို အမြဲအကူအညီပေးနိုင်ပါတယ်။ သူတို့တစ်တွေဟာ အင်္ဂလိပ်စကားနဲ့ ဂျာမန်စကားကို ကောင်းစွာပြောဆိုနိုင်ကြတာကြောင့် ဘယ်နေရာသွားသွား ခရီးသွားတွေအဖို့ အဆင်မပြေတာ မရှိပါဘူး။







သဘာဝပတ်ဝန်းကျင်အရ ပြာသောကောင်းကင်နဲ့ ပြာသောရေတွေ ထက်အောက် တစ်ဆက်တည်း ဖြစ်နေတာကြောင့် သဘာဝအပြာရောင်နဲ့ လှသောမြို့ (သို့) ပြာရောင်သမ်းတဲ့ မြို့လို့လည်း ခေါ်ကြပါတယ်။

သဘာဝအလှနဲ့ပြည့်စုံအောင် ရာသီဥတုက လည်း တစ်ဖက်တစ်လမ်းက ကူညီပေးပါတယ်။ ကိုပင်ဟေဂင်မြို့ဟာ နွေရာသီမှာ အလွန်သာယာ ပြီး ပုံမှန်အားဖြင့် ၇၄ ဒီဂရီဖာရင်ဟိုက်မှာ အပူချိန်က အမြဲရှိနေပါတယ်။ နေ့မှာ သာယာ





သလို ညရောက်တဲ့အခါ အေးစိမ့်စိမ့်လေးဖြစ်နေ တာကြောင့် အနုပညာလက်ရာတွေဟာ နှစ်ထောင်နဲ့ချီကာ တည်မြဲနေနိုင်တာပဲ ဖြစ်ပါ တယ်။

### နိုင်ငံလိုပဲ ရှေးကျတဲ့ဘုရင်စနစ်

၁၀ ရာစုကတည်းက စတင်ခဲ့တဲ့ ဘုရင်စနစ် ဟာ ၂၀၁၄ ခုနှစ်အထိလည်း ရှိနေပါသေးတယ်။ နောင်ကိုလည်း ဆက်လက်ရှိနေဦးမှာပဲ ဖြစ်ပါ

တယ်။ ဥရောပမှာ ဗြိတိန်ဘုရင်စနစ်ဟာ ဩဇာကြီးမားပြီး လူသိများပေမဲ့ ဒိန်းမတ်လိုတော့ ရှေးကျပြီး အဦးအစဖြစ်ခဲ့တာ မဟုတ်ဘဲ ဒိန်းမတ်နိုင်ငံရဲ့ ယဉ်ကျေးမှုထုံးတမ်းတွေကို သူတို့ဆီမှာ တွေ့နေရပါတယ်။ လက်ရှိစိုးစံနေတဲ့ Queen Margrethe II ဟာ နန်းဆက်အရကို နှစ်တစ်ထောင်ကျော်သက်တမ်းရှိနေတဲ့ ဗိုက်ကင်းင် (၈ ရာစုမှ ၁၁ ရာစုအတွင်း) ဥရောပမြောက်ပိုင်းနှင့် အနောက်ပိုင်းကို ဝင်ရောက်တိုက်ခိုက်ပြီး နေရာယူနိုင်ခဲ့တဲ့ ဗိုက်ကင်းင်လူမျိုးစုဘုရင် Grom the Old နဲ့ သူ့ရဲ့သား Harald Bluetooth ကနေ ဆင်းသက်လာတယ်ဆိုတာကို အတိအကျခြေရာခံနိုင်တယ်လို့ ဒိန်းလူမျိုးတွေက ဂုဏ်ယူဝံ့ကြွားစွာ ပြောကြပါတယ်။

**သတ်တော်ကြီးမြင့်ပေမဲ့**
**တတ်တြွနိုးကြားဆဲ ဘုရင်မကြီး**

သူမနာမည်ကို Magrethe သို့မဟုတ် Margrethe လို့ မကြာမကြာ စာလုံးပေါင်းကြတဲ့အတွက် တကယ့်စာလုံးပေါင်းအမှန်ကို မသိနိုင်တော့ပေမဲ့ ဒိန်းလူမျိုးတွေကတော့ မာ - ဂရေး-တီးလို့ အသံထွက်ကြပါတယ်။ သူမရဲ့ချစ်စနိုးနာမည်က ဒိန်းမတ်နိုင်ငံရဲ့ national flower ဖြစ်တဲ့ Daisy ပန်းဖြစ်ပါတယ်။ သူမကို ၁၆ ရက်၊ ၄ လ၊ ၁၉၄၀ ပြည့်နှစ်မှာ မွေးဖွားခဲ့ပြီး သူမဖခင်ကတော့ အဲဒီအချိန်မှာ အိမ်ရှေ့စံဘဝမှာပဲ ရှိနေခဲ့ပါသေးတယ်။ ဖခင်ကြီးဆီက ထီးနန်းကို ၁၄ ရက်၊ ၁ လ၊ ၁၉၇၂ ခုနှစ်မှာ ဆက်ခံခဲ့ရတာက ဖခင် နေထိုင်မကောင်းဖြစ်ပြီး သေဆုံးသွားလို့ပဲ ဖြစ်ပါတယ်။ သူမဖခင်ကြီးဟာ King Christian X ရဲ့ အကြီးဆုံးသားဖြစ်ပြီး သူမမိခင်ကြီးကတော့ ဆွီဒင်နိုင်ငံရဲ့ ဘုရင်ကြီး King Gustaf VI Adolf ရဲ့ တစ်ဦးတည်းသောသမီးဖြစ်တာကြောင့် လက်ရှိ ဆွီဒင်ဘုရင်ကြီး Carl XVI Gustav နဲ့ ဒိန်းမတ်ဘုရင်မကြီးက မောင်နှမတစ်ဝမ်းကွဲတော်စပ်ပါတယ်။



ဘုရင်မကြီးဟာ မွေးကတည်းက နန်းဆက်ခံမယ့် နန်းလျာအဖြစ် သတ်မှတ်ခံခဲ့ရတာ မဟုတ်ပါဘူး။ ၁၉၅၃ ခုနှစ်မှာ စည်းမျဉ်းခံဘုရင်စနစ် ဖြည့်စွက်ပြင်ဆင်ချက်ရေးဆွဲပြီး ပထမဆုံးကလေးက မိန်းကလေးဖြစ်ရင်တောင် နန်းဆက်ခံခွင့်ရှိရမယ်ဆိုတဲ့အတွက် နန်းလျာအဖြစ် သတ်မှတ်ခံခဲ့ရတာပါ။ သမိုင်းတစ်လျှောက် ၁၃၇၅ - ၁၄၁၂ က စကင်ဒီနေးဗီးယားနိုင်ငံများရဲ့ အရှင်သခင်မ Margrethe I နောက်ပိုင်း ပထမဆုံး အမျိုးသမီးဆက်ခံသူဖြစ်တာကြောင့် သူမကိုယ်တိုင်ပဲ Margrethe II အဖြစ် သူမရဲ့ဘွဲ့ကို သတ်မှတ်ပြီး နန်းဆက်ခံခဲ့ပါတယ်။

ဘုရင်မကြီးရဲ့ နန်းစံသက်က ၄၂ နှစ်သက်တမ်းရှိကာ လက်ရှိအသက်က ၇၄ နှစ်ပဲ ဖြစ်ပါတယ်။ သူမဟာ ဒိန်းမတ်ဘုရင်စနစ်မှာ ဒုတိယ နန်းသက်အရှည်ဆုံးဘုရင်ဖြစ်ပြီး သူ့ရှေ့မှာ Christian IV (၁၅၇၇ - ၁၆၄၈) ရှိပါတယ်။ အသက် ၇၄ နှစ်သာဖြစ်လာပေမဲ့ ဘုရင်မကြီးဟာ ပေါ့ပါးသွက်လက်မှုအပြည့်နဲ့ ခရီးတွေသွားနိုင်ဆဲဖြစ်ကာ ဒိန်းမတ်နိုင်ငံ၊ ဒိန်းလူမျိုးတွေနဲ့ နိုင်ငံတကာကို မျက်နှာပြနိုင်ဆဲပဲ ဖြစ်ပါတယ်။

ဘုရင်မကြီးဟာ ဘာသာစကားငါးမျိုးကို ကျွမ်းကျင်စွာ ပြောနိုင်ပြီး ဒါတွေကတော့ မိခင်ဘာသာဒိန်းစကား၊ ဆွီဒင်၊ ပြင်သစ်၊ အင်္ဂလိပ်နဲ့ ဂျာမန်တို့ပဲဖြစ်ပါတယ်။ အထူးခြားဆုံး အရည်အချင်းက အနုပညာသမားစစ်စစ်ဖြစ်ကာ painter တစ်ဦးအဖြစ် Art Shows ပေါင်းများစွာ ခင်းကျင်းပြသခဲ့သူပဲ ဖြစ်ပါတယ်။

သူမဟာ ၁၀ ရက်၊ ၆ လ၊ ၁၉၆၇ ခုနှစ်မှာ ပြင်သစ်လူမျိုး၊ ပြင်သစ်သံအမတ် Count Henri de Laborde de Monpezet နဲ့ ကိုပင်ဟေဂင်









မြို့က Church of Holemen မှာ လက်ထပ်ထိမ်းမြားခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှာ ကနေ့အိမ်ရှေ့စံဖြစ်တဲ့ သားအကြီး Frederik ကို မွေးဖွားခဲ့ပြီး ၁၉၆၉ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှာ တော့ ဒုတိယသားတော် Joachim ကို မွေးဖွားခဲ့ပါတယ်။

လက်ရှိနေထိုင်နေတဲ့ နန်းတော်က ကိုပင်ဟေဂင်မြို့လယ်ရှိ Amalienborg Palace ဖြစ်ကာ နွေရာသီတွေမှာ ဘုရင်မကြီးဟာ သူမ ရွက်လှေနဲ့ ဒိန်းမတ်နိုင်ငံရှိ မြို့တွေကို လှည့်ပတ်သွားကာ လူထုနဲ့ တွေ့ဆုံလေ့ရှိပါတယ်။

ဘုရင်တစ်ယောက်ရဲ့ တာဝန်ဟာ တစ်ဘဝလုံးနဲ့ သက်ဆိုင်နေတယ်လို့ ယုံကြည်လက်ခံတဲ့အတွက် သူမသေဆုံးမှသာ နန်းကို သားတော်ကြီးထံ အပ်မယ်လို့ တွေးသူပဲ ဖြစ်ပါတယ်။

သူမဟာ လက်ရှိစိုးစံနေတဲ့ ဥရောပဘုရင်မတွေအနက် အရပ်အရှည်ဆုံးဘုရင်မဖြစ်ကာ ဆေးလိပ်ကို မီးကူးသောက်တဲ့သူလည်း ဖြစ်ပါတယ်။ ရှေ့သွားတွေကို သန့်ရှင်းရေးလုပ်ဖို့ အမြဲငြင်းဆန်လေ့ရှိတဲ့ ဘုရင်မကြီးဟာ ကေသာကိုတော့ အမြဲအရှည်ထားပြီး ထုံးနှောင်ထားလေ့ရှိပါတယ်။ တောက်ပပြီး အားရှိတဲ့အရောင်တွေကို ဝတ်ဆင်တတ်ပြီး ဦးထုပ်နဲ့ ခြုံလွှာရှည်တွေက သူမရဲ့ဖက်ရှင်ပဲ ဖြစ်ပါတယ်။ ဘာသာစကားတွေအနက် အင်္ဂလိပ်လို ပြောရင် ဗြိတိန်လေနဲ့ ပြောလေ့ရှိပြီး ပြင်သစ်စကားကို ပြင်သစ်အသံထွက်အတိုင်း ကျွမ်းကျင်စွာ ပြောနိုင်ပါတယ်။ အင်္ဂလိပ်စကားကို ဗြိတိန်လေသံနဲ့ ပြောတာက သူမဟာ ဗြိတိန်ထီးနန်းဆက်ခံမှုလိုင်းမှာ ၃၂၁ ယောက်မြောက်ဖြစ်လို့ပဲ ဖြစ်ပါတယ်။ ဆွီဒင်၊ ဗြိတိန်နဲ့ ဒိန်းမတ်တော်ဝင်တွေဟာ တစ်ဦးနဲ့တစ်ဦး ဆွေမျိုးတော်စပ်ကြပါတယ်။

**ဘုရင်မကြီးရဲ့ အဓိကတာဝန်တွေက . . .**

လက်ရှိကျင့်သုံးတဲ့ စနစ်က စည်းမျဉ်းခံဘုရင်စနစ်ဖြစ်ပြီး အဓိပ္ပာယ်ကတော့ နိုင်ငံရဲ့ နိုင်ငံရေးဆောင်ရွက်မှုတွေမှာ လွတ်လပ်စွာ စွက်ဖက်ဆောင်ရွက်ခွင့်မရှိဘဲ နိုင်ငံမှာ ဦးသျှောင်











သဘောနဲ့ မျက်နှာပြရတာပဲ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ဦးသျှောင်ဖြစ်တာကြောင့် တိုင်းပြည်ရဲ့ အစိုးရအသစ်ပြောင်းတိုင်း ပါဝင်ပတ်သက်မှု ရှိကာ ဥပဒေတွေကို လက်မှတ်ထိုးပြီး အတည်ပြုပေးရပါတယ်။

ဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီးဟာ ဘုရင်မကြီးဆီကို နိုင်ငံရေးနဲ့ တိုင်းပြည် ဖွံ့ဖြိုးမှုနဲ့ဆိုင်ရာ သတင်းတွေကို ပုံမှန်သတင်းပို့ ပေးရပါတယ်။ ဘုရင်မကြီးဟာ နိုင်ငံရပ်ခြားက ခေါင်းဆောင်တွေကို ပုံမှန်အချိန်ပေးပြီး တွေ့ဆုံရသလို သူတို့ ဖိတ်ကြားလာရင်လည်း သွားရောက်လည် ပတ်ရပါတယ်။ ဌာနေမှာတော့ ဘုရင်မကြီးဟာ ပြိုင်ပွဲတွေ၊ ပြပွဲတွေကို တစ်ဦးတည်း တက်ရောက်ဖွင့်လှစ်ရသလို မိသားစုနဲ့ တက်ရောက်အားပေးရတာမျိုးတွေလည်း ရှိပါတယ်။

**အိမ်ရှေ့စံ Crown Prince Frederik**

အိမ်ရှေ့စံ Frederik ကို ၂၆ ရက်၊ မေလ၊ ၁၉၆၈ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ အရပ်အမောင်းကောင်းတဲ့ မိခင်ကြီးအတိုင်းပဲ သူသည်လည်း အရပ်အမြင့် ၆ ပေတိတိရှိပါတယ်။ Mary Elizebeth Donaldson ဆိုတဲ့ သြစတြေးလျနိုင်ငံသူ Marketing Consultant လေးနဲ့ Sydney Olympic 2000 မှာ တွေ့ဆုံခဲ့ကြပြီး စာတွေပို့၊ ဖုန်းတွေဆက်နဲ့ သမီးရည်းစားဘဝကို လေးနှစ်ကြာဖြတ်သန်းပြီး ၂၀၀၄ ခုနှစ်မှာ လက်ထပ်ခဲ့ကြပါတယ်။

မင်းသားဟာ သူ့မိခင်ကြီးနန်းတက်ခဲ့တဲ့ ၁၉၇၂ ခုနှစ်ကတည်းက အိမ်ရှေ့စံအဖြစ် အပ်နှင်းခံရတာမို့ နောင်တစ်ခေတ်ရဲ့ တိုင်းပြည်ဦးသျှောင်ပီပီ ပညာရေးနဲ့စစ်ရေးကို အထူးဦးစားပေးပြီး သင်ကြားခြင်းခံရပါတယ်။ ပညာရေးအနေနဲ့ ၁၉၈၉ ခုနှစ်မှာ အထူးပြုအနေနဲ့ နိုင်ငံရေးသိပ္ပံကို University of Aarhus မှာ တက်ရောက်ခဲ့ပြီး ဟားဗတ်တက္ကသိုလ်မှာလည်း နောက်ထပ်တစ်နှစ်ထပ်မံပြီး တက်ရောက်ခဲ့ရပါတယ်။ ၁၉၉၅ ခုနှစ်မှာတော့ MSC degree ကို Political Science နဲ့ ထပ်မံရရှိခဲ့ပြီး သူဟာ သင်တန်းကာလတွေမှာ သာမန်ထက် ထူးချွန်တဲ့ရလဒ်တွေ ရှခဲ့တာချည်းပါပဲ။

စစ်ရေးဘက်မှာလည်း ကြည်း၊ ရေ၊ လေ သုံးခုစလုံးမှာ သင်ကြားခဲ့ရပြီး အထူးအားဖြင့် တော်ဝင်တွေရဲ့ ပင်မဌာနလို့ ပြောရမယ့် ရေတပ်မှာ ပိုပြီးအစွမ်းပြနိုင်ခဲ့ပါတယ်။ သူ့ရဲ့ရေငုပ်သမား နာမည်ပြောင်က Pingo ပဲ ဖြစ်ပါတယ်။

၂၀၀၁ ကနေ ၂၀၀၂ ခုနှစ်အထိ ဒိန်းမတ် တော်ဝင်စစ်တက္ကသိုလ်မှာ ခေါင်းဆောင်ပိုင်းဆိုင်ရာ စစ်သင်တန်းကို တက်ရောက်ခဲ့ပါတယ်။ စစ်တက္ကသိုလ်မှာ တက်ကြွတဲ့စစ်သားတစ်ဦးဖြစ်ပြီး ဒိန်းမတ်စစ်ဌာနချုပ်မှာ ၂၀၀၂ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိ Staff Officer အဖြစ် တာဝန်ထမ်းဆောင်ပြီး ၂၀၀၃ ခုနှစ်မှာတော့ စစ်တက္ကသိုလ်မှာ ကထိကအဖြစ် စစ်မဟာဗျူဟာ သင်ကြားခြင်းအဖွဲ့အစည်းမှာ တာဝန်ယူခဲ့ပါတယ်။

**အခြားသူစိတ်ဝင်စားတဲ့ ကိစ္စတွေက**

အိမ်ရှေ့စံဟာ သိပ္ပံနည်းကျဆန်းစစ်မှုတွေကို အထူးစိတ်ဝင်စားပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အခြေအနေနဲ့ ရာသီဥတုကို ထိန်းထားနိုင်မယ့် ကိစ္စတွေကို အထူးအလေးထားကာ ဆောင်ရွက်ပါတယ်။ ဒိန်းလူမျိုးတွေရဲ့ အားအင်ရှိမှု၊ ဒိန်းလူမျိုးကြီးပွားတိုးတက်ရေးကို လှုံ့ဆော်နိုင်သူအဖြစ် လူသိများပြီး ရာသီဥတုနဲ့ ပတ်သက်ပြီး လူသားတွေကို စိုးရိမ်ပူပန်နေတဲ့အကြောင်းအရာတွေကို စာအုပ်ရေးသားပြီး ၂၀၀၉ ခုနှစ်မှာ ထုတ်ဝေခဲ့ပါတယ်။

နောက်စိတ်ဝင်စားတဲ့ ကိစ္စကတော့ အားကစားပဲ ဖြစ်ပါတယ်။ တက်ကြွလှုပ်ရှားတဲ့ ဘဝနေထိုင်မှုပုံစံဖြစ်အောင် လှုံ့ဆော်မြှင့်တင်ပေးနေတဲ့ မင်းသားဟာ





များစွာသောအားကစားဆိုင်ရာ အဖွဲ့အစည်းတွေမှာ အဖွဲ့ဝင်ဖြစ်သလို အိုလံပစ်ကော်မတီမှာလည်း ကော်မတီဝင်တစ်ဦး ဖြစ်ပါတယ်။

အားကစားကို စိတ်ဝင်စားရုံမဟုတ်တဲ့ စိတ်ဓာတ်ပြင်းထန်တဲ့ အားကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ မာရသွန်ပြိုင်ပွဲတွေ ဝင်ပြိုင်လေ့ရှိကာ ကိုပင်ဟေဂင်၊ နယူးယောက်နဲ့ ပဲရစ်အထိ သွားပြိုင်ဖူးပြီး ၄၂ ကီလိုမီတာကို ၃ နာရီ ၂၂ မိနစ်နဲ့ ငါးဆယ်စက္ကန့်အတွင်း သိက္ခာရှိစွာ ပန်းဝင်ခဲ့သူ တော်ဝင်တစ်ဦးပဲ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ KMD Ironman Copenhagen အဖြစ် ၁၀ နာရီ ၄၅ မိနစ်နဲ့ ၃၂ စက္ကန့်နဲ့ အောင်မြင်ခဲ့တဲ့အတွက် ironman အဖြစ် ပထမဆုံး ရရှိခဲ့တဲ့ တော်ဝင်မင်းသား ဖြစ်လာပါတယ်။

## သူ့ရဲ့ကြင်ရာတော် Mary

အိမ်ရှေ့စံရဲ့ကြင်ရာတော် Mary ဟာ အသုံးချသင်္ချာဘာသာရပ်ဆိုင်ရာ ပါမောက္ခ John Dalgleish ရဲ့ အငယ်ဆုံးသမီးဖြစ်ပြီး သားတော် ၂ ပါးနဲ့ သမီးတော် ၂ ပါးရဲ့မိခင်ပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ပထမဆုံးသားတော်ကြီး Prince Christian ဟာ အိမ်ရှေ့စံပြီးနောက် တတိယနန်းလျာပဲ ဖြစ်ပါတယ်။

သူမဟာ တော်ဝင်မဟုတ်တဲ့အရပ်သူတစ်ဦး ဖြစ်ပြီး အခုချိန်မှာတော့ သားကောင်းမိခင်ဘဝ၊ တာဝန်ကျေပွန်တဲ့ ဇနီးဘဝမှာသာမက ကျက်သရေရှိတဲ့ မင်းသမီးဘဝမှာပါ အသားကျနေပါတယ်။ ကမ္ဘာတစ်ဝန်း သူမရဲ့အလှအပကနာမည်ကျော်ကြားသလို အင်္ဂလန်မင်းလောင်း ဝီလျံမင်းသားရဲ့ ကြင်ရာတော်ကိတ်နဲ့ ရုပ်ချင်းဆင်တူမှုအတွက် ကိတ်တစ်ခုခုလုပ်ပြတိုင်း သူမကိုလည်း အားလုံးက ဂရုစိုက်နေကြပါတယ်။

ကနေ့ အသက် ၄၂ နှစ်အရွယ် Princess Mary ဟာ ကိတ်ထက်ရှေ့ကျတဲ့ စီနီယာတစ်ဦးအဖြစ် အရပ်သူကနေ မိဖုရားဖြစ်လာတဲ့ သူပဲ ဖြစ်ပါတယ်။ အသွင်အပြင်အားဖြင့် ဖက်ရှင်ကျတာ၊ အားကစားဘက်မှာ ထူးချွန်တာ၊ သစ်အယ်သီးရောင်ဆံပင်ရှိတာနဲ့ နှစ်လိုဖွယ်အပြုံးရှိတာကအစ ကိတ်နဲ့သွားတူနေပါတယ်။

သူမရဲ့ ကလေးတွေအနက် Vincent နဲ့ Josephine ဟာ အမြွာတွေဖြစ်ကြတာမို့ အခုအခါမှာ ဒုတိယကိုယ်ဝန်လွယ်ထားရပြီဖြစ်တဲ့ ကိတ်မစ်ဒယ်လ်တန်ကလည်း မိန်းကလေးအမြွာမွေးမယ်လို့ ထင်ကြေးပေးခံနေရတာကြောင့် အမြွာသာ တကယ်မွေးခဲ့ရင် သူမတို့နှစ်ဦးကြား တူညီမှုက အံ့မခန်းဖြစ်သွားပါလိမ့်မယ်။

တော်ဝင်တွေရဲ့ နန်းဆက်ခံမှုစည်းမျဉ်းအရ ညီအစ်ကိုနှစ်ဦးမွေးထားရင် ဒုတိယလူက နန်းနဲ့ သက်ဆိုင်မှုသိပ်မရှိတာကြောင့် ဘုရင်မကြီးရဲ့ သားတော် Prince Joachim ဟာ မင်းသားကြီးဘဝနဲ့ပဲ ကျေနပ်ရတော့မှာပါ။ သူကတော့ အိမ်ထောင်နှစ်ဆက်ရှိခဲ့ပြီး HE Countess ဖြစ်တဲ့ Alexandra နဲ့သားတော် နှစ်ပါးရခဲ့ပါတယ်။ သူတို့ကွာရှင်းပြီးနောက် ၂၀၀၈ ခုနှစ်မှာ Marie Cavallier နဲ့ ထပ်မံလက်ထပ်ကာ သားတော် Henrik ကို ထပ်မံမွေးဖွားခဲ့ပါတယ်။ နောက်ထပ် သမီးတော်လေး Athena ကိုလည်း ထပ်ပြီးရပြန်တာကြောင့် မင်းသားကြီးကလည်း သားသမီး ၄ ဦးပဲ ဖြစ်ပါတယ်။ သူတို့တစ်တွေကတော့ Amalienborg Palace မှာပဲ ဘုရင်မကြီးနဲ့ အတူ နေထိုင်ကြပါတယ်။

နှစ်ပေါင်းထောင်နဲ့ချီကာ တည်တံ့ခဲ့တဲ့ ဘုရင်စနစ်ဖြစ်သလို ဘုရင်မကြီးရဲ့နောက်မှာလည်း နန်းလျာတွေက အဆင်သင့်ဖြစ်နေတာကြောင့် ဒိန်းမတ်နိုင်ငံရဲ့ အခြေအနေက ဥရောပတော်ဝင်တို့အကြား တည်ငြိမ်မှုအရှိဆုံး ဖြစ်နေပါတယ်။ နိုင်ငံရဲ့အခြေအနေပိုင်းမှာလည်း နိုင်ငံသားတိုင်းရဲ့ ကြွယ်ဝမှုကို ကာကွယ်မှုအပေးနိုင်ဆုံး နိုင်ငံဖြစ်သလို ကမ္ဘာပေါ်မှာ လွတ်လပ်စွာ ကုန်သွယ်မှုအရှိဆုံး နိုင်ငံတွေထဲက တစ်ခုအဖြစ် အခိုင်အမာ ရပ်တည်နေပါတယ်။ ဒိန်းမတ်နိုင်ငံရဲ့ နောက်ထပ်ကောင်းမွန်မှုတစ်ခုက ကမ္ဘာပေါ်မှာ အလုပ်သမားအခွင့်အရေးပိုင်းဆိုင်ရာ ခံစားမှု အမြင့်မားဆုံးရရှိနေတဲ့ နိုင်ငံဆိုတာပါပဲ။ ဝင်ငွေမညီမျှမှုကို အနိမ့်ဆုံးအဆင့်မှာထားနိုင်တဲ့ နိုင်ငံအဖြစ် ကမ္ဘာ့ဘဏ်ကလည်း အသိအမှတ်ပြုထားပါတယ်။ ဒါကြောင့် ဥရောပတိုက်မှာ စီးပွားရေးအတွက်စတင်တဲ့အခါ အလွယ်ကူဆုံးအခြေကျနိုင်တဲ့ နိုင်ငံဖြစ်လာပါတယ်။

တိုင်းပြည်တစ်ခုအခြေတကျနဲ့ ချမ်းသာကြွယ်ဝနေရင် ခေါင်းဆောင်ပိုင်းကို အများက ချီးကျူးကြပါတယ်။ ဒိန်းမတ်နိုင်ငံဟာဆိုလည်း သက်တမ်းအရှည်ဆုံးဘုရင်စနစ်ကို အစိုးရအုပ်ချုပ်ရေးနဲ့ အချိုးတကျချိတ်ဆက်ကာ ဦးဆောင်နိုင်တာမို့ ဒိန်းလူမျိုးတွေဟာ သူတို့ရဲ့ ဘုရင်မကြီးနဲ့တော်ဝင်မိသားစုကို အထူးချစ်ခင်လေးစားကြပါတယ်။ ၂၀၁၄ ခုနှစ်ကနေ နောင်ဘယ်အထိ ဒိန်းမတ်ဘုရင့်နိုင်ငံတော် ချီတက်နိုင်မလဲဆိုတာကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမှာပဲ ဖြစ်ပါကြောင်း . . . ။

နန်းစံမဒီ



## အထိုင်မတော်....

အဝိုင်းကလေးတလည်လည်ဆိုတဲ့ မြန်မာ့အင်တာနက်ကို မသုံးလို့လည်း မဖြစ်တာကြောင့် သုံးနေရင်း ထိုင်ဝမ်ကသတင်းလေးတစ်ပုဒ်ကို ဖတ်လိုက်ရသဗျ။ အသက် ၆၅ နှစ်အရွယ် တရုတ်ကြီးတစ်ယောက် ရေချိုးခါနီး ထုံးစံအတိုင်းပဲပေါ့. . . ပလပ်စတစ်ထိုင်ခုံလေးတစ်ခုပေါ်မှာ ခဏထိုင်နေရင်း ခုံအပေါက်ထဲကို အဂ္ဂါက ကျွံဝင်သွားပြီး ပြန်ထုတ်မရတော့လို့ အရေးပေါ် ဖုန်းကိုခေါ်ရတော့သတဲ့။ ရဲတွေ၊ မီးသတ်တွေ ရောက်လာတော့လည်း ထုတ်မရတာနဲ့ ခုံမှာထိုင် လျက်သားကြီးပဲ ဆေးရုံကိုပို့ လိုက်ရသတဲ့ဗျာ. . ။ မောင်တောက်တီး အတော်လန့်သွားသဗျ။ သူထိုင်တဲ့ခုံကလည်း မြန်မာပြည်မှာ မောင်တောက်တီးတို့ ထိုင်နေကျခုံမျိုးပဲ။ အလိုလေးလေး. . . ဒါမျိုးများဖြစ်လိုက်လို့ကတော့ မတွေးဝံ့ပါဗျာ. . . ။

မတွေးဝံ့ဘူးဆိုပေမဲ့ အတွေးစိတ်ကူးက လွန်ခဲ့ တဲ့ ၁၉ နှစ်လောက်က



လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ မျက်မြင်ကိုယ်တွေကြုံခဲ့ရတာတစ်ခုကို သွားတွေးမိလိုက်ပါသေးတယ်။ မောင်တောက်တီးရဲ့ မိတ်ဆွေ နာမည်ကျော် ကာတွန်းဆရာ တစ်ယောက်ပါ။ လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ ခွေးခြေပုလေးတစ်လုံးပေါ်ထိုင်ပြီး စကားတွေ ဖောင်ဖွဲ့နေတုန်း ခွေးခြေလေး ရဲ့ ပျဉ်ပြားနှစ်ခုဟနေတာသတိမထားလိုက်မိဘူး။ လူရဲ့ အလေးချိန်နဲ့ ဆိုတော့နပြာစပ်ထားတဲ့ ပျဉ်ပြားလေး နှစ်ခုက ကားပြီး ဟသွားတာကိုးဗျ။ အဲ. . . ပြန်ဖို့ထလိုက်တော့မှ အသံနက်ကြီးနဲ့ အော်ပြီး ခွေးခြေပုလေးကိုပါ လက်ကြီးနဲ့မလွှတ်နိုင်ပဲ ကိုင်ရင်း မတ်တတ်ရပ်နေတော့မှ သူ့အဖြစ်ကို သဘောပေါက်ပြီး မောင်တောက်တီးတို့အားလုံး ငိုအားထက်ရယ် အားသန်ဖြစ်ရတော့သဗျ။ ရုတ်တရက်ဆိုတော့ သူ့ကို အကူအညီမပေးကြပဲ ဝိုင်းရယ်နေကြလေလေ သူ့ခမျာ နာကလည်းနာ . . . ဒေါသကလည်းထွက်လေလေပေါ့။ နောက်မှ ဝိုင်းထဲကတစ်ယောက်က အသာပြန်ထိုင်ခိုင်းပြီး ခွေးခြေပုလေးက ပျဉ်ပြားနှစ်ချပ်ကို လက်နဲ့အတင်းဟပြီး အားလုံးလွတ်လွတ်ကျွတ်ကျွတ်ဖြစ်တော့မှ သူ့ကိုပြန်ထခိုင်းလိုက်ရတော့သဗျား။ ဒီတော့မှ ကိုယ့်ဆရာခမျာလည်း လွတ်လွတ် ကျွတ်ကျွတ်ပေါ့ပေါ့ပါးပါးနဲ့ ထပြန်နိုင်တော့သဗျား. . . ။ အဲဒီအဖြစ်အပျက်က တော်တော်ပြော စမှတ်ဖြစ်ခဲ့တာ။ တစ်ဝိုင်းတည်းထိုင်ခဲ့ကြဖူးသူတွေမှတ်မိကြဦးမှာပါလေ. . . ။

ဒီတော့ကာ. . . အစားမတော်တစ်လုပ်၊ အသွားမတော်တစ်လှမ်း. . . . အထိုင် မတော် . . . . အထိုင်မတော်. . . . အဲ. . . သတိ သတိ. . . ပေါ့ဗျာ. . . ။ နော်. . . . ခုံတစ်ခုမှာ ထိုင် ပြီး မထချင်ကြသူတွေသတိထားကြပေါ့ဗျာ . . ။

## ကြည့်လုပ်ကြပါဦး

ဘဝသံသရာလို့ပဲဆိုဆို သံသရာကစွတ်ကင်းကို ပတ်ပတ်လည်လည်လျှောက်ရတယ်ပဲပြောပြော ပဋိစ္စသမုပ်ပါဒ တရားသဘောကို အင်တာနက်အသုံးပြုသူတွေ နေ့စဉ်ကြုံတွေ့နေရတာကတော့သေချာပါတယ်။ ဘာလို့လဲ ဆိုတော့ အင်တာနက်ကို ဘာနဲ့ပဲသုံးသုံး အဝိုင်းကလေးလည်နေတာကို အချိန်နဲ့အမျှတွေ့နေရလို့ပါပဲလေ။ အားလုံးလည်းကြုံဖူးကြမှာပါ။ ခန္တီစ သည်းခံခြင်းတရားနဲ့ပြည့်စုံတဲ့သူတွေက သည်းခံနိုင်ပေမဲ့ ဒေါမနဿသဟဂုတ်နဲ့ယှဉ်ပြီးမွေးလာတဲ့သူတွေကတော့ မြန်မာလူမျိုးတွေရဲ့ တစ်ဦးတည်းမူပိုင်ဖြစ်တဲ့ တောက်တခေါက်ခေါက်လုပ်ကြ၊ ဆဲကြဆိုကြ၊ ညည်းကြညူကြ၊ အော်ကြဟစ်ကြနဲ့ အင်တာနက်ဘဝသံသရာကို နေ့စဉ်ဖြတ်သန်းနေကြရရှာတာပါပဲ။

တောက်တဲ့မတို့မောင်နှမတစ်တွေဟာလည်း သည်းမခံနိုင်တဲ့အဆုံးမှာတော့ ထုံးစံအတိုင်း တောက်တခေါက်ခေါက် တညည်းညည်း တညူညူနဲ့ပဲ မသုံးလည်းမနေနိုင်တော့တဲ့ အင်တာနက်ကို နေ့စဉ်သုံးနေကြရတော့တာပါပဲ။ ကိုယ့်လိုပဲဖြစ်နေကြတဲ့ အဖော်အပေါင်းတွေကလည်း ဖွန်လိုင်းပေါ်မှာ ဒုနဲ့ဒေးဆိုတော့ကာ သူပြောတာတွေကို ကိုယ်ကဝေမျှ၊ ကိုယ်ပြောတာကို သူကပြန်မျှနဲ့ ပျော်စရာတောင် ကောင်းသေးသပေါ့။

သို့သော်လည်းနေ့စဉ်နဲ့အမျှ ညည်းညူသံတွေ တောက်ခေါက်သံတွေ ဆဲဆိုသံတွေကို ကြားလာရတဲ့ တောက်တဲ့မတို့ မိဘတွေကတော့ စိတ်မချမ်းသာကြရှာပါဘူး။ တစ်သက်လုံး ဒီအင်တာနက် မရှိဘဲ ကြီးပြင်းလာကြတာ ဒီလောက် အကုသိုလ်များတဲ့အင်တာနက်ကို မသုံးပါနဲ့လားလို့တောင်



# စက်တင်ဘာလ အတင်းချုပ်

စက်တင်ဘာလ flu ကြောင့် ပိုးသတ်ဆေးအပြင်းစားများနဲ့ ညားခဲ့တဲ့ တောက်တီး၊ တောက်တဲ့တို့လည်း ဒီလ ကတ်သီးကတ်သတ်ပြောဖို့ တောင် သိပ်အားမရှိပါ။ အားသာမရှိတာ အပန်းဖြေဖို့ ချောင်းသာလောက်သွား ပါရစေလို့ အယ်ချုပ်ကို ဘတ်ဂျက်တင်တော့ "မိတ်ကပ် ဆရာ ၂ ယောက် ကမ်းခြေမှာရေနစ်သေတာ မကြာသေးဘူး။ သတင်းကို တမလွန်ထိလိုက် ယူချင်လို့လား"ဆိုတဲ့ မေတ္တာထားမှုကြောင့် ကမ်းခြေနဲ့ဝေး၊ EU နဲ့ဝေး (သမ္မတသွားတဲ့ ဥရောပခရီးပါသွားတယ်ထင်နေမှာစိုးလို့)တဲ့ ရှောက်စန်းတို့ တစ်သိုက် လျှောက်ကိုင်နေတဲ့ လယ်မြေများရှိတဲ့တွံတေးအရပ်ကနေ သတင်း တင်ဆက်သွားပါ့မယ်။

ဒါဖို့တိုင်း ဒို့ပြေ ဒို့မြန်မာပြည်

အပေါ်များဆုံးဖြစ်သော်လည်း မရိုးနိုင်သေးတဲ့ miss ရွေးချယ်ပွဲများရဲ့ အသံဗလံများဟာလည်း ဆူညံလျက်ရှိတုန်းပါပဲ။ miss world အတွက် မြန်မာကိုယ်စားပြုမယ် ရွေးချယ်ပွဲမှာ ထိုင်းနိုင်ငံက ကြီးစိုးခဲ့သလို မြင်ကွင်း များကြောင့် ဝေဖန်မှုများရှိနေခဲ့ပါတယ်။ Miss International ပွဲအတွက် အရွေးခံထားရတဲ့ ဟိုညီမလေးကလည်း အသက်မပြည့်တာကြောင့် လူစားထိုးခံလိုက်ရတဲ့အပေါ်မှာလည်း ပွစိပွစိတွေ မကင်းခဲ့ပါဘူး။ အဲသလို မြန်မာမိန်းကလေးငယ်တွေ အလုပ်ရှုပ်နေချိန်မှာ မြန်မာအမျိုးသားလေး များကလည်း အားကျမခံ Miss Myanmar Lady Boy ကို သွားရောက် ယှဉ်ပြိုင်ဖို့ ပြင်ဆင်နေတာများ အမျိုးသမီးမယ်နဲ့နှင်လား ငါလား စိန်ခေါ် လျက်ရှိကြောင်းနဲ့ မယ်မဒီရှုံးတဲ့ (ဖုန်းကညာတစ်ပါးလုံးရာကပြားသမို့) လုံး ချိန်းလေးတွေများလာကြောင်းသိရပါတယ်။

ပြောသေးတယ်။ ဒါပေမဲ့ အရင်တုန်းက အင်တာနက်မရှိဘဲ ငါတို့ဘယ်လို ကြီးပြင်းလာပါလိမ့်ဆိုတာကိုတောင် ပြန်စဉ်းစားလို့ မရဖြစ်နေတဲ့ တောက်တဲ့မတို့ကတော့ မသုံးဘဲမနေနိုင် ဆက်သုံးနေကြတာပါပဲ။ နှေးလည်း နှေးတဲ့အလျောက်၊ မရလည်းမရသလို၊ရှားရှားပါးပါး မြန်နှုန်းလေးမြင့်လာ တဲ့အခါများဆို မောင်မင်းကြီးသားတွေ ကျေးဇူးကြီးလှပါပေတယ်ပေါ့။ သို့သော်လည်း တောက်ခေါက်ဆဲဆို ညည်းညူနေရတာတွေက တစ်စထက် တစ်စ ပိုစိပ်လာပါတယ်။

အဲ. . . တစ်နေ့မတော့ အဖေဟာ စာစောင်တစ်ခုမှာပါတဲ့ သတင်း တစ်ပုဒ်ကို သေသေချာချာ ဖတ်ကြည့်နေရင်းက ဖတ်လို့လည်းပြီးရော . . . ဟော့ တောက်တဲ့မရဲ့. . . ညည်းတို့ကသာ အဝိုင်းကလေးတစ်လည်လည်တို့ ဘဝသံသရာတို့ ပဋိစ္စသမုပ္ပာဒ်တို့ပြောနေတယ် ဒီမှာတော့ ရှေ့သို့လှမ်းချီ မြန်မာပြည်ဆိုပါလားဟဲ့။ ညည်းတို့ပြောသလိုသာ အင်တာနက်က အမြဲနှေး နေရင်တော့ ရှေ့သို့လှမ်းချီဆိုတာကလည်း နှေးနှေးပဲ လှမ်းချီနေမယ့်အပြင် အဝိုင်းလည်သလိုသာ တဝဲလည်လည် ဖြစ်နေရင်တော့ ရှေ့သို့ လှမ်းချီလို့ တောင်ရပါ့မလားဟဲ့ . . . .။ သူများနိုင်ငံတွေကိုမီပါတော့မလား. . .။ ကြည့်လည်းလုပ်ကြပါဦး"လို့ တောက်တဲ့မတို့ကို လှမ်းပြောလို့ တောက်တီး တောက်တဲ့ မောင်နှမနှစ်ယောက် ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားရ ပါတယ်ဆို. . . .။ အဲ့. . . လာပြောတာ. . .။ အဲ့. . . လာပြော တာ. . .။



သီတင်းကျွတ်ချိန်ခါကျရောက်တော့မှာမို့ မယ်ပွဲများနဲ့အပြိုင် ဖက်ရှင်ပွဲများကလည်း ခေါင်းစဉ် မမှတ်မိနိုင်လောက်အောင်များပြားခဲ့ကြောင်းပါ။ ဖက်ရှင်တကာ့ဖက်ရှင်ထဲတွင် စစ်ပွဲရပ်တန့်ရေးဖက်ရှင်ပါ ပါဝင်ခဲ့ပါတယ်။

ဟိုးတုန်းက အဆိုတော် သူငယ်ချင်း ၃ ယောက်ဟာလည်း သမ္ဗယောဂ ပိပ္ပယောဂ သနိ္နရ အရင်ငယ်ငယ်တုန်းက ချစ်သူတွေ၊ လင်မယားတွေအဖြစ်က ရပ်စဲလို့ အချိန်တွေက တိုက်စားလာလိုက်တာ ခုလမှာတော့ ၃ ယောက် ပေါင်းရှိုးပွဲတစ်ခုကို အောင်မြင်စွာ လုပ်သွားနိုင်ခဲ့ပါပြီ။ ဒီပွဲရဲ့အောင်မြင်မှုနောက်ကွယ်မှာ လေးစားပေးရမယ့်သူတွေက အဲဒီ ၃ ယောက်ရဲ့ လက်ရှိလက်တွဲဖော်တွေပါပဲ။ အဲသလို နှလုံးသား အားကောင်းကြစေကြောင်း အားလုံးအတွက် ဆုတောင်းပေးပါ တယ်. . လို့. .




ဒီလထဲမှာ နှစ် ၅၀ သက်တမ်းရှိလာတဲ့ အဖွဲ့အစည်းတွေကတော့ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အသုံးလုံးအဖွဲ့တို့ပဲ ဖြစ်ပါတယ်။ နိုင်ငံရေးလောကရဲ့ သတင်းများကတော့ ဒေါ်အောင်ဆန်းစုကြည်လွှတ်တော်ထဲကနေ ရုတ်တရက်ထထွက်သွားတဲ့ကိစ္စ ဦးသိန်းစိန်ရဲ့ ဥပရောပခရီးမှာ နားကြပ်တပ်တဲ့ ကိစ္စနဲ့ မိန့်ခွန်းထဲက တတိယလိုင်းကိစ္စတို့ဟာလည်း မြန်မာတို့ပြောစရာ မာတ်စာဖြစ်လို့နေပါတယ်။

ရှေ့သို့လှမ်းချီ မြန်မာပြည်

ဒို့မြန်မာတွေဟာ တစ်ခုခုကို အဲ့လိုက်ဝိုင်းလိုက်နဲ့ ပါဝင်ချင်တာမျိုးကိုး။ ခေါင်းလောင်းဆယ်သဟေ့ဆိုလည်း ပြေးကြည့်လိုက်ရမှ၊ သုဝဏ္ဏကမာကြည်မှာ ရဟန်းတစ်ပါးရေကသိုဏ်းရှုသဟေ့ဆိုလည်း သွားအုံလိုက်ရမှ (ရေကူးတဲ့နည်းတွေ အစုံမသိရှာတော့ သူဟာသူ ပက်လက်ဖော့ floating နေလည်း ဂမ္ဘီရလို့ ထင်လိုထင်)၊ ဘုရားဖြစ်ဖို့နီးနေပြီ (အင်္ဂတေစော်လား၊ သစ်စေးစော်လား၊ရွှေဆေးသုတ်ဆေးစော်လား မသိနံလာတဲ့)ဆိုတဲ့ စိတ်ဝေဒနာရှင်ရဟန်းဝတ်လေးကလည်း ဘိက္ခုသာသနာမထောင်ဘဲ ဘိက္ခုနီသာသနာထောင်လို့ ထောင်ကျသွားတာလည်းမှတ်သားစရာ။ သဒ္ဒါလွန်တတ်တဲ့ အမျိုးသမီးများ၊ ယုံလွယ်ခြင်းကင်းဝေးပါစေ။ ဉာဏ်ပညာနဲ့ ချင့်ချိန်နိုင်ကြပါစေ. . . . လို့ . .

ဒို့မြန်မာပြည်အပြောင်းအလဲမှာ တိုးတက်မှုအရှိန်အဟုန်တွေဟာ တချို့နယ်ပယ်မှာ မြင့်မားလာပါတယ်။ ဒုစရိုက်အမှုအခင်းကတော့ အများလာဆုံးလို့ပြောရမယ်။ ကိုယ်ဝန်သည်အချင်းချင်း ရေနွေးပူလောင်းသတ်တာ မသေလို့ ဓားနဲ့မွှန်းတာ၊ ချစ်သူအချင်းချင်း ဓားထိုးသတ်တာ၊ ပိုက်ဆံလုချင်လို့ လူသတ်တာ စုံနေတာပဲ။ အဲ . . . သေပြီးရင်လည်း တန်ဖိုးနည်းအုတ်ဂူနဲ့ မြှုပ်မလား၊ သီးသန့်လုံးချင်းအုတ်ဂူနဲ့ မြှုပ်မလားတန်ဖိုးနည်း အိမ်ရာ၊ ဖုန်း၊ ပြည့်တန်ဆာတို့အပြင် အုတ်ဂူတို့ပါရှိလာတော့ နိုင်ငံခြားသားတွေ မျက်စိကျတာ ဘာဆန်းလို့လဲ။ ဒါကြောင့် လဝက ဥပဒေပြောင်းရင် နိုင်ငံခြားက သက်ကြီးဂေဟာတွေက ဒီမှာ လာဖွင့်မှာဆိုပဲ . . . . ဆိုပဲ. . .


အမှုအခင်းသတင်းအချို့ကတော့ တယ်လီနောက မန္တလေးမှာ မြို့မငွေငန်းကိုအသုံးပြုမှု၊ အဆိုတော်လေးတစ်ယောက် ပုဒ်မ ၂၉၅ သာသနာညှိုးနွမ်းစေမှု၊ မင်းသားတစ်ယောက်နဲ့ ထုတ်ဝေသူတစ်ယောက်တို့ အပေးအယူမတည့်မှု စသည် . . . စသည်. . . .

ဒို့ပြည်ကြီးမှာ လေတိုက်ရင် မီးပျက်မယ်၊ တောင်တက်ရင် လူပျောက်မယ်၊ ဘာပဲလုပ်လုပ် အိမ်ခြံမြေလုပ်ငန်း လုပ်တတ်ရမယ်ဆိုတာတွေကထုံးစံ။ မင်းသားတွေ၊ အဆိုတော်တွေလည်း ကွန်ဒိုဆောက်စီးပွားရေးမြစ်အတိုင်း စုန်ဆင်းနေကြရပါကြောင်း ကတ်သီးကတ်သတ်ချန်နယ်မှ ဒီတစ်လ မောင်းခတ်လိုက်ပါတယ်။ ရတီစာဖတ်သူတို့ရေ. . . .

## Funny Photo






“ မိသားစုတစ်စုလုံး ကျန်းမာဖို့
ဗိုက်တာဟုမ်း ကိုသုံးကြစို့ ”
VITAHOME
Soft Cap.
VITAHOME
Soft Cap.
120 Cap.
VITAHOME
Soft Cap.
PACIFIC
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.